
www.burmeseclassic.com

ပေါ်ဂျာရစ်
ဂျာအေးနှင့်

# ဝိညာဉ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၃၁၇ / ၂၀၀၄ (၃) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၂၇/ ၂၀၀၄ (၄) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၄ ခုနှစ်၊ မေလ |
| အုပ်ရေ | ၅၀၀ |
| အဖုံးနှင့်အတွင်းသရုပ်ဖော် | ကိုထက်မိုး |
| ဖလင် | ကိုလှဝင်း |
| စာအုပ်ချုပ် | ပယမိုး |
| ထုတ်ဝေသူ | ဦးအောင်မြတ်ထွေး |
| | ပညာရွှေတောင်စာအုပ်တိုက် |
| | (မြဲ- ၀၃၉၄၅) |
| | ၁၁၄၊ စိန့်ရတီလမ်း၊ |
| | ရတနာကျွန်း၊ရိပ်သာ၊သုန္ဒရာ |
| | မြောက်ဥက္ကလာပ |
| မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင် |
| | သန်းထိုက်ရတနာအော့ဖ်ဆက် |
| | မြဲ(၀၅၁၃၁)၊ |
| | အမှတ် ၈၄ လမ်း၊ ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ |
| | ရန်ကုန်မြို့၊ |
| တန်ဖိုး | ၆၀၀ - ကျပ် |


## အမှာစကား

ဝါဝင်ချိန် ရောက်လုနီးပြီဖြစ်၍ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ ...သူ့၊ ငါးခြောက်ငါးခြမ်းစုသူစုနှင့် မိုးတွင်းကာလကို ရင်ဆိုင်ဖြတ်ကျော်ရန် ...တွက် အားလုံး တက်ညီလက်ညီ လှုပ်ရှားနေကြ၏။ သူတို့အသွင်က မိုးဦးကျ ...ပိုးပုရွက်တို့ အစာစုဆောင်းနေကြသလိုပင်။

အမှန်မတော့ သူတို့ရိုးမိဆုံးမှာ ရွာနှင့်မလှမ်းမကမ်းတွင် ကျွန်းရွေရ စီးဆင်း...သော ရောဝတီမြစ်ကြီး အရိပ်အခြည်ပင် ဖြစ်သည်။ ဝါတွင်းကာလ ရောက်ပြီ...သည်နှင့် မြစ်ကြီးအသွင်အပြင်မှာ ရေအောက်၌ ငုပ်လျှိုးနေသော ကာလနဂါး...ကြီး ကုန်းကုန်းကွကွနှင့် နိုးထလာသလိုပင်။ တောင်အရပ်တွင် မိုးသားတိမ်ရိပ်...များ မှိုင်းမှိုင်းညို့ညို့နှင့် ဝေဆိုင်းပြီဆိုသည်နှင့် မြစ်ပြင်တွင် လေရူးမွှေလေတော့...၏ ထိုအခါ တသွင်သွင် စီးဆင်းနေသော ရောဝတီမြစ်ကြီးမှာ အိပ်ပျော်နေရာမှ ...ထလာသည့် နဂါးကြီးတစ်ကောင်နှယ် လွန့်လူး ယိမ်းထိုးလာပေ၏။ လှိုင်းလုံး...ကြီးများကလည်း စူမောက် ဖောင်းကားလာကာ အသံဝလံကြီးများပေါ်၍ ...လဟော စီးဆင်းလေတော့၏။

ထိုအချိန်တွင် သောင်ပြင်ကြီးများ ကမ်းပါးယံကြီးများတွင် အရှိန်အဟုန် ...နှင့် တိုက်စား ဖွဲခြေပစ်တတ်လေ၏။ အခန့်မသင့်လျှင် ရေစီးကြောင်း ပြောင်းလဲ...ဘာ သူတို့ရွာကလေးဆီ ရောက်ရှိလာတတ်ပြီး တစ်ရွာလုံးကို ကြီးမားသော ...ှိုင်းလုံးကြီးများနှင့် ဖုံးအုပ် သိမ်းပိုက်တတ်လေ၏။

ထိုသို့ ကြောက်စရာကောင်းလှသည့် ဟန်ပန်နှင့် ရွာတို့ နှိပ်စက်ကာဖျ...ပျက်တတ်သည်မို့ ရွာသူရွာသားများမှာ မိုးတွင်းကာလအတွက် စားနပ်ရိက္ခာစ...ကြိုတင် ပြင်ဆင်နေရပေသည်။ ထိုသို့ တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေချိန်

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘွင် မဟောတ်တခေါ်တ် ပေဒင်ခြာကြီး ကိုဖျောက်ဆိပ်မှာ အိမ်ဦးခန်းတွင် ဘာ့ဘာ့ဘာလေး အိပ်ပျော်နေပေ၏။

ဖိုးသည် အပုကလေးမှာမူ အိမ်နောက်ဖေးတွင် ချေးတအီးအီးနှင့် ကြော်သော့ နှာမှုတ်ရှာ၏။ ရုတ်တရက် ကြည့်လျှင် ပေဒင်ခြာကြီးဘဝက တစ်ရွာလုံး ဘွတ်ဘွက်ဆူနေချိန်တွင် စည်းစိမ်ကြီးစွာနှင့် အိပ်စက် အနားယူနေသည်ဟု ဆင်ခြေပေ၏။

သို့သော် အကြောင်းသိသူများကတော့ အိမ်ဦးခန်းတွင် အိပ်စက် အနားယူနေသည့်သူကို မြင်လျှင် ပြုံးစိစိလုပ်သွားတတ်ပေ၏။ ဖိုးသည် အပုကလေးသည် ဆန်ခါနှင့်အုပ်ထားသော ပလိုင်းကြီးထဲမှ ညိုတုတ်တုတ် သတ္တဝါကြီးများကို တစ်ကောင်ပြီးတစ်ကောင် ထုတ်ကာ အရေခွံဆုတ်လိုက် ခုတ်ထစ်လိုက် လုပ်နေပေ၏။ တစ်ချိန်တွင် ပလိုင်းထဲမှ သတ္တဝါကြီးတစ်ကောင် ဖြုန်းခနဲ ခုန်ထွက်လာသဖြင့် အပုလေးမှာ လန့်ဖျပ်၍ ထအော်လေ၏။

"အမလေး၊ လုပ်ကြပါဦး ကိုဖျောက်ရေ"

"ကွပ် ကွပ်"

"ကိုဖျောက် လုပ်ပါဦးတော်"

"ဟင်၊ ဘာ ဘာလဲကွ"

"ဟို့. ဟို လွတ်သွားလို့"

"ဟေ၊ ဘာလွတ်သွားတာလဲ၊ မြွေလား"

"ဟုတ်တယ်"

"အောင်မလေး၊ဗျ၊ မြွေတဲ့"

ဖိုးသည် ပြာပြာလန်လန်နှင့် အော်ဟစ်လိုက်သဖြင့် ကိုဖျောက်ဆိပ် အိပ်ပျော်နေရာမှ အလန့်တကြား နိုးလာ၏။ မြွေဆိုသော အသံကြောင့် အိမ်ပေါ်မှ လွှားခနဲ ခုန်ချလိုက်ရာ တဲရှေ့တွင် သူနှင့်တူ ခွေခွေကလေး အိပ်စက်နေသော မြီးတိုအဲလည်ပင်းကို ဖြတ်နင်းမိလေ၏။

"ဂိန်၊ ဂိန်၊ အူ. . အီ"

"ဟာ ဒီခွေးကလည်း"

"ဝုတ် ဝုတ်"

"ဟကောင်ရ ငါပါကွ။ မင့်ဆရာ ကိုဖျောက်ဆိပ်လေ"

"အီ၊ အူ ဝုတ်၊ ဝုတ်"

"သေချင်းဆိုး ခွေး၊ ကိုယ့်ဆရာကိုယ် မလေးစားတဲ့ခွေး၊ ကဲဟာ"





"ဝုစ် ဒုတ်"

"ဂိန် ဂိန်"

"အောင်မလေးတော်၊ ဘယ်လိုဖြစ်နေတာတုံး ကိုဖျောက်ဆိပ်ရဲ့"

"အင်၊ ငါ့ကိုဒီကောင် မလေးမစားလုပ်လို့ကွ"

"အလိုတော်၊ ရှင့်က မြီးတိုနဲ့ ပြိုင်မိုက်နေဘာကိုး။ ဟို ဟိုမှာ"

"ဟ၊ ဘာတုံးဟ"

အိမ်ရှေ့ထွက်လာသော အပုလေးသည် မြီးတိုကို တွေ့ရာနှင့် လိုက်ရိုက်နေသော ကိုဖျောက်ဆိပ်ကို မြင်လိုက်ရသောအခါ မီးဝင်းဝင်း တောက်သွား၏။ မြီးတိုဆိုသည့် ခွေးကလည်း အတော်ကလေး ပါးရည်နပ်ရည် ရှိလှသည်ဟု ဆိုရမည်ပင်။ ဖိုးသည် အပုလေးသံကြားသည်နှင့် ကွေ့ပတ်ရှောင်တိမ်းနေရာက အပုလေးနောက်ဘက်သို့ ကုပ်ချောင်းချောင်းနှင့် ရောက်ရှိသွား၏။

ထိုစဉ် သူ့အနောက်ဘက်မှ ဖျတ်ခနဲ ခုန်ထွက်သွားသော သတ္တဝါကြီးကို မြင်လိုက်ရသဖြင့် အပုလေးက ထိတ်လန့်တကြား အော်ဟစ်လိုက်ရာ ကိုဖျောက်ဆိပ်ခမျာ ဟိုခုန်သည်ခုန်နှင့် ဖြစ်နေပေ၏။ ထိုစဉ် အပုလေး၏ အက်ကွဲ စူးရှသော အသံကလေး ပေါ်လာပြန်၏။

"ဟို၊ ရှင့် . . . ရှင့်အောက်မှာရှင့်"

"ဘာတုံးဟ၊ မြွေ မြွေလား"

"အို၊ ကြံကြံစည်ရာတော်၊ ဖား ဖားကြီးကို ပြောတာရှင့်"

"ဪ၊ မင်းကလည်း အလန့်တကြားကွာ၊ ဘယ်မှာတုံး"

"ဟိုအပင်ကလေး နောက်ဘက်မှာလေ"

"ဟုတ်လား၊ သေပေတော့"

"ဖုံး၊ ခွပ်"

"ကွိ"

မြက်ရိုင်းများကြား ကားကားကြီးဖြစ်နေသော စားဖားညိုညိုကြီးကို ခြေထောက်ကဆွဲ၍ တဲရှေ့သို့ လျှောက်လာ၏။ မြီးတိုကမူ တဲအောက်မှနေ၍ သူ့ကို တဝုတ်ဝုတ်နှင့် ထိုးဟောင်နေဆဲ။ ကိုကြီးဖျောက်ဆိပ်သည် ဖားသေကြီးကို အိမ်ရှေ့ရေကပြင်ပေါ် ပစ်တင်လိုက်ပြီး ကွပ်ပျစ်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

"မင်းကလည်းကွာ၊ ဖားလွတ်တာများ မြွေလွတ်သလား အောက်မေ့ရတယ်။ တစ်ညလုံး အိပ်ရေးပျက်ထားတာ သိရက်နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုဖျောက်"

"ဘာတုံးဟ"

"ဆိပ်ချင်မူးတူးနဲ့ တောင်ပြောမြောက်ပြောနဲ့နော်၊ ခုချိန်မှာ ဖားတစ်ကောင်တာ ရှင့်ထက်တောင် တန်ဖိုးရှိတယ် သိရဲ့လား"

"အပုလေးကလည်းကွာ ပြောရက်လိုက်တာ"

"ဘာပြောရက်တာလဲ"

"ဟာ၊ တစ်ညလုံး ဖားရိုက်ထွက်နေရတာ မင်းအသိပဲဟာ"

"ဝုတ်. . ဝုတ်. . ဝုတ်"

"ဟော့ကောင် ဖြိုးတို၊ မင်းက ဘာဟောင်နေတာလဲကွ၊ အရေးထဲ တော့ဇူးရှင်ကို ကျေးစွပ်နေပြန်ပြီ"

"ဝုတ်. . ဝုတ်. . ဝုတ်"

"ဟာ၊ ဒီကောင် သေတော့မယ်"

"ရှင်၊ ကျွန်မခွေးကို မရိုက်နဲ့နော်၊ သူလည်း ရှင်ဖားရိုက်ရင် လိုက်တာပဲရှင့်"

"တော်ကွာ"

ကိုဖျောက်ဆိပ်မှာ အပုလေးကြောင့် တဲအောက်မှ ခေါင်းပြူတစ်ပြူတစ်ထုပ်နေသော ဖြိုးတိုကို မကျေမချမ်းကြည့်ရင်း ဆေးလိပ်ခွက်ထဲမှ ဆေးလိပ်တိုကိုကောက်ယူကာ မီးညှိဖွာရှိုက်လိုက်၏။ ထိုအချိန်တွင် ဇနီးသည် အပုလေးသည် အိမ်တပြင်ရှေ့ ကားကားကြီးဖြစ်နေသော စားဖားကြီးကိုဆွဲကာ မီးဖိုချောင်ဘက် ဝင်သွားလေ၏။

အမှန်မတော့ ကိုဖျောက်ဆိပ်ဘဝက အစိုးမရပါချေ။ သူ ဝါသနာကြီးလှသည့် ပေဒင်အလုပ်ကို ကျောမခိုင်းချင်ဘဲ ခိုင်းခဲ့ရ၏။ လုပ်ပိုင်ခွင့် ပိတ်ပင်ခဲ့သူမှာလည်း တခြားလူမဟုတ်၊ သူ့အချစ်ဆုံး ဇနီးသည် အပုလေးပင် ဖြစ်ပေ၏။ ပြဿနာအရင်းခံက ဘယ်သူကစသည်ဟု မပြောနိုင်ပါချေ။ ကိုယ့်ဘာသာကိုယ် ကောင်းကင်မော့ကြည့်လိုက် ကျောက်သင်ပုန်းပေါ်တွင် တွက်ချလိုက်နှင့် နက္ခတ်ပညာကို လေ့လာနေစဉ် အိမ်ပေါ်ကို ပြဿနာဂြိုဟ်လေး ရောက်ရှိလာရာမှ သူ့ဘဝလည်း ပေဒင်နက္ခတ်ဆြာဘဝမှ ရာထူးလျှော့ကာ ဖားရိုက်သမားဘဝကို ရောက်ခဲ့ရခြင်း ဖြစ်လေ၏။

ပြဿနာဂြိုဟ်ကောင်ဟု သူ အမည်ပေးထားသူမှာ တခြားမဟုတ်၊ ရွာသူကြီး ဦးကျောက်ဖား၏သား ပြဿနာကျာအေးပင် ဖြစ်လေ၏။ သူ့ကြောင့် ရွာမှာလည်း သူ့ကို ပေဒင်ဆြာ ကိုရွှေအိုးဆိုပြီး ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ရ





ထိုပြင် ဇနီးသည်ကလည်း သူ့အပေါ် ကြည်ညိုမှု ပျောက်ဆုံးသွားရလေပြီ ဆိုရမည်။

ယခုဆိုလျှင် ပေဒင်မဟောရသည်မှာလည်း လနှင့်ချီနေပြီ ဖြစ်၏။ ကျောက်သင်ပုန်းနှင့်ကျောက်တံကို စွန့်လွှတ်ကာ မိုးဦးရောက်စ အနောက်ဘက် ကိုင်းဘာထဲ ဖားရိုက်ဆင်းရသည့် ဘဝအခြေသို့ ရောက်နေပြီဟု ဆိုရမည်ပင်။ ကြွနက်ပြီဆိုသည်နှင့် ဖားကြီးများ၏အော်သံက တဂွမ်ဂွမ်၊ တဂွီဂွီ၊ ထိုအသံများ ကြားလျှင် စိတ်ထဲ ခါးခါးသီးသီးဖြစ်မိ၏။

အမှန်မတော့ ဖားရိုက်သမားဘဝကို ရောက်အောင် တွန်းပို့ခဲ့သူမှာ ဇနီးသည် အပုလေးပင် ဖြစ်၏။ ကျာအေးကိစ္စနှင့်ပတ်သက်ပြီး သူ့ခမျာ အိမ်ထဲက ပြင် မထွက်ရအောင် ဖြစ်ခဲ့ရ၏။ ထိုအချိန်တွင် ကျောက်သင်ပုန်း၊ ကျောက်တံ ရဲရဲတောင်မကြည့်ဝံ့။ အိမ်ထဲ ဟိုချောင်ကပ်လိုက် သည်ချောင်ကပ်လိုက် ပ်ခဲ့ရ၏။ ဇနီးသည်အပုလေးမှာ သူ့အမူအရာကိုကြည့်ပြီး အားနည်းချက်ကို နင်းလေတော့၏။

"ဘယ်လိုလဲ ကိုဖျောက်၊ ရှင့်ကိုယ်ရှင် တွင်းအောင်းသတ္တဝါကြီးများ ဘက်မေ့နေလား"

"ဘာကွ၊ ပြောရက်ပါပေ့ အပုလေးရာ၊ မမှားသောရှေ့နေ၊ မသေသော းသမား ဆိုတဲ့စကား ရှိတယ်မဟုတ်လားကွ"

"အဲဒါ ဘာဖြစ်တုံး၊ ဒါဆို ရှင်က မမှန်သော ပေဒင်ဆြာကြီးပေါ့"

"အလို၊ မင်း ဘယ်လိုပြောလိုက်သတုံး ရှင်မရယ်၊ မန်လည်ဆရာတော် ရားကြီး ရေးခဲ့တဲ့ ကဗျာလိုပေါ့၊ ပြစ်မရှိပြစ်ရှာ၊ လမင်းကို ခွေးဟောင်လို့ လရောင် ပြောင်မပျက်တယ် ထွန်းလျက်သာပင်တဲ့ကွ"

"ဘာတွေတုံး၊ အဲဒီကဗျာနဲ့ရှင်နဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

"မှတ်ထားကွ၊ ရွာထဲကလူတွေက ငါ့ကို ကိုရွှေအိုး၊ ကိုရွှေအိုးနဲ့ လှောင်ချော င့် အပြစ်ပြောနေကြတယ် မဟုတ်လား၊ ပြောကြစမ်းပါစေ တစ်နေ့ အဲဒီ ားတွေ ငါ့ပညာကို နားလည်လာမှာပေါ့ကွာ ဟဲဟဲ"

"တော်စမ်းပါရှင်၊ ဟို ကျာအေးဆိုတဲ့ ရှုတုံးတုံး ပေါတောတောကို ရှင် တ်တရုတ်တွေ ဟောလိုက်လို့ ဟိုခမျာ ကံကောင်းလို့ အရှုံးထောင် မရောက် ယ်မှတ်"

"ခက်ပါ့ကွာ၊ လူတွေ လူတွေ စောစောကပြောသလိုပ အပုလေးရာ၊ ောင်ချင်သလောက် ဟောင်စမ်း၊ လရောင်ကတော့. . ."

www.burmeseclassic.com

"အင်း၊ ဒါဆို ရှင်ကမြီးတိုကို ပြောတာလား"

"ဟာ၊ ငါပြောတာ လူတွေကိုပြောတာ"

"ဒါဆို ကျွန်မပါ ပါတယ်ပေါ့"

"အင်း၊ ဟို အဲဒီအထဲမှာ မင်းပါတယ် ထင်လို့လား"

"ဘယ်လို၊ ရှင်ဘယ်လိုစကား ပြောလိုက်တာလဲ။ တော်ပြီ ဒီကနေ့ကစပြီး
ရှင့်ရဲ့ ဘာမှသုံးလို့စားလို့မရတဲ့ ပညာတွေ ဘေးချိတ်။ လောလောဆယ် ငွေဝင်
လမ်းဖြောင့်နိုင်မယ့် ကိစ္စတစ်ခု ကျွန်မ ကြံစည်ထားတယ်"

"အလို၊ ဒါ ဒါဆို ငါဘာလုပ်ရမှာလဲ"

"ဒီလိုရှင့်။ မနေ့ညက ရွာအနောက်ဘက်ကိုင်းထဲက ဘာသံတွေ ကြား
သတုံး"

"အင်၊ ဘာသံတွေလဲ"

"အို၊ စားဖားတွေလေ စားဖားကြီးတွေ"

"ပေါ၊ အဲ အဲဒါ ငါဘာလုပ်ရမှာလဲ"

"အလိုတော်၊ ရှင် ပေဒင်ဆြာကြီး လုပ်နေပြီး အသိတရားတွေ တယ်လည်
ချို့ငဲ့ပါလားရှင်"

လှိုင်းသည် အပုလေးစကားကြောင့် ဖျောက်ဆိပ် မျက်လုံးမျက်ဆန်ပြူးသွာ
ရ၏။ လှိုင်းသည်ဆိုလိုရင်းကို စဉ်းစား၍မရ။ နားဝေတိမ်တောင်နှင့် ယောင်ချာ
ဖြစ်နေရပေ၏။ ထိုစဉ် အပုလေးက လောဘဇောကပ်နေသည့် အကြည့်
ကြည့်ကာ ပြောလာလေတော့၏။

"ဒီလို ကိုဖျောက်ဆိပ်ရဲ့။ အဲဒီဖားကြီးတွေ အော်သံကြားတော့ တ
ဘာသွားတွေးမိသလဲ သိလား"

"ဘာတွေးမိလဲ"

"အင်၊ ရှင်က အဲဒီဖားကြီးတွေ လိုက်ရိုက်၊ ကျွန်မကတော့ အဲဒီ ဖား
တွေကို ဆီဝအောင်ကြော်၊ ပြီးတော့အရက်ပုန်းရောင်းတဲ့ မပြားကြီးဆိုင်သွင်း
တစ်နေ့ဝင်ငွေ သောက်သောက်လဲပဲရှင့်"

"ဘာ၊ ငါ ငါဖားရိုက်ရမယ်"

"ဟုတ်တယ်လေ၊ ဒါ လောလောဆယ် ကျုပ်တို့အတွက် ငွေဝင်တာ
ဖားကြီးတွေက ကျုပ်တို့ကို လာဘ်သံပေးနေတယ်ဆိုတာ ရှင်သဘောပေါက်
လား"

"ဟာ၊ မဟုတ်တာကွာ။ ငါ ဒီအလုပ်. . ."





www.burmeseclassic.com



"ဒီမှာ ကိုဖျောက်ဆိပ်။ ရှင့်ကိုယ်ရှင် သိပ်မတွက်စမ်းပါနဲ့ရှင်။ ဘဝကို ကြံရာကျရာမှာနေတတ်အောင် နေရတယ်ရှင့်။ ရှင့်ကိုယ်ရှင် ဘုရင်စိတ်ပေါက်ပြီး နေတော့ တဲကုပ်ထဲနေရတာဆိုတာ တွက်ဦး"

"အလို၊ မင်း အတည်ပေါက်ပြောနေသလား ရှင်မရာ"

"ဟုတ်တယ်လေ၊ ကျုပ်တော့ ဖားသံကြီးတွေကြားတိုင်း အသပြာသံတွေ ကြားနေသလိုပဲ။ ခုချိန်မှာ ရှင့်ဘဝက ဘာလုပ်လုပ် အဆင်ပြေတာ မဟုတ်ဘူး။ ဒီတော့ ကျုပ်ပြောတာလုပ်စမ်းပါရှင်။ မိုးတွင်းတစ်တွင်းလုပ်တာနဲ့ တစ်နွေတစ်မိုး ထိုင်စားလောက်ပါတယ်ရှင်"

"ဝုဒွေါ၊ တယ်လည်း အကြံကြီးလှပါလားကွာ။ မင်းပြောပုံဆို ငါ့ဘဝ ရေတိမ်နစ်ပြီ ထင်ပါရဲ့"

"အို၊ ရှင်ကိုယ်ရှင် ဘာများအောက်မေ့နေသလဲ ပြောစမ်း။ ဒီအချိန်မှာ ကျုပ်ပြောတာလုပ်ရင်လုပ်၊ မလုပ်လို့ကတော့ အပုလေးကို တမ်းတမ်းတတ ဖြစ်နေရမယ်"

"ဘုရား ဘုရား ကျိန်းလှချည်လားကွာ"

"ပြောနေတာကြာတယ်။ ဒီည ကိုင်းထဲဆင်းဖို့ မီးအုပ်ဆောင်းလုပ်၊ ဝါးဆစ် တုတ်ရှာ၊ ပြီးတော့ မြီးတိုကိုခေါ်သွား။ သူက ဖားရှာ၊ မြွေရှာ ကျွမ်းကျင်တယ်။ အဲဒါ ကျုပ်အမိန့်ပဲ"

"ဟင်၊ လုပ်ရက်ပါပေ့ ရှင်မရယ်"

ဖျောက်ဆိပ်ခမျာ မယားလုပ်သူ အပုလေး၏စကားကို မလွန်ဆန်ဝံ့ပါချေ။ စိတ်ထဲမပါလှသော်လည်း အပုလေး သူ့ကို အပစ်ကြီးပစ်သွားမှာ စိုးရိမ်နေ၏။ အပုလေး မျက်နှာညိုမှာကို သူ မလိုလား၊ ထို့ကြောင့်လည်း မီးအုပ်ဆောင်းလုပ်၊ ဝါးဆစ်တုတ်ရှာကာ မြီးတိုခေါ်ပြီး ဖားရိုက်သမားဘဝသို့ အရှင်လတ်လတ်ကြီး ရောက်ရှိသွားလေတော့၏။

ယခုလည်း ညက စားဖားကြီးတွေ လိုက်ရိုက်ရင်း မိုးလင်းလုလုမှ အိမ်ပြန် ရောက်နိုင်ခဲ့၏။ ကိုင်းပင်တွေကြား ဖားရှာရသည့်အလုပ်မှာ ပြောတော့လွယ် သော်လည်း အလွန်တရာမှ ခက်ခဲလှပေ၏။ တဂွီဂွီနှင့် အသံပေးလေ့ရှိသော ဖားကြီးများမှာ ခြေသံကြားသည်နှင့် အသံဝလံပျောက်တာနေလေ့ရှိ၏။ မိတ်ဝါး သာနေသော လရောင်ကို အားကိုးလို့မရ။ မီးအုပ်ဆောင်းကို မီးမငြိမ်းအောင် ထိုင်ရင်း မြီးတိုကို အားကိုးခဲ့ရ၏။

မြီးတိုက အလွန်တရာမှ ခြေလှံ့နှုတ်လှုံလှသည့်ခွေးကြီး ဖြစ်သည်။ အမှတ်

www.burmeseclassic.com



သညာလည်း ကောင်းလှ၏။ ဖားကြီးတွေနေတတ်သော တွင်းဝရောက်လျှင် တအီအီနှင့် တိုနံ့နံ့အမြီးကလေးကိုလှုပ်ကာ အသံပေးတတ်ပေ၏။ မြီးတိုကျေးဇူးကြောင့်လည်း မနေ့ညက နှစ်ချို့ဖားကြီး လေးငါးကောင်ကို ရရှိခဲ့ခြင်း ဖြစ်လေ၏။ ဇနီးသည် အပုလေးမှာ ဖားကြီးတွေရလာသဖြင့် သီချင်း တကြော်ကြော်နှင့် ဖြစ်နေ၏။ ပဲဆီကောင်းကောင်း ကြော်ထားသည့် ဖားကြီးတွေမှာလည်း တားကားရားရား နီနီကြွပ်ကြွပ်နဲ့မို့ စားချင်စရာပင်။

မပြားကြီးဆိုင်သွင်းလျှင် တစ်နေ့တစ်နေ့ လေးငါးခြောက်ရာတော့ စီနေ၏။ ယခုလည်း ဖားကြီးတွေ ကြော်လှော်ပြီးသည်နှင့် ဆန်ခါကြီးနှင့်ထည့်ကာ အိမ်ရှေ့ယူလာ၏။

"ကဲ၊ ကြော်လှော်ပြီးပြီ။ သွားသွင်းပေတော့"

"ဟေ၊ ဟုတ်လား။ မျက်နှာတောင် မသစ်ရသေးဘူးကွာ"

"အို၊ ကိုယ့်ဖောက်သည်အကြောင်း၊ ကိုယ်သိရတယ် ရှင့်။ ပြန်လာမှ မျက်နှာသစ်စမ်းပါတော်။ မြန်မြန်ကြွပေတော့"

"ခုကွာပါပဲတွာ"

နောက်ဆုံးတော့ ဇနီးသည်စကားကို မလွန်ဆန်နိုင်သဖြင့် ဖားကြော်ထည့်ထားသော ဆန်ခါကြီးပိုက်ကာ ရွာအနောက်ဘက် မပြားကြီးအရက်ဆိုင်သို့ ချီတက်ခဲ့လေတော့၏။

ဆိုင်ရှေ့အရောက်တွင် စောစောစီးစီး ယမကာမှိုဝဲနေသော ကြာရိုးမြင်သွား၏။ သူ့ကို ပြုံးစစနှင့်ကြည့်ရင်း လှမ်းဖော်လိုက်၏။

"ဟာ၊ အခါပေးဆရာကြီး ကိုရွှေအိုးပါလားဗျ။ ဘာတွေတုံး"

"ဟိတ်ကောင် ကြာရိုး၊ မင်းနော်"

"ဟာ၊ ဆရာကလည်း ဒေါကြီးပဲကိုး။ ပြောပါဦး ဆန်ခါထဲက ဘာတွေလဲဗျ"

ဖျောက်ဆိပ်မှာ ကြာရိုးကို မှန်ကုပ်ကုပ်ကြည့်ရင်း စားပွဲအနားသို့ ရောက်လာပြီး ဆန်ခါကို စားပွဲပေါ်တင်လိုက်၏။ ကြာရိုးသည် အလွန် စပ်စုလှသူဖြစ်ပြီး ပေါက်တီးပေါက်ရှာလည်း ပြောတတ်ဆိုတတ်သူ ဖြစ်ပေ၏။ ယခုလည်း စားပွဲတွင်တင်ထားသည့် ဆန်ခါပေါ်မှ အုပ်ဆောင်းကို ဖယ်ကြည့်လိုက်၏။

"ဟာ၊ ဖားကြော်ကြီးတွေပါလားဗျ။ နီရဲကြွပ်ရွနေတာပဲ။ ဘာလုပ်တာတုံး ရောင်းမလို့လား"

"အင်. . "

စိတ်ထဲ ကြာရိုး၏အမေးကြောင့် ရွှစ်ရွှစ်ခဲ့စားလိုက်ရ၏။ သူ့ဘာဝအမှန်တို့





ကြာရိုးသိသွားမှာ တအားစိုးလှ၏။ ယခုတော့ အလုပ်နှင့်အထည်နှင့် မိနေပြီမို့ အပြောလို့ပြောရမှန်းပင် မသိချေတော့။ ထိုစဉ် ကြာရိုးသည် ဖားကြော်ကြီးတစ်ကောင်ကို ဖျတ်ခနဲ ယူလိုက်၏။

"ဘယ်လောက်လဲဗျ"

"ငါးဆယ်လေ"

"ဟုတ်လား။ ဒါဆို ဒီတစ်ကောင်လောက် အကြွေးပေးခဲ့ဗျာ။ ညနေရှင်. . . "

"ဟေ့ကောင်၊ အကြွေးမရဘူးကွ။ ဒါ ငါ့မိန်းမက ဆိုင်သွင်းခိုင်းတာ"

"ဘယ်လိုဖြစ်တာတုံးဗျ။ ဇတန္တ ခင်ဗျားက ဖားရိုက်၊ မိန်းမက ဖားကြော်ဆောင်းနဲ့ ဝင်ငွေဖြောင့်နေပြီထင်တယ်"

"တော်စမ်းပါကွာ။ မင်းဘာသာမင်း သောက်စမ်း။ ငါ လုပ်စရာ ရှိသေးတယ်ကွ"

"ဟုတ်လား။ တော်လေးကြာရင် ဂျာအေးတို့လူသိုက် ဒီဆိုင်ကို ရောက်လာမှာနော်။ ကျူပ်နဲ့ ချိန်းထားတာဗျ"

"ဟင်၊ ဟုတ်လား"

"ဟုတ်ပ"

"ဟာ၊ ဒါဆို မြန်မြန်လုပ်မှပဲ"

ဂျာအေးဆိုသည့်အသံကို ကြားလိုက်ရုံနှင့် သူ့နားထဲ မိုးကြိုးကြီး အစင်းခြောက်ရာ ပစ်ချလိုက်သလိုပင်။ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ဆိုင်ထဲ အတင်းဝင်၍ ဖားကြော်ကြီးများကို မပြားကြီးထံ သွင်းလိုက်၏။

"အလို၊ ဒီတစ်ခါရတဲ့ဖားက အကောင်တော်တော်လှသားပဲ။ ဇကန္တ ကိုကြီးဖောက်ကိုယ်တိုင်ရိုက်. . . "

"ဟာ၊ မပြောစမ်းပါနဲ့ မပြားကြီးရာ။ နင် ယူမှာမဟုတ်လား"

"ယူမှာပေါ့ရှင်။ တော်ကြီးရော သောက်ဦးမှာလား"

"ဟေ၊ စောစောစီးစီး မျက်နှာတောင်မသစ်ရသေးဘူးကွ။ ဒါပေမယ့် ခံတွင်းတွေ့တင်တင်တော့ ရှိလှတယ်"

"ဒါဆို တစ်ပိုင်းထည့်လိုက်မယ်နော်"

"ထည့်စမ်းကွာ"

ဖျောက်ဆိပ်သည် ယမကာနံ့ရသည်နှင့် စိတ်လှုပ်ရှားတတ်သူ ဖြစ်ပေ၏။ ယခုလည်း ဆိုင်ထဲဝင်သည်နှင့် သောက်ချင်စိတ်တွေက ရှိတက်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းမှာတော့ ဖားကြော်တစ်ကောင်နှင့် ဆိုင်ထောင့်ကွယ်တွင် ထိုင်ချလိုက်၏ ဖားကြော်တလည်း ပူပူနွေးနွေး။ ကျိုးကျိုးကျွတ်ကျွတ်။ အရက်ကလည်း စူးတူး ရှာတာမို့ ခံတွင်းတွေ့နေပေ၏။

ထိုအချိန်တွင် တဲအရှေ့ဘက်မှ အသံဗလံများ ကြားလိုက်ရသဖြင့် ခေါ် ကြီးသွားလေ၏။ အသံက ကြာရိုးအသံ။ ယိုင်တိုင်တိုင် ဖွာတာတာ။

"ဟော့ကောင် ကျာအေး၊ ချစမ်းကွာ"

"ဘာချရမှာတုံးဗျ"

"ဟဲဟဲ ယမကာလေ။ ပြီးတော့ အထဲမှာ မင်းအချစ်တော်ကြီးလည်း သကွာ"

"ဘယ်သူပါလိမ့်"

"ဟဲ ဟဲ အခါပေးဆြာကြီး ကိုရွှေအိုးလေ"

"ဟော၊ ကိုကြီးဖျောက်"

"ဟုတ်ပ"

"ကိုကြီးဖျောက်ရေ"

"အောင်မလေးဗျာ"

ကျာအေးအသံကို ကြားလိုက်သည်နှင့် ဖျောက်ဆိပ်စိတ်တွေ ဆတ်ဆ လူးနေ၏။ သောက်လက်စ ဖန်ခွက်ကို စွပ်ခနဲပြန်ချလိုက်ပြီး မပြားကြီး ငွေယူကာ ဆိုင်အနောက်ဘက်မှ အောင်မလေးတ၍ ထွက်ပြေးလေ သည်။ ထိုအချိန်တွင် ဆိုင်ထဲသို့ ဖျောက်ဆိပ်နာမည်ကို တကြော်ကြော်ခေါ် ရန်တုန်ပြန်ကျာအေး ဝင်လာလေ၏။

"အင် ဘယ်ရောက်သွားပြီလဲ။ ပြောပြပါဦး

"ဟဲ့၊ ဘယ်တုံး ကျာအေးရဲ့"

"ဟို၊ ကိုကြီးဖျောက်လေဗျာ၊ ကျုပ်အခါပေးကြီးလေ အရီးပြားရဲ့"

"နောက်ကလစ်သွားပြီ တော်ရေ့"

"ဗျာ၊ ဘယ်လိုဖြစ်သတုံး"

"အဲဒါတော့ ကျုပ်လည်း မသိဘူးဟဲ့"

"ကျာအေး"

"ဘာလဲ၊ အရီးပြားရဲ့"

"နင့်အခါပေးကြီးက ခုဗေဒင်မဟောတော့ဘူးတဲ့ တော်ရေ။ ခု ဘာ လုပ်နေသလဲ နင်သိသလား"



"အင်၊ ဗေဒင်မဟောဘူးဆိုတော့ ကေန္တ ဝိန္ဓောဆရာလုပ်နေပြီ ထင်ပ"

"တစ်လွဲကြီးပဲဟေ့။ မှတ်ထား နင့်ဆရာ အခါပေးဖျောက်ဆိပ် အခု ညညဆို မီးအုပ်ဆောင်းနဲ့ ဝါးဆစ်တုတ်ကိုင်ပြီး ကိုင်းထဲ ဖားရိုက်ထွက်ရှာလေရဲ့တော့"

"အလိုဗျာ၊ သူက ဖားတွေရိုက်ပြီး ဘာလုပ်သတုံးဗျ။ ကေန္တ နားညည်းလို့ ထင်ပါရဲ့ဗျ။ ကျုပ်ဆရာက အတွေးနဲ့ တွက်ရချက်ရတာကိုးဗျ"

"တိတ်စမ်း ကျာအေးရယ်၊ နင်ပြောလိုက်ရင် တလွဲကြီးပဲ။ မှတ်ထား သူက ဖားရိုက်၊ သူ့မိန်းမက ဖားကြော်ပြီးတော့ ငါ့ဆိုင်လာသွင်းတာဟဲ့ သိပြီလား"

"ဩော် ဒီလိုကိုး။ ဒါဆို သူက ဗေဒင်တွေနက္ခတ်တွေ ကြည့်ပြီး ဖားရိုက် ယ်ထင်ပ"

"မဟုတ်တာဟယ်၊ သူ့မိန်းမ အပုလေးက ဗေဒင်လုံးလုံး မဟောရဘူးလို့ အမိန့်ထုတ်ထားတာတဲ့။ ဗေဒင်တွက်တာနဲ့ လင်မယားအူပြတ်ပဲလို့ စစ်ကြေညာ ားဘာတော်ရေ့"

"ဗုဒ္ဓေါ၊ ကိုကြီးဖျောက်ဘဝ ရေတိမ်မှာနစ်ရှာပြီပေါ့။ အင်း ဒီကိစ္စ ကျုပ် ြားဝင်မှဖြစ်မယ် ထင်ပါရဲ့"

"အေး၊ နင်သာကြားဝင်လို့ကတော့ နှစ်ယောက်စလုံး တစ်ယောက်နဲ့တစ် ာက် ကြည့်ချင်မှာတောင် မဟုတ်ဘူး ကျာအေးရဲ့"

"ကျုပ်ကို တယ်အယင်သေးသကိုး အရီးပြားရဲ့။ ကိုကြီးဖျောက်က သူ့မိန်းမ တအား ကြောက်တာဗျ။ ခုပုံဆို ဖားရိုက်သမားဘဝ ရောက်နေရပြီဆိုရင် ာ့ ကိုကြီးဖျောက်ခမျာ အဝီစိမှာ ဖျာဦးနေပြီထင်ပါရဲ့"

"အဝီစိတွေ အဝီစက်တွေ ဘေးချိတ်ထား။ လောလောဆယ် ဗိုက် ယနာ အရေးကြီးတယ် ကျာအေးရဲ့"

"ဗျာ၊ ဗိုက်ပြဿနာ။ ဒါဆို အပုလေးမှာ ကိုယ်လေးလက်ဝန် ရှိနေပြီလား"

"အလိုတော်၊ ဘယ်နှာတုံး။ နင့်ပြောရတာ အရှုးပြောရသလိုပါပဲလား။ ပြောတာ စားဖို့သောက်ဖို့ကိစ္စဟဲ့"

"ဩော်၊ ဒီလိုကိုး။ ကိုကြီးဖျောက်၊ ကိုကြီးဖျောက်။ တစ်ချိန်လုံး ဘုရား ား၊နဲ့ နေခဲ့တာ ခုတော့ အဝီစိကို လမ်းဖောက်နေပြီကိုး"

ကျာအေးတစ်ယောက် သူထင်ရာပြောဆိုတာ တဲရှေ့သို့ ပြန်ထွက်လာခဲ့၏။ ီးမှာ ဆိတ်ကုလားနှင့် အဖွဲ့ကျနေသဖြင့် ကျာအေးတို့ မေ့နေ၏။

"ဟော့ကောင် ဆိတ်ကုလား"

"ဟာ၊ မင်းတဲထဲ ဘာဝင်လုပ်နေသတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးဖျောက်ရှိတယ်ဆိုလို့ ဝင်လိုက်သွားတာ နောက်ပေါက်က လစ် သွားပြီတဲ့ကွ။ ကေန္တ ငါ့ကိုမျက်နှာပူနေပြီ ထင်ပါရဲ့ကွာ။ မမှားသော ရှေ့နေ မသေသော ဆေးသမား။ အဲ ကိုကြီးဖျောက်လိုလူမျိုးထည့်ရင် မမှားသော ပေဒင် ဆရာပေါ့ကွာ။ ငါကလည်း လောဘသားကိုးကွ။ ခုတော့ ပြီးခဲ့တာတွေ မေ့လိုက် ပါပြီကွာ"

"ထိုင်ကြလေကွာ။ တစ်ခွက်တစ်ဖလားပေါ့"

"ဟာဗျာ။ မိုးတောင်မလင်းသေးဘူး။ ကိုကြာရိုးကတော့ တွယ်နေပြီ"

"စောစောစီးစီး လေထလို့ကွာ"

"အင်၊ ဒါဆို နေညိုတော့ လေပြိုတယ်ဆိုတာရောဗျ"

"ဟဲဟဲ ပြောရရင် ငါက လေသမားကွ။ မိုးလင်းလို့ ဒါလေးမလုပ်ရ တစ်နေ့လုံး လေတွေအန်ရော ကျာအေးရ"

"ဒါဆို၊ ခင်ဗျားဥစ္စာ ငရဲမီးဘောလုံးကျနေတာပဲ"

"ဟာကွာ။ နိုင်းစရာရှားလို့ လောကမှာ သစ္စာအရှိဆုံးပြပါဆို ယမကာပဲကွ တစ်ခွက်ဝင်ရင် ရတက်စင်သကွ"

"တော်ပါတော့ဗျာ။ ရတက်မစင်ဘဲ အသက်ငင်နေမှ ကယ်ကြပါဦးဖြ နေမယ်"

"ဟာကွာ။ မင်းကတော့ လုပ်ပြီ"

ကျာအေးသည် သူပြောချင်ရာပြောချလိုက်ပြီး ဆိတ်ကုလားနှင့်အတူ ဘက်သို့ ပြန်သွားလေ၏။ ယမကာငှိုကာဆြာကြီး ကြာရိုးမှာတော့ တစ်ပိုင်း အကုန်တွင် စားပွဲခုံပေါ် မှောက်လျက်ကြီး ဖြစ်နေလေတော့၏။



## အခန်း (၁)

"ကိုကြီးဖျောက်"

"ဖောင်မလေးဗျ"

"ဟာ၊ ဘယ်လိုဖြစ်သတုံးဗျ"

"ဟို ဟို၊ မင်း. . . မင်း မလာနဲ့"

"ဟာဗျာ။ ကျုပ်ကို တန္ဓေသရဲများ အောက်မေ့သလားဗျ"

"ကျာ ကျာအေး"

"ဟုတ်ပါတယ်ဗျ။ ကျာအေးမှ ကျာအေးအစစ်ပါ။ ခင်ဗျားကြီး အပမှီနေပြီ ဆင်တယ်"

"ဟို၊ ငါ မင်းကို. . ."

"ဟာဗျာ၊ ပြီးတာတွေ မေ့ပစ်လိုက်ပါပြီဗျာ။ နေပါဦး လက်ထဲမှာလည်း ဆုတ်တွေဓားတွေနဲ့ ဘယ်လိုဖြစ်တာတုံးဗျ။ ကေန္တ မပုလေးကို ဓားကြိမ်းကြိမ်း တော့မယ် ထင်ပ"

"ဟာကွာ၊ ငါ. . ဟို. . အဲ ဖား. . ဖား. . ရိုက်"

"ဩော်၊ ဟုတ်ပြီ။ ကိုကြီးဖျောက် ဖားထွက်ရိုက်မလို့လားဗျ။ ကြည့်လည်း ပါဦးဗျ။ ဖားမရိုက်မိဘဲ မြွေ. . ."

"ဟေ့ကောင် ကျာအေး ပါးစပ်ပုပ်ကြီးနဲ့ကွာ။ ငါက မြွေဆို အသေကြောက် တွ"

ဖျောက်ဆိပ်ခမျာ လူမသိအောင် ရွာနောက်ဘက် စည်းရိုးမှပတ်၍ ထွက် မှ ကျာအေးနှင့် ထိပ်တိုက်တိုးနေသဖြင့် ရှေ့တိုးရခက် နောက်ဆုတ်ရခက် နေ၏။ ထို့ပြင် အချိန်အခါမှာ ညနေစောင်းအချိန်ခါ ဖြစ်သော်လည်း လူလုံး



www.burmeseclassic.com

www.burmeseclassic.com



ကွဲသေးသည်။ အမှန်မဟော့ ညဦးဦးပိုင်းရောက်မှသာ လုပ်ငန်းစလေ့ရှိ၏။ သို့သော် ကိုင်းထဲက ဖားအော်သံများ စောစီးစွာ ထွက်ပေါ်လာသဖြင့် အပုလေးခမျာ သူ့ကို အတင်းဖားရိုက်ထွက်ရန် နားပူနားဆာ လုပ်နေလေဟော့ရာ စိတ်မပါတပါနှင့် လူရှင်းသည့်ဘက်မှ ထွက်ခဲ့ခြင်း ဖြစ်သည်။ ယခုတော့ သူ အစိုးနိမ်ကြီး စိုးရိမ်နေသော ကျာအေးနှင့် တဲ့တိုးကြီးတွေ့လိုက်ရသဖြင့် ရင်တုန်ပန်းတုန် ဖြစ်နေရပေ၏။ သို့သော် ကျာအေး၏ ရွှေပြည်အေးစကားကြောင့် ဖျောက်ဆိပ် ဘဝင်ကျသွားခဲ့ရ၏။

ထိုစဉ် ကျာအေးက မပြားကြီးဆိုင် အတင်းခေါ်နေသဖြင့် ဖျောက်ဆိပ်ခမျာ အပုလေးသိသွားမှာ စိုးနေပေ၏။

"ဟို၊ အဲ အပုလေး"

"ဘာဖြစ်သတုံးဗျ"

"အပုလေး သိ သိရင်"

"ဟာဗျာ၊ ခင်ဗျားကြီးကလည်း မယားကို လွတ်ကြောက်သကိုးဗျ။ တစ်ခါတစ်ခါ ကိုယ့်မိန်းမအပေါ် ဆိုးယေးရတယ်ဗျ"

"အင်၊ ဗီ ဗီစကား ဘယ်သူပြောတာလဲကွ"

"ဘုရင်ခေတ်က အမတ်ကြီးတစ်ယောက် ပြောဖူးတာဗျ။ ဟဲ ဟဲ၊ မိန်းမ မီးနေ ယောကျ်ားဖောင်စီး ဆိုတဲ့စကားလည်း ရှိသားပဲဗျ"

"အင်၊ ဘာဆိုင်လို့လဲဗျ"

"မဆိုင်ဘူးလား။ ပြောတတ်ဘူးလေဗျာ၊ ကျုပ်က ကြားဖူးတာပြောတာဗျ"

"ဟာ၊ မင်းဥစ္စာ၊ ဘယ်လိုကြီးပါလိမ့်။ နေပါဦး မင်းက ယောကျ်ားတွေ မိန်းမတွေအကြောင်း ပြောရအောင် မင်းက အိမ်ထောင်ပြုဖူးလို့လားကွ"

"ဩော်၊ ဒါကတော့ ဒါပေါ့ဗျာ။ ဟဲဟဲ ဒါပေမယ့် ကျုပ်ရဲ့လေ့လာချက်တွေပေါ့ဗျာ။ ဥပမာ မယားနေစ ဆင်သေမှတို့ ဘာတို့ပေါ့ဗျာ"

"ဟာ ပေါက်တီးပေါက်ရှာကွာ။ မယားနေစ ကြောင်သေမှတဲ့ကွ"

"သိဘူးလေဗျာ"

"ဟ၊ မင်းတမသိဘဲ ဖွတ်ပြောသကိုး။ မယားနဲ့အတူနေစမှာ ကြောက်သွားအောင် ကြောင်ကိုရိုက်သတ်ပြရတဲ့ သဘောပေါ့ကွာ"

"ဟ၊ ဒီဟာကြီးတတော့ ဆိုးလှသဗျာ။ သက်သက်မဲ့ ကြားက ကြောင်ခမျာ အချောင်သေရတာဗျ။ အင်၊ ဒါဆို အိမ်ထောင်ပြုခါနီး ကြောင်ရိုက်ကျင့်ရမယ်ကြီးပါလားဗျ"





"ဟိတ်ကောင် ကျာအေး။ ပြောစရာရှိတာ ဟိုမှာပြောကွာ။ အချိန်မရှိဘူးကွာ"

"အင်း၊ ခင်ဗျားက အပုလေးလည်း ကြောက်တယ်ပြောသေး၊ ခုကျတော့လည်း ခင်ဗျားက အရင် ခြေလှမ်းမြင်နေပြီ"

"ဟဲဟဲ၊ ဗီဇဆိုတာ မယားရှေ့ကျရင် လိပ်လိုပဲ ခေါင်းဝင်နေသလိုပေါ့ကွာ။ ဟား ဟား ဟား"

သူတို့နှစ်ဦး အတိုင်အဖောက်ညီစွာနှင့် ပြောဆိုရင်း ရွာနောက်ဘက်ရှိ မပြားကြီးဆိုင်ထဲ တိတ်တဆိတ် ချိတက်ခဲ့ကြလေ၏။ ထိုအချိန်တွင် ဆိတ်ကုလားနှင့် ကျောက်ကြီးတို့နှစ်ဦးမှာလည်း စားပွဲဝိုင်းတစ်ခုတွင် အကျအနထိုင်ကာ သောက်စားနေကြ၏။ သူတို့နှစ်ဦးကိုမြင်သည်နှင့် ဆိတ်ကုလား ခေါင်းထောင်လာ၏။

"ဟာ၊ ကျာအေးနဲ့ အခါပေးကြီးတို့ပါလား"

"ဟိတ်ကောင် ဆိတ်ကုလား"

"ဘာတုံး ကိုကြီးဖျောက်ရဲ့"

"ငါ့ကို အခါပေးကြီးလို့ မခေါ်စမ်းနဲ့ကွာ။ လေးလေးစားစား ကိုကြီးဖျောက်လို့ခေါ်စမ်း"

"ဩော်၊ ဟုတ်သားပဲ။ ဘယ်လိုလဲ လက်ထဲမှာလည်း မီးအုပ်ဆောင်းကြီးတွေ တုတ်တွေနဲ့ပါလားဗျ။ ကေန့ ကိုင်းထဲမြွေရိုက်ထွက်မလို့ ထင်ပ"

"ဟိတ်ကောင် တောက်တီးတောက်တဲ့ မပြောစမ်းနဲ့ကွာ။ ကဲ ဘယ်မှာထိုင်ရမှာလဲ ကျာအေး"

"ဒီမှာပဲလေ"

"ဟာ၊ အပုလေး မြင်သွားမယ်ကွာ။ နောက်ဘက် သွားမယ်ကွာ၊ ဆိတ်ကုလား မင်းတို့လည်း လိုက်ခဲ့ကွာ"

"ကောင်းပါ့ဗျာ"

ပြောပြောဆိုဆိုနှင့် သူတို့လူစု တဲအနောက်ဘက်သို့ ဝိုင်းပြောင်းလိုက်ကြ၏။ ဖျောက်ဆိပ်မှာ ဝိုင်းထဲထိုင်လိုက်သည်နှင့် ဖား ငါးကိစ္စ မေ့လျော့သွားလေတော့၏။ ကျာအေးမှာ ဖျောက်ဆိပ်၏မယားကြောက်ရပုံကို တွေးပြီး မချိတင်ကဲ ဖြစ်နေပေ၏။ ထို့ကြောင့်လည်း စောစောက စကားကို ပြန်စလိုက်၏။

"ကိုကြီးဖျောက်၊ မပုလေးကို ဘာကြောင့် ကြောက်သတုံးဗျ"

"အင်၊ ဟဲဟဲ ချစ်တာတီး ကိုယ့်လူရဲ့၊ ကြောက်တာတော့ မဟုတ်ပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဟို အဲ ခွင့်လွှတ်သည်းခံရတာပေါ့ကွာ။ ဒါမှလည်း အချစ်မည်တယ်ပေါ့လေ။ ကဲ ထည့်စမ်းကွာ။ အချိန်ရတုန်းလေး တွယ်လိုက်ရအောင်"

"ရော့ရော့၊ သောက်ဗျို့။ လောကကြီးမှာ ခိုးကြောင်ခိုးဝှက်လုပ်ရတာတယ်လည်း အရသာရှိပဲလို့ တချို့က ပြောဖူးတယ်ဗျ။ ခုလည်း ခင်ဗျားကြီး ဒါ သောက်ရင် တော်တော်အရသာရှိမှာပဲ"

"ဟာ၊ ဘယ်နှယ့်ပြောပါလိမ့် မောင်ရာ။ တစ်ခုတော့ရှိတယ်ကွ။ ငါ့မိန်းမက ဒါကွ"

"ဗျာ၊ ဘာလဲ။ ဟို ဘူးကျတာလား"

"ဟာကွာ။ ငါပြောတာ ထိပ်ကပ်နာရှိသကွ"

"သြော် ဒီလိုကိုး"

ဖျောက်ဆိပ်သည် ဂျာအေး၏အမေးကိုဖြေရင်း နှာခေါင်းကို ကိုင်ပြရာ ဂျာအေးက တလွဲတွေးပြီး ပြောမိပြောရာ ပြောချလိုက်သဖြင့် ဖျောက်ဆိပ် ဆူပွပွဖြစ်သွား၏။ ထိုစဉ် ဂျာအေးက သူ့စကားကို ဆက်လိုက်၏။

"လုပ်ပါဦး၊ ကိုကြီးဖျောက်ရ"

"အင်၊ ဘာလုပ်ရဦးမှာလဲ။ မင့် အကူအညီတောင်းရင် လန့်လွန်းလို့ပါကွာ"

"ဟာ၊ ကျုပ်ပြောတာ စောစောကပြောတဲ့ အချစ်ကိစ္စလေဗျ။ ချစ်တာနဲ့ ကြောက်တာဟာ တစ်မအေတည်းမွေးလား ဒါမဟုတ် အမွှာပူးလား"

"လုပ်ပါပြီကွာ။ မင်းစကားတွေက အချစ်ကနေ ဘယ်နှယ့် မီးဖွားတဲ့ဆီ ရောက်သွားသတုံးကွ"

ဖျောက်ဆိပ်သည် အရက်ခွက်ကို စွပ်ခနဲ မော့သောက်ရင်း ဂျာအေးစကားကို ဝေဖန်လိုက်၏။ ဂျာအေးကတော့ သူ့အတွေးကိုသူ လက်မလျှော့ပါချေ။ ခွက်ကုန်မော့သောက်လိုက်ပြီးသည်နှင့် စကားဆက်လိုက်၏။

"ဒီလိုဗျ။ ကျုပ်ပြောတာ သဘောတရားလေးဗျာ။ အချစ်နောက်မှာ ကြောက်ရွံ့ခြင်းရှိနေရင် ဒီအချစ်ဟာ ဘယ်လိုဖြစ်တော့မလဲ။ ပြောရင် အနိုင်ကျင့်တဲ့သဘောတွေ ပါလာမှာပေါ့ဗျာ။ ဟုတ်သေးဘူး ကိုကြီးဖျောက်ရဲ့၊ ဒါဆို အချစ်နဲ့ ဖက်ဆစ်ဂျပန်တွေဟာ တစ်မအေတည်းတွေလားဗျာ ပြောစမ်းပါဦး"

"အင်း ဘာတွေတုံး။ မင်းစကားက ဘယ်ကနေ ဖက်ဆစ်ဂျပန်တွေ ပါလာတာလဲကွ။ ဒီမှာ ဂျာအေး. . ."

"ပြောဗျာ. . ."

"မှတ်ထားကွ၊ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင် ချစ်သကွ"





"ဗျာ၊ ဒါဆို ခင်ဗျားကြီးကို အပုလေးကရိုက်လေ အမျက်ကြီးလေပဲကွာ။ ငါ့စကားတွေလည်း ဘယ်ရောက်ကုန်ပြီလဲ မသိဘူး။ ဟူး. ဟူး. ."

"ဟာ၊ ခင်ဗျားကြီးရယ်သံက ပြိတ္တာကြီးတွေ ရယ်သလိုပဲဗျာ"

"ဟေ့ကောင် ဆိတ်ကုလား၊ မင်း ငါ့ကို စော်ကားတာလားကွ။ ရယ်တာပဲ ဘယ်လိုရယ်ရမှာတုံး"

"စိတ်မဆိုးပါနဲ့ ကိုကြီးဖျောက်ရာ၊ ကဲ ဆက်ပါဦးဗျာ၊ စောစောက ချစ်ငိုကာ. . ."

ဂျာအေးက ကြားမှဝင်၍ ဖျန်ဖြေကာ စကားလမ်းကြောင်းပေးလိုက်၏။ ဖျောက်ဆိပ်မှာ အရှိန်ရနေပြီမို့ စကားတွေ ဖောင်လာတော့၏။

"မှတ်ထားကွ၊ ဒီအထဲမှာဆို ငါက အိမ်ထောင်သည်ကွ ဟဲဟဲ၊ မိန်းမတွေ အိုင်ဒီယာတစ်မျိုးစီ ရှိသကွ"

"ဗျာ၊ ဘာလဲဗျ။ အိုင်ဒီယာဆိုတာ ဟို ဘရာစီယာနဲ့ ဆင်သလား"

"ဟာ၊ ဂျာအေးကတော့လုပ်ပြီကွာ။ အိုင်ဒီယာဆိုတာ ဒါ. . . ဒါကို ပြောတာကွ"

"အင်"

"ဘာတုံး"

ဖျောက်ဆိပ် သူ့ငယ်ထိပ်ကို ပုတ်ပြလိုက်သဖြင့် ဂျာအေးတို့လူသိုက်မှာ ကြောင်စီစီဖြစ်နေကြ၏။ တစ်ယောက်တစ်မျိုးစီ အတွေးပေါက်နေကြပေ၏။ ဂျာအေးက သူ့ငယ်ထိပ်သူ ပြန်စမ်းရင်း-

"သြော်၊ ဟုတ်ပြီ။ အိုင်ဒီယာဆိုတာ ငယ်ထိပ်ကွ။ ဟဲဟဲ မိန်းမတွေဟာ ငယ်ထိပ်မဆက်ဘူးလား ကိုကြီးဖျောက်"

"အေး၊ အဲ ရှုပ်ကုန်ပြီကွာ။ ငါပြောတာ ခေါင်း ဗဲလေ အတွေးအခေါ် ပြောတာ ငတုံးတွေရဲ့။ တာမဖတ်ပေမဖတ်နဲ့ ဖွတ်ထင်နေကြတာပဲ။ ကဲ၊ ငါ ပြောမယ်၊ တချို့ မိန်းမတွေဟာ ကိုယ့်ယောက်ျား သူ့တစ်ပါး စေ့စေ့ကြည့်မှာ စိုးတိုသဗျ"

"အင်၊ ဒူတိုတယ် ဟုတ်လား"

"ဟုတ်ပ၊ ဟူးဟူး အင်္ဂလိပ်လိုပြောရရင် ဂျလာစီလား၊ ဂျလော်စီလား သိပါဘူးကွာ"

"ဘာတုံးဗျ။ ဂျာလော်စီဆိုတာ ဟို အင်္ဂလိပ်ဆေးလား"

"တိတ်စမ်းကွာ၊ မင်းက မပြောလိုတ်နဲ့ ပြောရင်တလွဲချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်၊ ကိုကြီးဖျောက်က စာသမားကိုးဗျ"

"ဟေ့ကောင်၊ ငါ့ကိုခုချိန်မှာ စာတွေပေတွေအကြောင်း မပြောစမ်းနဲ့ကွာ ရင်နာလွန်းလို့ပါ။ ဒီကိစ္စတရားခံဟာ ငါကွ။ ငါ. . ."

"ဟင်၊ ဘာဖြစ်သွားတာတုံးဗျ"

"ဘီလူးစီးသွားတာ ထင်တယ်"

"ဖြစ်နိုင်တယ်ကွ။ စာတွေပေတွေရော ပြီးတော့ တရားခံကိစ္စပါ ပါဝ တယ်ဆိုတော့ ဧကန္တ ကိုကြီးဖျောက် စာဖတ်ရင်း အဖမ်းခံရတာ ဖြစ်လိမ့်မယ်"

"ဟာကွ။ တော်ကြပါတော့ မင်းတို့ထင်ရာတွေ စွတ်စွတ်မပြောနဲ့ကွ ငါပြောတာ အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးမျ တစ်ချက်မပိုင် နောင်ပြင်နိုင်ခက်တဲ့ကွ"

"ဩော်၊ ဒါဆို ကိုကြီးဖျောက် အပုလေးကိုယူမိတာ မှားတယ်ပေါ့"

"ခုမှ ရင်ဖွင့်တာပေါ့"

"ဟေ့ကောင် ဆိတ်ကုလား မနောက်နဲ့ကွာ။ ငါ တကယ်ပြောတာကွ အပုလေးဟာ ငါ့ကိုနိုင်သမှု ခုပဲကြည့်လေ ပေဒင်ဆြာကြီးဘဝကနေ ဖားရိုက် သမား ဖြစ်ခဲ့ရပြီကွ"

"ဟာ၊ အဝီစိကို ရောက်ဖူးတယ်ရှိတာပေါ့ဗျာ"

"ဘာတွ၊ ဟေ့ကောင် ဂျာအေး မင်းဘာပြောသတုံး"

"ဟာ၊ ကိုဖျောက်ဆိပ်ဟာ ဖားတွေရိုက်ပြီး အကုသိုလ်ရှာမှတော့ အဝီ သွားဖို့ လက်မှတ်ကြိုတင်ဝယ်သလိုပေါ့ဗျာ"

"ဟေ"

"ဟာ၊ ဂျာအေးပြောတာ အမှန်ပဲဗျ"

"အင်၊ ဟုတ်တယ်။ မင်းတို့လေးတွေ ပြောတာဟုတ်ပါ့ကွာ။ မှန်ချ ကတော့ ဟက်တက်လို့တောင် ပြောရမလားပဲ"

"ဘာဖြစ်လို့တုံးဗျ"

"ဟာ၊ ခုဆို ငါဘဝက အဝီစိနဲ့ထိပ်တိုက်တိုးရတော့မှာကွ။ ဩော် အချ အချစ်၊ အပုလေးရဲ့အချစ်ဟာ အဝီဇိနဲ့သင်းလိုက်ပါ့ကွာ"

"ကိုရင်ဖျောက်"

"ဗျာ"

"ဟာ၊ အပုလေး"

"အဲ၊ ဒုက္ခပါပဲ။ အပုလေး ဘာ၊ ဘာဖြစ်လို့ လိုက်လာသလဲကွယ်၊ မြေ





ကင်းပါး"

"တိတ်စမ်း။ ရှင် စောစောကပြောတာ ကျွန်မကိုယ်က အဝီစိစော်နံတယ် ဆို"

"ဟေ"

ဆိုင်အနောက်ဘက်မှာ အပုလေးပေါ်လာသဖြင့် သူတို့အားလုံး ထိုင်ရ ခက်ထရခက် ဖြစ်နေကြ၏။ ဖျောက်ဆိပ်ခမျာ မယားလုပ်သူမျက်နှာကို ရဲရဲ မကြည့်ဝံ့၊ ညောင်နာနာလေသံနှင့် ဝလုံးဗထွေး ပြောလိုက်၏။

"ဟုတ်ပါဘူး အပုလေးရယ်၊ ကိုကြီးဖျောက်ပြောတာ အညီရှိတယ်လို့ ပြောတာပါ"

"ရှင်၊ ဘာအညီလဲ ပြောစမ်း"

"အဲ၊ အဲ ဟို အညီဆိုတာ အလှပေါ့ကွာ၊ အညီရှိရင် ယင်အုံသလို အလှရှိတော့ ဟဲဟဲ အပုလေးကို ချစ်သူအုံသပေါ့ကွာ၊ ဟုတ်ဘူးလား"

"ရှင်နေဦး ကဲပြောစမ်း၊ ရှင်က ဖားမရိုက်ဘဲ ဒီမှာ အရည်တွေလာသောက် နေသကိုး။ ပြီးတော့ ဟိုမှင်စာလေးနဲ့ ရှင်. ."

"ဗျာ၊ ကျုပ်ကိုပြောတာလား မပုလေး"

"ဟုတ်တယ်။ ဂျာအေးကို ဝေးဝေးရှောင်ပါလို့ ပြောထားရက်နဲ့"

"ဟာဗျာ၊ အပုလေးတလည်း ကျုပ်နဲ့ပြဿနာမှ မဟုတ်တာဗျ"

"တိတ်စမ်း။ ကဲ၊ ထစမ်း ကိုဖျောက်"

"အင်၊ ခွင့်လွှတ်ပါကွာ၊ ငါ ဒီမသူတော်လေးတွေနဲ့ ဝေးဝေးရှောင်ပါ့မယ် ကွာ"

"ဟာ၊ ဒါတော့ ကိုကြီးဖျောက် ကျုပ်တို့လူစုကို အသရေဖျက်တာပဲဗျ၊ အမှန်ဆို ကိုကြီးဖျောက်ထ အဝီဇိကို ရှေ့ဆုံးက တန်းစီထားတာဗျ"

"အလိုတော်၊ ဟဲ့ ဂျာအေး"

"ဘာတုံးဗျ"

"ငါ့ယောက်ျားကိုများ နင်မို့ပြောရက်တယ်၊ နောက်တစ်ခါ ပြောကြည့်၊ နင့်အဘနဲ့ တိုင်လိုက်မယ်"

"လာပါ မိန်းမရယ်၊ လောကကြီးဟာ တစ်ခါတစ်ခါတော့လည်း ဖားတွေ လိုပဲကွ"

"အင်၊ ရှင်က ဘာပြောတာလဲ၊ ကျွန်မကို ဖားလို့ပြောချင်တာလား ကိုဖျောက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူးကွာ။ ငါပြောတာ ဒီကောင်တွေကို ပြောတာပါ ဟဲဟဲ။ အသံတွေစွတ်ပေးနေတော့ ဖားရိုက်တဲ့လူ အကြိုက်ပေါ့ကွာ။ ဟော့ကောင် ဂျာအေး၊ မှတ်ထားတွေ"

"ဗျာ၊ ဘယ်လိုဖြစ်သွားတာတုံး"

"မ,ဘက်လိုက်တော့ မိုက်ဘက်ပါပြီပေါ့ကွာ"

"ဟဲ့ ဆိတ်ကုလား၊ နင်နော်"

"ဩော်၊ မပုလေးကလည်းဗျာ။ ဟဲဟဲ"

"ဂျာအေးရေ ကိုယ့်အသံနဲ့တိုယ် ဒုက္ခတွေ့တဲ့လူတွေ အများကြီးကွ။ ခုလည်း အသံကြောင့် ကုပ်ကောင်းမှ တုတ်တောင်းစမ်းပါကွာ။ ဟဲဟဲ့ သွားမယ် မိန်းမရေ"

"ဟ၊ ဘာတွေဖြစ်သွားတာတုံး"

"ပြောတတ်ဘူးလေ။ ကိုကြီးဖျောက်ပြောတာ ကုပ်ကောင်းမှတုတ်တောင်းတဲ့။ ကြေနွ မင်းရောငါရော ဖားတွေဖြစ်ကုန်ပြီကွ"

"အင်"

ဖျောက်ဆိပ်က သူ့ကို တဟဲဟဲရယ်ရင်း ပြောချင်ရာပြောချ၍ မယား နောက် ကောက်ကောက်ပါသွားလေ၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ယောက် အူချာချာနှင့်ကျန်ရစ်ခဲ့ကြ၏။ ကျောက်ကြီးကတော့ ဖျောက်ဆိပ် ပြောသွားသည့် စကားကို လေးလေးနက်နက် စဉ်းစားနေဆဲ၊ ထိုအချိန်တွင် ဖျောက်ဆိပ်ခမျာ အပုလေးနောက်မှ ကုပ်ချောင်းကုပ်ချောင်း ပါလာ၏။ တိုင်းစပ်အရောက်တွင် အပုလေးက မကျေမချမ်း လှည့်မေးလိုက်၏။

"နေပါဦး၊ ကိုရင်ဖျောက်"

"ဘာတုံးကွာ။ ကိုင်းထဲမှာ အသံတွေဆူနေပြီကွ"

"စောစောက ရှင်ပြောတာ ကျုပ်ကို ရှင့်လူတွေရှေ့ စောင်းပြောတာလား"

"ဟာ။ မဟုတ်တာကွာ။ ကျုပ်ပြောတာ လူတွေဟာ ဖားတွေနဲ့တူတယ်။ အသံပေးပြီး အရိုက်ခံချင်ကြတယ် ပြောတာကွ"

"ရှင်၊ ဒါဆို ကျုပ်လည်းဖားကြီးပေါ့ ဟုတ်လား။ ပြောစမ်း ရှင်နော် စကား တွေကြည့်ပြော"

"ဟုတ်ရပါဘူးကွာ။ ကျုပ်ပြောတာ ဂျာအေးတို့ကိုပါ။ ဒီကောင်တွေ အသံတ တယ်ဆူသကိုးကွ။ ဒီတော့ ဖားရိုက်သမား . . ."

"တော်စမ်းပါရှင်၊ ရှင်ပြောတော့ ကျုပ်ကို စောင်းပြောနေတာပါ။ ကဲ





သွားတော့ သွားတော့။ မိုးလင်းမှ ရှင်ပြန်လာခဲ့"

"ဟေ၊ ဘယ်လိုဖြစ်လို့တုံးကွာ"

"တော်ပြီ။ ရှင်ဟာ ကျုပ်စကား နားမထောင်ဘူး။ ဟိုမှင်စာလေးတွေနဲ့ ပေါင်းပါနဲ့၊ အရက်မသောက်ပါနဲ့လို့ ပြောထားတာ။ ကျုပ်ပြောတာကို အကျကောစလုပ်တယ်။ ဒီတော့ ရှင်လည်းဖားကြီးပဲ သွားသွား"

"အလို၊ တယ်လည်း အသံပြင်းလှပါလား အပုလေးရယ်"

ဖျောက်ဆိပ်ခမျာ အပုလေးကို စောင်းငန်းစောင်းငန်းကြည့်ရင်း ကိုင်းထဲသို့ ဆင်းချင်ဆင်းချင်နှင့် ဆင်းသွားရလေတော့၏။ ထိုအခါတွင် မိုးဖွဲမိုးမှုန်များက သည်း ဆတ်တောက်ဆတ်တောက် ရွာထားသဖြင့် ကိုင်းထဲတွင် ပွက်ထနေပေ ၏။ စားဖားကြီးများ၏ အသံဗလံများကလည်း ဟိုနေရာသဲ့သဲ့ သည်နေရာသဲ့သဲ့ ကြားနေရပေ၏။

ဖျောက်ဆိပ်သည် ကိုင်းပင်များကြား မီးအုပ်ဆောင်းထိုး၍ ဖားကြီးများကို ရှာနေ၏။ ထိုအချိန်တွင် သူ့အနားသို့ မြွေတိုတစ်ကောင် တအီအီနှင့် ရောက်လာ ၏။ မြွေတိုကိုမြင်တော့ သူက အားတက်သွား၏။ အကြောင်းမှာ မြွေတိုက ဖားရှာ အလွန်ကောင်းလှသောခွေးကြီး ဖြစ်ပေရာ သူပါလျှင် ဖျောက်ဆိပ် ဒူးနှုန်းရိုက်ရုံ သာ။ မဟုတ်လို့ကတော့ ဟိုစမ်းစမ်း သည်စမ်းစမ်းနှင့် ရိုက်ရင်း မြွေနှင့်တိုးမှာကို အသေကြောက်လှပေ၏။ မနှစ်ကတော့ ဖားရိုက်ရင်း ပိုးထိသွားသူ လေးငါးဆယ် ယောက်။ ထိုအခြင်းအရာကြောင့်လည်း မြွေတို ရောက်လာသဖြင့် ဝမ်းသာအားရ ဖြစ်ရပေ၏။

"မြွေတိုရေ မင်းနဲ့ငါ မကြည်မဖြူဖြစ်ခဲ့ရတာတွေ မေ့လိုက်တော့ကွာ။ ဟဲဟဲ ကိုင်း လုပ်ငန်းစကြစို့ဟေ့"

မြွေတိုကြီးက သူ့ကိုနားလည်သလိုပင်။ ကိုင်းပင်တွေကြား အမြီးတိုကလေး ကို တနန့်နန့်လုပ်ရင်း အပြေးဝင်သွားလေ၏။ ထိုအချိန်တွင် မပြားကြီးဆိုင်တွင် ကျန်ရစ်ခဲ့သော ဂျာအေးတို့လူသိုက်မှာ ဖျောက်ဆိပ်အပေါ် မကျေမလည် ဖြစ် နေကြ၏။ မယားနိုင်းလျှင် အစိစိကို ကျွမ်းထိုးဆင်းရဲသော ဖျောက်ဆိပ်၏ အပြု အမူတို့ မနှစ်မြို့။ ထို့ကြောင့်လည်း ဂျာအေးတစ်ယောက် တောက်တစ်ခေါက် ခေါက်လုပ်နေပေ၏။ ထိုစဉ် ဆိတ်တုလားတ-

"အင်း၊ မိန်းမဆိုတဲ့သဘောတ တယ်လည်း ကြောက်စရာကောင်းလှပါ လားကွာ"

"ဟင်၊ ဒီလိုတော့ မပြောနဲ့ ဆိတ်တုလားရာ။ မပန်းညိုတလေအော ဒါဒီထဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ ပါလောက်ပါဘူးကွာ။ ခုဥစ္စာ အပုလေးဘာပြောပြော ဟိုလူကြီးက တအင်းအင်းလုပ်နေတာ ငါ မကျေနပ်တာကွ"

"ဟာကွာ။ အတူတူပါပဲ ကျာအေးရာ။ မင်း ပန်းညိုလည်း ဒီအတိုင်းပါပဲ။ မင်းမယုံရင် ညားမှသိလိမ့်မယ်"

"ဟေ၊ မင်းစကားတလည်း မဂ်လာရှိလှပါလား ကျောက်ကြီးရ၊ အဲဒီ စကားလေး ကြားလိုက်ရတော့ ငါ့ရင်ထဲ နတ်ပြည်ကို လိုင်စင်ရသွားသလိုပဲကွ ဟီးဟီး"

"မင်းစတားကလည်း ဘယ်လိုပါလိမ့်။ ငါပြောတာ မိန်းမတွေအကြောင်း ကွ။ ခုဥစ္စာ ဘယ်ကနတ်ပြည်က ပါလာတာလဲ"

"ဩော်၊ မပန်းညိုလေးလေကွာ။ ငါ တအားချစ်ရတာဆိုတော့ မင်းက သူနဲ့ငါနဲ့ညားရင်လို့ ပြောလိုက်တာနဲ့ ငါ့ရင်ထဲ မြစ်ရေတက်လာသလိုပဲကွာ"

"ဟ၊ လွန်ပါ့ကွာ။ ဟိုလူကြီးက မိန်းမခိုင်းရင် ဖားတောင်ထွက်ရိုက်တယ်။ မင်းကတော့ မိန်းမရရင်ဖားမဟုတ်ဘူး ကျားမြီးဆွဲဆို ဆွဲမယ့်ကောင်ပဲ"

"ဩော်၊ ကျောက်ကြီးကလည်းကွာ၊ ဒါဟာ အချစ်ပဲလေ၊ အချစ်ဆိုတာ မြစ်ရေလိုပဲကွ။ မာကျောနေတဲ့ ကျောက်ဆောင်ကိုတောင် ပျော့တီးပျော့ဖတ် ဖြစ်သွားစေတယ်တွ။ ဟဲဟဲ ခုလည်း ဟိုဆရာကြီးက အချစ်ကြောင့် ဖားရိုက်နေ ပြီလေ။ ဒီတော့ ငါတို့လည်း သူ့အချစ်ကို ဝိုင်းဝန်းပံ့ပိုးဖို့ လိုလာပြီကွ"

"အင်၊ ဘယ်လိုဖြစ်တာတုံး"

"မင်း နားမလည်ပါဘူး ဆိတ်ကုလားရာ။ ကဲ၊ ငါတို့အားလုံး ဟိုလူကြီး နောက်ကိုလိုက်ပြီး အချစ်အတွက် ဖားဝိုင်းရိုက်ပေးကြစို့"

"ကောင်းပါ့ကွာ"

ကျာအေးသည် သူလိုရာကို အလည်ချာလည် ဆွဲပြောရင်း အရက်ဝိုင်း မှ ထလိုက်၏။ ဆိတ်ကုလားနှင့် ကျောက်ကြီးမှာလည်း အရှိန်ရလာပြီမို့ ကျာအေး ခေါ်ရာနောက်သို့ အားနှင့်မာန်နှင့် ချီတက်ခဲ့ကြလေ၏။ ထိုအချိန်တွင် ဖျောက် ဆိပ်ခမျာ တစ်ကိုယ်လုံး ဗွက်တွေနှင့် ပေလူးနေပေ၏။ ပလိုင်းထဲတွင်လည်း စားဖားငါးကောင် ရရှိနေပြီဖြစ်၏။

"ရာထားကွ မြို့တိုရေ။ ဟဲဟဲ၊ မင်းလည်း တစ်နေ့ကျ အချစ်နဲ့တွေ့လာမှာပဲ။ ဒီတော့ ငါ့ကို မင်းကိုယ်ချင်းစာတတ်လာမှာပေါ့ကွာ ဟဲဟဲ ရှာရှာ"

"အီ အီ"

မြို့တိုကြီးသည် သူ့ကိုတအီအီနှင့် အော်ဟစ်ရင်း နွတ်သီးတွင် တစ်နေ





သော နွံများကိုခါထုတ်နေ၏။ ထိုစဉ် ကျာအေးတို့လူစု ကိုင်းထဲဝင်လာသည်ကို မြင်လိုက်ရသဖြင့် ဖျောက်ဆိပ် မျက်လုံးပြူးသွား၏။

"ဟာ၊ မင်း မင်းတို့ ဘာလာလုပ်"

"ဩော်၊ ထိုကြီးဖျောက်ကလည်း ကျွန်တော်တို့က အချစ်အတွက် စေတနာ့ဝန်ထမ်း ဖားရိုက်သမားတွေပါဗျာ"

"အင်၊ ဘယ်လိုဖြစ်လာကြတာလဲ"

"ဩော်၊ ခင်ဗျားအချစ်ကို လေးစားဂုဏ်ပြုတဲ့အနေနဲ့ ဖားရိုက်ထွက်ခဲ့ကြ တာပေါ့ဗျာ"

"ဗုဒ္ဓေါ၊ ဘယ် ဘယ်အချစ်လဲကွ"

"ဒီလိုလေဗျာ၊ ခင်ဗျားကြီးက အပုလေးကို ငုံထားမတတ်ချစ်တယ် မဟုတ် လားဗျ"

"ဟော၊ မငုံထားပါရစေနဲ့ကွာ၊ အပုလေးကိုယ်က ဖားညီနဲ့ နံလွန်းလို့ပါ"

"တော်သေးတာပေါ့ဗျာ။ ခင်ဗျားကြီးတ အချစ်ကို မဟာဝိဇ္ဇာဘွဲ့နဲ့ အောင် ထားတာ မဟုတ်လားဗျ။ ဒီတော့ ကျုပ်တို့ ခင်ဗျားကြီးကို ဂုဏ်ပြုတာပေါ့ဗျာ"

"ဩော် ဒီလိုကိုး။ ဟဲဟဲ မင်းတို့ပြောမှပဲ ငါက မဟာဝိဇ္ဇာအချစ်ဘွဲ့ ရထား တာကို သိတော့တယ်"

"ကဲ၊ ပြောနေတာကြာတယ် ဖားရိုက်ကြစို့"

ပြောပြောဆိုဆိုနှင့် သူတို့လူစု ကိုင်းပင်များကြား တိုးတိုးခွေ့ခွေ့နှင့် ဖားရိုက် ကြလေတော့၏။

"ဟာ၊ ဒီမှာတို့"

"ရိုက်တွာ၊ ချ"

"ဖြူး စွပ်"

"ဗွိဗွိ"

"ဟာ ဒီမှာလည်း တစ်ကောင်၊ ကဲကွာ"

"ဖြူး စွပ်"

"အောင်မလေးဗျ၊ ကိုက် ကိုက်တယ်"

"ဟာ၊ မြွေ. . . မြွေ ကိုကြီးဖျောက်"

"အောင်မလေးဗျ မြွေတဲ့"

ညာဘက်ခြေထောက် ဆတ်ခနဲ နာကျင်သွားသဖြင့် ဖျောက်ဆိပ် ခြေ ထောက်ကို ငုံ့ကြည့်လိုက်ရာ သွေးစို့နေသည်ကို တွေ့လိုက်ရ၏။ ထိုစဉ် ကျာအေး



www.burmeseclassic.com

www.burmeseclassic.com



က မြွေ မြွေဟု အော်လိုက်သဖြင့် ကိုင်းပင်ထဲ ပြန်းခနဲ လဲကျကာ ကြောက်စိတ်နှင့် သတိလစ်လေတော့၏။

ဆိတ်ကုလားနှင့် ဂျာအေးတို့သည် ဖျောက်ဆိပ်ကို ကိုက်သွားသည့် မြွေနောက် အတင်း လိုက်ချသွားရာ တစ်အောင့်အကြာတွင် မြွေသေကြီးကိုင်၍ ထွက်လာကြ၏။

"ဟာ၊ ကိုကြီးဖျောက်"

"မြွေဆိပ်တက်နေပြီကွ၊ ဒုက္ခပဲ"

"ဆိတ်ကုလား၊ မင်း ထမ်းစမ်းကွာ"

"ဟာ၊ ကိုယ်တ အလေးကြီးကွ"

"ဒါဆို ကျောက်ကြီးနဲ့ နှစ်ယောက်ထမ်းကွာ။ ငါ မြွေကြီးကိုင်ခဲ့မယ်။ မြွေကိုက်ရင် ကိုက်တဲ့မြွေ ရအောင်ရိုက်ရမယ်လို့ ပြောဖူးတယ်ကွ။ ကဲ ထမ်းကွ"

"လာကွာ ကျောက်ကြီး"

"သေများသေပြီလားကွ"

"အသက်တော့ ရှုသေးတယ်ကွ"

"ထမ်းကြကွာ"

ပြောပြောဆိုဆိုနှင့် ငွက်ထဲ လဲကျနေသော ဖျောက်ဆိပ်ကို ဆိတ်ကုလားနှင့် ကျောက်ကြီးတို့နှစ်ဦး ရှေ့နောက် ထမ်းလိုက်၏။ ဂျာအေးက မြွေသေကြီးကို အမြီးမှကိုင်လိုက်ပြီး ရွာဘက်သို့ ခပ်သွက်သွက် လျှောက်ခဲ့ကြ၏။ ရွာအဝင် မြင်လိုက်သော ချောက်ချားဖွယ် မြင်ကွင်းကြောင့် ရွာသားအားလုံး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေကြ၏။

"ဟာ၊ ဘာဖြစ်လာကြတာတုံး"

"ကိုကြီးဖျောက် ပိုးထိလို့ဗျ"

"ဟေ၊ ဟုတ်လား။ ဒါဆို ဆရာလေးဆီ မြန်မြန်ပြေး"

ဖျောက်ဆိပ် ပိုးထိသည် ဆိုသည့်သတင်းက တစ်ရွာလုံး ချက်ချင်း ပျံ့နှံ့သွားလေတော့၏။ ဂျာအေးတို့လူစုမှာလည်း ဖျောက်ဆိပ်ကိုထမ်း၍ ရွာအရှေ့ဘက် ယာယီ ကျန်းမာရေးဆေးခန်းသို့ အပြေးတစ်ပိုင်း လာခဲ့ကြ၏။ ထိုသတင်းကို ကြားလိုက်ရသော အပုလေးခမျာ ကြော်လှော် ချက်ပြုတ်နေသည့် ဟင်းထမင်းများကို ပစ်ကာ တဲပေါ်မှ လွှားခနဲ ခုန်ဆင်းရင်း အော်ကာဟစ်ကာနှင့် ဆေးခန်းသို့ ထဘီမနိုင် ပဝါမနိုင်နှင့် ပြေးလေတော့၏။

"ကိုဖျောက်၊ အောင်မလေး ကိုဖျောက်ရယ်။ ကယ်ကြပါဦး၊ ကိုဖျောက် ဘယ်မှာလဲ၊ အပုလေးလာပြီ ကိုဖျောက်ရေ"





"ဟာ၊ ဆူပူါကွာ"

"ကို. . . ကိုဖျောက် ကိုဖျောက်၊ အောင်မလေး ကိုဖျောက်ရဲ့"

"ဟဟ၊ နေ နေပါဦး။ နင့်ယောက်ျား မသေသေးပါဘူး အပုလေးရဲ့"

"အို၊ ဒုက္ခပါပဲတော်။ ကျုပ်ယောက်ျား သေလို့ကတော့ ရှိသမျှ မြွေတွေ အကုန် အရေခွံဆုတ်ပစ်မယ်"

"ဗုဒ္ဓေါ"

ကျန်းမာရေးမှူး ဆရာလေး စိန်သော်တာမှာ အပုလေး၏ ပြုပြုလန်လန် အသံကြီးနှင့် အော်ဟစ်တက်လာသဖြင့် ခေါင်းရှုပ်နေပေ၏။ ဂျာအေးတို့လူစုမှာလည်း ဖျောက်ဆိပ်ကို လူနာခုတင်ပေါ် တင်ပေးလိုက်ပြီး အနားတွင် ပြူးကြောင်ကြောင်နှင့် ရပ်နေ၏။ အပုလေးမှာ အော်ရင်းဟစ်ရင်းနှင့် ဂျာအေးတို့လူသိုက်ကို တွေ့သွား၏။

"ဟင်၊ ဂျာအေး နင် . . . နင်တို့ ဘာလုပ်"

"ဟာ၊ မပုလေးကလည်း ကျုပ်တို့ ခင်ဗျားယောက်ျား မြွေကိုက်ခံရလို့ လာပို့တာပါဗျာ"

"နေပါဦး၊ နင်တို့က ငါ့ယောက်ျား ဖားရိုက်တဲ့ဆီ လိုက်သွားကြသလား"

"ဪ၊ ကျုပ်တို့က ပိုင်းကူဖို့ပါဗျာ"

"နင်တို့ပါလို့ ငါ့ယောက်ျား ခုလို ဖြစ်တာနေမှာပေါ့ဟဲ့"

"ဟာဗျာ၊ မပုလေးကလည်း ကျုပ်တို့ကို ဘယ်တော့မှ အကောင်းမပြောဘူး"

"ကဲကဲ တော်ကြပါတော့ဗျာ။ ကျုပ် လူနာကို ကြည့်ပါရစေဦး။ ဒဏ်ရာက ဘယ်မှာလဲ"

"ဒီမှာပါ ဆရာလေး"

"ဘာမှာလဲကွ"

ဂျာအေးသည် ဖျောက်ဆိပ်၏ ညာဘက်ခြေထောက်ကို လက်ညှိုးထိုးပြလိုက်၏။ ခြေဖနှောင့်ထောင့်တွင် ခွံများ ပေကျံနေပြီး အစွယ်ရာမှ သွေးများ စို့နေသည်ကို တွေ့လိုက်ရ၏။ ဆရာလေး စိန်သော်တာသည် ဖျောက်ဆိပ်၏ ခြေထောက်ကို ရေနွေးနှင့် ဆေးကြောလိုက်ပြီး ဒဏ်ရာကို ကြည့်လိုက်၏။ ထို့နောက် ဂျာအေးဘက် လှည့်မေးမြန်းလိုက်၏။

"မင်းတို့ ကိုက်တဲ့မြွေ ရိုက်လာလား"



www.burmeseclassic.com

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com



"ဟုတ်ကဲ့၊ အပြင်မှာထားခဲ့တယ် ဆရာ"

"ဒါဆို သွားယူခဲ့ကွာ၊ ဘာမြွေလဲ ကြည့်ရအောင်"

"ဟုတ်ကဲ့"

ကျာအေးသည် ဆေးခန်းအပြင်သို့ အလျင်အမြန်ထွက်ကာ စည်းရိုးအပ တွင် ချိတ်ထားသော မြွေကြီးကို ကိုင်၍ ယူလာ၏။ အပုလေးမှာ ဖျောက်ဆိပ် အနားတွင် တုန်တုန်ရီရီနှင့် မျက်ရည်စမ်းစမ်းလွှပ်ကာ တဟင့်ဟင့်နှင့် ငိုရှိုက်နေ ၏။ ထိုအချိန်တွင် ကျာအေးသည် မြွေကြီးကိုကိုင်၍ ဆရာလေးသော်တာ အနီးသို့ ရောက်လာ၏။

"ဒီမှာ ဆရာ"

"ပြစမ်းကွာ"

ကျန်းမာရေးမှူး ဆရာလေး စိန်သော်တာသည် ကျာအေးလက်ထဲမှ မြွေ သေကြီးကို ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း မျက်လုံးပြူးသွား၏။

"ဟာ၊ ရေမြွေကြီးပါလား"

"ဗျာ၊ ဟုတ် ဟုတ်လား"

"ဟင်၊ ဒါ ရေမြွေကြီးကွ။ နေ နေပါဦး သေချာရဲ့လား"

"ဟာ၊ သိပ်သေချာတာပေါ့ ဆရာရယ်။ ကိုကြီးဖျောက်ကို ကိုက်တာ ဒီမြွေကြီးပဲဗျ။ ကျုပ်နဲ့ ဆိတ်ကုလား ဝိုင်းရိုက်ပစ်လိုက်တာဗျ"

"အင်၊ ဒါဆို ဒီလူက ဘယ်လိုကြောင့် မေ့နေရတာလဲ။ ရေမြွေဆိုတာ အဆိပ်မှ မရှိဘဲ"

"ဗျာ"

"ဟင်၊ ဒါဆို သူ သူက ဘယ်လိုကြောင့်မေ့. . ."

"ဟေ့လူ၊ ကိုဖျောက်ဆိပ် ထ. . . ထလေ"

"အင်၊ ဟိုဟို ကျုပ် ဘယ်ရောက်နေတာလဲ"

"ဘာဖြစ်လို့တုံးဗျ"

"ခင်. . . ခင်ဗျားတို့က နတ်သားတွေလား"

"ဟေ"

"ဟာ၊ ဒီလူ ရေမြွေကိုက်ပြီး ကြောင်သွားပြီနဲ့တူတယ်၊ ဟေ့လူ ကိုဖျောက် ဆိပ်"

"ဗျာ၊ ဟာ အပုလေး မင်း. . . မင်းကရော ဘယ်လိုလုပ် နတ်ပြည်ရောက် လာတာလဲ"





www.burmeseclassic.com

www.burmeseclassic.com



"ရှင်၊ ဘာဖြစ်တာတဲ့။ လုပ်ကြပါဦး"

"ဟာ ဟော့လူကြီး၊ ဒါ လျှပ်ပြည်ဗျ။ ခင်ဗျားကိုကိုက်တာ မြွေဟောက် မဟုတ်ဘူးဗျ။ ရေမြွေကြီး။ ဘာလဲ ခင်ဗျားကိုယ်ခင်ဗျား မြွေကိုက်လို့သေပြီး နတ်ပြည်ရောက်နေတယ်များ အောက်မေ့နေသလား"

"ဗျာ၊ ဒါ . . . ဒါဆို ကျုပ် မသေဘူးပေါ့"

"ဩော် ဒုက္ခပါပဲ"

ရုတ်တရက်မို့ ဖျောက်ဆိပ်မှာ ကြောင်စီစီ ဖြစ်နေ၏။ ဆရာလေး စိန်သော်တာ အတင်းလှုပ်နှိုးသဖြင့် ဖျောက်ဆိပ် ခုတင်ပေါ်မှ အူယားဖားယား ထလိုက်တာ သူ့ကိုယ်သူ သေလွန်ပြီးနောက် နတ်ပြည်ရောက်သွားပြီအထင်နှင့် ပြောချင်ရာ ပြောနေခြင်း ဖြစ်၏။ ဂျာအေးမှာ ဖျောက်ဆိပ်စကားကြောင့် ရှုံ့မဲ့မဲ့ ဖြစ်သွား၏။

"မသေပါဘူး ကိုကြီးဖျောက်ရာ။ ရေမြွေကိုက်တာတဲ့ဗျာ။ ဟဲဟဲ သေရင် နတ်ပြည်ရောက်မှာ မဟုတ်ဘူးဗျ"

"ဟင်၊ ဘာဖြစ်လို့တုံး"

"ခင်ဗျားမယားက ခင်ဗျားကို အစီစီ ကန်ချနေတာ။ ဒီတော့ ရောက်ချင်းရောက် အဝီစီ"

"ဟဲ့၊ သေနာကောင်လေး နင့်ပါးစပ်ပိတ်စမ်း"

"အင်"

"ကဲကဲ တော်ကြပါတော့ကွာ။ ကိုဖျောက်ဆိပ်ကလည်း သွေးနည်းလိုက်တာဗျာ။ ရေမြွေကိုက်တာတောင် မေ့သွားရသလားဗျ"

"ဟို၊ အဲ . . . အဲဒါ ဂျာအေးပြောလို့ဗျ။ မြွေ . . . မြွေကို ကျုပ်က တအားကြောက်တာဗျ"

"ဟားဟားဟား၊ တော်တော်ဟုတ်တဲ့ လူတွေပဲကိုး။ သက်သက်မဲ့ ဆေးခန်းလာပြီး ဒုက္ခပေးတယ်။ ကဲ၊ ဆေးထည့်ပေးလိုက်ပြီ"

"ဟုတ် . . . ဟုတ်ကဲ့။ ကျေးဇူးပါပဲ ဆရာရယ်။ ကျုပ်ယောကျ်ား မသေဘူးဆိုတော့ ဟီဟိ ပျော်လိုက်တာ"

"ဘယ်လိုဖြစ်လို့တုံး မပုလေးရဲ့၊ တော္တ ဖားရိုက်ခိုင်းဦးမယ်ထင်ပါ့"

"တိတ်စမ်း မှင်စာလေး နင် ဝင်ဝင်မပြောနဲ့"

အပုလေးခမျာ ယောကျ်ားလုပ်သူ မသေတော့ဘူးဟု သိလိုက်သဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။ ဖျောက်ဆိပ်မှာ သူ မသေတော့မှန်း သိလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းပန်းတသာ ဖြစ်နေသော်လည်း ရွာအနောက်ဘက်မှ ဖားအော်သံကြီးများ ကြားလိုက်သည်နှင့် မှေ့ချင်ချင် ဖြစ်နေပေ၏။ ဂျာအေးတို့လူစုမှာ အပုလေးနှင့် မျက်နှာကြောမတည့်လှသဖြင့် ဆေးခန်းထဲမှ ပြန်ထွက်သွားကြတော့၏။



## အခန်း (၂)

ညဦးပိုင်းက မိုးသက်လေပြင်းများ ကျရောက်ခဲ့သဖြင့် တစ်ရွာလုံး အထိတ်အထိတ်လန့်လန့် ဖြစ်ကြရလေ၏။ တဲအိမ်အချို့မှာလည်း အမိုးအကာတွေ လန်ပြန်ပျက်စီးကုန်ကြ၏။ ကိုင်းကြီးမှာလည်း မိုးလေဒဏ်ကြောင့် အသီးအပွင့်တွေ ကြွေကုန်ကြ၏။ ဂျာအေးတို့ လူရွယ်တစ်သိုက်မှာ မိုးမလင်းခင်ထ၍ ပျက်စီးသွားသည့် အိမ်အချို့ကို လိုက်လံ ပြင်ဆင်နေရပေ၏။

ထိုသို့ ကူညီလုပ်ကိုင်ပေးရင်း မပန်းညိုတို့နေထိုင်ရာ အိမ်ဝိုင်းအနီးသို့ ရောက်ရှိလာကြ၏။ သူတို့လူစုကို မြင်သည်နှင့် မပန်းညိုမိခင်ကြီး ဒေါ်တလုတ်မ တစ်ယောက် အူယားဖားယား ရောက်ရှိလာလေသည်။

"ဟဲ့ကောင်လေးတွေ နင်တို့ အားကြလား"

"ဗျာ၊ ဘာကိစ္စရှိလို့လဲ ကြီးတလုတ်မ"

"ငါ့ဝိုင်းထဲက ပိတ္တောက်ပင်ကြီး လဲတော့မလို ဖြစ်နေလို့ဟဲ့၊ အားတယ်ဆိုရင် ခုတ်ပေးကြပါဦးဟယ်။ ငါ နင်တို့ကို လုပ်အားခပေးပါ့မယ်။ ထင်းလည်း ယူကြပေါ့"

"ဟာဗျာ၊ ကြီးတလုတ်မက တယ်ပြီး ပိုက်ဆံစကားပြောသကိုး"

"ဘာဖြစ်လို့လဲဟဲ့၊ ငါပြောတာ နင်တို့အတွက် ပြောတာ"

"ဗျာ၊ ဟာ ဒီစကားက မရိုးသားဘူး"

"အလိုတော် ဟဲ့ဂျာအေး နင်ကများ မရိုးသားဘူးဝါဒူးနဲ့ ငါတို့ ပမ်ညာ ပြောတယ်များ အောက်မေ့နေသလား"

"ကြီးတစ်လုတ်မ စဉ်းစားကြည့်လေဗျာ။ တတယ်ဆို သန်းပင်လဲတာ ကြီးတလုတ်မ အိမ်ဝိုင်းထဲ လဲတာဗျ။ ဒီတော့ ဘယ်သူ့အကျိုးအတွက် ပြောတာဂ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပါဦး။ ကျုပ်တို့က အကူအညီတောင်းရင် တစ်ပြားတောင် လိုချင်တာ မဟုတ်ဘူးဗျ။ ခုတော့ အခပေးမယ်လေး ဘာလေးနဲ့ဗျာ"

"အောင်မလေး နင်လို မလောက်လေးမလောက်စားက ငါ့ကို ဆုံးမနေရသလား။ ဟင်းဟင်း နင့်အဖေမျက်နှာ ရှိလို့ပေါ့ဟယ်"

"သိပါတယ်ဗျာ။ ခင်ဗျားကြီးက ကျုပ်အဖေကို အသေကြိုက်နေတာ မဟုတ်လား"

"ဘာရယ်၊ ဟဲ့ ဂျာအေး နင် နင်နော်"

"အို၊ အစ်မ တော်ပါတော့ အစ်မရယ်"

"ဟင်၊ သမီးပန်းညို"

"ဟာ၊ မပန်းညိုလေးပါလား"

"ဘာ မပန်းညိုလေးလဲ။ ငါ့သမီးကို နင်ခေါ်စရာ မလိုဘူး"

"ဗျာ"

"အစ်မကလည်း၊ အရေးထဲ ဒီမှာ ကိုဂျာအေး"

"ခင်ဗျာ၊ ဘာကူညီရမလဲ မပန်းညို။ ပြောလေ ဟီးဟီး"

"အောင်မလေး၊ အသည်းယားစရာ ကောင်းလိုက်တာနော်"

"အစ်မလည်း အသာနေပါ ဝန်းညိုပြောပါ့မယ်"

သူတို့နှစ်ဦး ထိပ်တိုက်တွေ့နေစဉ် ဒေါ်တလုတ်မ၏ သမီးချော မပန်းညို ရောက်ရှိလာ၏။ ပန်းညိုကို မြင်လိုက်သည်နှင့် ဂျာအေးတစ်ယောက် မာတော့ ကြွပ်ဆတ်မှုအား ပျော့ပျောင်းပြေပြစ်သွား၏။ သူနှင့် အတူပါလာကြသော ဆိတ်ကုလားတို့လူသိုက်မှာ ဂျာအေးကိုကြည့်ပြီး အကြောင်းသိချင်းမို့ ခွင့်လွှတ်ကြလေ၏။ ထိုစဉ် ဂျာအေးအနီးသို့ မပန်းညို ရောက်လာ၏။ ဒေါ်တလုတ်မမှာ ဂျာအေးကို မျက်စောင်းတခဲခဲ ဖြစ်နေ၏။ ထိုစဉ် မပန်းညိုက ပြုံးနွဲ့နွဲ့ကလေးနှင့် အိမ်ဝိုင်းထဲမှ သစ်ပင်ကြီးကို လက်ညှိုးထိုး၍ ပြောလိုက်၏။

"သြော်၊ မပူပါနဲ့ မပန်းညိုရယ်၊ ကျုပ်တို့အဖွဲ့ အင်နဲ့အားနဲ့ ကူညီပါ့မယ်။ ပီတောက်ပင် တစ်ပင်တည်းလား ကျန်တဲ့အပင်တွေ ခုတ်ပစ်လိုက်ရမှာလား"

"အလိုတော်၊ ဟဲ့ဂျာအေး နင် ပေါက်တီးပေါက်ရှာတွေ မလုပ်နဲ့နော်"

"ဘာလဲဗျ။ ကျုပ်က စေတနာနဲ့ပြောတာနော် ကြီးတလုတ်မ၊ တော်ကြာ လေထပ်ကျလို့ အပင်တွေ ထပ်လဲမှာစိုးလို့ ပြောတာဗျ"

"တော်စမ်းပါဟယ်"

"ကိုဂျာအေး"





"ပြောလေ မပန်းညို၊ သစ်ပင်တစ်ပင်တည်းလား အိမ်ကြီးပါ ဖြိုပေးရမှာ ား"

"ဟဲ့၊ သေချင်းဆိုးလေး"

"ဟာ၊ ကြီးတလုတ်မကလည်းဗျာ ကျုပ်ပြောတာ စေတနာပါဗျ။ အိမ် ာင်းပြိုရင် အိမ်သစ်ရမယ်ပေါ့ဗျာ"

"အို၊ ကိုဂျာအေးကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိဘူး။ ကဲ၊ န်မပြောတာ ကူညီစမ်းပါရှင်"

"ကောင်းပြီလေ၊ မပန်းညို နှစ်ခွန်း ထပ်ပြောစရာ မလိုပါဘူး။ ကျုပ်အဖွဲ့ အားတောင့်ပါတယ်။ ပြီးတော့ ကြိုးတွေ လှေကားတွေလည်း ရှိတယ်ဗျ"

"အင်၊ ဂျာအေးတို့တော့ မလွယ်ပါလား။ မပန်းညိုများတွေ့ရင် တီကောင် းနဲ့တွေ့လိုက်သလိုပဲ"

"ဟုတ်တယ်ကွာ။ ကိုယ့်လူတွေ ဘာဖြစ်မယ်ဆိုတာ မသိပါဘူး"

"ဘူးတာပေါ့ကွာ"

ဆိတ်ကုလားတို့လူစုမှာ ဂျာအေးကို နောက်ကွယ်မှနေပြီး အံတကြိတ် တ် ဖြစ်နေကြ၏။ ထိုအချိန်တွင် ဂျာအေးကတော့ သူ့လူတွေကို လှည့်တောင် ကြည့်။ အိမ်ဝိုင်းထဲဝင်ကာ ခုတ်ရမည့်အပင်ကြီးများ၏ အခြေအနေကို လက် ာထိုးထိုး ခေါင်းတညိတ်ညိတ် လုပ်နေကြ၏။ တစ်အောင့်အကြာ အိမ်ဝိုင်း မှ ဂျာအေးပြန်ထွက်လာ၏။

"ကဲ၊ လာကြကွာ။ ပန်းညိုတို့အပင်ကြီးက ပြိုတော့မှာကွ။ တော်ကြာ ပန်းညို ပြိုကျရင် ခက်ပါ့ကွာ"

"အောင်မယ်၊ မင်းက တော်တော် ဘူးကျတဲ့ကောင်ပဲ။ ငါတို့ လေးငါးဆယ် ပြန်လာရလို့ မောနေပြီကွ။ မင်းဘာသာမင်း တစ်ယောက်တည်း သွားလှဲ"

"ဟာကွာ၊ ဆိတ်ကုလားကလည်း ပရဟိတစိတ် မွေးစမ်းပါကွာ၊ ပရရှိမှ အသိ မှန်မယ်ကွ။ ဘဝအမှန်သိရင်. ."

"ဘာဖြစ်သလဲကွ"

"ဟဲဟဲ၊ ပန်းညိုလေးနဲ့ ငါနဲ့ ပို့နီးစပ်သပေါ့ကွာ"

"အင်၊ ဘယ်လိုဖြစ်သွားတာတုံးကွ၊ စကားတွေက တောင်ရောက်မြောက်ရောက် က်နဲ့"

"လာပါကွာ။ ဒီည ငါ တစ်မူးတစ်လဲ ဒတာခံပါ့မယ်"

"ဟေ၊ တကယ်လား"

www.burmeseclassic.com



ခေါင်းဆောင်လာသူက ထွန်းကြိုင်နှင့် ကျောက်ကြီး။ အရက်သောက်
ညေ် ဆိုသည်နှင့် တက်တက်ကြွကြွ ဖြစ်လာ၏။ သူတို့အသွင်သိတော့ ဂျာအေ
နှုံခဲ့သွား၏။

"တော်တော် အားကိုးရတဲ့ကောင်တွေ၊ အရက်သံကြားမှ အသက်ဝ
လာတယ်။ ဟင်း ငါ မပြောလိုက်ချင်ဘူး"

"ဟဲဟဲ ဒါကတော့ အားဆေးကိုးကွ"

"တော်စမ်းပါကွာ။ လာကြကွာ ဟိုမှာ ငါ့ယောက္ခမကြီး မျှော်နေပြီကွ"

"ဘာမျှော်တာလဲ၊ သစ်ပင်ကြီး မြိုကျလာအောင် မျှော်နေတာလား"

"ဟာကွာ၊ ကဲ သွားကြမယ်"

ပြောပြောဆိုဆိုနှင့် သူတို့လူစု ပန်းညိုတို့အိမ်ဝိုင်းထဲ ဝင်ခဲ့ကြ၏။ ပိတော
ပင်ကြီးမှာ လေအရှိန်ကြောင့် အိမ်ဘက်သို့ ယိုင်ထိုးကာ အမြစ်အုံကြီးပါ မြေ
ပေါ် တစ်ဖက်စောင်းနှင်း ကြွတက်နေ၏။ ဂျာအေးတို့လူစုသည် ဝိုင်းထဲရော
သည်နှင့် လှေကားတွေ၊ ကြိုးတွေ ပြင်ဆင်ကာ ပိတောက်ပင်ကြီးကို ချည်နှော
လိုက်ကြ၏။ အဖျားကိုင်းများ တက်ခုတ်သူခုတ်၊ အရိုးချိုင်သူချိုင်နှင့် မနားတမ်း
လုပ်ဆောင်နေကြပေ၏။

ဂျာအေးမှာ သစ်ပင်ပေါ်သို့ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး တက်က
အကိုင်းအခက်များကို ဓားတစ်ချောင်းနှင့် တဖြောင်းဖြောင်း တဒုတ်ဒုတ် မြ
အောင်ခုတ်ထစ်ပေး၏။ ထိုအချိန်တွင် အိမ်ကြီးအနောက်ဘက် မီးဖိုဆောင်
တွင် အလုပ်လုပ်နေသော ပန်းညိုကလေးကို ပိုးတိုးဝါးတား လှမ်းမြင်နေရသဖြ
ဂျာအေးတစ်ယောက် အကြည်နူးကြီး ကြည်နူးနေပေ၏။

"အင်း အမောပြေလိုက်တာကွာ"

"ဟေ့ကောင်၊ သိပ်လည်း ဘူးမကျနဲ့ဟေ့။ တော်ကြာ သစ်ပင်ပေါ်
မြှောက်ကျပြီး ရုပ်ပွစိုးဖြစ်သွားဦးမယ်"

"ဟဲဟဲ ဆိတ်ကုလားကလည်းကွာ။ အချစ်ဟာ ဖမ်းစားတတ်တယ်လေ
နော် ဟဲဟဲ"

"တော်စမ်းပါကွာ။ မင့်ဥစ္စာ လွန်ကိုလွန်လွန်းတယ်"

ဆိတ်ကုလားသည် ပြောပြောဆိုဆိုနှင့် လဲလုဆဲဆဲ ဖြစ်နေသော
အာလပ်မြစ်တို့ ပုဆိန်တစ်လက်နှင့် တဒုတ်ဒုတ် ခုတ်ထစ်နေ၏။ ထွန်းကြိုင်နှ
ကျောက်ကြီးတို့ကလည်း တက်ညီလက်ညီ ခုတ်ထစ်ဖြတ်တောက်နေကြ၏။

ထိုအချိန် မီးဖိုဆောင်ကပြင်တွင် ထိုင်နေသော ပန်းညိုကိုကြည့်ရ



စိတ်ကူးတွေ အယဉ်ကြီးယဉ်နေပေ၏။ ပန်းညိုမှာ သူတို့ရှိသည်ပင် မထင်ပါချေ။
သူမ၏ရင်ခွင်ထဲတွင် ရွှေဝါရောင် ကြက်ဖကြီးတစ်ကောင် ရောက်ရှိနေ၏။
ပန်းညိုက ယင်းကြက်ဖကြီးကို ရွှေဖလားဟု နာမည်ပေးထား၏။

ရွှေဖလားကြီးသည် လူစကားကို အတော်လေး နားလည်လှသည့် ကြက်ဖ
ကြီးဟု ဆိုရမည်ပင်။ ပန်းညိုကိုလည်း တွယ်တာနေပုံရ၏။ ပန်းညို သွားလေရာ
တကောက်ကောက်နှင့် လိုက်ပါတတ်သဖြင့် ပန်းညိုကလည်း ရွှေဖလားကြီးကို
သူ့ရင်ခွင်ထဲက မချပါချေ။

ယခုလည်း ရွှေဖလားကြီး၏ ခေါင်းကို ပွတ်သပ်ကာ ပန်းညိုတစ်ယောက်
တွတ်တီးတွတ်တာ ပြောဆိုနေသည်ကို ဂျာအေး မြင်နေရ၏။

"တောက်၊ တော်တော် အနှောင့်အယှက်ပေးတဲ့ ရွှေဖလားကြီးပဲ"

"ဘာတုံးကွ"

"ဩော်၊ ဟိုက ကြက်ကိုကွ"

"ဟာ၊ ဟိုကကြက် ငါကလူဟ။ ဘယ်သူက ပိုအရေးထားသင့်သလဲ
ပြောပါဦး ကျောက်ကြီးရ"

"ဩော်၊ ကြက်က ရိုက်ချက်ပြီး မဆလာကောင်းကောင်းနဲ့ချက်ရင် လျှာ
ကိုလည်ရောကွ။ မင်းကို ရိုက်ချက်ပြီး မဆလာနဲ့နယ်. . ."

"ဟာ၊ တော်စမ်းကွာ။ အင်း ပန်းညို. . . ပန်းညို ငါကတော့ မင်းအကြည့်
မင်းအပြုံးတွေ မျှော်လိုက်ရတာ။ မင်းကတော့ ကြက်ဟာစ်ကောင်လောက်
တောင်. . ."

"ဝှစ်၊ ဒေါက်"

"အောင်မလေးဗျာ"

"ဟာ၊ ဂျာအေး ပြုတ်ကျပြီ"

"ဟယ် လုပ်ကြပါဦး"

သစ်ပင်ကြီးအောက်တွင် အသံဗလံတွေ ပွက်လောရိုက်ကုန်၏။ ပြေးဟယ်
လွှားဟယ် ဖြစ်ကုန်၏။ ဦးဆုံးမြင်လိုက်သူက ဆိတ်ကုလား။ ဂျာအေး သစ်ပင်
ပေါ်က ပြုတ်ကျသည်နှင့် အတင်းမွေ့ထူကာ ခြေဆွဲလက်ဆွဲ လုပ်လိုက်၏။

အသံဗလံကြောင့် ဒေါ်တလုတ်မရော ပန်းညိုပါ ထွက်လာ၏။ အားလုံး
ဂျာအေးကိုကြည့်ပြီး မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေကြ၏။ ဆိတ်ကုလားမှာ
သတိလစ်နေသော ဂျာအေးကိုပွေ့ကာ အတင်းလှုပ်နှိုးနေ၏။ ထိုစဉ် ဒေါ်
တလုတ်မတစ်ယောက် ဟိုပြေးဒီပြေး ဖြစ်နေ၏။

www.burmeseclassic.com



"ဟို၊ ဒုက္ခပါပဲတော်။ ဘယ်လိုဖြစ်တာတုံး သစ်ပင်ပေါ်ကများ ခုန်ချလိုက်သလား"

"ဟာ၊ ကြီးတလုတ်မကလည်း မဟုတ်တာဗျာ။ ဒီကောင် တော်တော် ကြောင်တဲ့လူဗျ။ ကိုယ်ထိုင်နေတဲ့အကိုင်းကိုမှ ကိုယ့်ဘာသာတိုယ် ခုတ်ချရတယ်လို့ဗျာ ဘာ့ရောပဲ"

"ဟင်၊ ဒါ သေကြောင်းကြံတာပဲ။ ကေန့ အချစ်ကြောင့်ပဲ ဖြစ်လိမ့်မယ်"

"ဟဲ့၊ ဘာစကားတုံး ကျော်ကြီးရဲ့"

"ဟ၊ ဒီကောင်က တအား အစွဲအလမ်းကြီးတာဗျ။ ခုလည်း အချစ်စိတ်မွန်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာပဲ ဖြစ်ရမယ်"

"အလိုတော် သေကြောင်းကြံရင်လည်း ကိုယ့်ပိုင်းထဲကိုယ်ကြံပေါ့။ ခုတော့ ငါ့ခြံထဲလာပြီး သေကြောင်းကြံတာ ငါပါ အမှုပတ်နေဦးမယ်"

"ဒို့ အစ်မကလည်း ကိုကျာအေးက ဘာဖြစ်နေမှန်းမသိဘူး။ လုပ်ကြပါဦး ကိုဆိတ်ကုလား"

"ဗျာ"

"ဟို ရှင့်သူငယ်ချင်း အခြေအနေ. . ."

"ပွန်းရုံပဲရှိပါပဲ။ ဟေ့ကောင် ကျာအေး ကျာအေး။ မင်းသတိရပြီလား။ ဒီမှာ ပန်းညို မေးနေတယ်လေ"

"ဟင်၊ ဘယ်မှာလဲကွ"

"အယ်"

"ဟဲ့တော်"

"မြန်လှချည်လား"

"အဲဒါပေါ့ကွ။ သေရင်တောင် ဘူးစိတ်ကုန်မယ့်ကောင် မဟုတ်ဘူး"

"ဟုတ်ပါ့ကွာ"

ဆိတ်ကုလားတို့မှာ မပန်းညိုဆိုသော အသံကြောင့် သတိလစ်နေရာမှ ပြုံးစားကြီးထလာသော ကျာအေးကိုကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေကြလေ၏။ ဒေါ်တလုတ်မမှာလည်း ကျာအေး၏ ကြောင်စီစီ အမူအရာကို ကြည့်ပြီး မျက်လုံးပြူးနေ၏။

"ဟဲ့၊ ကျာအေး"

"ဗျာ ကြီးတလုတ်မ"

"သေရင်လည်း ငါ့အိမ်ဝိုင်းထဲ လာမသေနဲ့ဟေ့။ တော်ကြာ ငါနဲ့ အမှုပတ်





ပါဦးမယ်"

"ဒို့ အမေကလည်း၊ ဘယ်နာသွားသလဲ ကိုကျာအေး၊ ဒီမှာ ဆေးလေးပေးလိုက်ကြပါဦး"

"ဗျာ၊ ဟို မြိုးညောင်းရိုးနာ. . ."

"ဒါဆို ပုဆိုးလှန်ကွာ"

"ဟယ်. . ."

"ဘယ့်နှယ်ပြောလိုက်တာလဲ ဆိတ်ကုလား၊ ရိုင်းလှချည်လား"

"မြိုးညောင်းရိုးဆိုကွ"

"အဲ ဟုတ်သားပဲ၊ ရပါတယ်ကွာ။ ကျွတ်ကျွတ် နာလိုက်တာ"

"အဲဒါပြောတာပေါ့ကွာ။ အလွမ်းလွန်တော့ တွန်းလှန်ဖို့ခက်သလို အငမ်းန်တော့လည်း ဟဲဟဲ ကျွမ်းပြန်တာပေါ့ကွာ"

ထွန်းကြိုင်က စာတိုပေစများနှင့် ဝင်ကလိလိုက်သဖြင့် ကျာအေး ရှုတင်နှင့်လဲနေရာမှ ဖျစ်ညှစ်ထလိုက်၏။ အရှိန်နှင့်ပြုတ်ကျသော်လည်း သစ်ကိုင်းနေသဖြင့် ကျာအေးတစ်ယောက် ကံကောင်းသည်ဟု ဆိုရမည်ပင်။ သို့သော်ညို၏ အလေးဂရုပြုမှုလေးကို စိုးစိမ့် ခံစားလိုက်ရသဖြင့် ကျာအေးမှာကျင်မှုတွေပင် ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်၏။

သို့သော် သူ့အနားသို့ စိုးရိမ်တကြီးနှင့် အပြေးရောက်ရှိလာသော ပန်းညိုင်ခွင်ထဲတွင် ရွှေဖလားကြီးကို တွေ့လိုက်ရသဖြင့် စိတ်ထဲ ရှုံ့မဲ့မဲ့ဖြစ်သွား၏။ ညိုပေးသော လူးဆေးကိုယူ၍ ဆိတ်ကုလားက ကျာအေးကိုယ်ပေါ် လိမ်းပေးတ်၏။

"ရပါတယ်ကွာ၊ သက်သာသွားပါပြီ"

"ကြည့်လည်းလုပ်ပါ သူငယ်ချင်းရာ။ မင်းဥစ္စာ လူ့အရှင်လတ်လတ်ကစိုးဖြစ်မယ့်ကိန်းကွ"

"တော်ပါကွာ၊ ကဲ လုပ်စရာရှိတာ ဆက်လုပ်ကွာ"

ပြောပြောဆိုဆိုနှင့် လုပ်လက်စအလုပ်များကို ဆက်လုပ်လိုက်ကြ၏။ ပင်ကြီးမှာ နှစ်ချို့ပင်ကြီးဖြစ်၍ ခြစားပိုးထိုးနေပြီဖြစ်ရာ အချိန်အနည်းငယ်တွင်း မြေပြင်ပေါ် ဗုန်းဗုန်းကျအောင် ခုတ်လှဲနိုင်ခဲ့လေ၏။ အကိုင်းဖြတ်သူ အခုတ်ခုတ်သူခုတ်နှင့် နာရီပိုင်းအတွင်း ထင်းပုံကြီး ဖြစ်သွားလေတော့၏။

သူတို့လူစု ခွေးတရွှဲရွှဲနှင့် လုပ်ကိုင်ပြီးစီးသွားကြသောအခါ ဒေါ်တလုတ်မတင်း၊ ထမင်းနှင့် ဧည့်ခံ၏။ သူတို့အားလုံးထဲတွင် ကျာအေးက အသွက်ဆုံး။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ကြီးတလုတ်မ"

"ဘာတုံး"

"ကျုပ်ကို အသားဖတ် ကောင်းကောင်းလေး ထည့်ဗျာ"

"အားလုံး အတူတူ ထည့်ပေးတာပဲကွယ်"

"ဪ၊ တစ်ချိန်ကျ သားတော်ရမှာပဲဗျာ"

"ကျာအေးနော်၊ နင့်ပါးစပ်ပိတ်ထား။ ငါ့စိတ်ကိုလည်း ဆွမပေးနဲ့။ ငါ့သမီး

ရွှေဖလားလောက်တောင် နင့်ကိုစိတ်ဝင်စားတာ မဟုတ်ဘူးဟဲ့"-

"ဗျာ၊ ပြောရက်ပါ့ဗျာ။ ဘာလဲ ကျုပ်ကိုဆင်းရဲလို့လား၊ ရုပ်ဆိုးလို့လားဗျ

"တော်စမ်းပါဟယ်။ ရှုးတူးတူးပေါ်တောတောနဲ့ စားစရာရှိတာ စားစ

ကျာအေးခမျာ ဒေါ်တလုတ်မ၏ ပိဿလေးနဲ့ဘေးပစ် အပြောကြေ

အောင့်သီးအောင့်သက် ခံစားလိုက်ရ၏။ စားနေသည့် ထမင်းလုတ်ပင် မြုတ်

လုနီးပါး ခံစားလိုက်ရ၏။ ပေါ်တလုတ်မ ပြောလည်း ပြောစရာပင်။ မပန်းညို

သူ့အနား အရိပ်အယောင် မသီတော့။ အိမ်ရှေ့တန်းလျားတွင် ထိုင်ကာ

ဖလားကို ပွေ့ပွေ့ပိုက်ပိုက်လုပ်ရင်း မြူးနေပေ၏။ သူ့စိတ်ထဲ ရွှေဖလား

နေရာတွင် သူသာရှိနေသည်ဆိုသော အတွေးနှင့် အခံစားကြီး ခံစားနေရလေ

သူတို့လူစု စားသောက်ပြီးကြသည်နှင့် အိမ်ဝိုင်းထဲမှ ထွက်ခဲ့ကြ

ကျာအေးခမျာ ပန်းညို၏ အရိပ်အယောင်ကို မျှော်နေခဲ့သေးသော်လည်း အရိပ်

လေးပင် မမြင်ရ။ ခြံအပြင်ရောက်တော့ ကျာအေးမှာ မချိတင်ကဲ ခံစားနေရ

ဆိတ်ကုလားတို့လူသိုက်ကတော့ ကျာအေး၏ ဂနာမငြိမ်ဖြစ်နေသည့် အမူအ

ကိုကြည့်ရင်း ပြုံးစိစိ ဖြစ်နေကြ၏။

"ဟေ့ကောင်၊ ကျာအေး"

"ဘာတုံးကွ"

"ညကျရင် မင်း ဒကာခံနော်"

"ဟာကွာ၊ မင်းတို့ကလည်း အရက်ဆိုတာ အမြဲတမ်းသောက်ဖို့ ကောင်း

အရာ မဟုတ်ပါဘူးကွ"

"အင်၊ ဘယ်လိုဖြစ်တာတုံး။ ဒါထက် မင်းပဲ ညကျရင် ဒကာခံမယ်

ဘာလေးနဲ့ ခုတော့ တစ်မျိုးကြီးပါလား။ ဘာလဲ မင်းအနား ပန်းညိုရောက်မ

လို့ တော့တ်လား"

"တုတ်ပါဘူးကွာ။ သူကြင်မှ ကိုယ်ကြင်တဲ့ကွ"

"ဟုတ်တယ်ကွ။ ချင်းစိမ်းနဲ့မိဿလင်လိုပေါ့ကွာ။ အချစ်ဆိုတာ မှန်လို





"အင်၊ လုပ်ပါဦး ကျောက်ကြီးရာ"

"ဒီလိုရှိတယ်ကွ။ မှန်ဆိုတာ ကိုယ်ပြုံးရင် သူပြုံးတာပဲ။ ကိုယ်မဲ့ရင် သူမဲ့

တာပဲကွ။ အဲ၊ အမဲ့အပြုံးမရှိရင်တော့ အဲဒီမှန်ဟာ ပြဒါးမသုတ်ထားတဲ့ မှန်ပဲကွ"

"ဟင်၊ ဒါဆို မပန်းညိုက"

"အေး မင့်ပန်းညိုလေးဟာ ပြဒါးမသုတ်ထားတဲ့ မှန်တစ်ချပ်ပဲကွ၊ မင်း

ကတော့ အရိပ်တကြည့်ကြည့်၊ သူကတော့ ကြီးတလုတ်မ ပြောသလို မင်းကို

ရှိတယ်လို့တောင် မထင်ဘူးလေကွ"

"အဲ၊ ဟုတ်သား။ အေးကွ၊ အခံရခက်ဆုံး သောကကို မပန်းညို ဖန်တီး

နေပါလား"

"အင်း၊ ဒီကောင့်ဝေဒနာက ဆေးမြီးတိုတောင်းနေပြီ"

"ဟုတ်ပဲ ဆိတ်ကုလားရေ ဒီဝေဒနာက အကြောပေါင်းတစ်ထောင်ကို

ဗျတ်ခနဲ ဖြတ်ပစ်လိုက်သလိုပဲကွ။ ဟုတ်တယ် မဟုတ်လား ကျာအေး"

"ဟုတ်တယ်ကွ။ ဘာကိုပဲလုပ်လုပ် ငါ့လုပ်သမျှ အရာတွေမှာ မပန်းညို

ရှိနေတယ်။ တော်ပြီကွာ၊ ညကျမှပဲ မင်းတို့ကို ရင်ဖွင့်မယ်။ ခုတော့ အိမ်ပြန်

ဦးမှ"

"အင်၊ ပြန်တော့မှာလား"

"ပြန်ဦးမယ်ကွာ၊ အဘကိုင်းထဲက ပြန်လာရောက်နေပြီ ထင်တယ်"

ကျာအေးတစ်ယောက် သူတို့လူစုနှင့် လမ်းခွဲကာ အိမ်ဘက်သို့ ပြန်သွား၏။

ထိုအချိန်တွင် ဖခင်လုပ်သူ ဦးကျောက်ဖားမှာ ကျာအေးကို တမျှော်မျှော် ဖြစ်နေ

၏။

"အဘ"

"ဟေလကွယ်၊ ကျာအေးလား"

"ဟုတ်ပ"

"လူကလေး စားပြီးပြီလား"

"ဟုတ်ကဲ့၊ ကိုင်းထဲမသွားဘူးလား အဘ"

"အေးလကွယ် မင်းပဲသွားမယ်ဆို၊ ဒါထက်နေပါဦး မင်း တလုတ်မတို့

အိမ်ဝိုင်းက သစ်ပင်ခုတ်တာ မြုတ်ကျလို့ဆို၊ ဘယ်ထိသွားသေးလဲ"

"နည်းနည်းပါးပါးပါဗျာ"

"ကြည့်လည်း လုပ်ပါဦး လူကလေးရာ။ မင်းဉစ္စာ တော်မကောင်း ကြား

ကောင်းကွာ။ ငါကြားတာတော့ ဟိုတောင်မလေးပိုးပြီး မြုတ်ကျတာဆို။ လွန်



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ၊ ငါတောင် မင်းလောက် မသည်းပါဘူးကွာ"

"ဟာ၊ အဘကလည်း လူဖို့ပဲဟာ ဒီလောက်တော့ ရှိမှာပေါ့ဗျ။ ကိုဖျောက်ဆိပ်ကြီးတောင် အပုလေးနိုင်းလို့ ဖားရိုက်နေပြီဗျ"

"ဟေ၊ မင်း အဲဒီကောင်ဆီ သွားပြန်ပြီလား။ ငါပြောထားတယ်နော်၊ ဒီဝေဒင်ဆြာက ခပ်ကြောင်ကြောင်၊ မင်းက ရှူပေါ်ပေါ် နှစ်ယောက်စလုံး ကိုယ်ကျိုးနည်းတော့မလို့၊ ခုလည်း ဘာသွားလုပ်တာလဲ"

"ဩော်၊ အဘကလည်း ကိုကြီးဖျောက်က ကျွန်တော့်ကို ချမ်းသာစေချင်လွန်းလို့ပေါ့ဗျာ၊ သူ့ခမျာ ကျုပ်ကြောင့် ဖားရိုက်နေရပြီဗျ"

"ဘာဖြစ်လို့တုံး"

"ဘာဖြစ်ရမှာလဲဗျာ။ သူ့မိန်းမက ဝေဒင်မဟောရဘူး၊ ဖားရိုက်ရမယ်လို့ အမိန့်ထုတ်ထားလို့လေ"

"ဩော်၊ ဒါကြောင့် ဟိုတစ်သောက မြွေကိုက်ခံတာကိုး"

"ဟုတ်ပ၊ မြွေက ရေမြွေဗျ"

"ဟော်သေးပကွာ။ အင်း၊ ဖျောက်ဆိပ် ဖျောက်ဆိပ် ဒီကောင့်အဖြစ်ကရယ်စရာပဲကွာ။ အပုလေးကို သုံးနှစ်သုံးမိုး ပိုးလိုက်ရတယ်ကွာ။ အဲဒါ အပုလေးကို အမျိုးသားတစ်ယောက်နဲ့ပေးစားမယ်လုပ်တော့ ဖျောက်ဆိပ်ခမျာ ဖော်ကြီးဟစ်ကျယ်ငိုလိုငို ချောင်းထဲခုန်ချလို့ချနဲ့"

"ဗျာ၊ ကြမ်းလှချည်လား"

"ဟာ၊ ကြမ်းသမှကွာ။ နောက်ဆုံး ပေခြောက်ဆယ်လောက် မြင့်တဲ့ ထန်းပင်ပေါ်တက်ပြီး အပုလေးအချစ်မှမရရင် သူ့ကိုယ်သူ သတ်သေမယ်လုပ်ရောကွ"

"ဟင်၊ ကြောက်စရာကြီးပါလား"

"အဲဒါနဲ့ လူကြီးတွေ မနည်းဖျောင်းဖျပြီး အတင်း ဆင်းခိုင်းရတယ်။ နောက်ဆုံး ကာလသားတစ်သိုက် ကူညီတာနဲ့ အပုလေးကို အတင်း ခိုးယူပေါင်းသင်းနေထိုင်ခဲ့ရတာကွ။ အဲဒီကတည်းက အပုလေးဘာပြောပြော ဖျောက်ဆိပ်ခမျာ တစ်ခွန်းပြန်မပြောရဲဘူးကွ"

"ဩော်၊ ဒါဆို ကိုကြီးဖျောက်တ ဒုက္ခရှိကြီးပေါ့နော်"

"ဟုတ်ပ၊ လူကလေး"

"ဘာတုံး အဘရဲ့"

"ခုတစ်လော လူကလေး အသောက်အစား များသလားလို့၊ လောကကြီးမှာ အလိုမကျတာလည်း ရှိမယ်၊ အလိုကျတာလည်း ရှိပါကွယ်။ ဒါ လောကခံပဲကွ၊ မချစ်မနှစ်သက်သူနဲ့လည်း အတူနေရရင် နေရမှာပဲ၊ ချစ်တဲ့သူနဲ့လည်း ကွေကွင်းရင် ကွေကွင်းရမှာပဲ။ ဟော သဘာဝရဲ့ဓမ္မတရားတွေပဲကွ။ ဒီတော့ ကိုယ့်အလိုမကျလို့ အသောက်အစားနဲ့ အစားမထိုးပါနဲ့ကွယ်။ အဘပြောတာ ကြားလား လူကလေး"

"ဟုတ်ကဲ့ စိတ်ချပါဗျာ။ ကျုပ်က ဒီလောက် စိတ်မပျော့ပါဘူးဗျာ"

သူတို့သားအဖ ၊ အိမ်ရှေ့ကပြင်တွင် စကားတပြောပြော နေခဲ့ကြရာ အမှောင်ထုက တဖြည်းဖြည်း လွှမ်းမိုးလာ၏။ ဦးကျောက်ဖားသည် အမဲခြောက်ကို မီးဖုတ်ကာ ဆီဆမ်းလိုက်ပြီး ဘူးသီးကြော်ချက်ကို မီးနွေးလိုက်၏။ ထို့နောက် ခရုတ်သီးဆားထောင်းကို ခပ်စပ်စပ်ထောင်းလိုက်ပြီး တစ်ယောက်တည်း စားသောက်နေ၏။ ဂျာအေးသည် မြနှင်းဆီဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်ရင်း ပန်းညို၏ မျက်နှာလေးက သူ့စိတ်ကူးထဲ တရေးရေးပေါ်နေ၏။

ဗေဒင်ဆြာကြီး ကိုဖျောက်ဆိပ်လို ပန်းညိုလေးကို ဒုက္ခရှိ အချစ်မျိုးနှင့် ချစ်ပစ်လိုက်ချင်စိတ်များက တဖွားဖွား ပေါ်လာနေ၏။ ဘယ်နည်းနှင့်ရရ ပန်းညိုအချစ်ကို ရမည်ဆိုလျှင် ဘာပဲပေးရပေးရ ပေးဖို့အသင့်ပင်။ သို့သော် ရင်ထဲ အောင့်သီးအောင့်သက် ခံစားနေရသည်မှာ ရွှေဖလားကြီးပင်။

ကြားလေသွေးတောင် ဝေးချင်တယ်ဆိုသော အချစ်။ ထိုစကားကို သူကိုယ်တွေ့ကြုံမှ ယုံခဲ့ရလေပြီ ဖြစ်၏၊ ယခုလည်း သူနှင့် မပန်းညိုကြား ရွှေဖလားကြီး ခြားနေသလိုပင် ခံစားနေရ၏။ ဘာကြောင့်များ မပန်းညိုတစ်ယောက် ရွှေဖလားကြီးကို လက်ထဲက မချနိုင်ပါလိမ့်။ စိတ်ထဲ မချိတင်ကဲ ဖြစ်နေရ၏။

သို့သော် တကယ်တမ်း ဒုက္ခရှိဆန်ဆန် အချစ်ရမည်ဆိုတော့လည်း ပန်းညို သူ့အပေါ် မုန်းကြီးမုန်းသွားမှာကို စိုးရိမ်မိတာ အမှန်ပင်၊ တစ်ယောက်တည်း တွေးတော အဖြေရှာနေစဉ် ဖခင်လုပ်သူ၏ အသံသဲ့သဲ့ကြားလိုက်ရသဖြင့် အိပ်ရာထဲသွားဖို့ ပြင်ဆင်လိုက်ရ၏။ သို့သော် ဆိတ်ကုလားတို့လူစုနှင့် ချိန်းထားသည့်ကိစ္စကလည်း ရှိနေသဖြင့် အထုပ်အပိုးပိုက်ကာ ရွာအနောက်ဘက်သို့ ခင်ကြီး မသိအောင် ထွက်ခဲ့လေ၏။

မပြားကြီးဆိုင်ထဲ ရောက်သည်နှင့် ဆိတ်ကုလားတို့အလာကို စောင့်နေသူ ကိုကြီးဖျောက်ဆိပ် ရောက်ရှိလာ၏။

"ဟာ၊ ကိုကြီးဖျောက်"

"ဒွမ်၊ တွေ့ပြန်ပြီ"





www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ကိုကြီးဖျောက်ကလည်းဗျာ မစိမ်းစမ်းပါနဲ့ဗျာ။ တစ်ဦးမေ့ တစ်ဦးမှာတဲ့ဗျ။ လာစမ်းပါဗျာ၊ ဘာလဲ အပုလေး မသိအောင် လစ်လာတာ မဟုတ်လား"

"အေး"

"ဒါဆို လာဗျာ။ ဒီက လုံခြုံပါတယ်။ ပြေးရင် နောက်ပေါက်က ပြေး ရပါတယ်ဗျ"

"အင်း၊ မင်းနဲ့သောက်ရတာ မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲကွ"

"လာစမ်းပါဗျာ"

ကျာအေးကို မြင်တော့ ဖျောက်ဆိပ်တစ်ယောက် ပြုံးပြုံးပြုံး ဖြစ်နေ ခေါ်တော့လည်း မငြင်းသာ၊ ထို့ကြောင့်လည်း ထိုင်ခုံတွင် ဝင်ထိုင်းရင်းတစ် နှင့် အမဲခြောက်ဆီဆမ်းကို မှာလိုက်ပြီး နှစ်ယောက်သား သောက်လိုက်ကြ

"ဖြည်းဖြည်းသောက်ပါဗျာ။ ဘာဖြစ်လို့ ခွက်ကြမ်းရိုက်နေတာလဲဗျ"

"ဟာ၊ အပုလေး လိုက်လာမှာစိုးလို့ကွာ"

"မစိုးရိမ်စမ်းပါနဲ့ဗျာ။ ဒါထက် ခင်ဗျားကို မေးရဦးမယ်"

"ဘာတုံးကွ။ ဘာသိချင်လို့လဲ"

"ဟိုဗျာ၊ ခင်ဗျား အပုလေးကို မရ ရအောင် ယူခဲ့တာဆို ဟုတ်လား"

"အင်း၊ ဘယ်သူပြောသတုံး"

"ကျုပ်အဘ ပြောတာပေါ့ဗျာ။ ခင်ဗျား အပုလေးကို မရရင် သစ် ပေါ်ကတောင် ခုန်ချမယ်လုပ်တယ်ဆို"

"အင်း၊ အဲဒါကတော့ ကြာခဲ့ပါပြီကွာ။ အဲဒီတုန်းက ငါကလည်း သကိုးကွ။ အေး၊ ဟဲဟဲ၊ ပြီးတော့ နည်းစနစ်မသိတော့ အင်အားဖြုန်းသ ပေါ့ကွ"

"ဗျာ၊ ပြောပါဦးဗျ။ ခင်ဗျားကြီးစကားက တယ်လည်း မြင့်လှပါလား"

"ဟုတ်တယ်လေကွာ၊ အဲဒီတုန်းက ငါဟာ တကယ့်ဒသဂီရိကွာ။ လေးတို့ မရရင် တစ်ကမ္ဘာလုံးနဲ့ စစ်ဖြစ်မှာသေချာတယ်"

"ဗုဒ္ဓေါ၊ ကြမ်းလှချည်လားဗျ"

"ဟာ၊ ကြမ်းလိုက်သမှ ယောဒီတစ်ရွာလုံးကို မြစ်ရေဝင်သလို သော ထိုးခဲ့တာကွ။ အပုလေးအဖေ ငါ့ယောက္ခမကြီးက ငါ့ကိုတစ်စက်ကလေး လို့ရတာ မဟုတ်ဘူးကွ။ အဲဒါ ငါဘာလုပ်တယ်ထင်သလဲ"

"ပြောပါဦး"





"ငါ အဲဒီယောက္ခမကြီးကို ပြန်ပေးဆွဲပြီး ဓားကြိမ်းကြိမ်းပစ်တာကွ။ တယ်ပြောကောင်းမလဲ ယောက္ခမကြီးခမျာ ကြောက်ပါပြီဗျ၊ ဟုတ်ကဲ့ပါခင်ဗျနဲ့ တစ်ခါတည်း ငါ့ကို သေးပါအောင် ကြောက်သွားတာကွ။ သူတို့က အပုလေးကို မြို့သားတစ်ယောက်နဲ့ ပေးစားချင်တာ"

"အင်း၊ ဘယ်လိုကြီးလဲဗျ"

"သြော်၊ အေး ငါ စကားလွဲသွားတယ်ကွာ၊ အေး၊ ပြောချင်တာ ချစ်လာမိပြီ ဆိုရင် စိတ်တွေက ဘာမှမမြင်တော့ဘူးကွ။ ချောက်ရှိရှိ တောင်ရှိရှိ ဘာအန္တရာယ် မှ မမြင်ရတောဘူး အေး၊ ဒါပေမယ့် အဲဒီတိစ္စတွေဟာ အင်အားဖြုန်းတာပဲကွ"

"ဗျာ၊ အင်အားဖြုန်းတာ ဟုတ်လား"

"ဟုတ်ပ။ တကယ်တော့ ဒီကိစ္စအလွယ်လေးကွ။ ပြောရရင် နည်းစနစ် ပေါ့ကွာ။ နည်းစနစ်သိရင် လွယ်လွယ်လေးပါကွာ"

"ဟာ၊ ဒါဆို အဲဒီနည်း ပြောစမ်းဗျာ"

"ဒီလိုကွ"

"ဟေ့ကောင် ကျာအေး"

"ဟင်၊ ဆိတ်ကုလားတို့လား"

"လာဟေ့ ထိုင်ကွာ"

ဖျောက်ဆိပ်မှာ သူသိထားသည့် နည်းစနစ်ကို ပြောပြချင်သော်လည်း ဆိတ်ကုလားတို့ ဝင်လာသဖြင့် ပြောချင်သည့်စိတ်ကို မျိုချလိုက်ရ၏။ ထို ဆိတ် ကုလားသည် မပြားကြီးထံ အရက်တစ်လုံးနှင့်အမြည်းများ မှာလိုက်၏။ ကျာအေး မှာ စားပွဲပေါ်မှ အမြည်းကိုယူစားရင်း အရက်တစ်ငုံ သောက်လိုက်၏။ ထိုစဉ် ကျောက်ကြီးက ဖျောက်ဆိပ်ကို ကြည့်၍ ပြောလိုက်၏။

"ကိုကြီးဖျောက်"

"ဘာတုံး ကျောက်ကြီးရ"

"မနက်ကဗျာ၊ ကျာအေးတစ်ယောက် မပန်းညိုလေးတို့ မကျေမချမ်း ဖြစ်ပြီး သစ်ပင်ပေါ်က ခုန်ချလိုက်သဗျ"

"ဟေ၊ တကယ်လားကွာ"

"ဟာ၊ တကယ့်ပေါ့ဗျာ။ ဘာကြောင့်လဲ သိလား"

"မသိဘူးလကွာ"

"ဒီလိုဗျာ၊ ပန်းညိုက ရွှေပလာကြီးကို ရင်ထဲကမချဘူး လုပ်နေတာ၊ ဒီ ကောင် မကျေမချမ်း ဖြစ်တာပေါ့ဗျာ။ ဒါကြောင့်လည်း သစ်ပင်ပေါ်က ခုန်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာဗျ"

"အင်၊ ငါ့ထက်တောင် ပိုင်နေပါလား။ ဟုတ်လား ဂျာအေး။ မင်းအချ
ကတော့ စံနမူနာပဲ"

"အဲ ဟို အဟုတ်ဗျ။ ကျုပ်မျက်စိထဲ အဲဒီရွှေဖလားကြီးကို ကြည့်မရဘူး
ဗျ။ ကြာလေ၊ မျက်စိ စပါးမွေးစူးလေပဲဗျာ"

"နေ၊ နေပါဦးကွာ ခေ့"

"ဘာတုံးဗျ"

"ရွှေဖလားဆိုတာ သကြန်မှာပက်တဲ့ ဖလားလားကွ"

"ဗျာ"

"ဟာ၊ ကိုကြီးဖျောက်ကတော့ လုပ်ပြီ၊ ရွှေဖလားဆိုဟာ ကြက်ကြီး
နာမည်ဗျ"

"ဩော်၊ ဒီလိုကိုး။ ဩော် သိပြီ သိပြီ၊ ပန်းညိုက ရွှေဖလားကြီးကို ချ
နေတာ ဂျာအေးက နာလိုဘူးပေါ့"

"ဟုတ်ပါ့ဗျာ"

"ကြဲကြဲဖန်ဖန်ကွာ၊ ဟိုက တိရစ္ဆာန်ကွ မင်းကလူလေ ဂျာအေးရဲ့"

"အဲဒါကြောင့် ပြောတာပေါ့ဗျာ။ ကြက်တစ်ကောင်လောက်မှ ကျုပ်ကို
ဂရုမစိုက်ဘူးဗျ။ အဲဒါကို ကျုပ်က မခံနိုင်တာ"

"ဩော်၊ ဒါများ လွယ်ပါ"

"ဟင်၊ ဘာလဲဗျ"

"အေး၊ ပြောပါဦး ကိုကြီးဖျောက်ရဲ့"

ဖျောက်ဆိပ်၏စကားကြောင့် ဂျာအေးတို့လူစု စိတ်ဝင်တစား ဖြစ်သွား
၏။ ဖျောက်ဆိပ်မှာ သူ့စကားကိုသူ ရပ်ထားပြီး စားပွဲပေါ်မှ အရက်ခွက်
လှမ်းယူလိုက်၏။ ထိုစဉ် ဆိုင်အပြင်ဘက်မှ အမျိုးသမီးတစ်ဦး၏ အသံကြ
လိုက်သဖြင့် ဖျောက်ဆိပ်တစ်ယောက် စကားဆက်မပြောနိုင်တော့ဘဲ အရက်
ကောက်ကာငင်ကာ သောက်လိုက်ပြီး နောက်ပေါက်မှ လစ်သွားလေတော့၏

"ဘယ်လို ဖြစ်တာလဲဟ။ ကိုကြီးဖျောက် မိန်းမ ကြောက်ပုံကတော့ အံ့
စရာပဲဟေ့"

"ဟုတ်ပါ့ကွာ၊ ထားပါတော့ ငါတစ်ခု တွေးမိတယ်ကွ"

"ဘာလဲ၊ ဆိတ်ကုလားရဲ့"

"မင်းကောင်မလေး ပန်းညိုနဲ့ ပတ်သက်လို့ပေါ့ကွာ"





"ဟင်၊ ဒါဆိုပြောစမ်းကွာ"

"အဲဒီ ရွှေဖလားကြီးကို မင်းရအောင် စည်းရုံးပေါ့ကွ။ ရွှေဖလားကြီးနဲ့
မင်းနဲ့ အိုကေပြီဆိုရင် ပန်းညို မင်းဘက်ပါလာမှာ ဒက်ထိပဲကွ"

"အင်"

ဆိတ်ကုလား စကားကြောင့် ဂျာအေး တွေသွား၏။ ထိုစဉ် ကျောက်ကြီး
ကပါ မီးလောင်ရာလေပင့်သလို ဝင်ပြောလိုက်၏။

"ဟာ၊ အဲဒီစကားကိုတော့ ငါထောက်ခံသကွ။ ပြောရရင် မ, ချစ်ရင် ဥ,
သည်း ချစ်ရသကွ"

"ဟုတ်တယ်။ ကျောက်ကြီးပြောတာ အမှန်ပဲ"

အားလုံးက ထောက်ခံပြောဆိုနေသဖြင့် ဂျာအေးတစ်ယောက် ပန်းညို၏
အချစ်ကို ရရှိရန် ရွှေပြည်အေးဇာတ် ခင်းကျင်းရန် ကြံစည် ဆုံးဖြတ်လိုက်လေ
တော့၏။

"ဘယ်လိုလဲ ဂျာအေး"

"အေးကွာ၊ ငါကြိုးစားကြည့်ရမှာပေါ့။ ဒါပေမယ့် ကြက်ကြီးကို ဘယ်လို
စည်းရုံးရမလဲ။ အဲဒါ အရေးကြီးတယ်"

"ဟာ၊ ဒီကိစ္စ မပူပါနဲ့ကွာ။ ငါကြံစည်ပါ့မယ်"

"ဟုတ်ရဲ့လား ဆိတ်ကုလားရာ"

"စိတ်ချစမ်းပါကွာ"

"တစ်ခုတော့ ရှိတယ် ဂျာအေး. ."

"ဘာတုံး ကျောက်ကြီးရေ မင်းက စာတိုငြိုပဲဟာ ပြောပါဦး"

"ဒီလိုကွ၊ အပစ်ကျွံတော့ ရမ်း၊ အချစ်လွန်တော့ ကန်းတဲ့ကွ။ မင်းဥစ္စာ
ပန်းညိုအပေါ် ကျွံလွန်းနေသလိုပဲ။ ဘယ်အရာမဆို သတိနဲ့ ယှဉ်ပေါ့ကွာ"

"အေး၊ အဲဒီစကားက ဟုတ်ပ။ ကျောက်ကြီးက တယ်လည်း ပညာရှိပါ
လား။ ဓကာန္တ စလေဦးပုညရဲ့ ကျွတ်ဖျားလား မသိဘူး"

"ဟာ၊ ထွန်းကြိုင်ကလည်းကွာ။ ငါ ဖတ်ထားမှတ်ထားတာလေးတွေ ပြော
တာပါကွ။ သုစိပုဘာ ဝိလိသိဓာ တဲ့ကွ"

"အင်၊ ဘာတွေလဲကွ၊ ကုလားစကားလား"

"ဟား ဘယ်ရဟုတ်ရမှာလဲကွ၊ အဲ အဲဒါ ဟို ပညာရှိတစ်ယောက် ပြော
ခဲ့တာကွ၊ ပို့ အဲ နာမည်မေ့နေပြီ"

"ဗိုက္ခုပါပဲ၊ အဲဒီဟာတွေဘာတွေ သုံးချော်ရမှာပေါ့ ဆိတ်ကုလားရာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကွ။ သု- သုကေယျတဲ့ ကြားနာရခြင်းပေါ့ကွာ။ စိ- ဆိုတာ စိန္တေယျ တွေးစည်ခြင်း၊ ပု- ဆိုတာ ပုစ္ဆေယျ မေးမြန်းရမယ်တဲ့ကွ။ နောက်ပြီး ဘာ- ဆိုတာ ဘာသေယျတဲ့ ပြောဆိုရသပေါ့ကွ။ နောက် ဝိ- ဆိုတာ ဝိစာရေယျ ဆင်ခြင်ရာ၏တဲ့ကွ။ နောက် လိ-ဆိုတာ လိခေယျတဲ့ ရေသားရာ၏။ သိ-ဆိုတာ သိက္ခေယျ လေ့ကျင့်ရသကွ။ နောက်ဆုံးကတော့ မာ- တဲ့ မာယေယ နှုတ်ငုံရာခြင်းပေါ့ကွာ"

"ဩော်၊ တယ်ကောင်းတဲ့ စာဆိုသဘောတွေပါလားကွ"

"အဲဒါကြောင့်၊ မင်း မမှားသင့်တာ မမှားဘူးပေါ့ကွ။ ငါဆို အဲဒီစကားရှစ်လုံးကို အသုံးချသကွ"

"ဩော်၊ ကောင်းပါ့ကွာ။ ဒါထက် အဲဒီ သု လိ ပု အဲ ဘာလဲမသိဘူး။ အဲဒီစကားရှစ်လုံးနဲ့ ရွှေဖလားကြီးကို ငါက ဘာလုပ်ရမှာတုံးကွ"

"ဒါကတော့ ကြက်အကြောင်းကို မင်းသိဖို့လိုသပေါ့ကွာ။ ဒီကြက်က ဘာကြိုက်သတုံး ဆိုတာ သိရမယ်"

"အဲဒီကိစ္စ ငါတာဝန်ထားပါကွာ"

ဆိတ်ကုလားက နိုင်ခိုင်မာမာ ပြောဆိုနေသဖြင့် ကျာအေးတစ်ယောက် ကြာမီ ဖြောင့်ဖြူးသာယာတော့မည့် အချစ်ရေးကို တွေးကာ ဝမ်းသာကြီး သာနေလေတော့၏။

ဆိတ်ကုလားတို့ လူစုမှာ အရက်နောက်ထပ်တစ်လုံး၊ အမြည်းများထပ်မှာနေသဖြင့် ဆိုင်ရှင် ဒေါ်ပြားကြီးမှာ မျက်ခုံးလှုပ်နေ၏။

"ဟဲ့၊ ကြည့်လုပ်ကြဦးနော်၊ ငါ့ဆိုင်မှာ အကြွေးတွေ များနေပြီ"

"ဟား ဒီတရင်းက ကျာအေး ရှင်းမှာဗျ"

"ဟုတ်ရဲ့လား ကျာအေး"

"စိတ်ချပါ အနီးပြားရယ်၊ ကျုပ် ရှင်းမှာပါ။ မနက်ဖြန် ညနေကျရင် ကျုပ်လာရှင်းဝံ့မယ်"

"ရှင်းလို့ကတော့ နင့်အဖေ ကိုကျောက်ဖားကို ပြောမှာနော်"

"တား အနီးပြားကလည်း စိမ်းလိုက်တာဗျာ။ ဖောက်သည်လို မေတ္တာထားပါဗျာ အေ့"

"တော်စမ်းပါဟယ်"

ဆိုင်ရှင် အနီးပြားမှာ သူတို့လူစုကို ပြုံပြုံလန်အောင် ပြောဆိုနေ၏။ ကျာအေးတို့ လူသိုက်တတော့ အရှိန်ကလေးရလာပြီမို့ တစ်ပုလင်းကို ကုန်အောင် မြူလိုက်ကြပြီး လမ်းခွဲလိုက်ကြလေတော့၏။

✤ ✤ ✤



## အခန်း (၃)

သုံးလေးရက်ခန့်အကြာတွင် ကျာအေးတစ်ယောက် ကိုင်းထဲမှ ပြန်လာ၏။ ရွာထိပ်အရောက် ဒေါ်တလုတ်မကို တွေ့လိုက်ရသဖြင့် ပြုံးစိစိနှင့် နှုတ်ဆက်လိုက်၏။

"ဘယ်လဲ ကြီးတလုတ်မ"

"ဘာလုပ်မလို့တုံး"

"ဩော်၊ မေးကြည့်တာပေါ့ ကြီးတလုတ်မရယ်"

"ငါ့သမီး ကြက်လေးပျောက်နေလို့ဟဲ့"

"ဗျာ၊ ဟို ရွှေ ရွှေဖလားကြီးလား"

"ဟုတ်ပ့ါတော့၊ ဘယ်သူကောင့်သားများ ဖမ်းပြီးချက်စားလိုက်သလဲမသိ။ သမီးခမျာ ရွှေဖလားကြီးပျောက်လို့ တငိုငိုတရယ်ရယ်နဲ့"

"ဗျာ၊ ပန်းညို ငိုနေတယ်"

"အဲဒါ ဘာဖြစ်တာလဲ"

"ဩော်၊ စိတ်ပူလို့ပေါ့ အရီးရယ်။ ကျွန်တော်လည်း ဝိုင်းရှာပေးပါမယ်"

"အင်း ငါကတော့ တစ်ရွာလုံး ခေါင်းတောက်နေပြီအေ"

"ဟုတ်လား၊ ကျွန်တော် ရှာကြည့်ပါဦးမယ်"

ဒေါ်တလုတ်မကို နှုတ်ဆက်၍ ရွာထဲသို့ ဝင်ခဲ့၏။ သူ့စိတ်ထဲ ရွှေဖလားကြီး ပျောက်ဆုံးသွားသည့်သတင်းကြောင့် တော်တော်ကြီး ထိတ်လန့်သွားအောင် ဖြစ်နေ၏။ ထို့ကြောင့်လည်း အိမ်သို့တောင်မဝင်တော့ဘဲ ဆိတ်ကုလားဆီ ထွက်လာ၏။ ဆိတ်ကုလားတစ်ယောက် သူ့အိမ်ဝိုင်းထဲ ရောက်ရှိသွားချိန်တွင် နွားစာ စဉ်းနေသည်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဆိတ်ကုလား"
"ဟင်၊ ဂျာအေးပါလား"
"မင်း၊ မင်းကို ဝမ်းသာစရာသတင်း ပြောမလို့ကွ"
"ဟင်၊ ဘာတုံး"
"ဒီလိုကွ"

ဂျာအေးသည် နွားစာစဉ်းနေသည့်စင်နားကပ်ကာ ဆိတ်ကုလားကို ရွှေဖလားကြီးသတင်း တီးတိုးပြောပြလိုက်၏။

"သေချာလားကွ"
"ဟာ၊ သိပ်သေချာတာပေါ့ကွာ။ လမ်းမှာ ကြီးတလုတ်မနဲ့ တွေ့ခဲ့တယ်ကွ"
"ဟား ဟား ဟား"
"ဟော့ကောင် ဘာဖြစ်လို့ရယ်တာလဲကွ"
"ဟီးဟီး ရယ်ချင်လို့ပေါ့ကွာ"
"ဘာဖြစ်လို့တုံးကွ"

ဆိတ်ကုလား တဟားဟားနှင့် အော်ဟစ်ရယ်မောလိုက်သဖြင့် ဂျာအေး ကြောင်စီစီ ဖြစ်နေ၏။ ထိုစဉ် ဆိတ်ကုလားသည် နွားစာစဉ်းနေသည့် စင်ပေါ်မှ ဆင်းလိုက်ပြီး သူ့ကိုလက်ဆွဲကာ အိမ်ဝိုင်းထဲမှ ထွက်လာ၏။ ဂျာအေးမှာ အူတူတူ ကြောင်နှင့် လိုက်လာ၏။

"ဘယ် ဘယ်တုံးကွ"
"လိုက်ခဲ့စမ်းပါကွာ"

ဆိတ်ကုလား အပြုအမူကို နားမလည်နိုင်ဖြစ်ကာ နောက်မှ တကောက်ကောက် လိုက်ခဲ့ရင်း သူ့အိမ်ဘက်သို့ ရောက်လာ၏။ အိမ်အနောက်ဘက်အရောက် ကြီးမားသော ပုတ်ကြီးတစ်လုံးနားအရောက်တွင် ဖုံးထားသော ဆန်ခါကြီးကို ဖွင့်ပြလိုက်၏။

"ဟာ၊ ရွှေဖလားကြီးပါလား။ ဘယ် ဘယ်လိုလုပ် ဒီရောက်နေတာတုံး"
"ဟဲဟဲဟဲ၊ အဲဒါ ငါ့အိုင်ဒီယာပေါ့ကွာ။ ဒီကောင်ကြီးကို ငါ့ကြက်မနဲ့ မျှားပြီး ဖမ်းလိုက်တာကွ"
"ဟင်၊ မင်း ဘာလုပ်မလို့လဲ"
"တုံးပါ့ကွာ။ ဒီကြက်ကြီးကို မင်း သွားပေးပေါ့ကွ။ ဒီတော့ မင်းအပေါ် ပန်းညိုလေးတ ကျသွားမှာပေါ့"
"ဟင်၊ တကယ်လား"





"တကယ်ပေါ့ကွ"
"အဲ၊ နေပါဦးကွ တစ်ခုတော့ ရှိတယ်"
"ဘာလဲ ဆိတ်ကုလားရဲ့"
"ဒီကြက်ကြီးကို မင်း သုံးလေးရက်လောက်ထားကွာ။ ပြီးတော့ ကြက်ကြီးနဲ့ မင်း ရင်းနှီးအောင် လုပ်ပြီးမှ သွားပေး။ ဒါဆို ရွှေဖလားကြီး အကြောင်းပြုပြီး မင်းနဲ့ မပန်းညို အခြေအနေကောင်းသွားမှာပေါ့ကွာ။ ဘယ်လိုလဲ ဂျာအေး"
"အင်း၊ အေး ဟုတ်ပါ့။ မင်းအကြံ မဆိုးဘူးကွ။ ဒါပေမယ့် ဒီလို သိမ်းဆည်းထားလို့ ကောင်းပါ့မလားကွာ"
"စိတ်ချစမ်းပါကွာ"
"ကဲ၊ ဒါဆို ငါသွားမယ်"
"အေးကွာ"

ဆိတ်ကုလား ထွက်သွားသည်နှင့် ဂျာအေးသည် ပုတ်အဝကို ဆန်ခါကြီးနှင့် ဖုံးလိုက်၏။ သူ့စိတ်ထဲ တလှိုက်လှိုက် တဖိုဖို ခံစားနေရ၏။ ရွှေဖလားကြီးတလည်း တောင်းထဲတွင် ငြိမ်နေသဖြင့် အိမ်အနောက်ဘက် နွားတင်းကုပ်ကြား မနိုင့်တနိုင်ရွှေ့ကာ ချထားလိုက်၏။

သို့နှင့် ရွှေဖလားကြီး အိမ်ဝိုင်းထဲရောက်လာသည့်နေ့ကစပြီး ဂျာအေး တစ်ယောက် သူ့စိတ်သူ မလုံမလဲ ဖြစ်နေ၏။ ရွှေဖလားကြီး အခြေအနေက ရောက်လာခါစနှင့် မတူပါချေ။ ဆန်ကွဲကျွေး၊ ပဲကျွေးလုပ်သော်လည်း ရွှေဖလားကြီးက ပုတ်ထဲမှ အတင်း ရုန်းကန်ထွက်နေပေ၏။ ထို့ကြောင့်လည်း အဖုံးကို လုံအောင်အုပ်ပြီး သိုင်းထား၏။

တစ်ရက်တွင် ကိုင်းစောင့်ရန် သွားရမည်မို့ ရွှေဖလားကြီးကို စိတ်မချနိုင်ဖြစ်ခဲ့ရ၏။ ထို့ပြင် သူ လျှို့ဝှက်စွာ ကြံစည်ထားမှုကို ဖခင်ကြီးသိသွားမှာလည်း အစိုးကြီး စိုးရိမ်နေ၏။

ဦးကျောက်ဖားမှာတော့ ဂျာအေးလုပ်ရပ်ကို မရိပ်မိပါချေ။ ကိုင်းထဲက ပြန်ရောက်သည်နှင့် စားသောက်ပြီး ဘုရားရှိခိုးကာ စောစောစီးစီး အိပ်ရာဝင်ခဲ့ပေ၏။ သို့နှင့် ညဉ့်နက်ပိုင်းသို့ အရောက်တွင် အိမ်နောက်မှ အသံဗလံကို ကြားလိုက်၏။

စိတ်ထဲ ဇဝေဇဝါဖြစ်ကာ အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့၏။ ထိုအခါ အသံဗလံတစ်မျိုးမျိုးကို ကြားနေရသဖြင့် စိတ်ထဲ သံသယ ဖြစ်နေပေ၏။ အိပ်ရာထဲမှ လူးလဲထကာ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို ယူ၍ အိမ်အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လျှောက်ခဲ့၏။ အသံက နွားတင်းကုပ်အနောက်ဘက်မှ ပေါ်လာသ
ရှေ့သို့ ကွေ့ပတ်လျှောက်ရင်း နွားတင်းကုပ်အနီးသို့ ရောက်လာ၏။

"ဒုတ်၊ ဂျစ် ဒုတ် ဒုတ်"

"ဘာသံပါလိမ့်။ ဒီတင်းပုတ်ထဲက လာတာပဲဖြစ်မယ်"

ပုတ်ကြီးမှာ ခါခါယမ်းယမ်း ဖြစ်နေသည်မို့ စိတ်ထဲ သံသယဖြစ်နေ
ထို့ကြောင့်လည်း ပုတ်ကြီးကို အုပ်ဆိုင်းထားသော သစ်တုံးများကို ဖယ်
ဆန်ခါကြီးကို ချလိုက်၏။

"ကော် ကော် ကော်"

"ဟာ ဘာတုံးကွ"

"ဝုစ်၊ ဖောင်း"

"အောင်မလေးဗျ"

"ကော် ကော်"

"ဟာ လုပ်ကြပါဦး"

"ကတော် ကတော် ကတော်"

"ဝုစ်၊ ဖောင်း"

"အောင်မလေးဗျ"

"ကော် ကော်"

"ဟာ၊ လုပ်ကြပါဦး"

"ကတော် ကတော် ကတော်"

"ဝုစ်၊ ဖောင်း"

"အောင်မလေးဗျ"

ပုတ်ကြီးထဲမှ လူ့ာ၊ခနဲ ခုန်တက်လာသော ရွှေဖလားကြီးက ဦးကျော
ဖားကို ခွပ်လေတော့၏။ ရုတ်တရက်မို့ ဦးကျောက်ဖားက ပုတ်ကြီးကို အတ
တွန်းလှဲကာ ထွက်ပြေးလေ၏။ ထိုအခါ ရွှေဖလားကြီးသည် တောင်းထဲမှ
ထွက်ကာ ဦးကျောက်ဖားကို အတင်းအဓမ္မ နောက်မှလိုက်၍ ခွပ်လေတော
ရုတ်တရက်မို့ ဦးကျောက်ဖားမှာလည်း သူ့နောက်က ဘာကောင်လိုက်မှန်းမသ

မှောင်ကြီးမည်းကြီးထဲ အော်ကာဟစ်ကာနှင့် အိမ်ဝိုင်းအပြင်သို့ ရော
လာကာ ရွာလမ်းမအတိုင်း ပြေးလွှားလေတော့၏။ ရွှေဖလားကြီးကလည်း
နောက်မှ ထက်ကြပ်မကွာ လိုက်လာကာ ထင်ရာမြင်ရာကို သဲကြီးမဲကြီး
တဖုံးဖုံးခွပ်လေတော့၏။





www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးဗျ၊ ကယ်ကြပါဦး"

"ကော် ကော်"

"ဝုန်း ဖုန်း"

"အောင်မလေးဗျ"

"ဟာ ဘာဖြစ်တာတုံး"

"ဦးကျောက်ဖားကြီးပါလား"

တစ်ရွာလုံး ဦးကျောက်ဖားကြီး၏ အော်သံဟစ်သံကြောင့် နိုးလာကြ၏။ ဦးကျောက်ဖားကြီးခမျာ အိမ်ဝိုင်းတွေကို လှည့်ပတ်ပြေးနေရပေ၏။ ထိုစဉ် ရွာသားများ လမ်းမပေါ်ရောက်ရှိလာရာ တောင်ပံဖျပ်ဖျပ်ခတ်ကာ အော်ဟစ်နေသော ရွှေဖလားကြီးကို စည်းရိုးတစ်ခုပေါ်တွင် တွေ့လိုက်ရလေ၏။

"ဟာ၊ ဟိုမှာ ရွှေဖလားကြီး"

"ဟုတ်ပ။ အဲဒါ ပန်းညိုကြက်ကြီးကွ"

"ဖမ်းဖမ်း"

"ကတော် ကတော်"

"လိုက်ဟ လိုက်ဟ"

တစ်ရွာလုံး ရွှေဖလားကြီးကြောင့် အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြ၏။ လမ်းပေါ်ရောက်လာသည့် ရွာသားများသည် ရွှေဖလားကြီးကို ဝိုင်းဝန်းဖမ်းဆီး လိုက်ကြသဖြင့် ဦးကျောက်ဖားခမျာ ရွှေဖလားကြီးရန်မှ လွတ်မြောက်သွားရလေ၏။

"ဘာဖြစ်တာလဲဗျ"

"ပြောတတ်ပါဘူးကွာ။ ဒီကောင်ကြီး ငုံ့ခြံတဲ ဘယ်လိုရောက်နေမှန်းတောင် သိပါဘူး။ အသံကြားလို့ သွားကြည့်တာ ငါ့လည်းမြင်ရော ခွပ်လေရောဟေ့။ ကြောက်စရာပဲကွာ၊ ဟူး. . ."

ဦးကျောက်ဖားခမျာ ပြေးရလွှားရလွန်းသဖြင့် တစ်ကိုယ်လုံး ချွေးများစို နေပေ၏။ ရွာသားအချို့သည် ရွှေဖလားကြီးကိုဖမ်း၍ ပန်းညိုတို့ပြန်ပေးလိုက် သဖြင့် ပန်းညိုခမျာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေ၏။ ရွှေဖလားကြီးကလည်း ပန်းညိုကို ပြန်တွေ့သည်နှင့် ဝမ်းသာအားရနှင့် မကြာခဏ တွန်လေတော့၏။

သို့ဖြင့် ဦးကျောက်ဖားနှင့် ရွှေဖလားကြီးတို့ လိုက်တမ်းပြေးတမ်း ကစားမှု ကြောင့် တစ်ရွာလုံး လှုပ်နိုးသလိုဖြစ်ကာ မိုးစင်စင် လင်းသွားရလေတော့၏။ ဦးကျောက်ဖားမှာ ယခုအထိ ရင်တွေခုန်ဆဲပင်။ ဘယ်ညာ ကြည့်လိုက်လည်း

www.burmeseclassic.com



ဆိတ်သည့်ဒဏ်ကြောင့် ပေါက်ပြဲနေပေရာ နန္ဒင်းသိပ်နေရလေ၏။

ထိုအချိန် ဂျာအေးတစ်ယောက် ကိုင်းထဲမှ အိပ်ချင်မူးတူးနှင့် ပြန်...

ရောက်လာရာ ဖခင်ကြီး၏ဒုက္ခကို မြင်တွေ့သွားလေ၏။

"ဘာ. . . ဘာဖြစ်တာလဲ အဘရ"

"ဟာ၊ ရွှေဖလားကြီးလေကွာ"

"ဗျာ၊ ရွှေဖလားကြီး ဟုတ်လား"

"ဟုတ်ပါ့ကွာ။ ဘယ်အချိန်က ခြံထဲရောက်နေသလဲ မသိဘူး၊ ငါ...

မြင်ရော လိုက်ခွပ်တာ တစ်ရွာလုံး ပတ်ပြေးရတာဟ့။ ခြေထောက်တစ်...

လည်း ဒဏ်ရာတွေ မွစာကြဲနေပြီကွ"

"ဟင်၊ ဘုရား ဘုရား"

ဂျာအေးခမျာ ဖခင်ကြီး၏ခြေသလုံးမှ ဒဏ်ရာများကိုကြည့်ရင်း ဝါး...

အဟောင်းသား ဖြစ်နေပေ၏။ အမှန်မတော့ ဖခင်ကြီး ယခုလို ကြုံရသည်...

စိတ်မကောင်းဖြစ်မိသော်လည်း သူ့လက်ချက် ဆိုသည်ကို ဖခင်ကြီးသိ...

မလွယ်ဟု တွေးကာ ရင့်နှုတ်ပိတ်လိုက်ရလေ၏။ နေ့လယ်ပိုင်း အရောက်...

ဆိတ်ကုလားတို့အိမ်ဝိုင်းထဲ ရောက်ရှိခဲ့ရာ ဆိတ်ကုလားမှာ သူ့ကိုကြည့်၍ ...

မြုံမြုံ လုပ်နေပေ၏။

"ဘယ်လိုဖြစ်တာလဲကွ"

"ငါလည်း ပြောတတ်ဖူးလေကွာ။ အဘက ရွှေဖလားကြီးကို ဘာသွား...

မှန်းမှ မသိတာ။ ပြီးတော့ ကြက်ကြီးက ဘီလူးသရဲစီးတာကျနေတာပဲ"

"ဟေ၊ ဘာဖြစ်လို့လဲ ဂျာအေး"

"ဘာဖြစ်ရမှာလဲကွာ၊ အဘခြေထောက်တစ်ခုလုံး မြင်တောင်မတော...

ဘူးကွ"

"အင်၊ ဒုက္ခပါပဲ"

"တော်ပြီကွာ။ ဒီစီမံကိန်းကြီး ဖျက်ပစ်လိုက်တာ ကောင်းတယ်။ ဒီတ...

လုပ်ရင် ငါ့အဘတော့ မျက်စိအကန်းပဲကွ"

"ဟုတ်ပါ့ကွာ။ ငါလည်း ဖြစ်မလားလို့ ကြံမိတာပေါ့ကွာ။ ခုတော့ ...

လုံး တလွဲတချော် ဖြစ်ကုန်ပြီ"

ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦးမှာ ရွှေဖလားကြီးစီမံကိန်းကြီး ပျက်...

သွားသဖြင့် နှစ်ယောက်စလုံး စိတ်ဓာတ်အကျကြီး ကျနေပေ၏။ သို့နှင့် ဘူ...

နှစ်ဦး ပန်းညိုတို့အိမ်ဝိုင်းဘက် မယောင်မလည်နှင့် ထွက်ခဲ့ရာ ပန်းညိုတို့ ...

...လားကြီး ရင်ခွင်ပိုက်ထားသည်ကို တွေ့လိုက်ရ၏။

"ဟာ၊ ဟိုမှာကြည့်စမ်း"

"မကြည့်ချင်တော့ဘူးကွာ"

"ဘယ်လိုဖြစ်တာတုံးကွ"

"တော်ပါပြီကွာ။ ရွှေဖလားလောက်တောင် အစွမ်းအစမရှိတဲ့ ငါ့ဘဝမှာ

...ညိုကို မျှော်လင့်နေလည်း ငါ့အချစ်တွေ ပုပ်သိုးခြောက်သွေ့သွားတာပဲ ရှိမှာ

...ကွာ"

"ဒင်း မင်းဥစ္စာ တစ်မျိုးကြီးပါလား။ နေပါဦး မင်းပြောသလိုဆိုရင် အချစ်

...တာ ပုပ်သိုးကုန်ပစ္စည်းတစ်ခုလားကွ"

"အင်း၊ ငါတော့ ဒီလိုပဲ ထင်တာပဲ"

"ဟုတ်ရဲ့လားကွ။ ဒါဆို မင်းလက်ပေါ် တင်ပြလေ"

"အင်၊ ဘာတုံးကွ။ ဘာကို တင်ပြရမှာလဲ"

"မင်းအချစ်လေ"

"ဟာကွာ၊ ဒီလိုတော့ စကားကို မကတ်စမ်းပါနဲ့ကွာ။ အချစ်ဆိုတာ တစ်ခါ

...တစ်ခါတော့လည်း တော်တော်အမြင်ကတ်စရာ ကောင်းလှတဲ့ အကြောင်းတရား

...ကွ။ ခုလည်းကြည့်လေ။ ငါနဲ့ပန်းညိုကြားမှာ ရွှေဖလားကြီး ကွယ်နေပြန်ပြီ"

"မင်းကလည်းကွာ။ အားလျှော့လိုက်တာ။ ဟာ ဟေ့ကောင်၊ ဟိုမှာကြည့်

...စမ်းကွ"

"ဘာတုံး"

"ဟို ဟိုမှာလေ၊ နေကာမျက်မှန်နဲ့ နှုတ်ခမ်းမွေးသဲ့သဲ့ လူတစ်ယောက်

...န်းညိုဘေးမှာ ရပ်နေပါလား"

"ဟင် ဘယ်သူလဲ၊ ဘယ်ကလဲ ပြောစမ်း"

"ဟာ၊ ငါဘယ်လိုသိမှာလဲကွ။ တစ်ခါမှလည်း မမြင်ဖူးဘူးကွ။ ဩော်

...ါသတင်းကြားတာ ပန်းညိုတို့အိမ်ကို မြို့ကဧည့်သည်တွေ ရောက်နေတယ်ဆို

...ကွ။ ဒါဆို ဒီလူက ဘယ်သူလဲ"

ဆိတ်ကုလား၏စကားကြောင့် ဂျာအေးခမျာ အိမ်ဝိုင်းထဲ မမှိုမကမ်းနှင့်

...ကြည့်လိုက်၏။ ပန်းညိုဘေးတွင် ရပ်နေသော လူတစ်ယောက်၊ နှုတ်ခမ်းပေါ်ပေါ်

...ခုတ်ခုံးကောင်းကောင်း၊ ဗလတောင့်တောင့်အသွင်ရှိကာ တောက်တောက်ပပ

...အဝတ်အစားများ ဝတ်ဆင်ထား၏။ ပန်းညိုနှင့် ပြောဆိုနေရာတွင်လည်း ရယ်

...ယ်မောမောဖြစ်နေသည်ကို ဂျာအေးတစ်ယောက် အူနုကျွဲခတ်ရသလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



နေရှည်၏။

"တောက်၊ ရွှေဖလားကြီး ပြဿနာမပြီးသေးဘူး လာပြန်ပြီ တစ်ယောက် ထေးပါပြီကွာ"

"ဟာ၊ ကျာအေးကလည်းကွာ။ အချစ်စစ်အချစ်မှန်တို့မည်သည် သိပ်မ ပြောင်းပြဲဘူးတဲ့ကွ။ ဒါ မင်းရဲ့နှလုံးသားကို စစ်ဆေးရေးဝင်တာပဲကွ။ ဒီအချိန်မှာ မင်း ခံနိုင်ရည်ရှိဖို့ လိုတယ်ကွ။ လွယ်လွယ်နဲ့ အလျှော့ပေးရင် အချစ်ဆိုတာ ဖြစ်ကို ဖြစ်လာနိုင်စရာ မရှိဘူးကွ။ ဟာ ဟိုမှာကြည့်စမ်း"

"ဟင်"

နှုတ်ခမ်းမွှေးသဲ့သဲ့နှင့် ဗလကြီးက ပန်းညို၏ရင်ခွင်ထဲမှ ရွှေဖလားကြီး ကိုစယ်နေ၏။ ပန်းညိုတစ်ယောက် သွားကလေးပေါ်အောင် ပြုံးနေ၏။ မြင်ကွင်းကိုကြည့်ပြီး ကျာအေးတစ်ယောက် နှလုံးသားတွေ ဗွေ့ဗွေ့ခုန်နေပေ၏။

"တောက်၊ ငါကွာ၊ မကြည့်ချင်တော့ဘူးကွာ"

"ဒါဆိုလည်း ချောင်းဘက်သွားရအောင်ကွာ"

"သွားမယ်ကွာ"

ကျာအေးတစ်ယောက် အချစ်နှင့်ပတ်သက်ပြီး အကြီးအကျယ် ဒုပါက်ကွဲ နေပေ၏။ အံတကြိတ်ကြိတ်၊ မျက်စောင်းတခဲခဲနှင့် ပန်းညိုတို့အိမ်ဝိုင်းဘေး ပတ်၍ ထွက်ခဲ့ကြ၏။

"ငါဘာလုပ်ရမလဲကွာ။ ငါ မနေတတ်တော့ဘူးကွ။ ဟို ကိုကြီးဖျောက်ပြော သလို ဒေသဂီရိဘွဲ့ ခံယူလိုက်ရင်ကောင်းမလား"

"ဟာ၊ ဒီကောင်ကလည်း စိတ်မစောပါနဲ့ကွာ။ ဒီကိစ္စအားလုံး တိုင်တိုင် ပင်ပင် လုပ်သင့်တယ် ကျာအေး။ မင်းသာ ဒေသဂီရိလုပ်မယ်ဆိုရင် ကြီးတလုတ် ဒဏ်ကို မင်းခံနိုင်ပါ့မလားကွ။ ဟိုက နှုတ်ကြမ်းလျှာကြမ်း၊ ပြီးတော့ မင်း ဒေသ လုပ်ပြီး ပန်းညိုကိုရအောင်ယူရင် ကြီးတလုတ်မကို တစ်နေ့ အကြိမ်နှစ်ဆယ် လောက် ရှိခိုးနေရမှာပေါ့ကွ"

"အင်၊ သေချာလို့လားကွ။ အဲဒီလိုသာ ရှိခိုးရမယ်ဆိုရင် ဒေသဂီရိ မလုပ်ချင် တော့ပါဘူးကွာ။ ငါက ငါ့အဘတောင် တစ်နေ့တစ်ခါ ရှိခိုးဖို့ မေ့နေတဲ့ကောင် ကွ။ မဖြစ်သေးပါဘူးကွာ ပြီးတော့ ငါ့ကို. . ."

"အဲဒါ ပြောတာပေါ့ကွာ။ ဒီလို ကြမ်းရင် နောက်ဆက်တွဲကိစ္စတွေမှာ မင်းဘဝ ရှေ့တိမ်နစ်သွားမှာ ကျာအေးရ"

"ထချီတ ပြောဖူးတယ်လေ။ အချစ်နဲ့စစ်မှာ မတရားတယ်ဆိုတာ မရှိဘူး





ကွ။ ငါတော့ မပန်းညိုကို ချစ်မိကတည်းက ကိုကြီးဖျောက်ပြောသလို တစ်ရွာ လုံးကို စစ်ကြေညာလည်း ကြေညာရပစေကွာ"

"ဟာ၊ မင်းက စစ်တိုက်ဖူးလို့လား"

"အင်း၊ ဘာပြောတာလဲ။ ဆိတ်ကုလားကလည်း တုံးပ့ါကွာ။ ငါပြောတာ မိရင် ဘာမှမမြင်ချင်ဘူး ပြောတာကွ။ ဖြစ်နိုင်ရင် ကြီးတလုတ်မတောင် ပစ်လိုက်ချင်တယ်"

"အားပါး၊ ကြမ်းလှချည်လား ဘယ်လိုရှင်းမှာလဲကွ"

"လွယ်ပါတယ်ကွ။ အဘကို မြှောက်ပေးလိုက်ရင် ကြီးတလုတ်မ ငြိမ်ကျ သွားမှာပေါ့ကွ"

"ဟာ၊ မင်းကိစ္စက လူကြီးတွေပါ ပါလာပြီကွ။ မင်းအဘက ဘုရားအလုပ် ရားအလုပ် လုပ်နေတာပါ ကျာအေးရာ။ ကြီးမှ ဝက်သက်ပေါက်ရမယ့်ကိန်း ဘာ့ မဖန်တီးပါနဲ့ကွာ"

"ဒါပြောတာ ကြီးတလုတ်မကိုကွ။ ဝက်သက်ရောာ၊ ရေကျောက်ရောာ၊ အင် ပါ ပေါက်စေချင်တာကွ"

"ဗုဒ္ဓေါ၊ မင်းဥစ္စာ ပြောရင်းဆိုရင်း ပိုပိုကြမ်းလာပါလားကွ။ စိတ်ထိန်းပါကွ"

"မထိန်းနိုင်ပါဘူးကွာ။ ငါ့ရင်ထဲ မီးတောင်ကြီးတစ်ခုလုံး ပေါက်ကွဲလုလု နေပြီကွ ဟင်း ဟင်း"

သူတို့နှစ်ယောက် စကားတပြောပြောနှင့် ချောင်းဘက်သို့ ရောက်ခဲ့ကြရာ အိုးလေးရွက်လာသော မြမေကို မြင်လိုက်ရလေ၏။ မြမေမှာ ပန်းညိုတို့အိမ် ဝိုင်းဝန်းလုပ်ကိုင်ပေးနေသော အပျိုလေးတစ်ဦးဖြစ်ပြီး ပစိပစပ်လည်း တတ်ဆိုတတ်သူ ဖြစ်၏။ ဆိတ်ကုလားသည် မြမေကိုမြင်သည်နှင့် လက် လှမ်းခေါ်လိုက်သဖြင့် မြမေအနားသို့ ရောက်လာ၏။

"ဘာကိစ္စတုံး"

"နင့်ကို မေးစရာရှိလို့ပါ မြမေရဲ့"

"ဘာတုံး၊ ရှုတ်ရှုတ် ရှုတ်ရှုတ်တော့ မလုပ်နဲ့နော်၊ ကျုပ်က လက်သံ တအား ပြင်းတာ"

"ဩော်၊ မြမေကလည်း ဒေါ်ကြီးပဲတုံး။ ငါတာ မေးစရာရှိလို့ပါဟာ"

"ဘာလဲ၊ မေးမှာဖြင့် မြန်မြန်မေး"

"ဒီ ဒီလိုပါဟာ။ ဟို ပန်းညိုတို့အိမ်မှာ ရောက်နေတဲ့ နှုတ်ခမ်းမွှေးသဲ့သဲ့ အပ်ကားကားနဲ့လူက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ၊ ကိုဇော်စကြာလား"

"ဟုတ်ပါ"

"မြို့ကြီးသားလေ၊ အင်္ဂလိပ်စကားကိုလည်း ရွှတ်ရွှတ်ဒွတ်ဒက် ပြောနိုင်တယ်တော့။ ပြီးတော့ ဟန်ကလည်းကြီး။ ကျုပ်ကြားတာတော့ အဲဒီလူကြီးနဲ့ ပန်းညိုတို့က လူကြီးချင်း နားဖောက်ထားပြီးသားလို့ ပြောတာပဲ"

"ဘာ"

"အောင်မလေး၊ ဘယ်လိုဖြစ်တာလဲ ကိုဂျာအေးရဲ့။ လူကို လန့်သွားတာပဲတော်"

"ဟို၊ ဟို အဲ. . . အဲဒီ ကိစ္စက တကယ်လား မြမေ"

"အို၊ ကျုပ်က နောက်ပါ့မလား။ အင်း သူတို့နှစ်ယောက် ရှေ့သွားနောက်လိုက်ညီပါ့တော်"

"ဘာ၊ နင် နင် ငါ ငါလုပ်. . ."

"အောင်မလေးတော့။ ရှင့်ပုံက ကျုပ်ကို မဟားတရားလုပ်မယ့်ပုံပါလားဟဲ့ ဆိတ်ကုလား နင့်လူကိုကြည့်ထိန်းနော်"

"အဲ၊ ဟုတ်သားပဲ ဂျာအေး။ စိတ်ထိန်းပါကွယ်"

"ငါ ငါ စိတ်မထိန်းနိုင်တော့ဘူး"

"ဟေ့ကောင် ဘယ်လဲကွ"

ပြောရင်းဆိုရင်း ဂျာအေး သူတို့အနားမှ လစ်ခနဲ ပြေးသွားကာ ချောင်းပန်းအရောက်တွင် အသားကုန် အော်ဟစ်ပစ်လိုက်လေ၏။

"ပန်းညိုကို ဘယ်သူမှ မချစ်နဲ့ကွ"

အသံကြီးက ချောင်းရိုးတစ်လျှောက် ဝေါခနဲ လွင့်ပျံ့သွားပေရာ နဘူးပင်တွင် အသိုက်ဆောက်နေသော ငှက်တစ်အုပ် အော်ကာဟစ်ကာနှင့် ချုံထဲမှ ထတာ ပျံတုန်ကြ၏။ သူ့အပြုအမူကိုကြည့်ရင်း ဆိတ်ကုလားနှင့် မြမေတို့နှစ်ဦးမှာ ကြောင်စီစီဖြစ်နေ၏။

"ဟဲ့၊ ဘယ်လိုဖြစ်တာတုံး ဆိတ်ကုလားရဲ့"

"ရင်ဖွင့်တာလေ၊ အဲဒီလိုမှမယုတ်ရင် ဒီကောင်ပုံက အတွင်းတက် တယ်နိုင်တယ်ဟ"

"အလိုတော်၊ ဒါဆို ကိုဂျာအေးက အတွင်းတက်ရှိတယ်ပေါ့"

"ဟုတ်ပါ"

"ကြောက်စရာကြီးနော်၊ နေပါဦး သူက ပန်းညိုကို ဘယ်သူမှမချစ်နဲ့





ပြောတာ သက်သက်ဒုက္ခပေးတာပဲ"

"ဟဲ့၊ ဘယ်လိုဖြစ်လို့တုံးဟ။ နင့်စကားကလည်း အဆန်းပါလား"

"ဘယ်သူမှမချစ်နဲ့လို့ ပြောတာ ပန်းညိုခမျာ သီလရှင်ဖြစ်သွားမှာပေါ့။ ဒါ သက်သက် ခေါင်းတုံး တုံးသွားရအောင် ကြံစည်တာ၊ အိမ်ကျမှတိုင်ဦးမယ်"

"အင်၊ မြမေ နေဦးလေ"

"နေဘူး။ ရှင့်လူက စိတ်မှ မှန်သေးရဲ့လားမသိဘူး၊ နေပါဦး ကြီးတလုတ်မနဲ့ ထောင်ပေးလိုက်ဦးမယ်"

"ဟဲ့ ဟဲ့၊ မြမေ"

ဆိတ်ကုလား တားသော်လည်း မြမေတစ်ယောက် ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားလေ၏။ ထိုအချိန်တွင် သူ့အနားသို့ ရှုံ့တွတွအမူအရာနှင့် ဂျာအေးရောက်လာ၏။ ပါးစပ်ကလည်း ပွစိပွစိနှင့် ရေရွတ်နေသဖြင့် ဆိတ်ကုလား ကြောင်စီစီဖြစ်နေ၏။

"ဟေ့ကောင် ဂျာအေး၊ ဘယ်လိုဖြစ်တာတုံးကွ။ မင်းဉစ္စာ လွန်ပါ့ကွာ၊ ရူးတောင်ရူးသွားနိုင်တယ်ကွ"

"ဟုတ်တယ်၊ ရူးသွားပြီ"

"အင်၊ တကယ်လား"

"ဟာ၊ ရူးတာပဲ ဟန်လုပ်ရမှာလားကွ။ ငါ တကယ်ရူးသွားပြီကွ။ လောကကြီးကို ပန်းညိုနဲ့ ပတ်သက်ပြီး စီးချင်းထိုးတော့မယ်ကွ"

"အင်၊ ရောဂါက မသေးပါလား"

"ဟုတ်တယ်။ ငါ့ရဲ့ရင်ထဲမှာ ဗုံတွေ၊ မောင်းတွေ၊ စည်တွေ တီးကုန်ပြီ"

"ဟာ၊ ဒါဆို ကုလားဘုရားပွဲလှည့်ပြီထင်တယ်"

"ဟိတ်ကောင်၊ ဆိတ်ကုလား"

"ဘာတုံး"

"မင်း ငါ့ရဲ့ချစ်ခြင်းမေတ္တာတရားကို အို့မဲမသုတ်စမ်းပါနဲ့ကွာ။ ဟုတ်တယ် ငါ့ရဲ့နှလုံးသားဟာ ဒသဂီရိရဲ့ စိတ်ဝိညာဉ် ပူးကပ်သွားခဲ့ပြီ ဆိတ်ကုလား။ ချစ်လူမိုက်ကြီး ဖြစ်ပြီကွ ဟားဟား"

"ဟေ့ကောင်၊ သွေးမပျက်စမ်းပါနဲ့ကွာ။ တစ်ချစ်သွားရင် နှစ်ချစ်ရှော့က်လာမှာပေါ့ကွ"

"တော်ပါပြီကွာ။ တစ်ချစ်တောင် ဒသဂီရိဖြစ်ချင်ချင်၊ နှစ်ချစ်ဆိုရင်တော့ ဒွိဒသဂီရိ ဖြစ်သွားလိမ့်မယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ၊ ပြောလေကဲလေပါလား။ ကဲပါကွာ စိတ်ပြေလက်ပျောက် တို့ရဲ့ ဘုမိနတ်သန်သွားရအောင် အဲဒီရောက်ရင် လူစုံတော့ မင်းပြဿနာကို ဝိုင်းဖြေ ရှင်းလို့ရတာပေါ့ကွာ"

"တာ၊ ဒက်ထိပဲဟေ့။ မပြားဆီမှာ ငါ့အသည်းတွေ သွားစိမ်မယ်"

"အင်၊ မပြားကြီးက အက်စစ်မှ မဟုတ်တာကွ"

"ယမကာလေကွာ၊ ဟား ဟား ဟား"

"ဘယ်လိုဖြစ်သွားပါလိမ့်"

ဂျာအေး၏ အူကြောင်ကြောင် အပြောများကြောင့် ဆိတ်ကုလားလည်း လည်နေ၏၊ နောက်ဆုံး သူတို့နှစ်ယောက် ထုံးစံအတိုင်း မပြားကြီးဆိုင်သို့ ချီတက်ခဲ့ကြလေ၏။ ဆိုင်ရှေ့အရောက်တွင် ကြာရိုးတစ်ယောက် ငေါင်စင်းစင်းနှင့် ထိုင်နေ၏၊ ဆေးလိပ်တိုတစ်တိုကိုလည်း ဖင်ဆီခံထိအောင် ဖွာရှိုက်နေ၏။

"ဟေ့ လူကြီး၊ ဆေးလိပ်က ဖင်ဆီခံရောက်နေပြီဗျ"

"အဲ၊ ဗုဒ္ဓေါ။ ဖူး ဟူး ဟူး ဟာ"

"ဆိတ်ကုလားတို့ ဂျာအေးတို့ပါလား လာကြကွာ၊ ငါလည်း ဘိုင်ပြတ်နေလို့ တိုက်မယ့်လူ စောင့်နေတာကွ"

"မှားပါပြီကွာ"

ပြောပြောဆိုဆိုနှင့် ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်ရာ ကြာရိုးတစ်ယောက် အရက်တွေမှာလိုက်၊ အမြည်းမှာလိုက်နှင့် တက်ကြွနေ၏။

"အရက်တစ်လုံး အမဲကင် တစ်ပွဲ၊ ဖားကြော်နှစ်ကောင်ပေးဗျို့"

"ဟဲ့၊ ဘယ်လိုဖြစ်တာတုံး ကြာရှိုးရဲ့၊ စောစောကတော့ ပိုက်ဆံမရှိဘူးဆို ဘာလဲ အကြွေးလား"

"ဟာ၊ အနီးပြားကလည်းဗျာ။ ကျုပ်ကို တယ်အထင်သေးသကိုး၊ ကျုပ် လူတွေ လာပြီလေဗျာ"

"အောင်မယ်၊ ငါက ဘယ်သူများလဲလို့ ဂျာအေးတို့ပါလား။ နင်တို့အားလုံး အတူတူတွေပဲ၊ အကြွေးကို အစီစိလိုက်တောင်းရမယ့်ကိန်းပဲဟဲ့"

"ဟာ၊ အနီးပြားကလည်း အေ့ ဟောဒီမှာ ပိုက်ဆံ"

"ဟာ၊ လုပ်လှချည်လား"

"သောက်မယ်ဗျာ။ ရှီးပြားဆိုင်တအရက်တွေ ကုန်အောင် သောက်မယ် ဗျာ။ ချ ရှိသမျှ အရက်တွေချ"

"ဗုဒ္ဓေါ၊ ဟဲ့ ဘယ်လိုဖြစ်တာတုံး ဂျာအေး၊ ကြည့်လည်းလုပ်နော်၊ အန





တ်ဆိုပြီး ငါ့ဆိုင် အမှုပတ်နေဦးမယ်"

"သေသေဗျာ၊ တဲ ထည့်စမ်းကွာ"

"ဟင်၊ ဘယ်လိုဖြစ်တာတုံး"

"ဒါလေ၊ ဒါဖြစ်လာတာ"

"ဟင်"

ဆိတ်ကုလားက ကြာရိုးအမေးကို ရင်ဘတ်ထိုးပြလိုက်၏၊ ဆိတ်ကုလား ၏ သင်္ကေတကြောင့် ကြာရိုးမှာ အူချာချာဖြစ်နေ၏။

"ဩော် သိပြီသိပြီ၊ နှလုံးကွဲနေလို့လား"

"ဟာ၊ ခက်ပါ့ ကိုကြာရိုးရာ၊ ဂျာအေးဝေဒနာက ကျွမ်းနေပြီဗျ"

"ဟေ၊ ငါမြင်တာတော့ အလတ်ကြီးပါလားကွ"

"ခင်ဗျားမြင်တာ အပေါ်ယံကြောကိုဗျ"

"ဟင်၊ ဒါဆို အထဲမှာ ပုပ်နေပြီလား၊ အံ့ပါ့ကွာ မသေခင်ပုပ်တာ ဂျာအေး တစ်ယောက်ပဲရှိ. . ."

"ဟေ့လူ ဘာတွေပြောနေတာတုံးဗျ"

"အဲ၊ ဘာလို့တုံး ဂျာအေးရာ၊ မင်းက အတွင်းပုပ် ပုပ်နေပြီဆို"

"ဟုတ်တယ်၊ ပုပ်နေပြီ၊ မယုံရင် နမ်းကြည့်"

"အင်၊ မယုံစရာဘဲကွာ၊ ဘယ်လိုဖြစ်လို့ ပုပ်သွားတုံးကွ။ စကန့ ငရုံမီး ပေါက်လို့ထင်ပါ့"

"ဟာ၊ တောက်တီးတောက်တဲ့ဗျာ၊ ခင်ဗျားကြီးက တယ်လည်း တုံးပါလား ဗျ။ တော်ပြီဗျာ၊ ထည့်စမ်းကွာ ဆိတ်ကုလား"

"ကြမ်းလှချည်လား ဂျာအေးရ"

"တိတ်စမ်းဗျာ၊ ကျုပ်တစ်ကိုယ်လုံး ငရုံမီးဘောလုံးလို ဖြစ်နေပြီဗျ၊ ဘာ စကားမှ မကြားချင်ဘူးဗျာ"

ဂျာအေးသည် ပြောပြောဆိုဆိုနှင့် စားပွဲပေါ်မှအရက်ကိုယူကာ ရေမရော ဘဲ ငွပ်ခနဲ မော့သောက်လိုက်၏၊ ဆိတ်ကုလားရော ကြာရိုးပါ သူ့ကိုကြည့်ပြီး မျက်လုံးပြူးသွားကြ၏။

"အချစ်ဟာ လူကို ရူးသွပ်သွားစေတယ်လို့ဆိုတာ တယ်မှန်ပါလားဗျ"

"အင်၊ ဟို ဂျာအေး ဝေဒနာတာ အချစ်လား"

"ဟုတ်ပါ့ ဒီကောင့်ရင်ထဲမှာ အချစ်တွေကြောင့် ဝေဒနာပြင်းနေပြီဗျ၊ ခင်ဗျားက ထင်ရာစွတ်ပြောနေတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်၊ ဒီလိုလား။ အောင်မလေး ကျားအေးရာ။ ငါလည်း ငယ်ရာက ကြီးလာတာပါကွာ။ မှတ်ထားကွ ဟစ်ချစ်ကို နှစ်သောက၊ နှစ်သောကကို ကစ်ဋ္ဌဝေဒနာ၊ နှစ်ဝေဒနာကို တစ်လွှမ်းတဲ့။ အဲ နှစ်လွှမ်းကိုတော့ တစ်ကမ္ဘာတဲ့ကွ"

"ဟာ၊ ဘာတွေလဲဗျ"

"ဟာ၊ ဒါ အချစ်ရဲ့ မဟာနိဒါန်းရှုည်လေးကွာ။ ဘာလဲ မပန်းညို လွမ်းနေလား ကျားအေး၊ အသည်းမာစမ်းပါကွာ"

"နေပါဦး ကိုကြာနိုးရဲ့"

"ဘာလဲ ဆိတ်ကုလားရ"

"ခင်ဗျားကျတော့ ဘာဖြစ်လို့ လူပျိုကြီးဖြစ်နေတာတုံးဗျ"

"ဩော်၊ ဟဲဟဲ ကိုယ့်ကိုယ်ကိုယ်တောင် ချစ်မဝတာ သူများကိုချစ်ဖို့ အချိန်မရပါဘူးကွာ"

"အားပါး၊ တယ်ဆိုတဲ့တာပါလား။ ကျုပ်တော့ ခင်ဗျားပြောတာ မယုံဘူးဗျာ"

"ဟင်၊ ဘာဖြစ်လို့တုံးကွ"

"ဟာ၊ ခင်ဗျားက ရေမှမချိုးပဲဟာ။ ဒီလောက် ညစ်ပက်တဲ့ကိုယ်ကို ချစ်နေတယ်ဆိုတော့ ခင်ဗျားအချစ်ဟာ တယ်လည်း ရွံစရာကောင်းပါရဲ့ဗျာ"

"ဟာကွာ၊ ရေမချိုးတာဘဲ အပြစ်လုပ်လို့။ မှတ်ထားကွ လူ့ဆိုတာ အပုပ်ကောင် ရုပ်ဆောင်မနေတာကွ။ ငါက သဘာဝသမား၊ ဒီတော့ ဘာဖြစ်လို့ အပုပ်နံ့ကို ရေနဲ့ဆေးရမှာလဲကွ၊ သဘာဝဟာ သဘာဝပေါ့ကွာ"

"ထားပါတော့ဗျာ။ ခင်ဗျားလုပ်တာနဲ့ ကျုပ်မိတ်ကူးတွေ ပျက်တယ်ဗျာအေ့"

ကျားအေးတစ်ယောက် ကြာနိုးအပြောကို နားထောင်ရင်း ချာချာလည်နေ၏၊ ကြာတော့လည်း နားမခံသာတော့၊ ထို့ကြောင့်လည်း ဟန့်တားရင်း အိပ်ကပ်ထဲမှ အမဲကြော်တစ်တုံး ယူ၍ ဝါးလိုက်၏။

"ပြောစမ်းပါဦး ကျားအေးရ။ ငါကလည်း အတွေ့အကြုံ မသေးလှပါဘူးကွာ။ ပန်းညိုကလေးနဲ့ ဘာဖြစ်လာလို့လဲ"

"ဆိတ်တုလားကို မေးကြည့်ဗျာ"

"ဟင်၊ ကဲ ပြောစမ်းပါဦးတွ"

"ဒီလိုဗျ"

ဆိတ်ကုလားက ကျားအေးကိုယ်စား ကြာနိုးကို ရှင်းပြလိုက်၏။ ကြာနိုးသည် ခြာကြီးစတိုင်ထုတ်ကာ ဆေးပေါ့လိပ်ဖွာလိုက်၊ အရက်တစ်ငုံသောက်လိုက်၊ အမြည်းတစ်ဖတ် စားလိုက်နှင့် ခေါင်းတညိတ်ညိတ် လုပ်နေ၏။ စကားဆုံးသည်နှင့် ကြာနိုးက ပြုံးစိစိနှင့် ကျားအေးကို လှမ်းကြည့်လိုက်၏။

"အဲဒီကိစ္စကို ငါသိပြီးသားကွ"

"ဟာ၊ ခင်ဗျားက ဘာသိတာတုံး"

"ဟာ၊ ငါက ပန်းညိုတို့အိမ်မှာ ထင်းခွဲ၊ ရေခပ် လုပ်တာလေကွာ။ ဒီတော့ ဇော်စကြာဆိုတဲ့လူ့အကြောင်း ကောင်းကောင်းသိတာပေါ့ကွာ"

"ဟင်၊ ဟုတ်လား ပြောစမ်းပါဦးဗျာ။ မြမေပြောတဲ့စကားက တကယ်လားဗျ"

"ဖြစ်နိုင်တယ်ကွ။ မြို့ရောက်ရင် ဒေါ်တလုတ်မက အဲဒီ ဇော်စကြာတို့အိမ်မှာ တည်းတာကွ။ ဇော်စကြာရဲ့အမေ ဒေါ်မျှင်က ပွဲရုံထောင်ထားတာလေ။ ဒေါ်မျှင်နဲ့ ဒေါ်တလုတ်မက ညီအစ်မလိုနေတာကွ။ ဒါကြောင့် သားရေးသမီးရေးကိစ္စ တစ်သဘောတည်းပေါ့ကွာ"

"ဩော် ဒါဆို ဇော်စကြာက ဘယ်လိုလူလဲဗျ"

"ဟာ၊ ဒီကောင်က စုံထောက်စာအုပ်တွေဖတ်ပြီး စုံထောက်ရူး ရူးနေတဲ့ကောင်ကွ။ သူ့ကိုယ်သူ စီအိုင်ဒီကလိုလို ဘာလိုလို ထင်နေတာကွ"

"အလုပ်မရှိဘူးလား"

"ဒီကောင်က မကြာခင် နိုင်ငံခြားသွားမှာလေ။ ဒါကို ဒေါ်တလုတ်မက သဘောအကျကြီး ကျနေတာကွ"

"ဩော်၊ ဒီလိုကိုး"

ကျားအေးခမျာ ဇော်စကြာ၏ သတင်းများ ကြားလိုက်ရသောအခါ သူ့ဘဝအခြေအနေကိုတွေးရင်း ကိုယ့်ကိုယ်ကိုယ် ရှုံ့တွပိန်ချိုင့်သွားသည်ဟု ထင်မိ၏၊ အထဲမှာလည်း အခံရခက်လှသော ဝေဒနာကိုတို့က ဝုန်းဆန်နေပေ၏။ သူ့အမူရာကို ကြာရိုး ရိပ်မိသွား၏။

"ဒီလောက်လည်း မခံစားပါနဲ့ ကျားအေးရာ။ ဇော်စကြာလည်း လူပဲ၊ မင်းလည်း လူပဲကွ။ ဒီတော့ အချစ်နဲ့ပတ်သက်ရင် မှန်ကန်ရိုးသားတဲ့လူသာ အောင်ပွဲရပါကွာ"

"ဟာဗျာ၊ အဲဒီစကားကို မယုံဘူးဗျ။ ခေတ်က ဘူးထောင်းနှစ်လို့ အောင်ပေါ်တဲ့ခေတ်ဗျ"

"ဟာကွာ၊ ဇော်စကြာက ဝလသမားပါကွာ။ နှစ်ချင်းနှစ် သူနိုင်မှာပါကွာ။






www.burmeseclassic.com

www.burmeseclassic.com

မင်းက ပိန်ညှောင်ညှောင် ပြားချပ်ချပ် ဘယ်လိုနှစ်. . ."

"ဟာ၊ ကိုကြာနိုးကလည်း ကျုပ်ပြောတာ သစ္စာတရားဆိုတာ ခါးသီးသ ပြီဗျ။ ပြောရရင် ရှားပါးပစ္စည်းဗျ"

"ဒါဆို ပြတိုက်မှာတော့ ရှိမှာပေါ့ကွ"

"ဟာဗျာ၊ ခင်ဗျားစကားတွေကလည်း ဖောက်တာတလွဲ ဆင်းတာတ ဖြစ်နေပြီဗျ။ ကျုပ်ဟာ ပန်းညိုကို ဘယ်လောက်ချစ်ချစ် အမိက အချစ်ထ အသပြာက တန်ခိုးကြီးနေပြီဗျ"

"ဩော်၊ ဒီလိုကိုး။ အင်း ဟုတ်လည်း ဟုတ်တာပဲလေ။ ဒီကိစ္စမှာ ဇော်စ နဲ့ ဂျာအေးတို့ရဲ့ စီးချင်းတိုက်ပွဲပဲကွ။ တစ်ခုတော့ ရှိတယ် ဂျာအေး"

"ဘာတုံးဗျ"

"ဒီကိစ္စမှာ ဉာဏ်ထက်မြက်တဲ့လူ စားမှာပဲကွ"

"အင်၊ ဘယ်လို ဉာဏ်ရည်သာရမှာလဲဗျ"

"ဒီလို ရှိတယ်လေကွာ။ မင်း ဇော်စကြာရဲ့ ခြေချိုးလက်ချိုးကို ကြည့် ကွာ။ ဘယ်နေရာ အရုပ်အသိမ်းရှိသလဲ၊ ဘယ်နေရာ အဖိအဖော့ရှိသလဲ၊ ဒ ထိုးကွက်ကို ကြည့်တတ်ဖို့ လိုတယ်။ အဲဒါကြည့်တတ်ရင် ဇော်စကြာရဲ့ ဟာကွ ကို မြင်နိုင်တာပေါ့ကွာ"

"ဟာဗျာ၊ ဇော်စကြာက ဇာတ်ကနေတာမှ မဟုတ်တာ"

"ဩော်၊ သဘောပြောတာ ငတုံးရ။ သူ့ ဟာကွက်ကို အမိဖမ်းနိုင် အဲဒီဟာကွက်ကို အမိအရ နင်းပေါ့ကွာ"

"ဟာကွက်၊ ဇော်စကြာရဲ့ ဟာကွက်"

"နေပါဦးကွ။ ဒီကောင်ကြီးက ဗလသာ တောင့်တာ။ ဖားဆို အသေကြော တဲ့ကောင်ကွ"

"ဟင်၊ ဖားကြောက်တာ သူ့ဟာကွက်လားဗျ"

"ဟုတ်သားပဲ၊ ကိုကြာနိုးကလည်း တကယ်မှတ်လို့ နားထောင်နေတာ

"ဟာ၊ မင်းတို့ကလည်း တယ်လည်း ဒုံးဝေးတာကိုးကွ။ အချစ်မှာ အထ ကြီးမှုတွေ ပါတယ်ကွ။ ဒီတော့ မပန်းညိုက ဇော်စကြာကို ဗလတောင့် အားတိုးအားထားနဲ့ ချစ်မယ်လို့ ကြံရွယ်တာလည်း ဖြစ်နိုင်တယ်ကွ။ ဒီအချိန် ဇော်စကြာဟာ ဘာမဟုတ်တဲ့ ဖားကလေးကိုကြောက်တာကို မပန်းညို သိသွားရင် ဒီကောင့်ပေါ် ပေးထားတဲ့ အမှတ်တွေ လျော့သွားနိုင်တယ်ကွ"

"အင်း ဟုတ်သားပဲ။ နေပါဦး၊ ဒီလူ ဖားကြောက်တာကို ခင်ဗျား ဘယ်





သိသတုံးဗျ"

"ဟာ၊ ဒါကတော့ ငါ့ရဲ့ လေ့လာချက်ပေါ့ကွာ"

"ဒါဆို ကျုပ် ဘယ်လိုလုပ်ရမှာတုံး"

"လွယ်ပါတယ်ကွ။ ဒီကိစ္စ ငါကြံပါ့မယ်"

"အားကိုးပါရစေ ကိုကြာနိုးရာ"

"စိတ်ချစမ်းပါကွာ။ ကြာနိုးကြံရင် ဘာမျိုးဖြစ်ဖြစ် မခံနိုင်ပါဘူးကွ ဟဲဟဲ"

"သောက်၊ သောက် ထပ်သောက်ပါဗျာ"

"သောက်မယ် သောက်မယ်။ ဒါမှ အကြံထွက်မှာကွာ"

ပြောပြောဆိုဆိုနှင့် ကြာနိုးတစ်ယောက် အလကားရတိုင်း ပါးဖြဲသောက် လေတော့ရာ မိနစ်ပိုင်းအတွင်း ကျွမ်းထိုးမှောက်ခုန် ဖြစ်သွားလေတော့၏။ နောက်ဆုံး ဂျာအေးတို့လူစု အခါပေးဆရာကြီး ကြာနိုးကိုထမ်းကာ အိမ်တိုင် ရာရောက် ထမ်းပိုးချီပို့လိုက်ရလေတော့၏။

❧ ❧ ❧


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ပန်းကလေးက ဒီလိုတော့လည်း လှသားကွယ့်"

"အို၊ ကိုကြီးကြာကလည်း"

"ဟဲ ဟဲ၊ တကယ်ပြောတာကွယ့်။ ဟုတ်ဘူးလား နီးလုံး"

"ဟုတ်ပ့ါ၊ မောင်ဇော်စကြာရေ၊ မင်းနှမက နဂိုရှိပြီးသားကွယ့်။ တောသူဆိုတော့ နိုးနိုးကြီးနေတတ်သကိုး။ ခုတော့ ပြင်လိုက်ဆင်လိုက်တာ ငါ့သမီးတယ်လှသကိုး"

"အို၊ အစ်မကလည်း"

ပန်းညိုတစ်ယောက် လှလှပပ ဝတ်ဆင်ထားသည်ကို ဇော်စကြာမြင်သောအခါ မရိုးမရွ ဖြစ်နေ၏။ ထို့ကြောင့်လည်း ဣန္ဒြေပင် မဆည်နိုင်ဘဲ ပြောလိုက်ရာ ပန်းညိုတစ်ယောက် ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။

ဇော်စကြာမှာ ပန်းညို၏အလှကို ရှုမဝနိုင်အောင် ဖြစ်နေ၏။ ညိုလဲ့လဲ့နှဲ့အိအိနှင့် စင်းလုံးချောကလေးမို့ ကြည့်ရင်းကြည့်ရင်း အသည်းတွေ အူတွေယားနေ၏။ သူ့အပြုအမူများက ကျွံလွန်နေသည်မို့ ပန်းညို သူ့ရှေ့ ကြာကြာရပ်မရဲ၊ ထိုစဉ် သူ့ကို ဒေါ်တလုတ်မက ပြုံးတုံးကြောင်တောင်ကြည့်ရင်း ပြောလိုက်၏။

"မောင်ဇော်စကြာက ဘာလုပ်နေသတုံး။ စောစောစီးစီး ဘုရားသွားမို့ ပြင်လေး၊ တော်ကြာ မိုးလေက ပြောနိုင်တာ မဟုတ်ဘူးကွယ့်"

"ဪ၊ ဟုတ်သားပဲ။ ဒါ ဒါဆို ကျွန်တော် အဝတ်သွားလဲလိုက်ပါဦးမယ် မေမေ"

"အင်"





သူ့ကို မေမေဟု ကြို့တင်ခေါ်လိုက်သဖြင့် ဒေါ်တလုတ်မခမျာ တွန့်သွား၏။ အမှန်မတော့ ဇော်စကြာ၏ အမူအရာနှင့် အပြောအဆို ခံ့ညားမှုများတို့ ဒေါ်တလုတ်မ သဘောအကျကြီး ကျနေ၏။ ဇော်စကြာ ဘာလုပ်လုပ် ဘာပြောပြော သူ့မျက်စိထဲ ပြဇာတ်မင်းသားတစ်ယောက်လို ထင်မြင်နေမိ၏။ တစ်ခါတစ်ခါ ဘိုစကားလေးများ ညှပ်ညှပ်ပြောလျှင် ဒေါ်တလုတ်မခမျာ မတော်သေးသည့် သမက်လောင်းကြီးကို သကာတုံးကြီးအလား အောက်မေ့နေတတ်၏။

ယခုလည်း မေမေဟု ခေါ်လိုက်သည့် အခေါ်က သူ့အသည်းတွေ အူတွေ ပြောင်းပြန် ဆင်းသွားသလားပင် ခံစားလိုက်ရ၏။ သို့သော် ပန်းညိုအသွင်က ဇော်စကြာအပေါ် ဘဝင်မကျချင် ဖြစ်နေသည်။ စိတ်ထဲ မချိမဆံ့ ဖြစ်နေရ၏။ ထို့ကြောင့်လည်း ပန်းညိုနှင့် ဇော်စကြာနှင့် အနေနီးသွားအောင် ရွာတောင်ဘက် ရွှေနံ့သာဘုရားပွဲဖူးရန် အတင်းလွှတ်နေခြင်း ဖြစ်လေ၏။

အချိန်အနည်းငယ်အကြာတွင် ဇော်စကြာတစ်ယောက် အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်လာ၏။ အဖြူရောင်ကုတ်အကျႌ၊ အဖြူရောင်ဘောင်းဘီ ဝတ်ဆင်ထားသဖြင့် ရုတ်တရက် ကြည့်လျှင် ကွယ်လွန်သွားရှာပြီဖြစ်သော ရုပ်ရှင်မင်းသားကြီး ဝင်းဦး၏အသွင်နှယ်ပင်။ နှုတ်ခမ်းမွှေးစစနှင့် ခံ့ညားလှ၏။ ထို့ပြင် အဖြူရောင်ကုတ်အကျႌ၏ ညာဘက်ရင်ဘတ် အိတ်အဝတွင် နီရောင် နှင်းဆီပန်းလေးတစ်ပွင့်ကို ထိုးထားသည်။

သူ့တစ်ကိုယ်လုံး ရေမွှေးနံ့များနှင့် မွှေးကြိုင်နေပေ၏။ တစ်အိမ်လုံးလည်း ကိုယ်မှ ရေမွှေးနံ့များက ပျံ့နှံ့နေလေရာ ဒေါ်တလုတ်မတို့လူစု နှာခေါင်းကလေး ရှုံ့ပွပြဖြစ်နေကြ၏။

ထိုအချိန်တွင် အိမ်ဝိုင်းရှေ့သို့ လှည်းယာဉ်လေး ရောက်လာ၏။ လှည်းမောင်းသူမှာ ကိုကြာနိုးဖြစ်ပြီး စမတ်ကျကျနှင့် ထွက်လာသော ဇော်စကြာတို့ ဝတ်အကြောင်းနှင့် လှမ်းကြည့်နေ၏။

"ဟာ၊ ဆရာသမားကတော့ ဂျိန်းစဘွန်းပါလားဗျာ။ ဘွတ်ဖိနပ်တွေ ရှုတ်ဘွန့်ဆိုတော့ ခံ့ပါ့ဗျာ"

"ဟဲဟဲ၊ ခင်ဗျားနာမည် ကိုငှတ်နိုးလား"

"ဟာ၊ ဆရာဘွန်းကလည်း ကြာနိုးပါဗျာ"

"ဪ၊ ကိုကြာနိုးကိုး။ လှည်းက ဘာလုပ်တာလဲဗျ"

"ဟဲ၊ ဆရာဘွန်းတို့ကို ရွှေနံ့သာဘုရား လိုက်ပို့မလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်၊ ဒီလှည်းနဲ့လား"

"ဒါပေါ့ ဆရာရဲ့၊ ဒါ တောမှာ မာစီဒီးလေဗျာ။ ဟဲဟဲ တက်လေ ဆ... သမား၊ ပန်းညိုလာမှာပေါ့"

"ဩော်"

ပန်းညိုဆိုသော အသံကြောင့် ဇော်စကြာတစ်ယောက် မြူးထူးနေ... သူ့စိတ်ထဲ လှည်းယာဉ်ကြီးကြည့်ပြီး ကသိကအောက် ဖြစ်မိသော်လည်း ပန်း... လေးနှင့်အတူ ဘုရားဖူးသွားရမည်မို့ ဝမ်းသာအူမြူးနေ၏။ ထို့ကြောင့် လှ... ယာဉ်ပေါ်သို့ ဇွေ့ခနဲ ခုန်တက်လိုက်၏။ အရှိန်နှင့် ခုန်တက်လိုက်သဖြင့် နွား... ကောင်ခမျာ လန့်ဖျပ်သွားကြ၏။

"ဟာ၊ ဆရာဘွန်းကလည်း လှည်းပေါ်တက်တာ မြင်းပေါ် ခုန်တက်... ကျနေတာပဲကိုး။ ဟဲဟဲ သိပ်တက်ကြွနေပြီထင်တယ်"

"ဟဲဟဲ ပန်းညိုလေးက ဖဲရိုးဖျူတီးပဲဗျ။ ပြောရရင် အိန်ဂျယ်လေးပေါ့... ကျွန်တော့်စိတ်ထဲ ပစ်ကနစ်ထွက်နေရသလိုပဲဗျ"

"အင်၊ ဆရာဘွန်း ပြောသလိုဆိုရင် ပန်းညိုဟာ ဘူးသီးလေးပေါ့ ... ဟား ဟုတ်ပ၊ နုနုလေးဗျ"

"ဟာ၊ ဖျူတီးဗျ ဖျူတီး။ လှတာကို ပြောတာ"

"ဩော်၊ ဒီလိုလား။ ဟို၊ ပဲကော်ထွက်တယ် ဆိုတာကရော"

"ခက်ပါ့ကွာ၊ တောသားပဲ။ မှတ်ထား ပစ်ကနစ်ကွ။ ပစ်ကနစ် အဓိပ္ပာ... က ပျော်ရည်ဆမ်းခရီးကို ပြောတာကွ"

"ဩော်၊ ဆရာဘွန်း ဘိုလိုပြောတာကိုး"

"ဟုတ်တယ်၊ အလကားလူ"

"အင်း ကျွန်တော့်ကို ပြောတာလား ဆရာ။ ကြာရိုးကို ပေါ့သေးသေးမ... ပါနဲ့ ဆရာဘွန်းရယ်။ ရန်ကုန်ပြန် ကြာရိုးပါ။ အမျိုးက မင်းမျိုးမင်းနွယ် အဘိုး... စီအိုင်ဒီမှာ အမှုထမ်းခဲ့တဲ့ အိုင်ပီဗျ"

"ဟင်၊ ဒါဆို ခင်ဗျားက စီအိုင်ဒီမျိုးဆက်တွေပေါ့"

"ဟုတ်ပ"

"တား ဝမ်းသာလိုက်တာဗျာ။ ကျုပ်က စီအိုင်ဒီက လူတွေဆို တအားလေ... စားတာဗျ။ ကျုပ်ဘကြီးက စီအိုင်ဒီမင်းကြီး ကျူးဇက်စပင်ဇာရဲ့ ယောက်ဖ... ဗျ။ ထဲတဲ စီအိုင်ဒီမျိုးဆက်တွေပေါ့။ ဒါကြောင့် ဘာလုပ်လုပ် ကျုပ်ဆီမှာ... အိုင်ဒီဉာဉ်ရှိတယ်ဗျ"





"ဩော်ဟော် ဒီလိုကိုး။ ဆရာဘွန်းပုံစံကလည်း တကယ့် စုံထောက်ကြီး... ဗျာ။ ကျုပ် စာအုပ်ထဲမှာသာ ဖတ်ဖူးတာဗျ။ ခုမှပဲ အရှင်လတ်လတ်ကြီးကို ... တွေ့ရတော့တယ်"

"ဟာ၊ ခင်ဗျားစကားကလည်း တစ်မျိုးကြီးပါလားဗျ"

ကြာရိုးစကားကြောင့် ဇော်စကြာခမျာ အောင့်သီးအောင့်သက် ခံစားနေ... ။ ထိုစဉ် ပန်းညိုတစ်ယောက် အိမ်ကြီးပေါ်မှ ဆင်းလာ၏။

"ဟာ ဆွိ၊ ဖဲရိုးဆွိ"

"ဗျာ၊ ဘာဖြစ်တာတုံး ဆရာဘွန်း"

"နေစမ်းပါဗျာ၊ ဟိုမှာ ဆွိလေး လာနေပြီ"

"ဆွိ၊ ဘယ်က ဆွိလဲ။ ကျုပ်မြင်တာ ပန်းညိုပါဗျ"

"ဟာ၊ တိတ်စမ်းဗျာ။ ဆွိ ဆိုတာ အချစ်ဗျ"

"ဟင်၊ အချစ်ဆိုတာ ဆွိ ဟုတ်လား။ ဒါဆို မေတ္တာ ဆိုတာ ဆွပ်ပေါ့နော်။ ... ဆွပ်ဆို"

"ဟေ့လူ၊ ဘာတွေ ပြောနေတာလဲ"

"ဟို၊ ဆွိ ဆွပ်လေဗျာ"

"ဟာ၊ ဒီလူ"

နှစ်ဦးသား ပြောဆိုနေစဉ် လှည်းပေါ်သို့ ပန်းညိုလေး ရောက်လာ၏။ ... ားရောင် ကြိုးကြိုးချိတ်နှင့် သဇင်ပန်းကလေးတွေ ဝေနေအောင် ပန်ထား... ာ ပန်းညိုအလှကား ကျေးလက်ဆန်လှ၏။ ဇော်စကြာမှာ ပန်းညိုထံမှ ... မ်သင်းရနံ့ သင်းပျံ့ပျံ့ကလေးကို ရှူရင်း ပီတိသောမနတွေ ဝေနေလေ၏။

"ပန်း"

"ဘာလဲ"

"ကိုယ်တို့ သွားမှာဘယ်လဲ"

"ရွှေနံ့သာဘုရားလေ"

"ဩော်၊ ဒါဆို ဟိုရောက်ရင် ကိုယ်တော့ ဆုတွေတောင်းလိုက်ဦးမယ်ကွာ"

"ဘာဆုတွေများလဲ ဆရာဘွန်းရဲ့၊ ဟို ဆွိဆွပ်လား"

"ဟေ့လူ၊ ခင်ဗျားကြားတ ဝင်ပရှုပ်စမ်းနဲ့"

"ဟဲဟဲ၊ ဆရာဘွန်းကလည်း စိတ်ကြီးဝဲတိုး"

"တိုကြာရိုး မောင်းလေ"

"အဲ၊ ဟုတ်သားပဲ တျော်လည်း မေ့နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြာနိုးတစ်ယောက် ပန်းညိုအပြောကြောင့် သတိဝင်ကာ နဖားကြိုး
၍ နွားများကို မောင်းနှင်လိုက်၏။ ဇော်စကြာမှာ ပန်းညိုကို တစ်ချိန်လုံး
ကြောင်ကြောင်နှင့် ငေးမောနေသဖြင့် ပန်းညိုလေးခမျာ မနေတတ်မထိုင်တတ်
ဖြစ်နေရှာ၏။

"အို၊ ကိုဇော်စကြာတလည်း လူကို တအားကြည့်တာပဲ"

"ဩော်၊ လှလွန်းလို့ပါ ပန်းရာ။ ဟောဒီ လောကကြီးဟာ ဖလားငြေ
လှသွားသလိုပါပဲကွယ်"

"ဗျာ၊ ဖလား အဲဒီဥစ္စာ သကြံန်မှာ ပက်လို့ရသလားဗျ ဆရာဘွန်း"

"ပေ့ာလူ"

"ဗျာ"

"ခင်ဗျားကြီးက ကန့်လန့်ကန့်လန့်ဗျာ"

"ဟဲဟဲ"

ကြာနိုး ဝင်ဝင် ကလိလိုက်သဖြင့် ဇော်စကြာခမျာ ပြောရမည့်စကား
တစ်လစ်တစ်လစ် ဖြစ်နေပေ၏။ သူစိတ်ထဲ ကြာနိုးကိုလည်း မမြင်ချေ။
ကမ္ဘာလုံး ပန်းညိုအပြုံး ပန်းညို၏အလှများ ယှက်နွယ် ဖုံးအုပ်နေသလို
ထိုအချိန်တွင် လှည်းလမ်းက အနိမ့်အမြင့် အတက်အဆင်းတွေ
သဖြင့် တကျိုင်းတကျိုင်း၊ တဂျုန်းဂျုန်း မြည်ဟည်းနေ၏။ ဇော်စကြာခမျာ
ပေါ်တွင် မြောက်ကြွမြောက်ကြွနှင့် ဖြစ်နေရှာ၏။

"ဝုန်း ဂျမ်း ကျွိ"

"အောင်မလေးဗျာ နွားလှည်းစီးရတာ ဒစ်လစ်ရှက်စ် မဖြစ်လိုက်တာ

"ဘာတုံးဗျ"

"ဟဲဟဲ၊ စီးလို့ အရသာ မရှိဘူး ပြောတာဗျ"

"အင်၊ ဒါဆို ကားစီးရတာ ချိုသလား ဆရာဘွန်း"

"ဟာ၊ ကျုပ်ပြောတာ မငြိမ့်ညောင်းဘူးလို့ ပြောတာဗျ"

"ဩော်၊ ဒါလား တောလက်အရသာတ ချက်အရက်လို ခါးသတ်
ပေမယ့် စွဲတယ်နော်"

"အင်"

ကြာနိုးစကားကြောင့် ဇော်စကြာမှာ အတော်ကလေး ခံစားနေရ
ထိုအချိန်တွင် သူတို့ စီးနင်းလာသော လှည်းယဉ်ကလေးသည် ရွာစည်း
ကျော်တာ ထန်းတောထဲသို့ ရောက်လာ၏။ လမ်းတစ်လျှောက်တွင်လည်း





ဝင်၊ ထနောင်းပင်များ အုပ်ဆိုင်းနေသဖြင့် သာသာယာယာ ရှိလှပေ၏။ ဇော်
ကြာမှာ ထန်းတောများဘက် လှည့်ကြည့်ရင်း ဖရိုဖရဲဖြစ်နေသော ထန်းပလက်
တဲပလက်ကလေးများ မြင်သောအခါ စိတ်တသပ်သပ် ဖြစ်နေ၏။

"ဩော်၊ တော်တော် သနားစရာကောင်းတဲ့ ဘဝတွေပဲနော် ပန်းညို"

"ဘာဖြစ်လို့လဲ ကိုဇော်စကြာ"

"ကြည့်လေ၊ စုတ်စုတ်ပြတ်ပြတ် ပေပေကျံကျံနဲ့ဗျာ"

"အဲဒီအချက်ကိုကြည့်ပြီး ကိုဇော်စကြာက သနားနေတာလား"

"ဒါပေါ့ဗျာ၊ မြင်ရတာ မချိလိုက်တာ။ ဝဋ်ိအားကလီးပဲ"

"ဒီကိစ္စ ကိုဇော်စကြာ အမြင်မှားနေတာပါ"

"အင် ဘာဖြစ်လို့လဲ ပန်းရဲ့"

"သူတို့ဟာ ဆင်းရဲပေမယ့် ဘဝကို ကျေနပ်စွာနဲ့ နေထိုင်ကြတာပါ ကိုဇော်
စကြာ၊ သူတို့ဟာ ဘယ်သူ့ဆီကမှလည်း တစ်ပြားတစ်ချပ် မတောင်းခံပါဘူး။
သူတို့လုပ်အားနဲ့ သူတို့ဘဝကိုသူတို့ ကျေနပ်စွာ တည်ဆောက်နေကြတာပါ။
ဖြစ်ရပ်မှာ သနားပါရှင်ဆိုတဲ့ အကြောင်းအရာ တစ်ခုမှ မပါပါဘူး။ ကိုဇော်စ
ကြာ အတွေးတွေ အံချော်နေပြီလို့ပဲ ပြောရမယ်"

"ဗျာ၊ ဟို အဲ ကျွန်တော်ပြောချင်တာ ဆင်းရဲလွန်းတဲ့ဘဝတွေ. . ."

"ဟို၊ သူတို့ဟာ ရိုးသားစွာနဲ့ ဆင်းရဲနေကြတာပါ ကိုဇော်စကြာ"

"အင်၊ ဒါဆို ချမ်းသာတဲ့"

"ဒါကတော့ သူတို့အကြောင်းနဲ့ သူပေါ့လေ"

"ချိုင်း ဒုန်း"

"အောင်မလေးဗျ"

"ဖတ်"

"ဟာ၊ ရွံ့တွေပါလား"

"အယ်"

ရွံ့ဗွက်ချိုင့်ထဲ လှည်းဘီးကျွံကျသွားသဖြင့် ပန်းညိုရှေ့တွင် မှိုအမျိုးမျိုး
တတ်နေသော ဇော်စကြာခမျာ အပေါ် မြောက်တက်သွားပြီး ပြန်ကျလာရာ မျက်
အပေါ် ရွံ့ဖတ်အဖွေးသား ဖြစ်သွား၏၊ ရှက်ကိုးရှက်ကန်းနှင့် ကုတ်အကျႌခံ
ပြီး လက်ကိုင်ပဝါ ယူလိုက်၏၊

"ကွိ"

"ဟာ၊ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးဗျ၊ ဖားကြီး"

"ဝှစ်၊ ဝှန်း ပွမ်း"

"အားနိုးရှိုး"

"ဟယ်၊ ဘယ်လိုဖြစ်တာလဲ"

"ဖား ဖား"

"ဟာ၊ ဆရာဘွန်းကလည်း ဖားကြောက်ပြီးခုန်ချတာ ပွက်ထဲ ဖါရိုက်ပါလား ဗျ၊ ဟီးဟီး၊ ခုမှ ဆရာဘွန်း မဟုတ်တော့ဘူး ဆရာပွက်ကြီး ဖြစ်သွားပြီ ဟီးဟီး"

"ဟာဗျာ၊ ခင်ဗျားကြီးက တစ်မျိုး ဟို ဖား. . . ဖား လုပ်ပါဦး"

"ဘယ်မှာတုံးဗျ"

"ဟို၊ အိတ်. . . အိတ်ထဲဝင်"

မျက်နှာတွင် ရွှံ့အဖွေးသားနှင့် ဖြစ်နေသော ဇော်စကြာခမျာ ရှုံ့ရှုံ့မဲ့မဲ့ နှင့် ထရပ်ရင်း သူ့ကုတ်အင်္ကျီထဲ လက်ညှိုးတထိုးထိုး လုပ်နေသဖြင့် ကြာမိုး အိတ်ထောင်ထဲ နှိုက်လိုက်၏။

"ကွီ ကွီ"

"အောင်မလေးဗျ"

"မကြောက်ပါနဲ့၊ ဒီမှာ"

"ဟာ၊ မလုပ်. . . မလုပ်ပါနဲ့၊ ကျုပ်. . . ကျုပ်ကဖားဆို အသေကြောက် တာဗျ"

"သွေးနည်းလှချည်လား ဂျိမ်းပွက်ကြီးရယ် ဟီး ဟီး ဟူးဟူး"

"တော်စမ်းပါဗျာ"

ခြေကားယား လက်ကားယားနှင့် ထွက်လာသော ဖားကြီးကို ဇော်စကြာ ရဲရဲ မကြည့်ဝံ့၊ ပန်းညိုမှာ ဇော်စကြာကြီး အဖြစ်အပျက်ကိုကြည့်ရင်း တခွီခွီ နှင့် ဖြစ်နေ၏။

"ဘယ်လိုဖြစ်ပြီး အိတ်. . . အိတ်ထဲ ရောက်နေတာလဲ မသိဘူး"

"ဆရာပွက်၊ အဲလေ ဆရာဘွန်းကလည်း ဖားကချစ်လို့ ဖြစ်မှာပေါ့ဗျာ"

"ဟင်၊ ဖားတွေကချစ်ရင် ဒီလိုပဲ အိတ်ထဲဝင်တတ်လား"

"ဟုတ်ပ့ါဗျာ၊ တစ်ခါတစ်ခါ မြွေတောင် ဝင်ခွေ. . ."

"အောင်မလေးဗျ မလုပ်ပါနဲ့ဗျာ ကျုပ်က ဖားတွေ မြွေတွေဆို အသေကြောက် တာဗျ"

"ဒါဆို တီကောင်လည်း ကြောက်မှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



"အင်၊ ခင်ဗျားကြီးဗျာ"

"ကဲ ကဲပါဗျာ၊ ဆရာဘွန်းမျက်နှာက လကမ္ဘာဖြစ်နေပါပြီ။ ကြည့်မကောင်းတော့ပါဘူး။ ချောင်းရေနဲ့ ဆေးရအောင်"

ကြာရိုးနောက်သို့ ဇော်စကြာ တွန့်ဆုတ်တွန့်ဆုတ်နှင့် ပါသွားလေ၏။ ပန်းညိုမှာ ဇော်စကြာ၏မျက်နှာကိုကြည့်ကာ သဘောကျမဆုံးနိုင် ဖြစ်နေပေ၏။ ဇော်စကြာခမျာ ဖားနှင့် နှစ်ပါးသွားလိုက်ရသဖြင့် ချောင်းစပ်ရောက်သည် အထိ ထိတ်ထိတ်လန့်လန့် ဖြစ်နေပေ၏။

"ဆရာရေ့ ခုလို မိုးဦးကျခါနီးဆို ဖားက တအား ပေါ်တာဗျ"

"အင်၊ တကယ်လား"

"တကယ်ပေါ့ ဆရာရယ်၊ ဟို ရွှေနံ့သာဘုရားကုန်းဆို ဖား တအားပေါ်တာဗျ။ ဖားပြုပ်ကြီးတွေ၊ ဖားခုံညင်းတွေ၊ စားဖားကြီးတွေ တအား ပေါ်တာဗျ"

"ဗျာ၊ ခု ခုသွားမယ့် ဘုရားကုန်းမှာလား"

"ဟုတ်ပ"

"အင်၊ ဒါဆို သွားတော့ဘူးဗျာ"

"ဟာ၊ ဘယ်လို ဖြစ်သတုံး"

"ဟာ၊ သွားဘူးဗျာ"

"ဒုက္ခပါပဲ"

နှစ်ဦးသား စကားတပြောပြောနှင့် လှည်းအနားရောက်လာလေရာ ဇော်ကြာသည် ပန်းညိုကို မျက်နှာငယ်လေးနှင့် ကြည့်ရင်း ပြောလိုက်၏။

"ဟို၊ အဲအဲ ဟို မသွားတော့ဘူး ပန်းရယ်"

"ရှင်၊ ဘယ်လိုဖြစ်လို့တုံး"

"ဟို၊ ဖား. . . ဖားတွေ"

"အို၊ ဖားနဲ့ ဘုရားသွားဖူးတာနဲ့ ဘာဆိုင်လို့လဲ"

"နောက်. . . နောက်မှ သွားကြတာ. ."

"ကဲ၊ ဒါဆိုလည်း ပြန်မယ် ကိုကြာရိုး"

"ဗျာ"

"ရွာကိုပြန်မောင်းပေတော့"

"ဘယ်လိုဖြစ်တာတုံး ဆရာဘွန်းရယ်။ ဖားတွေကြောက်လို့လား"

"ဟုတ်၊ အဲ ဟုတ်ပါဘူးဗျာ။ ခေါင်းနည်းနည်း ကိုက်လို့ပါ"

"ဒါဆိုလည်း ပြန်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ရွှေနှံသာဘုရား မသွားတော့ဘဲ ရွာသို့ပြန်လှည့်ခဲ့ကြ လေ၏။ ကြာရိုးမှာ ဇော်စကြာ၏အဖြစ်ကိုတွေးကာ ရယ်ချင်လွန်းလှသဖြင့် ပြုံး ဖြစ်နေ၏။ ထိုအချိန်တွင် ဇော်စကြာခမျာ ပန်းညိုကို ရဲရဲတောင် မကြည့်ဝံ့ပါ။ သို့နှင့် ရွာထဲပြန်ရောက်လာလေရာ အိမ်လည်မှ ပြန်လာသော ဒေါ်တလုတ် မြင်သွား၏။

"ဟယ် ဘယ်လိုဖြစ်ကြတာတုံး။ စောစောက ထွက်သွားတာ ခုချက်ချင်း ပြန်လာကြပါလား"

"ဗျာ၊ ဟုတ်ကဲ့ ဟို ဖား. . ."

"အင်၊ ဘယ်က ဖားတုံး"

"ဟို၊ ဖား. . . ဖားတွေ"

"ဒီလို အစ်မရေ ကိုဇော်စကြာက ဖား တအားကြောက်တာ။ အဲဒါ ဘုရား ကုန်းမှာ ဖားတွေရှိလို့ မသွားရဲဘူးဆိုပြီး ပြန်လာတာ"

"အလိုတော်၊ မင်းလိုလူမျိုးက ဖားကြောက်တယ် ဟုတ်လား"

"ဟုတ်ကဲ့၊ အဲ ဟုတ်. . . ဟုတ်ပါဘူး"

"ဟင်၊ ဒါဆို ပန်းညိုပြောတာ. ."

"အလကားပြောတာပါ နိုးတလုတ်မရယ်။ ဟို ကျွန်တော့် ခြေထောက် တွေ ကိုက်. . ."

"ဟင်၊ ဆရာဘွန်းကလည်း စောစောကပြောတော့ ခေါင်းကိုက်လို့ ခုတော့ လည်း ခြေထောက်ကိုက်သွားပြန်ပြီ။ ကေန္တ ဖားတွေမြင်ပြီး ချောင်သွားပြီထင် တယ်"

"ဟာဗျာ"

ပြောပြောဆိုဆိုနှင့် အိမ်ဦးဘက်သို့ ထွက်ခဲ့ကြလေရာ ဒေါ်တလုတ်မခေ သူ့အထင်တကြီးရှိနေသော မြို့သားကြီး ဇော်စကြာ ဖားကြောက်သည်ဆိုသော သတင်းကြောင်း ရူးမိုနေ၏။ ထိုအချိန်တွင် ကြာရိုးမှာ နွားလှည်းဖြုတ်သိမ်း သည်နှင့် ဂျာအေးတို့လူစုရှိရာ မပြားကြီးဆိုင်သို့ ရောက်ရှိလာလေ၏။

"ဘယ်ယိုလဲ ကိုကြာရိုး။ ခင်ဗျား စီမံချက် အောင်မြင်ရဲ့လားဗျ"

"ဟား၊ အောင်ပွဲကွာ။ နေသား ကြောက်လိုက်တာ သေးလွှက်မတတ်ဘဲ ဘုရားတောင် မဖူးဘဲ ပြန်လှည့်လာသယော့ ဟီး ဟီး"

"လူတူးလူဆန်းပဲဗျ။ ကဲ ပြောစမ်းပါဦး"

"ဒီလိုကွာ"





ကြာရိုးက သူ့မဟာစီမံကိန်းအောင်မြင်မှုကို ပြောပြလေရာ ဂျာအေးတို့ သဘောကျ တဝါးဝါး ဖြစ်နေ၏။ ထိုအချိန်တွင် ဖားရိုက်မှပြန်လာသော ကိုဖျောက်ဆိပ် ကို ပလိုင်းကြီးနှင့် တွေ့လိုက်ရသဖြင့် ကြာရိုးက အကြံနှင့်လှမ်းခေါ်လိုက်၏။

"ဟား၊ ကိုဖျောက်ကြီးပါလားဗျ။ ဖားရိုက်က ပြန်လာတယ် ထင်ပ"

"ဟုတ်ပါ့ဗျာ။ အပုလေးလစ်တုန်း ဝင်တွယ်မလို့ဗျ"

"ဟုတ်လား၊ ဘယ်လိုလဲ ဖားတွေရရဲ့လား"

"ဟာ၊ ဒီတစ်ခါ ဖားကြီးတွေရတာဗျ"

"ဩော်၊ ကောင်းပါ့ဗျာ။ ဒါဆို ကျုပ် တစ်ခုပြောချင်တယ်"

"ဘာတုံးဗျ"

"ထိုင်ဦးလေဗျာ။ သောက်ရင်း ပြောကြတာပေါ့"

ဖျောက်ဆိပ်သည် ပလိုင်းကို ဘေးချလိုက်ပြီး တစ်ခွက်တစ်ဖလား ဝင်ရှို ယ်လေ၏။ ကြာရိုးသည် ဂျာအေးနှင့်ဆိတ်ဂုလားကို မျက်စိမှိတ်ပြီး ဖျောက်ဆိပ် ပြောလိုက်၏။

"ကိုဖျောက်ကြီး"

"ဘာတုံးဗျ။ အဟမ်း"

"ဒီလိုဗျာ၊ ဒေါ်တလုတ်မတို့အိမ်မှာရောက်နေတဲ့ ဧည့်သည်က ဖားဆို တအား ကြိုက်တာဗျ။ တစ်ကောင် သုံးရာတောင်ပေးမယ် ပြောနေတာဗျ။ အဲဒါ ခင်ဗျား သွားရောင်းပါလား"

"ဟင်၊ တစ်ကောင်သုံးရာ ဟုတ်လား"

"ဟုတ်ပ။ အကောင်ကြီးရင် ငါးရာတောင်ပေးချင်ပေးမှာ။ ဒီလူက အစိမ်း တောင် ဝါးစားမယ့်ပုံဗျ"

"တ. . . တကယ်လား"

"ဟာ၊ တကယ် ပြောတာပေါ့ဗျ။ ခင်ဗျား သွားရောင်းဝါလား"

"ရောင်းမယ်ဗျာ။ ကျုပ် ပလိုင်းထဲမှာ ဖားကြီးတွေ ဆယ့်နှစ်ကောင်တောင် ရှိတယ်ဗျ။ တစ်ကောင်သုံးရာပဲထား သုံးထောင့်ခြောက်ရာ မဆိုးဘူးဗျ။ ဆေးဖိုး အတွက် တွက်ချေကိုက်သေး"

"ဒါဆိုလည်း သွားလေ"

"နေပါဦး။ ဧည့်သည်နာမည်က ဘယ်သူတုံးဗျ"

"ဆရာဘွန်းတဲ့ အဲလေ နာမည်ရင်းက ဇော်စကြာ။ တချို့က ဆရာဘွန်းလို့ ခေါ်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဘွန်း ဟုတ်လား"

"ဟုတ်ပါ"

"ဟီးဟီး၊ ဒါဆို အပုလေးဆီပြန်ရင် ကျုပ်တော့ မျက်နှာပန်းလှပြီဗျို့"

"ကဲ၊ ဒါဆို မြန်မြန်သွားပေတော့"

"သွားပြီဗျို့၊ မသွားခင်လေး ဟဲဟဲ"

"ရော့ရော့ ချလိုက်ဦး"

"ကောင်းပါ့ကွာ"

ဖျောက်ဆိပ်တစ်ယောက် ဂျာအေးလက်ထဲမှ အရက်ခွက်ကိုယူ၍ ဂွပ်မော့သောက်လိုက်ပြီး ဒေါ်တလုတ်မအိမ်သို့ ချီတက်သွားလေ၏။ ဂျာအေး လူစုသည် မြန်မြန်သောက်လိုက်ကြပြီး နောက်မှ အသာလိုက်ခဲ့ကြလေ၏။

ထိုအချိန်တွင် ပလိုင်းကြီးလွယ်ကာ ပြုံးစိစိနှင့် စိတ်ကူး အယဉ်ကြီးယဉ်လျှောက်လာသော ဖျောက်ဆိပ်သည် ဒေါ်တလုတ်မတို့ အိမ်ဝိုင်းရှေ့ ရောက်လေ၏။ ထိုအချိန်တွင် အိမ်ရှေ့ကွပ်ပျစ်၌ ဒေါ်တလုတ်မ၊ ဇော်စကြာ၊ ပန်းညို ဝိုင်းဖွဲ့ထိုင်ကာ စကားစမြည် ပြောဆိုနေ၏။ ဖျောက်ဆိပ်သည် သူတို့လူ ပြုံးစိစိကြည့်ရင်း အိမ်ဝိုင်းထဲသို့ ရင်ကော့၍ ဝင်လာ၏။ ဒေါ်တလုတ်မသည် အိမ်ဝိုင်းထဲဝင်လာသော ဖျောက်ဆိပ်ကို မှုန်ကုပ်ကုပ်ကြည့်ရင်း မေးလိုက်

"ဟဲ့၊ ဘာကိစ္စတုံး ဖျောက်ဆိပ်"

"ဩော်၊ ဇီမှာ မြို့ကဧည့်သည် ရောက်နေတယ်ဆို"

"ဟုတ်ပါ့၊ ဘာကိစ္စတုံး၊ ဟောဒီမှာလေ၊ နာမည်က ဇော်စကြာတဲ့"

"ဟုတ်လား၊ အဲ ဟုတ်ပြီ၊ ဆရာဘွန်း မဟုတ်လား"

"ဗျာ"

"ဘယ်က ဆရာဘွန်းလဲ"

"ဟို၊ အဲ ဟိုလူ ပြောလိုက်တာလေ"

"ဘာကိစ္စတုံးဗျ၊ မြို့ကဧည့်သည်ဆိုတာ ကျုပ်ပဲဗျ"

ဇော်စကြာက ရင်အုံကြွက်သားကြီးကို ညှစ်ထုတ်ပြီးထရပ်ရင်း ပြော၏။ ကုပ်ချောင်းကုပ်ချောင်း ဝင်လာသော ဖျောက်ဆိပ် မယုံမကြည် ကြည် ခပ်မာမာနှင့် ပြောလိုက်၏။

"ဩော်၊ ဒါဆို ခင်ဗျားကဲ ဆရာဘွန်းလား"

"ဘယ်က ဆရာဘွန်းလဲ၊ ကျုပ်နာမည် ဇော်စကြာ"

"အဲ၊ ဟုတ်ပြီ၊ ဟို ဆရာက ဖား"



"ဗျာ"

"ဟို ဖားဆို အစိမ်းလိုက် ဝါးစားတယ်ဆို"

"ဘာဗျ၊ ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"ဟို၊ ဒီ ဒီလိုပါ၊ ဆရာဘွန်းက ဖားဝယ်ချင်လို့ဆို"

"ဟော့လူ ခင်ဗျား . . ."

"ဒီမှာကြည့်ပါ ဆရာ၊ ကျွန်တော့်ဖားတွေက အကောင်လည်း ကြီးတယ်၊ ခုတင် ရိုက်လာတာ"

"ဟာ၊ ဟော့ ဟော့လူ သွားစမ်း"

"ဘာဖြစ်တာတုံး ဆရာဘွန်းရဲ့၊ ဆရာဘွန်းပဲ တစ်ကောင်သုံးရာဝယ်မယ် ဆို"

"အာ၊ ဒုက္ခပါပဲ"

"ဒီမှာကြည့်ပါဦး"

"အောင်မလေးဗျ"

"ဟာ၊ ဘယ်လိုဖြစ်တာတုံး"

"ဟဲ့၊ ဖျောက်ဆိပ်"

"ဗျာ၊ ဘာလဲ ဒေါ်တလုတ်မ"

"ဘယ်သူက နင့်ကိုလွှတ်လိုက်တာလဲ ပြောစမ်း"

"ဟို၊ သူ ကျွန်တော်"

"ယူသွားစမ်း နင့်ဖားတွေ"

"ဗျာ၊ ဟို ဆရာဘွန်း မဝယ်တော့ဘူးလား"

"မဝယ်ဘူး၊ ကြည့်လည်း မကြည့်ချင်ဘူး သွား သွား"

"ဗုဒ္ဓေါ၊ ဖားတောင် ဒီလောက်ဖြစ်နေရင် မြွေဆို ချက်ချင်း တက်သွားနိုင်တယ်"

"သွား သွား မြန်မြန်သွား"

ဇော်စကြာမှာ ဖားဟု ဆိုလိုက်သည်နှင့် ကွပ်ပျစ်ပေါ် တက်ပြေးသွား၏။ ပန်းညိုမှာ ထိုအဖြစ်ကိုကြည့်ပြီး တခွီးခွီး ဖြစ်နေ၏။ ဒေါ်တလုတ်မကြီးခမျာမှာ တော့ သူရဲဘောကြောင်လွန်းလှသည့် သမက်လောင်းကိုကြည့်ကာ စိတ်အချက် ကြီး ပျက်နေ၏။

ထိုအချိန်တွင် မူးတူးတူး ကြောင်တောင်တောင်နှင့် ဒေါ်တလုတ်မအိမ် ဝိုင်းထဲမှ ထွက်လာသော ဖျောက်ဆိပ်ခမျာ ရှုံးသည်အပုလေးနှင့် ထိပ်တိုက်တိုး



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။ အပုလေးမှာ ဖျောက်ဆိပ်နှင့် ဒေါ်တလုတ်မ စကားပြောသည် ကိုပင် သဝန်တိုသူဖြစ်ပေရာ ယခုလို အိမ်ဝိုင်းထဲမှ ထွက်လာသည်ကို မြင်လိုက် သဖြင့် အကြီးအကျယ် ပေါက်ကွဲလေတော့၏။

"ကိုရင်ဖျောက်"

"ဟင်၊ အပုလေး"

"ဒါက ဘာအချိုး ချိုးသတုံး"

"ဘာ ဘာအချိုးလို့လဲကွ"

"ရှင် ဟိုမုဆိုးမကြီးအိမ်ဝိုင်းထဲ ဘာဝင်လုပ်တာလဲ ပြောစမ်း"

"ဖားဝင်ရိုက် အဲ ဟိုကွာ"

"ရှင်နော် ကျုပ် မကြိုက်ဘူးလို့ ပြောထားတာ မမှတ်ဘူးလား"

"ဟာ၊ ရှင်မကလည်းကွာ။ ငါ ဖားဝင်ရောင်းတာပါကွ"

"ဘာ၊ ရှင့်ကို ဘယ်တုန်းက မှာဖူးလို့လဲ"

"ဩော်၊ သူတို့က ဝယ်မယ်ပြော. . ."

"တိတ်စမ်း၊ ရှင်က ကျွန်မကို ဘူးသီး ခဝဲသီးများ အောက်မေ့နေသလား ပြောစမ်း"

"အင်၊ မဟုတ်တာကွာ။ မင်းပုံစံက ဘူးသီး ခရမ်းသီးနဲ့ မတူပါဘူး။ ရှု မယ့်တူ အာတာလွှတ်"

"ဘာ၊ ရှင်က ကျုပ်ကို မှိုချိုးမျှစ်ချိုးပြောရဲတယ်ပေါ့ ဟုတ်လား၊ လာစမ်း"

"အားလား မဟုတ်ရပါဘူးကွာ"

အပုလေးတစ်ယောက် သူ့ကို အာတာလွှတ်နှင့်တူတယ် ပြောလိုက်သဖြင့် အကြီးအကျယ် ဝုန်းဆန်သွားလေတော့သည်။ ဖျောက်ဆိပ်၏ ဗိုက်ခေါက်ကို အတင်းလိမ်ကာ အိမ်သို့ ဆွဲခေါ်သွားလေ၏။ ဖျောက်ဆိပ်ခမျာ မျက်နှာကြီး ရှုံ့တွတွနှင့် အော်ရင်းဟစ်ရင်း လိုက်ပါသွား၏။

ထိုအချိန်တွင် ပုန်းကွယ်စောင့်ကြည့်နေကြသော ဂျာအေးတို့လူသိုက်မှာ တဝါးဝါး တဟားဟားနှင့် သဘောကျနေလေရာ သူတို့အသံကြောင့် ဒေါ်တလုတ် မကြီး အိမ်ဝိုင်းထဲမှ ခါးကြီးထောက်၍ ထွက်လာလေ၏။

"ဟဲ့၊ ဘယ်သူတွေတုံး။ တခွီးခွီး ရယ်နေကြတာ"

"ကျွန်တော်မဟုတ်ဘူး ရီးတလုတ်မရေ၊ ဟို ကိုကြောနိုးဗျာ ကိုကြောနိုး"

"ဟင် ဂျာအေး"

အသံကြားလိုက်ရသည်နှင့် ဒေါ်တလုတ်မ ခြံရှေ့ဘက်သို့ ခေါင်းတည်





ခေါင်းတည်း ထွက်လာလေ၏။ ထိုအချိန်တွင် ဂျာအေးတို့လူသိုက် ခြံအနားမှ တစ်ချိုးတည်း လစ်ပြေးကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မြို့သားကြီး ဇော်စကြာမှာ ရွာတွင် ဖားတွေပေါလှသဖြင့် အိမ်ဝိုင်းအပြ
တောင် မထွက်ဘဲ ဖြစ်နေရှာ၏။ ဒေါ်တလုတ်မမှာ သူ့သမက်လောင်း အာ
နည်ကြီးကိုကြည့်ပြီး မချင့်မရဲ ဖြစ်နေရှာ၏။

"ဘယ်လိုဖြစ်တာတုံး မောင်စကြာရယ်။ ဖားတွေကို ဘာလို့များ ဒီလော
ကြောက်နေရတာလဲကွယ့်။ မင်းဗလကြီးနဲ့ ကျားတောင်အမြီးဆွဲပြီး ကိုင်ပေ
နိုင်တဲ့ဟာကို"

"ဟုတ် ဟုတ်ကဲ့၊ ဟို ကျွန်တော်က ဖားဆို ငယ်ငယ်ကတည်းက ကြော
တတ်တာ ရီးတလုတ်မရဲ့။ အဲ ကျားဆိုလာခဲ့ အမြီးဆွဲပြီး စကြဝဠာအပြင်
လွှင့်ပစ်ရဲပါတယ်ဗျာ"

"အလိုတော်၊ တကယ်လား"

"ဟာ၊ ရီးတလုတ်မကလည်း ကျွန်တော်က ကရာတေးပညာမှာ ခါးပ
"အနက်တောင် ရပြီးသားဗျ"

"ဟင် ခါးပတ်နက်၊ ဒါဆို ဝိဇ္ဇာပေါ့"

"ဗျာ၊ ဘယ်က ဝိဇ္ဇာလဲဗျ"

"ဟိုလကွယ် ဇော်ဂျီ တပသီဆိုတဲ့ ဝိဇ္ဇာတွေမှာလည်း ခါးပတ်ပါ
ကွယ့်"

"အဲ၊ ဟုတ် ဟုတ်တယ်။ အဲဒီ ဇော်ဂျီတွေလိုပေါ့"

"ဒါဆို ဆေးကြိမ်လုံးကရော"

"ဗျာ ဆေးကြိမ်လုံး၊ ဘာလဲ ရီးတလုတ်မရဲ့"

"ဟိုကွယ်၊ ပျောက်စေလုပ်လို့ရတာပေါ့။ တုတ်နီကလေးလေကွယ်"





"အဲ ဟို ဟဲဟဲ အဲဒါတော့ မကိုင်ရဘူးဗျ"

"ဟင်၊ ဒါဆို မောင်ဇော်စကြာက ဆေးကြိမ်လုံးမပါတဲ့ ဝိဇ္ဇာရှင်ပေါ့"

"ဟာ၊ ရှုပ်ကုန်ပြီဗျာ။ ဟဲဟဲ ဒီလောက်နဲ့ စကားဖြတ်ထားတာ ကောင်း
ပါတယ် ရီးတလုတ်မရယ်။ ဟဲဟဲ ကရာတေးနှင့်ဇော်ဂျီတွေ ရှုပ်ကုန်ပြီဗျ"

"အို၊ ဘယ်နှယ့်ဟာတုံး။ ဟို ကရာနီ အဲလေ အဲဒီ ကရာဂျီ ဟုတ်လား"

"ဟာ မှားကုန်ပြီ၊ ကရာတေးဗျ။ ဒီပညာက နိုင်ငံခြားက လာတာဗျ။
ဂျပန်မှာ တအား နာမည်ကြီးတာဗျ"

"အင်၊ နိုင်ငံခြားကလာတာ ဟုတ်လား"

"ဟုတ်တယ်ဗျ။ ကျောက်တုံးကြီးတွေ ရေခဲတုန်းကြီးတွေကိုတောင် ခွဲပစ်
လိုက်နိုင်တာဗျ"

"အလိုတော် အံ့ရောပဲ၊ ဒါဆို တို့ရွာပေါ် တံချီချီ လိမ့်တက်လာတဲ့ လှိုင်း
လုံးကြီးတွေကို မောင်ဇော်စကြာ ရိုက်ခွဲပစ်လိုက်နိုင်တယ်ပေါ့"

"ဗျာ၊ ဒါကတော့ မလွယ်ဘူးဗျ။ ဟို အဲ ကျွန်တော်က. . ."

"ဟင်၊ သမီးလေးပါလား။ ဘယ်က ပြန်လာတာလဲကွယ့်".

"ရွာထဲကပါ အစ်မ"

"ဪ၊ လာလေ ညည်းအစ်ကိုနဲ့ စကားပြောဦးလေ"

ပန်းညိုကလေးရောက်လာမှ ဇော်စကြာတစ်ယောက် အသက်ရှူပေါက်
ချောင်သွား၏။ ဒေါ်တလုတ်မကတော့ ဇော်စကြာအဖြေက မရေရာလှသဖြင့်
စိတ်ထဲ သိပ်မတွေ့လှပါချေ။ ပန်းညိုကြောင့် စကားပျက်သွားရသည်မို့ လိပ်ခဲ
တည်းလည်း ဖြစ်နေပေ၏။

"ဘယ်သူ့အိမ်က ပြန်လာတာလဲ ပန်းရယ်"

"ရီးလေး ဒေါ်ဆုံ့ဆီက ပြန်လာတာလေ။ သန်ဘက်ခါ အလှူလုပ်မှာမို့
ပြင်ဆင်လုပ်ပေးနေတာ"

"ဘာအလှူလဲ ပန်းရဲ့"

"ရှင်ပြုလေ၊ အငြိမ့်လည်း ပါတယ်"

"ဟင် ဟုတ်လား။ ဒါဆို မပြန်ခင်ကြည့်သွားမှ။ မြို့မှာ အငြိမ့်ဆိုတာ
ကြည့်ချင်လို့တောင် ကြည့်ရတာ မဟုတ်ဘူး"

"ရှင်၊ ဒါဆို မနက်ဖြန် မပြန်တော့ဘူးပေါ့"

"အင်၊ ဘာလဲ ပန်းက ကိုယ့်ကိုပြန်စေချင်ပြီလား"

"ဒီလို မဟုတ်ပါဘူး ကိုဇော်စကြာရယ်။ ဟို ကြာရင် ပျင်းသွားမှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ပန်း ရှိနေသ၍ ကိုယ်မပျင်းပါဘူး။ ပန်းဟာ ကိုယ့်အတွက် ကြည်နူးစရာ ရင်ခုန်စရာ ချမ်းမြေ့စရာ အိုဗျာ. . ."

"ဖလပ် ဖလပ်"

"အောင်မလေးဗျ၊ ဟာ၊ အရေးထဲ အဲဒီကြက်ကလည်း. ."

"ကော် ကော်"

"မလုပ်ပါနဲ့ ကိုဇော်စကြာ။ ဒါ ကျွန်မရဲ့ ရွှေဖလားကြီးပါ"

"အင်"

သူတို့ကြား ရုတ်တရက် ဝင်လာသော ရွှေဖလားကြီးကို အတင်း မောင်းထုတ်ချေရာ ပန်းညှိတစ်ယောက် မကျေမချမ်း ဖြစ်သွား၏။ ထိုစဉ် ရွှေဖလားကြီးမှာ ကွပ်ပျစ်ပေါ်မှ ဇော်စကြာကြောင့် ခုန်ဆင်းလိုက်ရသည်ကို မကျေနပ်၊ တကော်ကော် အော်ရင်း ဇော်စကြာကိုရန်လုပ်ကာ ကွပ်ပျစ်ပေါ် အော်ဟစ်ကာ ခုန်တက်လိုက်ပြန်၏။

"ဟာ၊ ဒီကြက်ကြီးက"

"ဖလပ် ဖလပ် ဖောင်း"

"အောင်မလေး ခွပ်တယ်ဗျ"

"ဟဲ့၊ ရွှေဖလား"

"ကော် ကော် ကော်"

"ရှူးရှူး ဟာ ဒုက္ခပါပဲကွာ"

ရွှေဖလားကြီးက ကွပ်ပျစ်ပေါ်မှ မဆင်း၊ သူ့ကို ရန်တစောင်စောင် လုပ်နေသဖြင့် ဇော်စကြာတစ်ယောက် သူပြောချင်လှသည့် ချစ်စကားများ မပြောရတော့ဘဲ ဆန့်ငင်ဆန့်ငင်နှင့် ကွပ်ပျစ်ပေါ်မှ ဆင်းသွားရလေ၏။ ထိုမြင်ကွင်းကို ကြာရိုး တစ်နေရာမှကြည့်ရင်း တဟီးဟီးနှင့် ကြိတ်ပြီး ရယ်မောရာ မီးဖိုဆောင်ဘက်သို့ ထွက်လာသော ဒေါ်ဘလုတ်မ မြင်သွား၏။

"ဟဲ့ ကြာရိုး ဘာတွေ ရယ်နေတာတုံးဟဲ့"

"ဩော်၊ ဒေါ်ဘလုတ်မရဲ့ ရွှေသမက်ကြီး ဆရာဘွန်း အဖြစ်ကိုပါ"

"ဟင် ဘယ်က ဆရာဘွန်းလဲဟဲ့"

"ဩော် ကိုဇော်စကြာလေ၊ သူ့ခမျာ ဖားကြောက်ရတာနဲ့ ကြက်ကြောက်ရတာနဲ့ ဗလနဲ့လူနဲ့ မလိုက်ပါလား"

"အဲဒါ နင်ပြောစရာ မလိုဘူး။ ငါ့သမက်ကြီးက ဘာလဲ ကရာနီဟဲ့။ ခါးပတ်အနက် ရထားတာနော်။ သူပြောတာ ကျားတောင်အမြီးဆွဲပြီး လွှင့်ပစ်နိုင်တာဟဲ့"

"ဗျာ ကရာနီ၊ ဘာလဲ ကြားတောင် မကြားဘူးပါလား"

"အို၊ ဇော်ဂျီတို့ ကပသီတို့လိုပဲဟဲ့၊ ခါးပတ်နက်နဲ့တဲ့။ သူက ဆေးကြိမ်လုံးမကိုင်တာ တစ်ခုဘဲရှိတယ်။ ပြီးတော့ အဲဒီ ကရာနီဆိုတာ နိုင်ငံခြားက လာတာတဲ့။ နင် ရုတ်ရုတ်သဲသဲ သွားမလုပ်နဲ့နော်။ တော်ကြာ အမြီးဆွဲပြီး လွှင့်ပစ်လိုက်မှာ"

"ဗျာ ဘယ်က အမြီးလဲ။ ဟာဗျာ ဒေါ်ဘလုတ်မကလည်း လူစင်စစ်ကမျောက်ဖြစ်သွားပြီဗျ။ အင် အဲဒီ ကရာနီဆိုတာ ဘာပါလိမ့်။ နိုင်ငံခြားက လာတာတဲ့၊ ဆေးကြိမ်လုံး မကိုင်ဘူး၊ ပြီးတော့ ဇော်ဂျီတာပသီလိုပဲတဲ့ ထူးဆန်းလိုက်ပ"

ကြာရိုးမှာ ဒေါ်ဘလုတ်မအပြောကြောင့် တစ်ယောက်တည်း အူတိအူကြောင် စဉ်းစားနေ၏၊ စိတ်ထဲတွင် ဒေါ်ဘလုတ်မ၏ စကားကို ဇဝေဇဝါဖြစ်နေ၍ ဇော်စကြာကို တစ်နေ့နေ့ မေးမည်ဟု ကြုံးဝါးထားလေ၏။

သို့နှင့် ရွာထဲတွင် ဒေါ်ဘလုတ်မ၏ညီမ ဒေါ်ဆုံ၏ အလှူပွဲ ကျင်းပလေသည်။ အငြိမ့်ပွဲပါဝင်မည်မို့ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ ဂျာဇအေးတို့လူသိုက်မှာလည်း အငြိမ့်ပွဲကြည့်ဖို့ အားတက်သရော စိုင်းပြင်းနေကြပေ၏။

အငြိမ့်က မန္တလေးအငြိမ့်ဖြစ်ပြီး အငြိမ့်ပွဲကြည့်ချင်လှသည်မို့ အငြိမ့်စင်ရှေ့ဘေးအခြမ်းတွင် ထိုင်ခုံများ ချထားပေ၏၊ ဇော်စကြာမှာ အငြိမ့်ပွဲကြည့်ရသည်ကို အောက်လှသည်ဟု ထင်နေပေ၏။ သို့သော် ပန်းညှိလေးနှင့် တွဲကြည့်မည်ဆိုတော့လည်း အောက်တာ မအောက်တာ ဘေးချိတ် စိတ်ထဲ ကြည်နူးနေမိတာ အမှန်ပင်။

သို့နှင့် ညဦးပိုင်းအရောက်တွင် ဆိုင်းသံ၊ ဗုံသံများ တစ်ရွာလုံး မြိမ့်မြိမ့်သဲ အဆာလာပေ၏။ ပရိသတ်များမှာလည်း တဖွဲဖွဲရောက်ရှိလာပေ၏၊ အခြားအခြားသော ရွာများမှလည်း ပွဲကြိုက်ပရိသတ်အချို့ လှည်းတွေ နွားတွေနှင့် ရောက်ရှိလာ၏။

အငြိမ့်စင်၏ အရှေ့ဘက်လမ်းတွင် မီးခွက်ထွန်း၍ စုံစီနဖာ ရောင်းချနေသော ဈေးသည်များလည်း အစီအရီပေါ်လာပေ၏၊ ဂျာဇအေးတို့လူသိုက်မှာ ဈေးတန်းကြား တိုးတိုးခွေ့ခွေ့ ဝင်ခဲ့ကြ၏၊ ဆိုင်းသံ ဗုံသံများကလည်း ရွာသား၏ နှလုံးသားကို ဖမ်းစား တီးခတ်နေလေ၏၊

"ဟေ့ကောင် ဂျာဇအေး"

"ဟာ၊ ကိုကြာရိုး ဘာတုံးဗျ၊ ပွဲမကြည့်သေးဘူးလား"







www.burmeseclassic.com

www.burmeseclassic.com

"ဟာ၊ ကြည့်မှာပေါ့ကွာ။ ဟို မင့်ကောင်မလေး. . ."

"ဟင်၊ ပန်းညို ဘာဖြစ်လို့လဲဗျ"

"ဪ၊ ဘာမှမဖြစ်ပါဘူး။ သူက ဟို ကရာနီကြီးနဲ့ တွဲကြည့်မှာနော်"

"ဗျာ၊ ဘယ်က ကရာနီကြီးလဲဗျ"

"ဪ၊ ဆရာဘွန်းလေကွာ။ မြို့သားကြီး ဇော်စကြာလေ"

"အင်၊ တကယ်လား"

"တကယ်ပေါ့ကွာ။ မယုံရင် ပွဲထဲသွားကြည့်ပါလား"

"တောက်၊ ရာရာစစကွာ"

ဂျာအေးမှာ ကြာနိုးအပြောကြောင့် အကြီးအကျယ် ပေါက်ကွဲသွားသေ
၏။ ထို့ကြောင့် ဆိတ်ကုလားတို့လူစုခေါ်ကာ ပွဲထဲသို့ ဝင်ခဲ့ကြလေ၏။ ဆိုင်းသ
ဗုံသံ၊ ဇော်သံ၊ ဟစ်သံများက ပွဲခင်းထဲ ပွက်လောညံနေ၏။ ရွှေအိုရောင် တ
လိပ်ကြီးက တအိအိဟာသွားကာ မင်းသမီးလေးနှင့် လူပြက်ကြီးများ ထွက်လာ
မင်းသမီးလေးသည် မြစိမ်းရောင် ထိုင်မသိမ်းထဘီလေးနှင့် အလွန်တရာ လိုက်
လှပြီး ခေါင်းပေါ်တွင်လည်း ပန်းတွေဝေနေ၏။ အသံကလေးက သာယာလှ
ဆိုင်းချက်နှင့်အညီ ကလိုက်ခုန်လိုက် သီချင်းဆိုလိုက်နှင့် မမောနိုင်အော
ဖြေဖျော်နေပေ၏။

ပရိသတ်ကြီးမှာလည်း လက်ခေါက်မှုတ်သံ၊ လက်ခုပ်လက်ဝါး တီးသံမျ
ဖြင့် ဆူညံစွာ အားပေးနေကြ၏။ ထိုအချိန်တွင် ဂျာအေးတို့လူသိုက်မှာ ပွဲကြ
စင်၏ ညာဘက်ခြမ်းသို့ ရောက်ရှိသွားကြလေ၏။ ဂျာအေးသည် ပန်းညို
ဟိုဟိုဒီဒီ လှည့်ပတ်ရှာဖွေရာ ရှာ၏ ဘယ်ဘက်ခြမ်းထောင့်တွင် ထိုင်ခုံနှင့်ထိုင်
သည်ကို တွေ့လိုက်ရလေ၏။ သူ့နံဘေးတွင် အနောက်တိုင်းဝတ်စုံကို သပ်ရပ်
ဝတ်ဆင်ထားသော မြို့သားကြီးဇော်စကြာ ထိုင်နေ၏။ ဇော်စကြာဘေးမှာတော့
ပန်းညိုနှင့် မိခင် ဒေါ်တလုတ်မ ထိုင်နေ၏။

ထိုမြင်ကွင်းကိုကြည့်ရင်း ဂျာအေးတစ်ယောက် အသည်းတွေ ဆတ်ဆ
ခါ လှုပ်ရှားနေပေ၏။ မေးကြောကြီးများကြိတ်ကာ ဇော်စကြာကို မျက်စောင်း
တခဲခဲနှင့် လှမ်းကြည့်နေပေ၏။

"တောက်၊ ရာဇဝင်ရိုင်းလိုက်တာကွာ"

"ဘာတုံး ဂျာအေးရ"

"ဟိုမှာလေ၊ ပန်းညိုဘေးနားမှာ ဟိုငတိကြီးထိုင်နေတာ မတွေ့ဘူးလား"

"ဟာ၊ ဟုတ်ပါ့ကွာ။ ငတိကြီးက ပွဲကြည့်တာ မဟုတ်ဘူးကွ။ ပန်းညိုသေ





ကိုပဲ လှည့်လှည့်ငမ်းနေတာကွ၊ လွန်ပါ့ကွာ"

"အသည်းယားလိုက်တာကွာ။ ဟင်းဟင်း. . . မှော့ကောင် ဆိတ်ကုလား"

"ဘာတုံးကွ"

"မင်းလက်ထဲက ပြောင်းဖူးပေးစမ်းကွာ"

"ဟာ၊ မကုန်သေးဘူးကွ"

"ပေးစမ်းပါကွာ။ ငါ့လက်သံ ဘယ်လောက်ပြောင်သလဲဆိုတာ ကြည့်နေ"

"ဟင်၊ ဘာလုပ်မလို့လဲ"

"ကြည့်လေကွာ။ ကဲကွာ ထိရော့လဟယ်"

"ဝှစ် ဝှစ်"

"ထောက်"

"အောင်မလေးတော့ ကွဲပါပြီ"

"အို၊ အစ်မ အစ်မ"

"ဟာ၊ ဒုက္ခပါပဲ"

"တည့်လိုက်တဲ့လက်ကွာ။ ပစ်တာ သမက်လောင်း၊ ထိတော့ ယောက္ခမ
လောင်းနဖူး"

"ဘယ်သူ လက်ကမြင်းတာလဲကွ။ ပြောကြစမ်း"

"ဟင်၊ ဟိုငတိကြီး ထကဲနေပါလား"

"အောင်မယ်၊ ကျောက်ကြီး ပေးစမ်း ပေးစမ်း"

"ဘာလဲ ဆိတ်ကုလား"

"ပြောင်းဖူးလေကွာ"

"ဟာ၊ ဒီမှာ စားလို့ကောင်းနေတာ"

"ပေးစမ်းပါကွာ။ ကဲ လာလေရော့"

"ဝှစ်"

"ဖောက်"

"အောင်မလေးဗျာ"

"ဟဲ့၊ ငါ့သမက်လောင်း ဘယ်သူပစ်သတုံး"

"ဟာ၊ ရိုးတလုတ်မ ကြမ်းပြီယော့၊ လစ်စို့ ဆိတ်ကုလားရေ"

"အေးကွ"

အခြေအနေက ပေါက်ကွဲလုလု အခြေအနေဖြစ်နေ၍ ဂျာအေးတို့လူ
သိုက် လူအုပ်ကြားထဲမှ ကုပ်ချောင်းတုပ်ချောင်းနှင့် ထွက်ခဲ့ကြလေ၏။ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



တလုတ်မမှာ သန္နဖူးဘုထွက်ကာ ခါးကြီးတထောက်ထောက်နှင့် ပွဲကြမ်းနေပေ၏။ ထိုအချိန်တွင် အငြိမ့်စင်ပေါ်မှ လူပြက်ကြီးလေးဦးကလည်း ပြက်လုံး အမျိုးမျိုးထုတ်နေပေရာ ပရိသတ်ကြီးမှာ တဝါးဝါးနှင့် ပွဲကျနေပေတော့၏။ ဒေါ်ထ လုတ်မမှာ အသံဝလံကွဲအောင် အော်ဟစ်ရင်း လက်သည်ကို လိုက်ရှာနေ၏။

ဇော်စံကြာမှာလည်း ပွဲခင်းထဲ လူမိုက်ထလုပ်ကြည့်ရာ ဆိတ်ကုလား ပြောင်းဖူးလက်ချက်နှင့် နှာသီးဖျား ရောင်ရမ်းသွားသဖြင့် ထိုင်ချလိုက်ရလေ၏။ ဂျာအေးတို့လူသိုက်မှာ ပွဲခင်းအပြင်သို့ ရောက်သည်နှင့် တဝါးဝါးနှင့် ပွဲကျ လေ၏။

"ဂျာအေး မင်းလုပ်ပုံကတော့ ပြဿနာ မီးမွှေးလိုက်တာပဲကွ"

"အေးကွ။ ငါလည်း မှန်းပစ်တာပဲကွ။ ထိတော့ ရီးတလုတ်မ ထိတာ ကပ်ပေါ့ကွာ ဟဲဟဲ"

"ဒါပေမယ့် ငါက မင်းထက် လက်မှန်းတည့်ပါတယ်ကွ။ ဟိုင်ကော်နဖူး ဒါရိုက်ပဲပေ့"

"ဟားဟားဟား"

"မကောင်းပါဘူးကွာ။ ဒီကိစ္စ ငါဟော့ သဘောမကျဘူးကွ"

"ဟင်၊ ဘာဖြစ်လို့လဲ ကျောက်ကြီးရ"

"ဘာဖြစ်ရမှာလဲကွ၊ ဒီကိစ္စမှာ ဂျာအေး တရားခံပဲကွ"

"ဟင်၊ ဘာဖြစ်လို့တုံး စာတိုင်ညို့ရ"

"ဒီလိုလေကွာ၊ နဂိုလမ်းမသိတော့ အယူမှားအဖြစ် ကြုံသတဲ့။ အဲ တိုး စွမ်းမရှိတော့ သူတစ်ပါး အပြစ်ပုံသတဲ့ကွ"

"ဟင်၊ ဘာလဲ"

"ဘာလဲဆိုတော့ ခုဥစ္စာ ဂျာအေးဟာ ပန်းညိုကို သူဘက်ပါအောင် မစည်းရုံးနိုင်ဘူး၊ ဒီတော့ ဟိုင်ကော်ကြီးကဂ်ဘဲကိစ္စ မင်းတို့ သောကဖြစ်စရာ လိုဖြစ်စရာ မလိုဘူးကွ၊ တကယ်တမ်း ပြောရရင် မင်းတို့လုပ်တာ အနာတ ဆေးတမြား ဖြစ်နေပြီ"

"အဲ၊ ကျောက်ကြီးတ ဒီလိုတော့လည်း မှန်သားကွ"

"ငါတကယ်ပြောတာ ဆိတ်ကုလား၊ တကယ်တမ်း ကြိုးစားရမှာက ဂျာ အေးပဲ၊ သူ့ပဟဲ့ပန်းကလေးတစ်ပွင့်ဆီ ပျားပိတုန်းတွေ လာကြမှာပဲကွ၊ ခင် ငါ့ဥစ္စာ သူ့ဥစ္စာ လုပ်လို့မရဘူးလေ၊ အရေးကြီးတာက ကိုယ်ဘယ်လောက် အစွမ်းအစရှိသလဲ ဆိုတာပဲကွ"





www.burmeseclassic.com

www.burmeseclassic.com



"အင်"

ကျောက်ကြီး၏ ချက်ကျကျပြောလိုက်သော စကားကြောင့် ကျာအေးခမျာ မျက်နှာကြီး ရှုံ့တွသွား၏။ မမှန်ဘူးဟု၍လည်း မပြောသာတော့၊ ကျောက်ကြီး ပြောသလို သူ ပန်းညိုကို စည်းရုံးဖို့နေနေသာသာ ချစ်စကားပင် မပြောဆိုရသေး။ ထိုအတွေးကြောင့် စိတ်တွေ မရိုးမရွ ခံစားနေရပေ၏။

"ဟုတ်တယ်။ ဒီကိစ္စမှာ ငါအတော်ညံ့ပါလား ဆိုတာ သိပြီကွ"

"အဲဒါဆို မင်းဘာလုပ်မလဲ ကျာအေး"

"ငါ ပန်းညိုကို ရည်းစားစကား ပြောမယ်ကွာ၊ ဘယ်လိုလဲ"

"ဘယ်လိုပြောမှာလဲ၊ ဘယ်မှာပြောမှာလဲ"

ဆိတ်ကုလားအမေးကို ကျာအေး ဘာပြောလို့ပြောရမှန်း မသိ၊ စိတ်ထဲ အူလည်ချာလည် ဖြစ်နေ၏။ အမှန်တကယ် နင်လားငါလား ပြောကြဆိုကြ မည်ဆိုတော့လည်း ကျာအေး သွေးကြောင်နေပေ၏။

"ဟို. . . ဟိုဗင်းကွာ၊ ငါ ပန်းညို အသွားအလာကို ချောင်းမှာပေါ့ကွ၊ လစ်တာနဲ့ ပြောမယ်ကွာ"

"တစ်ခုတော့ရှိတယ် ကျာအေး"

"ဘာလဲကွ ကျောက်ကြီး"

"ဒီလိုရှိတယ်ကွ"

ကျောက်ကြီးပုံစံက ပဏ္ဍိတကိုက်ဆိုက် ဖမ်းနေ၏၊ မုတ်ဆိတ်မွေး တိုနံ့နံ့ ရှိနေသော မေးစေ့ကို ပွတ်သပ်၍ ပြောလိုက်၏။

"အချစ်ဆိုတဲ့ သဘောသရုပ်က တောခုတ်သလိုပဲကွ"

"ဟေ၊ ဘယ်တော ခုတ်ရမှာလဲကွ"

"ဒီလိုလေကွာ၊ တောခုတ်တဲ့အခါမှာ အကိုင်းအခက်၊ အရွက်အလက်တို့ အရင်ရှင်းရတယ်ကွ။ ပြီးမှ ပင်စည်ကို ချိုင်ရတယ်တဲ့"

"အင်၊ ဒါဆို ပန်းညိုဟာ ဘာလဲ၊ အကိုင်းအခက်သား ဒါမှမဟုတ် ဒေါ်တလုတ်မကကော ဘာလဲ"

"အဲဒီသဘောကို ငါမပြောချင်ဘူးကွ"

"အင်၊ မင်းစကားတွေတာလည်း တယ်လည်း တိုးပါလားကွ"

"ဟိုကွာ၊ တစ်ခါတစ်ခါ ရှုပ်နေတာတောင်းတယ်ကွ"

"အင်၊ ဘာရှုပ်တာလဲ"

"ဟာ၊မင်းကလည်း လက်ပေါက်တပ်လိုက်တာကွာ၊ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဟာ ရှုပ်နေလေလေ ကိုယ်လိုချင်တဲ့အစကို ဆွဲထုတ်နိုင်လေလေပဲကွ"

"ဘာတွေလဲ ကျောက်ကြီးရာ၊ မင်းဥစ္စာ အပ်ချုပ်ဆိုင်ရောက်သွားသလိုဲ"

"ဟုတ်တယ် ဂျာအေး၊ မင်းလည်း မငယ်တော့ဘူးကွ"

"ဟော့ ဒါဆံပင်တွေ ဖြူ သွားတွေ ကျိုးနေလို့လားကွ"

"ဟုတ်ဘူးလေ၊ အတိတ်ရောတော့ စိတ်မောတယ်တဲ့ကွ။ ခုရှင်းရင် နောင် မရှုပ်။ ကြောင်ရုပ်နဲ့ ကြွက်ခြောက်လို့ မရဘူးကွ"

"အင်၊ ဘာတွေတုံး၊ မင်းကလည်း ဒုတိယ ကျောက်ကြီး လုပ်မနေပြန်ပြီ။ တော်ပြီကွာ၊ ဒီကိစ္စ ငါဘာသာငါပဲ အဖြေရှာတော့မယ်"

ဂျာအေးတစ်ယောက် အကြီးအကျယ် ခေါင်းစားနေ၏။ အိမ်ပြန်ရောက်သည်အထိ စိတ်လက်မကြည်မသာ ဖြစ်နေရ၏။ အချစ်ကြောင့် သူ့အားအင်တွေ ချည့်နဲ့သွားသလိုပင်။ သူ့အမူအရာကိုကြည့်ပြီး ဦးကျောက်ဖားတစ်ယောက် စိတ်ထဲ ဇဝေဇဝါ ဖြစ်နေ၏။

"လူကလေး မျက်နှာကြီး မှုန်ကုပ်ကုပ်နဲ့ ဘာဖြစ်လာသတုံးကွ"

"ဟာ၊ လောကကြီးကို ကျုပ် နားမလည်နိုင်တော့ဘူးဗျာ"

"ဟေ၊ ဘယ်လိုဖြစ်သတုံး။ လောကကြီးက မင်းကို ဘာလုပ်လိုက်လို့တုံး ပြောပါဦး"

"ခက်ပါ့ အဘရာ၊ တစ်ခါတစ်ခါ ကျုပ် ဘာကြောင့် အဘသား လာဖြစ် ရသလဲ ဆိုတာတောင် မေးကြည့်ချင်တယ်ဗျာ"

"ဗုဒ္ဓေါ၊ မင်းဥစ္စာ ဘာတွေတုံးကွ။ မင်းက ငါ့သားဖြစ်ရတာ မကျေနပ်လို့ လား ပြောစမ်း"

"ဟာ၊ ဒီသဘောပြောတာ မှုတ်ဘူးဗျ။ ကျုပ်တို့က တအား ဆင်းရဲတာ လေ ဒီတော့"

"ဒီတော့ ဘာဖြစ်သလဲကွ။ ဆင်းရဲလို့ အပြစ်ရှိသလား"

"အဲဒါ ခက်တာပေါ့ အဘရာ။ အဲဒီဆင်းရဲမှုဟာ ကျုပ်အစွမ်းအစတွေကို ခြိမ်းခြောက်နေသလိုပဲဗျ"

"ဝုဒ္ဓေါ၊ မင်းစကားကလည်း တယ်လည်း ကြီးကျယ်ပါလားကွ"

"ဒီလိုရှိတယ်လေ၊ ကျုပ်က သာတူညီမျှလောကကြီးကို မြတ်နိုးတယ်။ လူတွေဟာ သဘာဝတရားကို မြတ်နိုးသင့်တယ်။ ဘဝမှာ အစာပလာ သိပ်များ လာတာ ကျုပ် မကြိုက်ဘူးဗျ။ ရှင်းလင်းကြည်လင်နေတဲ့ လောကကြီးကို လူတွေ ဘာကြောင့် ရှုပ်ထွေးအောင် လုပ်နေသလဲဗျ"



"အင်"

ဦးကျောက်ဖားမှာ ဂျာအေးကို ပြူးကြောင်ကြောင် လှမ်းကြည့်ရင်း လက်ထဲက ဆေးပေါ့လိပ်တိုကြီးကို မီးခိုးတလောင်းလောင်းထအောင် လှိမ့်ဖွာနေ၏။ ဂျာအေးမှာ သူ့စကားကို ဖခင်ဖြစ်သူ နားထောင်နေသည်အမှတ်နှင့် လက်သီး လက်မောင်းတန်း၍ ပြောဆိုနေရာမှ ဖခင်ကြီးအမူအရာကိုကြည့်ပြီး အံ့ဩသွား၏။

"ဟာ၊ အဘကလည်း ကျုပ်ပြောတာ နားမထောင်ဘဲ ဆေးလိပ်ကြီး တွင် တွင်ဖွာနေသတုံး။ ဘာလဲ အဲဒီ ဆေးပေါ့လိပ်ငွေ့ကြားမှာ ဘာရှိလဲ ပြော"

"ဟေ ဆေးပေါ့လိပ်ငွေ့ကြား ဟုတ်လား"

"ဟုတ်ပ"

"အင်၊ ငါကြည့်တာတော့ ဘာမှမရှိဘူးကွ"

"ဟုတ်ပြီ။ ဒီစကား ကျုပ် သိပ်ကြိုက်သွားပြီ"

"အင်၊ ဘယ်လိုဖြစ်သွားပြန်ပြီလဲ"

"ဟုတ်ပြီ၊ အဘပြောသလို ဘာမှမရှိဘူးပေါ့ဗျာ၊ အဲဒီ မရှိမှုတွေကြားမှာ ဘာကြောင့် မပန်းညိုရဲ့ ပတ်ဝန်းကျင်ဟာ ရှိမှုတွေနဲ့ အစာသွတ်နေတာလဲဗျ"

"ဩော်၊ ဝေဒနာက ဒါကိုး. . ."

"ဘာလဲဗျ၊ ကျုပ်ပြောတာ မှားလို့လား"

"မမှားပါဘူးကွာ။ ငါ့သား ဘာကြောင့် ဒီလောက်ပေါက်ကွဲနေရပါလိမ့်၊ လောကကြီးနဲ့ ချီပြောတော့ ငါတောင် နားဝေတိမ်တောင် ဖြစ်နေရတယ်။ ခုမှ ငါသဘောပေါက်ပြီကွာ။ ဒီမှာ လူကလေး"

"ဘာတုံး အဘ"

"မင်း အခုဖြစ်နေတာ အရင်းစစ်တော့ ပန်းညိုလေးအပေါ် ချစ်နေတဲ့ အချစ်ကိစ္စ မဟုတ်လားကွ"

"ဟုတ်လိုက်လေဗျာ၊ သားအဖချင်းဆိုတော့ ပြောရမှာ. . ."

"ဟာ၊ သားအဖတွေဘာတွေ လုပ်မနေစမ်းပါနဲ့ ဂျာအေးရာ။ ငါလည်း ငယ်ရာက ကြီးလာတာကွ။ ခု မင်းဖြစ်နေတာ အသည်းတွဲပြီး လောင်မီး ခနေတာ ကွ"

"ဗျာ"

"ဟုတ်တယ် မဟုတ်လား"

"ဟိုဗျာ၊ အဲ ဟုတ်တယ်။ ကျုပ် ပန်းညိုနဲ့ အသည်းတွေ အစိတ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



အမွှာမွှာ ကွဲကုန်ပြီ"

"နေပါဦး၊ မင်းချစ်နေတာကိုရော သူသိပြီးပြီလားကွာ၊ ပြောစမ်းပါဦး"

"အဲဒါပြောတာပေါ့ဗျာ၊ ကျုပ်အဖြစ်က နွားလှည်းတစ်ဘီးတည်း ဖော်
နေသလိုဗျ။ ခက်ပ့ါ"

"ဟား ဟား ဟား"

"ဘာရယ်တာတုံး အဘရဲ့"

"သြော်၊ ငါ့သားက တစ်ဖက် ဖြူတယ်မည်းတယ် မသိရသေးဘူး၊ အရ
ဆုံး အသည်းကွဲနေတာကိုး။ ဒီမှာ ဂျာအေး၊ ဘာပဲလုပ်လုပ် တစ်ယောက်တည
ကျိတ်မလုပ်နဲ့ကွ။ မင်းကို မွေးလိုက်တာ တစ်ယောက်တည်းပေမယ့် မင်းမှ
ပတ်ဝန်းကျင်ရှိတယ်ကွ။ ဒီတော့ အဲဒီပတ်ဝန်းကျင်ကို မင်း တစ်သားတည်း
အောင် ဘယ်လိုနေမလဲ။ ဒါ အရေးကြီးဆုံးကွ"

"ဗျာ၊ တစ်သားတည်းကျအောင်ဆိုတော့ ကျုပ်က အဲဒီပတ်ဝန်းကျင်ပြ
ထဲ ဒိုင်ဝင်ထိုး ဝင်ရမှာလား"

"လုပ်ပြီ၊ မင်းက မင်းထင်ရာ စွတ်ပြောတာကိုးကွ။ ဒီမှာငါ့သား၊ လူ
ဟာ အတွေ့အကြုံ အသိတရားတွေ ဆင်ခြင်မှုတွေနဲ့ ကြီးပြင်းလာကြတာ
မင်းလိုလည်း ချစ်ဖူးခဲ့ကြတယ်၊ အချစ်ရူးခဲ့ကြတယ်ကွ။ အဲဒီအခါမှာ ပတ်
ကျင်ဟာ ကိုယ့်အတွက် သုံးတတ်ရင် အကောင်းဆုံး အကြံပေးပညာရှိတွေ
ကွ။ ဒီတော့ မင့်ကောင်မလေးကိုစွ ပတ်ဝန်းကျင်ထဲ ချပြပေ့ါကွာ။ ဒီအခါ
သင့်တင့်လျောက်ပတ်တဲ့အဖြေတော့ တွေ့မှာပဲ။ တစ်ခုတော့ရှိတယ် လူကလေ

"ဘာတုံးအဘရဲ့"

"မှိုရှာသလိုပဲကွာ။ ကံကောင်းရင် မှိုကျင်းတွေ့နိုင်သလို ကံမကောင်း
ပဒ္ဒကျင်းထဲ ပြုတ်ကျသွားနိုင်တယ်ကွ။ ဒီတော့ ငါပြောချင်တယ် ချစ်တာ မ
တာထား၊ ဘာလုပ်လုပ် သတိမပါ အသိသညာမှာ ပြာဖုံးသတဲ့ကွ"

"ဟာ၊ အဘစကားတွေကလည်း လုံးထွေးနေတာပဲ။ ကျုပ်တော့ မျက်မျှ
ပုဇ္ဇွားဇာတ် ကနေရသလိုပဲဗျာ"

"အေး၊ အဲဒါ လောကရဲ့ လှည့်စားမှုပဲကွ"

"ဟင်၊ တော်ပါတော့ဗျာ၊ ကြာရင် ကျုပ်တော့ ရူးသိမ့်မယ်"

"လွှန်ပ့ါ လူလေးရာ"

ဦးကျောက်ဖားမှာ ဂျာအေးကိုကြည့်၍ ခေါင်းခြောက်သွား၏။ သာ
သောတတို့ သိသော်လည်း သူ့ရင်ထဲ ခုထိ ချစ်ခြင်းမေတ္တာတရားနှင့် ပတ်သတ်





သေဖေါ်ဖြစ်နေဆဲ။ ဂျာအေးတို့အမေကို တကယ်ချစ်ခဲ့သလား သို့တည်းမဟုတ်
လုတ်မပေါ်ပဲ သာယာခဲ့လေသလား မပြောတတ်။ သူလည်း အချစ်နှင့်
တ်သက်ပြီး ထွေလာကာလီ မပြောတတ်။ လမ်းမမှားအောင် သတိပေးရုံသာ
ည်မို့ သတိပေးလိုက်ရခြင်း ဖြစ်ပေ၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် သူ့ကိုတောင် ဘာတစ်ခွန်းမှ မပြော
ဘဲ ရွာအနောက်ဘက် ကိုင်းထဲသို့ ငိုင်တိငိုင်တိုင်နှင့် အူကြောင်ကြောင်
တ်သွားလေ၏။ ကိုင်းထဲအရောက်တွင် ဝါးဦးထုပ်ကြီးဆောင်းကာ ဝါးဆစ်
တ်တစ်ချောင်းနှင့် ဖားတွေ တဖြောင်းဖြောင်း လိုက်ရိုက်နေသော ကိုဖျောက်ဆိပ်
 တုန်းကုန်းကွကွနှင့် တွေ့လိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ကိုကြီးဖျောက်"

"ဟာ၊ ဂျာအေး ဘာဖြစ်လာတာတုံးကွ"

"စိတ်ညစ်လို့ပါဗျာ"

"ဟေ၊ မင်းက စိတ်ညစ်တယ်"

"ဟုတ်တယ်၊ ဒါကြောင့် ဒီဘက်ကို ထွက်လာခဲ့တာပေါ့"

"ဟာ ဒါဆို အတော်ပဲကွ။ လာ လာ"

"ဘယ်လဲဗျ"

"လာစမ်းပါကွာ။ ငါ့ဆီရောက်ရင် စိတ်ညစ်တာတွေ ပျောက်သွားေ မယ်"

ဖျောက်ဆိပ်က ပလိုင်းကြီးဆွဲကာ ပြောင်းပင်တွေကြား ဝင်သွားသ ဂျာအေးလည်း ကြောင်စီစီလိုက်ခဲ့ရ၏။

"လာကွ၊ ဟောဒါ ငါ့ရဲ့အရေးပေါ် ဘူမိနက်သန်ပဲကွ"

"ဩော်၊ ဒီလိုကိုး"

"ထိုင်ကွာ"

ပြောင်းပင်ဖားဖားကြီးတွေအောက် သူတို့နှစ်ဦး ထိုင်လိုက်ကြ၏။ ဖျော ဆိပ်သည် ပလိုင်းထဲမှ ဝှက်ထားသောအရက်ကို ပုလင်းတစ်လုံးနှင့် အမဲခြေ တင်ပါ ထုတ်လိုက်၏။

"တဲ၊ အားလုံး အရန်သင့်ပဲ ချကွာ။ လောကကြီးကို မျက်စိမှိတ်ပစ်လို စမ်းပါကွာ။ တကယ်တော့ အားလုံးဟာ ဗလာနယ်မှာ အာကျယ်နေတဲ့ အရိ သွေပါကွာ"





"ဟုတ်တယ် အရိပ်တုတွေပဲ၊ ခင်ဗျားပြောတာ မှန်လိုက်တာဗျာ"

"ချစမ်းကွာ၊ အမှန်တော့ လောကကြီးဟာ တစ်ယောက်နဲ့တစ်ယောက် ညာနေကြတာကွ၊ ငါဆို အပုလေးရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး"

"ဟာ ဒါကတော့ မကောင်းဘူးဗျ"

"ဟေ၊ ဘာဖြစ်လို့လဲ ဟူး ဟူး ဟူး ဧကန္တ ကိုယ့်လူ အချစ်စိတ်နဲ့ ပေါက်ကွဲ လာတယ်ထင်ပ"

"ဟာ၊ ကိုကြီးဖျောက်ကတော့ ဗေဒင်ဆြာ ပီသလိုက်တာဗျာ။ လူတစ် ယောက် ပါးစပ်ဟ,တာနဲ့ ဘာမဆို သိနေပြီ"

"တော်ပါတော့ကွာ၊ အဲဒီစကားကြားရင် အိမ်တောင် မပြန်ချင်ဘူးကွာ"

"စိတ်မပျက်ပါနဲ့ ကိုကြီးဖျောက်ရာ၊ ကိုကြီးဖျောက် ပြောသလိုပေါ့ဗျာ လူတွေဟာ သမက်ကို သူခိုးထင်နေကြတာဗျ။ ခေတ်ကြီးက ပြောင်းပြန်ကြီးပါ ဗျာ။ အရှင်းဆုံးပြောရရင် အိမ်ပြောင်မျက်စိနဲ့ ဖားသံပေးတဲ့ လောကကြီးပါဗျာ"

"ဟိုက်ရှားလဘား ဂျာအေး၊ မင်းက အတော့်ကို တိုးတက်လာပြီပဲကွ။ သောက်လိုက်စမ်းကွာ"

"သောက်ပါတယ်ဗျာ။ ဒါပေမယ့် ခင်ဗျားပြောသလို ဟုတ်သေးဘူးဗျ။ ခုဆို ပန်းညိုဘေးမှာ လူရော တိရစ္ဆာန်ရော ဝိုင်းနေပြီဗျ"

"အင်၊ ဘယ်လိုသဘောပါလိမ့်"

"ဒီလိုဗျာ၊ တိရစ္ဆာန်ဆိုတာ ရွှေဖလားဆိုတဲ့ ကြက်ဖကြီးဗျ။ ပန်းညိုရင်ခွင် ထဲက ခွာကိုမခွာဘူး။ လူက ဆရာဘွန်းတဲ့ဗျ။ မြို့ကြီးသား မိဘချင်း နားဖောက် ပြီးသားဗျ။ ဒီတော့ ကျုပ်လို ကျေးလက်တောသား ဘေးပြောစကားနဲ့တင် နောက်ကျချင်ပြီဗျာ"

"ဟာကွာ၊ ဂျာအေးကလည်း ကျေးတောသားဖြစ်ပြီး တယ်ပျော့တာကိုး"

"ကျုပ်လည်း ကိုယ်စွမ်းမရှိဘူးလို့ ဆိုရမလားဘဲဗျာ"

"မဟုတ်တာကွာ။ မင်းလုပ်ပုံတွေဟာ ငါ တစ်ခါက ပြောခဲ့သလိုပေါ့။ အင်အားဖြုန်းနေတာကွ။ ဒါ နည်းစနစ်မသိလို့ဘဲ၊ နည်းစနစ်သိရင် အားလုံး ဟာ လွယ်လွယ်လေးပါကွာ"

"ဗျာ၊ နည်းစနစ်"

ဖျောက်ဆိပ်စကားကြောင့် ဂျာအေး တွေဝေသွား၏။ နည်းစနစ်ဆိုသော စကား၏ အဓိပ္ပာယ်ကို သူ နားမလည်ပါချေ။

"ဘာလဲဗျာ၊ ပြောပါဦး နည်းစနစ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေကွ၊ ခုဆို မင်းချစ်သူအနားမှာ ဝိုင်းနေတဲ့သတ္တဝါတွေဟာ မင်းရဲ့ အမိကရန်သူပဲကွ။ အဲဒီရန်သူတွေကို တစ်ယောက်ချင်း ဆွဲထုတ်လိုက်တော့ ဦးဆုံးကျတဲ့ ရန်သူဟာ ဘယ်သူလဲ"

"ဟုတ်တယ်၊ ဒီကိစ္စမှာ အမိက ရွှေဖလားပဲကွ။ ဒီကောင်ကြီးက ပန်းညို အနားကို ဘယ်သူမှ အကပ်ခံတာမဟုတ်ဘူး"

"ဟုတ်ပြီ၊ ရွှေဖလားဆိုတာ ဘာလဲ။ တိရစ္ဆာန်တစ်ကောင်၊ သူမှာ အသိ ဉာဏ်မရှိဘူး၊ ဒါက အမိကအချက်ပဲ။ ပြီးတော့ လူစကား မပြောနိုင်ဘူး မဟုတ် လား"

"ဒီတော့. . ."

"ဒီတော့ ပြဿနာက ရှင်းရှင်းလေးပါကွာ။ ဒီလိုလုပ်. . ."

ဖျောက်ဆိပ်က ကျားအေးကို တိုးတိုးတိတ်တိတ် ပြောပြလိုက်၏။ လက်ဟန် ခြေဟန်နှင့်လည်း လုပ်ပြလိုက်၏။ ဖျောက်ဆိပ်၏ အကြံအစည်ကို ကျားအေး ခေါင်းတညိတ်ညိတ် လုပ်နေပေ၏၊ စကားဆုံးသွားသည်နှင့် ကျားအေးစိတ်ထဲ မတင်မကျ ဖြစ်နေ၏။

"ကောင်းပါ့မလားဗျာ"

"ဟေ့ကောင် ကျားအေး၊ အချစ်နဲ့စစ်မှာ တရားကိုယ် သဘောက လက်ဦးမှု ပဲကွ။ ဖူးစာဆိုတာ ဦးရာလူပဲ"

"ဗျာ၊ ဒီစကား သေချာလား"

"သိပ် သေချာတာပေါ့မောင်ရာ။ ဒသဂီရိနဲ့ ရာမ ကြားမှာ မင်းသိအောင် ပြောရရင် မယ်သီတာဟာ ဒသဂီရိရင်ခွင်ထဲကို အရင်ရောက်သွားတာခဲ့တာပဲ"

"ဟုတ်သားပဲ"

"အေး၊ ဒီကိစ္စ မင်း လက်ဦးမှု ယူဖို့ပဲ"

"ဒါဆို ဘယ်လိုလုပ်ရင် ကောင်းမလဲဗျ"

"ဟာ၊ ဒါက လွယ်ပါတယ်။ တိရစ္ဆာန်နဲ့လူ တိုက်ပွဲပဲကွာ၊ မင်းမှာသာတာ အသိဉာဏ်၊ ပြီးတော့ ခွန်အား ဒီနှစ်ချက်ဟာ မင်းအတွက် အကောင်းဆုံး လက်နက်တွေပဲကွ။ ဘယ်လိုလဲ ငါပြောသလို မင်းလုပ်မလား"

"ဟာ၊ လုပ်မှာပေါ့ဗျာ။ ဒါဆို ဟိုဆရာဘွန်း. . ."

"ဟာ၊ ဒီလူကို ဒုတိယရန်သူလို့ သဘောထားပေါ့ကွ။ သူ့ကို ဒုတိယစစ် တိန်းမှာ မဟာဗျူဟာ နည်းဗျူဟာတွေနဲ့ ရင်ဆိုင်မှာပေါ့လေ။ လောလောဆယ် တိစ္ဆတို လောလောဆယ် ရှင်းပေတော့"





"ကောင်းပြီ။ ကျုပ် ခင်ဗျားပြောတဲ့အတိုင်း လုပ်မယ်"

"ဒါ နည်းဗျူဟာနော်၊ မဟာဗျူဟာ မပါသေးဘူး။ ဒုတိယစစ်ဆင်ရေးကျမှ ဒါတလုတ်မတ္တ အသိုင်းအဝိုင်းတွေပါ ထိပ်တိုက်ရင်ဆိုင်ရမှာဆိုတော့ အဲဒီကျမှ မဟာဗျူဟာ သုံးသင့်ရင် သုံးရမယ်"

"ကောင်းတယ်ဗျာ၊ ကိုကြီးဖျောက်ဟာ တယ်လည်းတော်တဲ့ ပညာရှိကြီး ကိုး။ အင်း လူတွေဟာ တန်ဖိုးနားမလည်ဘူးဗျ"

"ဟာ၊ဟုတ်တယ်ကွ။ ငါ့မိန်းမ အပုလေးတောင် ငါ့တန်ဖိုးကို နားလည်တာ မဟုတ်ဘူးကွ။ တန်ဖိုးသိမှ တန်ဖိုးရှိတာကွ။ အဲဒီစကား မြဲမြဲမှတ်ထား တန်ဖိုး မသိရင် တန်ဖိုးမရှိဘူးကွ"

"ဟုတ်တယ်၊ ဒီစကား တယ်မှန်သကိုး"

"ချကွာ၊ ဒီကိစ္စ ထိပ်တန်းလျှို့ဝှက်နော်"

"စိတ်ချစမ်းပါဗျာ"

"ကဲ၊ သောက်စမ်းကွာ"

"သောက်မယ်ဗျာ။ ခင်ဗျား ဒီကနေ့ ဖားမရိုက်နဲ့ဗျ၊ ကျုပ်ရိုက်မယ်။ ခင်ဗျား အိမ်နဲ့သောက်စမ်း"

"ဩော် ဒီလိုလား။ ကောင်းပြီလေ မင်းဟာ ငါ့ရဲ့တန်ဖိုးကို သိနားလည် လာပြီပဲ ဟား ဟား ဟား"

ဖျောက်ဆိပ်တစ်ယောက် သူ့ကိုယ်စား ဖားရိုက်ပေးမည်ဖြစ်သော တပည့် ကြီး ကျားအေးကိုကြည့်ကာ ပီတိသောမနဿ ဝေနေပေ၏။ ထိုအချိန်တွင် ကျားအေး တစ်ယောက် မြီးတိုနှင့်အတူ ကိုင်းပင်များကြား ဝါးဆစ်တုတ်တစ်ချောင်းနှင့် အဖြောင်းဖြောင်း တဒုတ်ဒုတ် ရိုက်နှက်နေလေတော့၏။

သို့နှင့် တစ်နာရီနီးပါးခန့်အကြာတွင် ကျားအေးတစ်ယောက် ပလိုင်းကြီး ထမ်းပြီး ဖျောက်ဆိပ်ဆီ ရောက်လာ၏။

"ကိုကြီးဖျောက်ရေ ပလိုင်းနဲ့အမောက်ပဲဗျို့"

"ကောင်းကွာ။ ငါလည်း အတော့်ကို မူးနေပြီကွ အေ့"

"ဒါဆို ကျုပ်ပြန်တော့မယ်"

"ဟုတ်တယ်ကွ၊ မင်းနဲ့ငါ တွဲပြန်လို့မဖြစ်ဘူး။ ငါတို့နှစ်ယောက် ပူးပေါင်း တာမြင်ရုံနဲ့ တစ်ရွာလုံး ရင်ဖိနေရမှာကွ"

"ဒါဆို သွားပြီဗျာ"

"ကောင်းပါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးထွက်သွားပြီးနောက် ဖျောက်ဆိပ် ယိုင်တိယိုင်ထိုး ထလိုက်
ပလိုင်းကို အမိအရတွယ်လိုက်ပြီး သီချင်းလေး တအေးအေးနှင့် ရွာသို့ပြန်ခဲ
၏။ အိမ်ဝိုင်းအရောက်တွင် လျှာလေးအာလေးနှင့် အပုလေးကို ခေါ်လိုက်

"အပုလေး၊ ဟော့ အပုလေး အေ့"

"ဘာတုံး၊ ရှင်ဘယ်လိုဖြစ်လာသလဲ"

"နည်းနည်း အေ့ မူး မူးလာတယ်ကွာ။ ဒါပေမယ့် မပူပါနဲ့ မိန်းမ
အေ့။ ဟောဒီမှာ ပလိုင်းနဲ့အမောက်"

"ဘာတွေတုံး"

ဖျောက်ဆိပ်သည် ဝိုင်းထဲသို့ ယိုင်ထိုးယိုင်ထိုးနှင့် ဝင်လာကာ အိမ်
ကွပ်ပျစ်တွင် ထိုင်လိုက်၏။ အပုလေးသည် ဖျောက်ဆိပ်ကိုယ်ပေါ်မှ ပလိုင်း
လှမ်းယူလိုက်၍ ဆန်ကောထဲ သွန်ချလိုက်၏။

"အောင်မလေးတော့ မြွေကြီး"

"ဟာ၊ ဘာတုံး"

"ဟယ်၊ ကြွက်တွေ မြွေတွေပါလား"

"ဟေ၊ ဘယ်လိုဖြစ်သတုံးကွ။ ငါရိုက်တာ ဖားတွေပါကွ။ ဘယ်လိုဖြစ်
ကြွက်တွေ မြွေတွေ ဖြစ်ကုန်တာလဲ"

"အောင်မလေး၊ လုပ် လုပ်ကြပါဦး ဟို ကြွက်ကြီး"

"ဟာ၊ ဒုက္ခပါပဲ။ ကဲကွာ"

"ဖုံး"

"ရှီး"

"ကယ်ကြပါဦး"

"ကဲကွာ"

"ဝုန်း ဖုံး"

"ရှီး"

အပုလေးတစ်ယောက် ကွပ်ပျစ်ကို လှည့်ပတ်ပြေးနေ၏။ ကြွက်ကြီးတွေ
မြွေကြီးတွေကလည်း မသေမရှင်နှင့် လူးပ်စိလူးပ်စိ ဖြစ်နေ၏။ ဖျောက်ဆိပ်ခမျာ
ဆန်ခါထဲမှ သတ္တဝါတွေကို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဘာဖြစ်တာတုံးကွ"

"ရှင် ရှင် ကျုပ်ကို အရွဲ့တိုက်. . ."

"ဟာ မဟုတ် မဟုတ်ရပါဘူးကွာ အေ့"





"ဘာမဟုတ်ရမှာလဲ။ တော် တော်ကြီးလုပ်ပုံ တမင်ရွဲ့တာ ဟုတ်လား
ရမယ်"

"ဟင်၊ ဘာ ဘာသိရမှာလဲကွာ။ မသိပါရစေနဲ့"

"ရှင်လုပ်လာပုံကို ကြည့်လေ"

"ဟုတ် ဟုတ်ပါတယ်ကွာ။ ဒီ ဒီကိစ္စ ဂျာအေးပဲလေ"

"ဘာ ဂျာအေး၊ ဟိုမှင်စာလေးနဲ့ ရှင် ပေါင်းသင်းပြန်ပြီလား"

"ဟုတ်ရပါဘူးကွာ။ ဒီကောင် ငါ့ဆီလာတာပါ"

"ဘယ်လို၊ ရှင်နဲ့သူ ဘယ်သူကြီးသလဲ"

"ဟေ ဘာတုံးကွ"

"ရှင့်ကို ကျွန်မပြောထားတယ် မဟုတ်လား။ အဲဒီ ဂျာအေးဆိုတာ မသေ
င် မှင်စာဖြစ်တာလို့ ကြည့်ပေါင်းနော် ပြောရက်နဲ့ ခု ဒီမြွေကြီးတွေ ကြွက်တွေ
ာလုပ်ကြမလဲ ပြော"

"ဟာ၊ အပုလေးကလည်း တစ်ခါတစ်ခါ ဆန်းစစ်ကြည့်တာပေါ့ကွာ။ ငါ
ဖြားဖူးတာတော့ ဟိုတယ်တွေ ဘာတွေမှာ မြွေကြော်တို့၊ ကြွက်ကြော်တို့က
ဘား ဈေးကြီးတာကွ"

"ဘာ၊ ဒါဆို ရှင်ပဲကြော်၊ ရော့ အဲဒီဟာတွေ ရှင်ပဲကိုင်။ ကျုပ်တော့
ကောင်မှ မကိုင်ရဲဘူး"

"အင်"

အပုလေးတစ်ယောက် အိမ်ဝိုင်းထဲမှ စိတ်ဆိုးဆိုးနှင့် ထွက်သွားလေ၏။
ာက်ဆိပ်ခမျာ သူ့ရှေ့တွင် ပိုးလိုးပက်လက်လန်ကာ အကြောဆွဲနေကြသော
တ္တဝါများကိုကြည့်ရင်း စိတ်ထဲ ရှုစိရှုစိ ခံစားနေရပေ၏။

"ဂျာအေး တော်တော့်ကို ဒုက္ခပေးတဲ့ကောင်၊ ဆရာသမားကို ဆရာသမား
း မသိတဲ့ကောင်၊ ဖားရိုက်ပါဆိုမှ ထင်ရာမြင်ရာတွေ စွတ်ရိုက်တဲ့ကောင်ပဲ
။ တောက်၊ တော်ပြီကွာ မင်းတို့လည်း သွားပေတော့"

ပြောပြောဆိုဆိုနှင့် လူးပ်စိလူးပ်စိဖြစ်နေသော ကြွက်တွေ၊ မြွေတွေကို အိမ်
း‌အပြင်သို့ လွှင့်ပစ်လိုက်လေတော့၏။

"အောင်မလေးတော့။ ဘာတွေတုံး။ အောင်မလေး မြွေ မြွေ လုပ်ကြပါဦး"

"ဟာ၊ ဘာဖြစ်ပါလိမ့်"

အိမ်ဝိုင်းအပြင်ဘက်မှ အော်ဟစ်နေသည့်အသံများကြောင့် ဖျောက်ဆိပ်
တ်လုံးမျက်ဆန် ပြူးသွား၏။ အိမ်ပေါ်မှလှသားခနဲ ခုန်ဆင်းကာ အိမ်နံဘေး



www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှား ရောက်ရှိသွား၏။
"ဟာ၊ ဧဒါတလုတ်မ"
"လုပ် လုပ်ကြပါဦး မြွေ မြွေ တြွက်. ."
"ဟာ၊ ဒုက္ခပါပဲ"
"နင် နင် ဖျောက်ဆိပ်"
"ဟုတ်ပါတယ် ကျုပ် ဖျောက်ဆိပ်ပါ။ မကြောက်ပါနဲ့ ဒါ အသေတွေ
"ဟင်"
မြင်ကွင်းကြောင့် ဖျောက်ဆိပ် တွန့်ခနဲ ဖြစ်သွား၏၊ ကိုယ်ပေါ်တွင်
ပတ်နေသော မြွေများ၊ ကြွက်များကြောင့် ဒေါ်တလုတ်မခမျာ အော်ကြီး
ကျယ် ဖြစ်နေပေ၏။ ဖျောက်ဆိပ်သည် ဒေါ်တလုတ်မကိုယ်ပေါ်မှ သတ္တဝါ
ကို ဖယ်ရှားပေးလိုက်၏။
"နင်၊ ငါ့ကို တမင် တမင်တကာ လုပ်. . ."
"ဟာ၊ ဟုတ်ရပါဘူးဗျာ။ ဒေါ်တလုတ်မ အမြင်မှားနေပါပြီဗျာ။ တ
တော့ ကျွန်တော်လည်း ခြံထဲက ဘာမှမမြင်ဘဲ လွှင့်ပစ်လိုက်တာပါ"
"အလိုတော်၊ နင်လုပ်ပုံက မျက်နှာလွှဲခဲပစ်ပေါ့"
"ဟာ၊ ခဲတော့ မဟုတ်ပါဘူးဗျာ"
"ဘာ၊ ခဲသာဆို ငါ့ဒီမှာ ထပ်ကွဲပြီပေါ့ဟဲ့"
"အဲဒါကြောင့် ပြောတာပေါ့ဗျာ"
"ဘာလဲ၊ နင်နဲ့ဂျာအေးဟာ တကျိတ်တည်း တစ်ဉာဏ်တည်းပဲ။
အရှက်ခွဲတာလား"
"ဟာ၊ မဟုတ်ရပါဘူးဗျာ။ ကျုပ်လည်း ဘာမှမသိဘဲ လုပ်လိုက်မိတာ
ဗျာ။ ကျုပ် တောင်းပန်ပါတယ်"
"တော်စမ်း၊ အလကား ဗေဒင်ဆြာ"
"ဗျာ၊ ဟို ဗေဒင်ပညာတော့ ထည့်မပြောပါနဲ့ဗျာ"
"အောင်မယ်၊ နင့် ဂျာအေးကို ပြဿနာဖြစ်အောင် မီးမွှေးခဲ့တာ တ
လုံးသိတယ်ဟဲ့၊ ဟင်းဟင်း ကြည့်လုပ်နော်၊ တလုတ်မအကြောင်း သိ
မဟုတ်လား"
"သိ သိပါတယ်ဗျာ။ ကျုပ် တောင်းပန်ပါတယ် ကျေနပ်ပါဗျာ"
"တင်းဟင်း စိတ်ထိန်းထားလို့ပေါ့နော်"
ဒေါ်တလုတ်မတစ်ယောက် ဖျောက်ဆိပ်ကို အကြီးအကျယ် ရန်



www.burmeseclassic.com



ကာ ထဘီစွန်တောင်ဆွဲ၍ ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်သွားလေတော့၏။ ဖျောက်ဆိပ်ခများ ဘာမှမပြောသာတော့ မျက်လုံးလေး ကလယ်ကလယ်နှင့်သာ နေရှာပေတော့၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် ဒေါ်တလုတ်မ၏ အိမ်ဝိုင်းဘေးတွင် ရစ်သီရစ်သီ လုပ်နေပေ၏။ သူ့အပြုအမူကို တစ်နေရာက စောင့်ကြည့်ကာ သက်သမကင်းဖြစ်နေသူမှာ ဇော်စကြာဖြစ်ပေ၏။ စုံထောက်စာပေတွေ အမြဲဖတ်ရှုကာ ကိုယ့်ကိုယ်ကိုယ် စုံထောက်ကြီးလို အမြဲတမ်း အထင်ရှိနေသော ဇော်စကြာ၊ အိမ်ဝိုင်းနား ရစ်သီရစ်လုပ်နေသည့် ဂျာအေးကိုမြင်တော့ စိတ်ထဲ သံသယဖြစ်လာ၏။

အစက သူ သံသယဖြစ်နေသည့် အခြင်းအရာမှာ ဂျာအေး၏မျက်လုံးများပင်။ ကျီးကန်းတစ်ကောင်လို စွေစောင်းစောင်းလုပ်၍ ကြည့်နေပုံ၊ မျက်လုံးမိမ် ဂနာမငြိမ်နှင့် တောင်ကြည့်မြောက်ကြည့် ကြည့်နေပုံတို့ကို သူ အသေချာ လှလာခဲ့၏။

ထိုအခါ ဂျာအေးပေါ် သံသယစိတ်ကြီးလာ၏။ ထို့ပြင် ဂျာအေးကလည်း အိမ်ဝိုင်းအနီးသို့ သုံးလေးရက်ခန့် ရစ်သီရစ်သီလုပ်လာသဖြင့် ဇော်စကြာ၏ စိတ်ထဲ ပို၍ သံသယကြီးထွားလာ၏။ တစ်ရက်တွင် သူနှင့်ပန်းညိုတို့ စကားပြောဆိုကျနေရာ ကြာရိုးနှင့်ဂျာအေးတို့နှစ်ဦး အိမ်ဝိုင်းရှေ့ တာလမ်းပေါ်တွင် စကားပြောနေကြသည်ကို ဇော်စကြာ မြင်လိုက်၏။

"ပန်း"

"ဘာလဲ၊ ကိုဇော်စကြာ"

"ဟိုလူကို ပန်းသိလား"

"ရှင်၊ ဘယ်သူလဲ"

"ဟို လူလေ၊ ဟို ပုံမလာတဲ့ ကောင်"

"ဩော်၊ အဲဒါ ကိုဂျာအေးလေ"

"ဂျာအေး၊ နာမည်ကလည်း တစ်မျိုးကြီးပါလား"

"ဟုတ်တယ်လေ။ သဘောကောင်းပါတယ် ဘာဖြစ်လို့လဲဟင်"

"ကိုယ့်စိတ်ထဲ သိပ်တော့ မသင်္ကာလှဘူး ပန်း။ အိမ်ဝိုင်းနား ရစ်သီရစ်သီ လုပ်နေတာ သုံးလေးရက်ရှိပြီ ပန်းရဲ့"

"ဩော် ဟင်း ဟင်း။ သူက ဒီလိုပါပဲ"

"ဘာဖြစ်လို့လဲပန်း၊ ဘာကြောင့် ရယ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းညို ပြုံးစိစိလုပ်နေပုံကို ကြည့်ပြီး ဇော်စကြာစိတ်ထဲ မချင့်မရဲ
သွား၏။ ထို့ကြောင့်လည်း မျက်နှာကြီး မှုန်ကုပ်ကုပ်လုပ်ကာ မေးလိုက်ခြင်း
လေ၏။

"ဒီလိုပါ ကိုဇော်စကြာ"

"ပြောပါဦး"

"သူက ပန်းညိုကို စိတ်ဝင်စားနေတဲ့သူပါ။ ဘဝက ဆင်းရဲပါတယ်။ သူ
စရာလည်း ကောင်းလှပါတယ်ရှင်"

"ဟင်၊ ဒီကောင်က ပန်းကို ပိုးနေတယ်"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲရှင့်"

"ဟာ၊ ရာရာစစဗျာ။ မကြံအပ်တာ ကြံတာပဲကိုး"

"ရှင်၊ ဘာဖြစ်လို့လဲ ကိုဇော်စကြာ၊ သူလည်း လူတစ်ယောက်ပါ။
လည်း မိန်းမပျိုလေးတစ်ယောက်ကို ချစ်ပိုင်ခွင့် ရှိပါတယ်"

"ဗုဒ္ဓေါ။ ညွှန်းလှချည်လား ပန်းရဲ့။ လောကကြီးဟာ သူနေရာနဲ့သူ
ကမ်းတကျ ပေါ်ပေါက်လာတာပါ ပန်း။ ထိုက်သင့်လျောက်ပတ်တဲ့ သ
တရားတွေ ရှိပါတယ်။ ဘယ်ဟာမှ သာတူညီမျှသဘော မရှိပါဘူး ပန်း။ ဒီ
အနိမ့်အမြင့်ဆိုတာ ရှိစမြဲပေါ့လေ"

"ကိုဂျာအေးနဲ့ ဘယ်လို ပတ်သက်နေပါလိမ့်"

"ပြောမယ် ပန်း။ ဒီလူ့အင်္ဂါရုပ်ကြည့်ရတာ တော်တော်နာတာပဲ။ အ
ဆိုးရတဲ့ကြား မျက်စိကလည်း ဂနာမငြိမ်ဘူး။ လမ်းလျှောက်တော့လည်း
တောက်ဆတ်တောက်နဲ့။ ဒီအသွင်အပြင်တွေကို ခြုံကြည့်လိုက်ရင် ပန်းလို
မိန်းကလေးနဲ့ ဘယ်လိုမှ မထိုက်တန်ပါဘူးဗျာ"

"ရှင်"

"ဟုတ်တယ်၊ ကျွန်တော် ဒီလိုပဲ ကောက်ချက်ချမိတယ်ဗျာ။ ပြီး
နဖူးရှည် ဒူးရှည်. ."

"ဟင်၊ ကိုဇော်စကြာက အင်္ဂဝိဇ္ဇာလား"

"ဟဲဟဲ၊ ဟုတ်ပါဘူးဗျာ။ ဒါတွေဟာ စုံထောက်အမြင်ရှိတဲ့လူမှာ
ပညာတွေ ရှိနေတယ်"

ဩော်၊ ကိုဇော်စကြာက စုံထောက်ကြီးကိုး"

"ကျွန်တော်က စုံထောက်စာအုပ်တွေ အများကြီး ဖတ်ဖူးတာဗျ။ ဒီ
လူတွေတို့ ကြည့်လိုက်တာနဲ့ ဒီလူဟာ စိတ်သန္တာန် ဘယ်လိုရှိတယ်ဆိုတာ သိ





တာပေါ့ဗျာ"

"ဟုတ်လား၊ ဒါဆို ကိုဂျာအေးက. . ."

"ဟုတ်တယ် ပန်း။ အဲဒီလူဟာ မရိုးသားဘူး။ ရုပ်လက္ခဏာက လောဘ စရိုက်ရှိတယ်လို့ ကောက်ချက်ချနိုင်တယ်ဗျ"

"ဟုတ်လား။ ကိုဇော်စကြာပြောမှပဲ သိတော့တယ်။ ဒါပေမယ့် သူ ပန်းညို အပေါ် တစ်ခါမှတော့ ဒုက္ခမပေးခဲ့ပါဘူးရှင်။ ကျေးလက်သူ ကျေးလက်သား သဘာဝကတော့ ဖြစ်သလို နေတတ်ထိုင်တတ်ပါတယ် ကိုဇော်စကြာ။ တစ်နည်း အားဖြင့်ပြောရရင် ဘဝကို ရောင့်ရဲတင်းတိမ်တတ်တယ်ပေါ့။ ဒီတော့ အပေါ်ယံ အသွင်ကြည့်ပြီး ကောက်ချက်ချတာ မှန်နိုင်ပါ့မလား"

"ဟာ၊ ပန်းကလည်း သူ့ဘက်က ကာနေပြန်ပြီ။ ကိုယ်တော့ ဒီလူကို မသင်္ကာဘူး။ ဘယ်ကလဲ၊ ဘာလုပ်သလဲ"

"ဟို၊ မေးခွန်းတွေကလည်း"

"ဟဲဟဲ၊ စုံထောက်စိတ် အခံလေးရှိတော့လည်း စူးစမ်းချင်တာပေါ့ဗျာ။ တစ်ခုတော့ရှိတယ် ပန်း။ လူတွေကို အရမ်းမယုံကြည်ပါနဲ့။ ပန်းမသိတဲ့ အကြောင်း တရားတွေ ရှိနေတယ်လေ။ လောဘ၊ ဒေါသ၊ မောဟ စရိုက်ဆိုးတွေ ဖုံးလွှမ်းနေ တဲ့ လောကကြီးကို ကိုယ်လိုပဲတော့ လျှော့မတွက်စေချင်ဘူး"

"စိတ်ချပါ ကိုဇော်စကြာ၊ ဩော် အစ်မအတွက် စားဖို့သောက်ဖို့ သွား ပြင်ဦးမှ"

"ဟင်း"

ပန်းညိုက သူ့ကို အချိုသတ်ပြီး ရှောင်ထွက်သွား၏။ ဇော်စကြာမှာ ကွပ် ပျစ်ပေါ်တွင် ငေါင်စင်းစင်းကျန်ခဲ့၏။ ထိုအချိန်တွင် ဂျာအေးနှင့် ကြာရိုးတို့နှစ်ဦး သူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ်ကာ ပြောဆိုနေသဖြင့် ဇော်စကြာခမျာ မရိုးမရွ ခံစားနေရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ပန်းညိုတစ်ယောက် ပျာယာခတ်နေသဖြင့် ဇော်စကြာစိတ်ထဲ တစ်မျိုးတစ်မည် ခံစားနေရပေ၏။ အိမ်ရှေ့ကွပ်ပျစ်မှာ ထွက်ထိုင်လိုက်၊ အိမ်ဝိုင်းထိပ်ထွက်ယိုင်လိုက်၊ ရွာထဲဆင်းလိုက်နှင့် တစ်ယောက်တည်း ဗျာများနေသဖြင့် ဇော်စကြာ စိတ်ထဲ တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးမိလေ၏။

ထို့ကြောင့်လည်း ကွပ်ပျစ်တွင် ထိုင်ကာ တမျှော်မျှော်လုပ်နေသော ပန်းအနားသို့ ဝင်ထိုင်၍ မေးလိုက်၏။

"ဘာဖြစ်နေတာလဲ ပန်း"

"ဟို၊ အစ်မ အစ်မ ပြန်မလာလို့"

"ဟင်၊ ဘယ်သွားလို့လဲ"

"မြို့သွားမယ်ပြောတာ ခုထိ ပြန်မလာသေးဘူး"

"ဟုတ်လား၊ ညကလည်း အိမ်ပြန်မအိပ်ဘူးနော်"

"အဲဒါကြောင့် ကျွန်မ စိတ်ပူနေတာပေါ့ရှင်"

"အင်၊ ဘယ်ကိုသွားမယ် ပြောသွားလဲ"

"မြို့ကိုသွားမယ်လို့ ပြောသွားတယ်။ ဝယ်စရာခြမ်းစရာလည်း ရှိလို့။ မနေ့က မော်တော်နဲ့လိုက်သွားတာ ပြန်လာတဲ့လူ မေးကြည့်တော့ အစ်မ ပါမလာဘူးတဲ့"

"ဟုတ်လား၊ ဒါဆို ဘယ်လိုသဘောပါလိမ့်။ ဘယ်အချိန် ဘယ်အခါက ထွက်သွားတာလဲ၊ ပြီးတော့ ဘယ်ကို သွားတတ်လဲ။ ဘယ်သူ ပါသွားသေးသလဲ"

"အို၊ စိတ်ရှုပ်ရတဲ့အထဲ"

"ဟာ၊ ဘာဖြစ်လို့လဲ ပန်းရဲ့။ ဒီလို အချက်တွေ သိထားမှ အဖြေရှာနိုင်မှာ





ပေါ့"

"အို၊ စိတ်တွေ အုံဟုံနေပြီ။ နောက်မှမေး။ လောလောဆယ် ရွာထဲ ဆင်းလိုက်ဦးမယ်"

"ကိုယ်ပါ လိုက်ခဲ့မယ်လေ"

ပန်းညိုက ဘာတစ်ခုမှ မပြောဘဲ အိမ်ဝိုင်းထဲမှ ထွက်သွား၏။ ဇော်စကြာသည် ပန်းညိုနောက်မှ တကောက်ကောက်လိုက်ခဲ့၏။ ပန်းညိုနှင့်တွဲ၍ ထွက်လာသည်မို့ ဇော်စကြာတစ်ယောက် ဆောင့်ကြွားဆောင့်ကြွား ဖြစ်နေပေ၏။ ရွာသူရွာသားများမှာ ဇော်စကြာကိုကြည့်ပြီး ပြုံးစိစိဖြစ်နေကြ၏။ ပန်းညိုခမျာမှာတော့ မိခင်ကြီးသောကနှင့် တွေ့ရာလူကို စုံစမ်းမေးမြန်းနေပေ၏။ ထိုအချိန် ကြာရိုးတစ်ယောက် ဒိုက်စိုက်နှင့် လျှောက်လာသည်ကို ပန်းညို မြင်သွား၏။

"ကိုကြာရိုး"

"ဟင်၊ ပန်းညိုပါလား"

"ဟုတ်ကဲ့။ ဟို အစ်မတွေ့မိလားဟင်"

"မတွေ့မိပါဘူး။ ဘာဖြစ်လို့တုံး"

"မနေ့ညကလည်း ပြန်မလာလို့ အဲဒါ ကျွန်မစိတ်ပူပြီး လိုက်ရှာနေတာ"

"ဘယ်သွားမလို့လဲဟ"

"မြို့သွားတာလေ။ မော်တော်နဲ့ပဲ ပါလာသလား မပါလာဘူးလား ဆိုတာ ဇဝေဇဝါဖြစ်နေကြတယ်။ ခက်ပ အစ်မတစ်ယောက် ဘယ်များသွားနေပါလိမ့်"

"ဟုတ်လား၊ ဒါဆို ငါလည်း ဝိုင်းရှာပေးရမှာပေါ့။ ကဲ၊ လာဗျာ ဆရာဘွန်း"

"အင်၊ ဘာလဲဗျ"

"ရွာမြောက်ပိုင်း သွားရှာမယ်လေဗျာ"

"ဪ၊ ဟုတ် ဟုတ်ကဲ့"

ဇော်စကြာခမျာ ကြာရိုး၏ အတင်းအဓမ္မ ခေါ်ဆောင်မှုကြောင့် မလိုက်ချင်ဘဲ ရွာမြောက်ဘက်သို့ လိုက်ခဲ့ရလေ၏။

"ဘယ်လိုလဲ ဆရာဘွန်း"

"အခြေအနေ နီးစပ်ပြီလား"

"အင်၊ ဘာကိုပြောတာလဲဗျ"

"ဪ၊ ဟို ပန်းညိုနဲ့လေ"

"ဪ၊ ဒါလား ဟီးဟီး နီးစပ်မယ့် အခြေအနေ ရှိနေတယ်ဗျ။ ဒါပေမယ့် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ပန်းညိုက မိန်းမချော မိန်းမလှလေးနော်။ ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာ ဆရာရဲ့"

"ဒါပေါ့ဗျာ။ အညိုရှိ ယင်အုံစမြဲပါ"

"ဟဲဟဲ၊ အဲဒီအထဲမှာ အဆိုးဆုံးက ဂျာအေးဆိုတဲ့ကောင်ပဲ ဆရာရဲ့"

"ဘာဖြစ်လို့တုံးဗျာ"

"ဒီကောင်က ခေါင်းသိပ်ကောင်းတာ မဟုတ်ဘူးဗျာ"

"ဟိုတစ်လောက ခင်ဗျားနဲ့ စကားပြောနေတဲ့လူလား"

"ဟုတ်ပါ့ဗျာ။ ဒီကောင် စိတ်မထင်ရင် လူတောင် ဒုက္ခပေးတာဗျ။ တစ်လောကလည်း ပန်းညိုကို ချစ်စကားလိုက်ပြောတဲ့လူလည်း တွေ့ရော လည်ပင်းညှစ်တော့တာဗျို့။ ကံကောင်းလို့ လူတွေ အဆွဲမြန်လို့ပေါ့ဗျာ"

"ဗုဒ္ဓေါ၊ ဒီကောင့်အခြေအနေက ကြောက်စရာကြီးပါလား"

"အဲဒါ ပြောတာပေါ့ ဆရာရဲ့။ ခုလည်း ဒီကောင် ပန်းညိုကို တအား စွဲလမ်းနေတော့ ဆရာ့ကို လည်ပင်းညှစ်မယ် တကဲကဲ လုပ်လို့ မနည်းပြောထားရတယ်ဗျာ။ ဟိုတစ်လောက ခြံဝင်းထိပ်လာပြီး စကားပြောတာ အကောင်းမဟုတ်ဘူးဗျ။ ဆရာ့ကို ဒုက္ခပေးမလို့ ကျုပ် မနည်းတားထားရတယ်ဗျ"

"ဟင်၊ ဒီလူက မလွယ်ပါလား"

"ဟာ၊ သိပ်ကြောက်စရာကောင်းတဲ့ ကောင်ဗျ။ ဝက်ရူးပြန်ရောဂါလည်း ရှိတယ်ဗျ"

"ရောဂါတွေ စုံလှချည်လား"

"အဲဒါကြောင့် ပြောတာပေါ့ ဆရာရယ်။ ဂျာအေးကိုတော့ သတိထားမှ ဖြစ်မယ်"

"ဟုတ်ပါ့ဗျာ။ ဒီကောင်က အချစ်ရူးလား"

"ဆရာ့လိုပေါ့"

"ဗျာ. . "

"အဲ့ ဟိုဒင်းလေ။ ဆရာ့လို ဣန္ဒြေသိက္ခာ မရှိဘူးဗျ။ စိတ်လွတ်လက်လွတ် သမားဗျ"

ကြာရိုး၏အပြောကြောင့် သူ့ခန္ဓာကိုယ်ကိုပင် မငဲ့နိုင်တော့ဘဲ အတုန်လှုပ်ကြီး တုန်လှုပ်နေပေ၏။ နှစ်ဦးသား စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ ရွာမြင်သို့အရောက်တွင် အထုပ်ကြီးတစ်ထုပ်ကိုထမ်း၍ ကိုင်းပင်ကြီးများကြား တိုးခွေ့ဝင်သွားသော ဂျာအေးကို တွေ့လိုက်ရလေ၏။





"ဟို၊ ဟိုမှာ ဂျာအေးဗျ"

"ဟင်၊ ဟုတ်ပါရဲ့"

"သူ့ပခုံးပေါ်မှာ အထုပ်ကြီးတစ်ထုပ်နဲ့ဗျ"

"အင်၊ ဘယ်လိုပါလိမ့်"

"လာဗျာ။ ဒီကောင် ဘာလုပ်တာလဲ ဆိုတာကို ကြည့်ရအောင်"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဂျာအေးဝင်သွားသော ကိုင်းပင်များကြား သို့တိုးခွေ့ခွေ့ ဝင်ရောက်ခဲ့ကြလေ၏။ ဇော်စကြာမှာ စုံထောက်ရူး ရူးနေသည့် ဂျာအေးကို သံသယစိတ်ဝင်သူဖြစ်ပေရာ စိတ်ထဲတွင် ဂျာအေး၏ အပြုအမူသည် ထူးဆန်းနေသည်ဟု ယူဆကာ ထက်ကြပ်မကွာ လိုက်ခဲ့လေ၏။

ထိုအချိန်တွင် ဂျာအေးသည် ဆာလာအိတ်ကြီးကိုထမ်း၍ ရှေ့မှ ငိုက်စိုက်ငိုက်စိုက်နှင့် လုပ်နေပေရာ ကိုင်းပင်များဆုံးသည်နှင့် ချောင်းသချိုင်းရှိရာသို့ တလှုပ်လှုပ်နှင့် ဦးတည်သွားလေ၏။

"ဟာ၊ ဒီကောင် သင်္ချိုင်းဘက် ဘာသွားလုပ်တာလဲ မသိဘူး"

"ရှူး တိုးတိုးဗျ။ ဒီကိစ္စ မရိုးသားဘူး"

"ဟင်"

ဇော်စကြာသည် ကြာရိုးကို လှမ်းဟန့်ရင်း နောက်မှ ကုန်းကုန်းကွကွနှင့် လိုက်ခဲ့လေ၏။ ဂျာအေးကတော့ သူတို့လိုက်လာသည်ကို မသိရှာပေ။ သင်္ချိုင်းမြေထဲရောက်သည်နှင့် ညောင်မုတ်ဆိတ်ပင်ကြီးအောက်သို့ ဝင်သွားကာ ပခုံးပေါ်မှ ဆာလာအိတ်ကြီးကို မြေပြင်ပေါ် ပစ်ချလိုက်၏။ ထို့နောက် အိတ်ကြီးနံဘေးရှိ မြေပြင်ကို တုတ်ကြီးတစ်ချောင်းနှင့် တူးဆွနေလေ၏။ နောက်မှလိုက်လာသော ဇော်စကြာနှင့်ကြာရိုးတို့နှစ်ဦးသည် ပြောင်းပင်များကြားမှနေ၍ ဂျာအေး၏အပြုအမူကို သံသယစိတ်နှင့် စောင့်ကြည့်နေကြ၏။ ထိုအချိန်တွင် ဂျာအေးသည် မြေပြင်ကိုတူးဆွပြီးနောက် ဆာလာအိတ်ကြီးကို ကျင်းထဲတွန်းထည့်ပြီး အပေါ်မှမြေသားများနှင့် ဖုံးအုပ်လိုက်လေ၏။

ထိုသို့ပြုမူနေစဉ် ဂျာအေးသည် ပတ်ဝန်းကျင်ကို မယုံသင်္ကာအကြည့်နှင့် ကြည့်ပြီးမှ ခိုးကြောင်ခိုးဝှက်နှင့် ဆောင်ရွက်လိုက်ခြင်း ဖြစ်လေ၏။ ဇော်စကြာမှာ ဂျာအေး၏အပြုအမူကို မသင်္ကာချေ။

"တွေ့လား ကိုကြာရိုး"

"တွေ့တယ်ဗျ။ ဒီကောင် ဘာတွေမြှုပ်နေတာလဲဗျ"

"ဒါ မရိုးသားဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အင်၊ ဒုက္ခပါပဲ။ ဒီကောင် ဘာတွေလျှောက်လုပ်နေသလဲ မသိဘူး"

"ကိုကြာရိုး"

"ဗျာ"

"ဒီကိစ္စ ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်တည်း သိတာနော်"

"ဟုတ်ပါတယ်"

"ခင်ဗျား ဘယ်သူ့ကိုမှလဲ မပြောနဲ့ဦး။ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးပဲဗျ။ ဒီတော့ ကျွန်တော် အသေအချာ စုံစမ်းဦးမယ်။ ကျွန်တော်ပြောတာ ကြားလား"

"ကြားပါတယ် ဆရာဘွန်း"

"ဒါဆို သွားကြစို့ဗျာ"

သူတို့နှစ်ယောက် ကိုင်းတောထဲမှ အလျှင်အမြန် ထွက်ခဲ့ကြလေ၏။ ထိုအချိန်တွင် ဂျာဒွေးတစ်ယောက် ဆာလာအိတ်ကြီးကို မြေကြီးထဲမြှုပ်ပြီးနောက် သချိုင်းအနောက်ဘက်မှ အလျှင်အမြန် ထွက်ခွာထားလေတော့၏။ ဇော်စကြာမှာ အိမ်ပြန်ရောက်သည်နှင့် ပန်းညိုကို ရှာဖွေလိုက်၏။

"ဟဲ့၊ မြမေ ပန်းညိုတစ်ယောက်ကော. . ."

"မမပန်းညို ဘာတွေဖြစ်နေမှန်း မသိပါဘူး အစ်ကိုဇော်စကြာရယ်"

"ဟေ၊ ဘာတွေဖြစ်ပြန်ပြီလဲ"

"ဟို၊ ရွှေဖလားကြီး ပျောက်သွားလို့တဲ့လေ"

"ဟေ၊ ပျောက်လှချည်လား"

"ဟုတ်ပ။ နီတလုတ်မကလည်း ပျောက်၊ ရွှေဖလားကြီးကလည်း ပျောက်နဲ့ အိမ်မှာ ဘာတွေဖြစ်မှန်းတောင် မသိပါဘူး"

"အေးကွာ၊ တော်တော် ခေါင်းခဲစရာပဲ"

"အစ်ကို ဇော်စကြာ မပြန်သေးဘူးလား"

"ပြန်မလို့တဲ့ဥစ္စာ နီတလုတ်မ ပျောက်နေတယ်ဆိုတော့ ပန်းညိုတစ်ယောက်တည်း အားငယ်နေမှာပေါ့"

"ဟုတ်ပ၊ မမပန်းညိုက အရမ်းအားငယ်တတ်တာ။ ခုလည်း ရွှေဖလားကြီး မတွေ့လို့ သူ့ခမျာ တငိုငိုတရယ်ရယ် ဖြစ်နေရှာတယ်လေ"

"ဩော်၊ ဒုက္ခပါပဲ"

ဇော်စကြာမှာ ပန်းညို၏သတင်းကြောင့် စိတ်ထဲ အစိုးရိမ်ကြီး စိုးရိမ်သွားပေ၏။ ထိုအချိန်တွင် ပန်းညိုကို ညှိုးညှိုးနွမ်းနွမ်း တွေ့လိုက်ရ၏။

"ပန်း ရွှေဖလားကြီး ပျောက်သွားလို့ဆို"





"ဟုတ်တယ် ကိုဇော်စကြာ။ ကျွန်မတော့ စိတ်အတော်ညစ်လှပြီ။ ဘယ်လိုဖြစ်လို့များ ပျောက်သွားတာလဲ မသိဘူး။ အစ်မသတင်းကလည်း ဘာမှ မကြားဆိုတော့. . ."

"စိတ်မကောင်းပါဘူး ပန်းရယ်။ ကိုယ်အတတ်နိုင်ဆုံး ရှာပေးပါ့မယ်"

"ဩော်၊ ကိုဇော်စကြာက ဒီရွာသားမှ မဟုတ်တာ"

"မစိုးရိမ်ပါနဲ့ ပန်း။ ဒီကိစ္စ မရိုးသားဘူးလို့ ကိုယ်ထင်တာ။ တစ်ယောက်ယောက်ရဲ့ လုပ်ကြံမှုများလား မသိဘူး"

"ရှင်၊ ဒါ ဒါဆို အစ်မ တစ်ခုခုများ ဖြစ်လေပြီလား ဒုက္ခပါပဲ"

"ဒီလောက်ကြီးတော့ မစိုးရိမ်ပါနဲ့လေ။ ကိုယ်လည်း ဒီကပြန်သေးတာမှ မဟုတ်တာ။ ဒီအမှု မပေါ်ပေါ်အောင် ကိုယ်ဖော်ထုတ်ပါ့မယ်။ တကယ်တော့ ကိုယ်တို့မျိုးနွယ်ဟာ စီအိုင်ဒီ မျိုးနွယ်တွေပါ ပန်း။ အမှုတစ်ခုဖြစ်ပြီဆိုရင် ခိုင်လုံတဲ့အချက်အလက်တွေရအောင် ဦးဆုံး တည်ဆောက်ရပါတယ်။ အဲ ဒါပြီးနောက်တော့ 'ဘ' ခြောက်လုံးကို အားပြုပြီး အဖြေကိုရအောင် ရှာလေ့ရှိပါတယ်။ ဒီလို ရှာတဲ့နေရာမှာလည်း ခွဲနပ်ကြီးပြီး. . ."

"အို၊ ဘာတွေလဲ။ ကျွန်မ ဒါတွေနားမလည်ဘူး။ ကျွန်မသိချင်တာ အစ်မ ဘာဖြစ်နေပြီလဲ ဆိုတာပဲ"

"ဟင်"

ပန်းညိုသည် သူ့စကားကို နားထောင်ရင်း စိတ်တွေပို၍ ရှုပ်ထွေးလာသဖြင့် နားထောင်နိုင်စွမ်း မရှိဘဲ အိပ်ခန်းထဲ ဝင်ပြေးသွားလေတော့၏။ သူ့ကိုယ်သူ ထောက်ကြီးတစ်ယောက်လို ယူဆနေသော ဇော်စကြာမှာတော့ ရှေ့ဆက်ဘာပြောရမှန်းမသိဘဲ အူလည်ချာလည် ဖြစ်နေ၏။ ထိုအချိန်တွင် ကြာရိုးအားလိပ်တစ်တိုခဲပြီး ရိုတိုတို အမူအရာနှင့် ရောက်ရှိလာလေ၏။

"ဘယ်လိုတုံးဗျ ဆားပုလင်းကြီးရဲ့"

"ဟေ့လူ၊ ကျုပ်လိုလူကိုများ ခင်ဗျားက တွေ့ကရာနာမည်တွေ ပေးနေသလားဗျ"

"ဟဲဟဲ၊ ဆရာဘွန်းက ဒါ ဒါ ကောင်းတယ်လေ"

ကြာရိုးက ခေါင်းကိုလက်ညှိုး တသိုးထိုး လုပ်ပြလိုက်၏။ ကြာရိုးစကားတွေ ပင့်လုံးမြှောက်လုံးများ ပါလာသဖြင့် ဇော်စကြာမှာ သွေးတကြွကြွဖြစ်လာ၏။

"အဟမ်း အဟမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ ဆရာဘွန်းရဲ့ ချဲကပ်နေတာလား ဟင်း ဟင်း"

"ဟာဗျာ၊ ကျုပ်က ဒါသမားဆိုတော့ စဉ်းစားရတယ်လေ"

"ဩော်၊ ဟုတ်ပေသားပဲ။ ဘယ်လိုများ စဉ်းစားမိသတုံးဗျ။ အမှုသွားတ မူလအခြေအနေလေး လင်းစမ်းပါဦး"

"အဟမ်း၊ ဒီလိုရှိတယ်ဗျ။ လောလောဆယ် ပြဿနာကို ဆွဲထုတ်တတ်ရှိ လိုတယ်ဗျ။ ဒီတော့ ဦးဆုံးပြဿနာက ရိုးဒေါ်တလုတ်မ ပျောက်သွားတဲ့ကိစ္စ ပဲ။ ခုဆို ခုနစ်ရက်ရှိသွားပြီ၊ ဘယ်ဆီကမှလည်း သတင်းမကြားရဘူး။ မြို့ပေါ် ကို လိုက်သွားတယ်၊ ပြန်လာတယ် မလာတယ်ဆိုတာ မရေရာဘူး"

"ဟုတ်ပဲ့ဗျာ၊ ဟုတ်ပဲ့"

"ဒီတော့ဗျာ. . . ဒီပြဿနာရဲ့ နောက်ခံဖြစ်နိုင်ခြေတွေကို တစ်ချက်ချင်း ဆွဲကြည့်ရမှာပေါ့၊ အဟမ်း"

"ဒါ ဒါပေါ့ ဆရာဘွန်းရဲ့၊ နောက်ခံပြဿနာ ဆိုတော့ ဘာများဆိုလိုတာလဲ ဆရာဘွန်း"

"ဒီအချက်ဟာ အမိကပွိုင့်ပဲဗျ"

"လုပ်ပါဦး ဆရာဘွန်း"

"အင်း၊ ရိုးတလုတ်မမှာ ရွှေရှိတယ်၊ ငွေရှိတယ် ပြီးတော့ သမီးချောလေး လည်း ရှိတယ်"

"အင်း သမက်လောင်း ချောချောကြီးလည်း ရှိတယ်လေဗျ"

"ဟဲဟဲ၊ ဒါကတော့ တစ်ချက်ပေါ့ဗျာ။ ဟိုစကား ရှိတယ်ဗျာ၊ အခက်မသိ တော့ ရတက်ပွေတဲ့၊ သမက်ရှိတော့ အမျက်ပြေတဲ့ဗျ။ တကယ်တော့ သမက် ကောင်းစားရင် ယောက္ခမ ခေါင်းမစားဘူးပေါ့ဗျာ။ ပြီးတော့ သမက်တွေကိုလည်း ယောက္ခမတွေက မပြစ်မှားသင့်ဘူးဗျ။ ပြောရရင် ကျုပ်တို့ မြတ်စွာဘုရားရှင်ရဲ့ ယောက္ခမလုပ်တဲ့ သုပ္ပဗုဒ္ဓကိုကြည့်၊ သမက်တော်ကားတော့ မြေမျိုတာပဲဗျ ဒါကြောင့်. . ."

"ဗျို့၊ ဆရာဘွန်း အခုပြောနေတာ ဒေါ်တလုတ်မ ပျောက်ဆုံးမှုနဲ့ ပတ် သတ်တဲ့ အချက်အလက်တွေလားဗျ"

"အင်၊ အဲ ဟုတ်ပေသားပဲ။ ကျုပ်လည်း သမက်လောကကို မြင့်စေချင် လာနဲ့ပါဗျာ"

"ဩော်၊ ဟုဟု ဟင်းဟင်း"

"ဘာထုံးဘုံ၊ ခင်ဗျားရယ်ပုံက အဆန်းပါလား"





"ဩော်၊ ဆရာဘွန်းပြောတာ သဘောကျလွန်းလို့ပါ"

"ထားပါတော့ဗျာ၊ ဒီကိစ္စရပ်မှာ အဓိက တွန်းတော် ဆတ်စပက်ဖြစ်တာ ပေစုတ်စုတ် ၄တပဲဗျ"

"ဘယ်သူပါလိမ့်၊ ဟို ဆရာပြောတဲ့ ဘိုစကားက တစ်မျိုးကြီးပဲနော်။ ကို ဆိုလိုတာပါလိမ့်"

"ဒီလိုလေဗျာ၊ ဆတ်စပက်ဆိုတာ သံသယဖြစ်တယ်ပေါ့ဗျာ"

"ဒါဆို ပေစုတ်စုတ်တေဆိုတာ. . ."

"ဟိုဗျာ၊ ခင်ဗျားနဲ့ တစ်ရက်က စကားလာပြောတဲ့လူလေ။ စိတ်သိပ်မမှန် လေဗျာ။ ပြီးတော့ ပန်းညိုကိုကြိုက်တယ်ဆိုတဲ့ တေဗျ၊ ဂျိုအေးလား ဘာ ဗျာ"

"ဩော်၊ ဂျာအေးကို ပြောတာလား"

"ဟုတ်ပ"

"ဒီလိုကိုး၊ ဆရာက ဂျာအေးကို သံသယဖြစ်နေတာကိုး။ ဘယ်လိုဖြစ်လို့ ဆရာဘွန်းရဲ့၊ ဂျာအေးဟာ ရူးပေါပေါပါဗျာ"

"ဟာ၊ ဒီလိုလူက ပိုကြောက်စရာကောင်းတယ်ဗျ။ ဒီငတမျက်လုံးတွေ တစ်ခုခု လျှို့ဝှက်ထားသလိုပဲဗျ"

"ဖြစ်နိုင်ဘူးထင်ပါရဲ့ ဆရာဘွန်းရယ်။ ဂျာအေးဟာ လူရိုးလူအ တစ် ယောက်ပါဗျာ"

ကြာနီက သူ့စိတ်ထဲရှိရာ ပြောဆိုပြီး မြံအနောက်ဘက်သို့ ထွက်သွားလေ ၏။ ဇော်စကြာမှာ တစ်ယောက်တည်း ကြောင်စီစီနှင့် ကျန်ရစ်ခဲ့၏၊ စိတ်ထဲတွင် ဂျာအေးကို အမိက သံသယဖြစ်နေ၏။ ဒေါ်တလုတ်မ ပျောက်ဆုံးမှုတွင် ဂျာအေး ယောင် မကင်းနိုင်ကြောင်း ဖတ်ဖူးမှတ်ဖူးလေ့ရှိသော စုံထောက်စာအုပ်များကို ထိုးကား၍ ကောက်ချက်ချခဲ့လေ၏။

ထိုပြင် ဂျာအေးတစ်ယောက် ရွာမြောက်ဘက် သချိုင်းသို့ ဆာလာအိတ် ကြီးတစ်လုံး ထမ်း၍ သွားခဲ့ပုံ၊ သချိုင်းရောက်သည့်အခါ အိတ်ကြီးကို တွင်းတူး၍ မြှုပ်နှံနေပုံများက သူ့မျက်လုံးထဲ ရုပ်ရှင်ပြကွက်များ အနေဖြင့်တွတ် မြင်နေသလို တစ်ကွက်ချင်း ဝင်လာ၏။

ဟုတ်ပါပြီ၊ ဒီဂျာအေးဆိုတဲ့ ငတာ ဝန်းညိုကိုကြိုက်နေတယ် ဒါက လည်း ပန်းညိုကို နိုးတော့မယ်၊ အခြေအနေကောင်းနေပြီ။ ဒီအချိန်မှာ ရိုးဒေါ် တလုတ်မဟာ အညာပဲ။ ဒီတော့ အညာကို ချိုင်ချလိုက်တဲ့သဘောပဲ ဖြစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါပြီ၊ ဒီကိစ္စရဲ့ အဓိကလက်သည်ဟာ ဂျာအေးပါပဲ၊ ဇော်စကြာ
ယောတ် ဂျာအေးအပေါ်တွင် သံသယစိတ် အကြီးအကျယ် ဝင်နေလေ
ထိုအချိန်တွင် အိမ်ဝိုင်းနောက်ဘက်မှ ထွက်လာသော ကြာရိုးသည် ဂျာအေ
ရှိရာသို့ ရောက်ရှိလာ၏။

ဂျာအေးတစ်ယောက် မနေ့ညက ကိုင်းထဲ ချိုးအုပ်များကျနေသဖြင့်
တုတ်များထွန်းကာ မိုးလင်းသည့်အထိ အလုပ်လုပ်ခဲ့ရသည်။ ထို့ကြောင့်လည်း
ရှာပြန်ရောက်သည်နှင့် တခေါခေါ တရှူးရှူးနှင့် ဟောက်သံပေးနေလေ၏။

"ဟေ့ ဂျာအေး ဂျာအေးရေ"

"အင်"

"ဂျာအေး ထစမ်းပါကွာ၊ အရေးကြီးလို့ကွ"

"ဟာဗျာ အိပ်ရေးပျက်လို့ အိပ်နေတာ၊ ဘယ်သူတုံးဗျ"

"ငါပါကွ ဂျာအေး"

"ကိုကြာရိုးလား"

"ဟုတ်ပ၊ အရေးကြီးလို့ကွ"

ဂျာအေးတစ်ယောက် အိပ်ရာထဲမှ လူးလူးလဲလဲနှင့် ထလာ၏။ ဆံ
တွေကလည်း ဖိုးရိုးဖားရား၊ အပေါ်ပိုင်း ဗလာကျင်းနှင့် စောင်ကြီးခြုံကာ ထွ
လာ၏။ ကြာရိုးသည် ဟိုဟိုဒီဒီကြည့်ရင်း ဂျာအေးကို ပြောလိုက်၏။

"ဟေ့ကောင် ဂျာအေး"

"ဘာတုံးဗျ၊ ခင်ဗျားကလည်း ကျုပ်နားမည်ပဲ တခေါ်တည်းခေါ်နေတာ
ကျုပ်ကို အသုဘကောင်ကြီးများ အောက်မေ့နေသလားဗျ"

"ဟာကွာ၊ မင်းကလည်း အရေးထဲမှာ ပြဿနာရှာနေပါပြီ၊ ငါမေးတာ
ဖြေစမ်းပါဦးကွ"

"ဘာမေးမှာတုံး၊ ခင်ဗျားကိုယ်ခင်ဗျား အရပ်လူကြီးများ အောက်မေ့
သလားဗျ"

"ဟေ့ကောင်၊ မင်း စကားတွေ စွတ်မပြောစမ်းပါနဲ့ကွာ၊ ငါမေးစရာရှိလို့
ကွ၊ ပြီးတော့ ပြောလည်းပြောစရာ ရှိတယ်၊ ငါပြောမယ့်စကားက အရေးကြီး
ဘယ်နော်"

"ဘာတုံးဗျာ၊ မေးစရာရှိတာ မေးပေတော့"

ဂျာအေးသည် ဆေးလိပ်ခွက်ထဲမှ မြနှင်းဆီဆေးပေါ့လိပ်တိုကို ပြာခြွေ
ပြီးသော် မီးညှိကာ လုံးလုံးထအောင် ဖွာရှိုက်လိုက်၏။





"ကဲ၊ ပြောစမ်းပါဦးဗျာ"

"ဒီလိုကွ၊ မင်း ဟိုတစ်လောက ဒေါ်ရာကျော်သုသာန်ကို အထုပ်ကြီးထမ်း
ဘာသွားလုပ်တာလဲ ပြောစမ်း"

"ဗျာ"

"ငါမေးတာ ဖြေလေကွာ"

"ခင် ခင်ဗျား ဘယ်လိုသိ . . . သိတာလဲ"

"သိတာပေါ့ကွာ၊ ငါမေးတာ ဖြေလေ"

"အင်"

ဂျာအေးခမျာ ကြာရိုး၏အမေးကြောင့် အိပ်ချင်မူးတူးအသွင်အပြင်များ
ကာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်လာလေ၏။ ထိုစဉ် ကြာရိုးက လေသံ
ဟိမ်နှင့် ပြောလိုက်ပြန်လေ၏။

"ပြီးတော့ မင်း အဲဒီအထုပ်ကြီးကို သချိုင်းထဲ မြှုပ်နေတယ် မဟုတ်လား၊
ဘာတွေ လျှောက်လုပ်နေတာလဲ ဂျာအေး၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း
အရေးအကြောင်းရှိရင် ငါပါဝင်ဖြေရှင်းလို့ရတာပေါ့ကွာ"

"ဟာဗျာ၊ ခင်ဗျားကြီး မသိချင်စမ်းပါနဲ့"

"ဟေ့ကောင် ဂျာအေး"

"ဘာတုံးဗျ"

"မင်းကိစ္စ ငါတစ်ယောက်တည်းသိတာ မဟုတ်ဘူး"

"အင်၊ ဒါ ဒါဆို ဘယ်သူသိ. . ."

"ဘယ်သူကမှာလဲကွ၊ ဟို စုံထောက်ကြောင် ခေါ်နေတဲ့ ဆရာဘွန်းပါ
နေတာနော်"

"ဗျာ"

"မင်း ဘာတွေ လျှောက်လုပ်နေသလဲ၊ ရာဇဝတ်မှုများ ယှဉ်နေပြီလား
ငါတော့ မင်းအတွက် စိတ်အပူကြီးပူမိတယ်ကွာ"

"ဒုက္ခပါပဲဗျာ၊ ကျုပ် ဘာမှမပြောချင်ဘူးဗျာ၊ ဒါတော အချစ်တွတ် ကျုပ်
ဒသဂီရိလို အချစ်ကြီးသမားကြီးဗျာ၊ အချစ်အတွက်နဲ့ ဝင်သတ်ရင် ဘာပဲ
ရလုပ်ရပေါ့ဗျာ လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးပြီဗျာ၊ တင်းတင်း သောတ
လုပ်ချင်ရာကို လုပ်လိုက်ရတာ အရသာရှိသွားတယ်ဗျာ၊ တင်းတင်း ဘာပဲဖြစ်
နောက်ဆုံး အစိစိရောက်မယ်ဆိုလည်း လိုက်သွားမယ်ဗျာ"

"ဟာ မင်းဥစ္စာ ဟုတ်သေးပါဘူးကွာ၊ ရာဇဝတ်မှုဆိုတာ ရယ်မလွတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နော် ဂျာအေးရဲ့။ မင်း အဲဒီလို ဖြေရှင်းလိုက်လို့ ပန်းညိုနဲ့ညားမှာ သေချာ
ပြောပါဦး"

"ဟာဗျာ၊ ဒါကတော့ ကျုပ် ထပ်ကြိုးစားရမှာပေါ့"

"မဟုတ်တာကွာ၊ ပန်းညိုကရော မင်း အဲဒီအမှု တူးလွန်ပြီဆိုကတည်
ခွင့်လွှတ်နိုင်ပါဦးမလားကွ"

"အိုဗျာ၊ ကျုပ် ဒါတွေ မသိဘူးဗျာ။ ကျုပ်နဲ့ပန်းညိုကြား ရှုပ်နေ
ရှင်းပစ်ရမှာပဲ။ အချစ်နဲ့စစ်မှာ ရှေ့ကို တစ်လှမ်းတိုးဖို့ပဲ ကျုပ် စဉ်းစားတ

"ဟာကွာ၊ မင်းက ပြောလေ ကြောက်စရာကောင်းလေပါလား။
မင်းဟာ ဒသဂီရိလို အချစ်သမားကြီး ဖြစ်သွားပြီကွ"

"ဟုတ်တယ်၊ ကျုပ်ဟာ ဒသဂီရိပဲ။ မယ်သီတာကို ငုံထားမတတ် ချစ်
ဒါကြောင့် တစ်ပြည်လုံး မီးဟုန်းဟုန်းတောက်အောင် ပြဿနာရှာခဲ့တ
ခုလည်း ကျုပ် တစ်ရွာလုံး မီးဟုန်းဟုန်းတောက်အောင် ရှို့လိုက်ပြီဗျာ။ ခင်ဗျာ
နေစကြာလား ဘာလား မသိဘူး။ အဲဒီလူကိုလည်း သတိထားလို့ ပြောလို့

"ဟင်"

"ဟုတ်တယ်၊ ကျုပ် သတိပေးလိုက်ပြီ၊ ဂျာအေးကြမ်းရင် မြစ်ရေရှ
တာထက် ဆိုးပြီဗျ"

"ဗုဒ္ဓေါ၊ ဂျာအေး ဂျာအေး၊ အချစ်ဟာ ပါပကြိုဟ်လိုပဲကွ။ ဝင်မိပြီဆို
ဘဝဆွေး စိတ်ဆွေးပဲကွ။ ကြည့်လည်းလုပ်ပါ ကိုယ့်လူရာ။ ရာဇဝတ်မှု ဖြစ်
ပြီဆိုရင် ဘယ်သူမှ ဥပဒေအရိပ် မရှောင်သာဘူးနော်။ ငါတော့ မင်းအ
ရင်လေးပါဘိကွာ"

"မပြောနဲ့ဗျာ။ ကျုပ် ဘာမှ နားမထောင်ချင်တော့ဘူး။ လော
ဂျာအေးဟာ ပန်းညိုကလွဲလို့ ဘာဆိုဘာမှ မမြင်တော့ဘူးဗျ။ ကျုပ်နဲ့ပန်းညို
အရှုပ်မှန်သမျှ ရှင်းပစ်ဖို့ ဆုံးဖြတ်လိုက်ပြီဗျို့"

"အင်း၊ သွားပြီ ငါ့ကောင်တော့ ရူးသွားပြီထင်တယ်"

"ဟုတ်တယ်။ ကျုပ်ရူးနေပြီဗျ"

"အင်"

ကြာရိုးတစ်ယောက် လတ်မြှောတ်သွားရပြီ ဖြစ်လေ၏။ ထို့ကြောင့်
ခေါင်းမွေး နီကြင်ကြင်ကို တဖြင်းဖြင်းကုတ်ရင်း အိမ်ပေါ်မှ ဆင်းသွား
ထိုအချိန်တွင် ဆေးပေါ့လိပ်တစ်တိုနှင့် ငွေကြီးကျန်ရစ်ခဲ့သူမှာ ဂျာအေးဖြ
[illegible] ပြောသွားသည့် စကားများကို ပြန်တွေးရင်း ခေါင်းတွေ ထူပူလာ





သူပြုခဲ့သည့်အမှုကို စိတ်ထဲ မလုံမလဲဖြစ်လာ၏။

အမှန်မတော့ ထိုသို့ပြုမှုရန် နည်းစနစ်ကြောကြီးဖျောက်ဆိပ်က အကြံဉာဏ်ပေးခဲ့ခြင်း ဖြစ်လေ၏။ ယခုတော့ သူ့အပြုအမူကို ဇော်စကြာ သိနေပြီမို့ စိတ်ကူးထဲမှာ အဟာန့်အတားတွေ ဖြစ်လာ၏။ သူပြုထားခဲ့သည့်အမှုသာ ပေါ်လိုက်ပါက သူ့မျက်နှာ ဘယ်ထားလို့ထားရမှန်း မသိတော့။

ထို့ပြင် သူ့ဘဝ၏ လမင်းပမာ ယစ်မူးကြီး ယစ်မူးခဲ့ရသော ပန်းညိုတစ်ယောက် သူ့အပေါ် အမုန်းကြီးမုန်းသွားမှာ သူ့အစိုးရိမ်ဆုံး။ ဒသဂီရိလို ကြမ်းချင်သော်လည်း အလွမ်းဒဏ်ကို သူ မခံနိုင်။ ပန်းညိုမုန်းလိုက်ပြီ ဆိုသည့်နေ့က သူ့ဘဝပျက်သည့်နေ့ပင်။ အလွန်အကျွံ ပြောရလျှင် ပန်းညိုထံမှ နှုတ်ထွက်အမုန်းစကား ကြားလိုက်ရသည်နှင့် အသက်ရှူရပ်သွားနိုင်၏။ လှည့်ပတ်သွားလာနေသော သွေးကြောများ ရပ်တန့်သွားနိုင်၏။

ထိုထိုသော ကြောက်ရွံ့ ချောက်ချားဖွယ်ကောင်းလှသည့် အာရုံများကြောင့် ဂျာအေး သွေးပျက်လာ၏။ ဆေးလိပ်ကို မီးခိုးတထောင်းထောင်းထအောင် ဖွာရှိုက်ရင်း ဇောချွေးတွေပြန်လာ၏။ အခြေအနေက ပေါက်ကွဲလုလုအခြေအနေမို့ အားကိုးစရာ ဆရာတစ်ပါးဖြစ်သော ဖျောက်ဆိပ်ကို မြင်ယောင်လေ၏။

"ကိုကြီးဖျောက်"

"ဟာ၊ ဘာတုံးကွ။ ဘာတွေ အရေးကြီးလာပြန်ပြီလဲ"

"ဟာ၊ အရေးတော်ပုံ ပေါ်ပြီဗျို့"

"ဟင်၊ ဘာတွေဖြစ်လာပြီလဲ"

"ရှုပ်တော့ ရှုပ်ကုန်ပြီဗျ"

"အင်၊ ဘယ်လိုရှုပ်ကုန်တာတုံး။ ထိုင်ပါဦးကွာ"

"ဒီလိုဗျ"

ဂျာအေးသည် ဖျောက်ဆိပ်ဘေးတွင် ဝင်ထိုင်ရင်း မျက်စိပျက်မျက်နှာပျက်နှင့် ပြောပြလိုက်လေ၏။

"ပြောပါဦး"

"ကျုပ်တို့ကိစ္စတော့ ပြဿနာပဲဗျို့"

"ဟင်၊ ဘယ်လိုဖြစ်လို့တုံးကွ။ ဘယ်သူတွေ သိသွားလို့လဲ"

"ဟာဗျာ၊ ကျုပ် မသိစေချင်ဆုံးလူမှ သိသွားတယ်ဗျာ"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဇော်စကြာလေ"

"ဟင်၊ ဟို ဆရာဘွန်းဆိုတဲ့ မင်းပြိုင်ဘက်လား"

"ဟုတ်ပဗျာ၊ ဒီလူက ကျုပ်လုပ်ရှားမှုကို မြင်သွားတာဗျ။ ဒုက္ခပါပဲဗျာ ဒီကိစ္စ ပေါ်သွားလို့ကတော့ ရွာမှာတောင် မနေရဲတော့ဘူးဗျာ။ ကျုပ် ဘာဆက် လုပ်ရမလဲဗျ"

"နေပါဦးကွ။ သူက ဘယ်လိုသိတာလဲ"

"ပြောတတ်ဘူးလေဗျာ။ ဒီကိစ္စ သတင်းလာပေးတာ ကိုကြာရှိုးဗျ။ သူက ကျုပ်လှုပ်ရှားခဲ့တဲ့နေရာပါ အတိအကျ ပြောလာတာဗျ"

"ဗုဒ္ဓေါ၊ ဒါဆို မလွယ်ပါလား"

"အဲဒါပြောတာပေါ့ဗျာ။ ကျုပ် ဘာလုပ်လို့လုပ်ရမှန်းတောင် မသိတော့ဘူးဗျာ"

"အင်း၊ ပြဿနာကတော့ အစပျိုးလာပြီကွ"

"အဲဒါ ပြောတာပေါ့ဗျာ"

"အဲဒီကိစ္စမှာ သွေးအေးအေးနဲ့ ရင်ဆိုင်ရဲဖို့ လိုတယ်ကွ။ သွေးပူပြီး လျှောက်လုပ်ရင် ပိုပြီးမှားကုန်မယ်ကွ။ အမှားတွေ ပိုများလာလို့ မှန်မယ်တော့ မထင်လေနဲ့ ကိုယ့်လူ။ အမှားများရင် အမှားပဲပုံနေမှာကွ"

"ဟာဗျာ၊ မှန်တာမှားတာတွေ ဘေးချိတ်စမ်းပါကွာ။ ခင်ဗျားပဲ ပြောခဲ့တာလေ။ အချစ်ဟာ မှားတာမှန်တာ မရှိဘူး။ အချစ်ဟာ စုံလုံးကန်းနေတဲ့ အရူး တစ်ယောက်လိုပဲ။ ပြီးတော့ အချစ်မှာ အမိုးအကာ မရှိဘူး။ ဘာသာတရား ကိုယ်ကျင့်တရားလည်း မရှိဘူးဆို"

"ဟာကွာ၊ အဲဒါက ပညာရှိတွေ ပြောခဲ့တာကို ငါပြောပြတာပါကွ"

"ဟင်၊ ဒါဆို ခင်ဗျားကြီး ဘာပြောနိုင်မလဲ"

"အဲ အချစ် ဟုတ်လား။ အချစ်ဆိုတာ ငါရဲ့သဘောတရားနဲ့ ညှိပြောရင် လားရာမဲ့ မြစ်တစ်စင်းပဲကွ"

"လုပ်ပြန်ပြီဗျာ။ လားရာမဲ့မြစ်ဆိုရင် ကျုပ် အခု ဘယ်ကိုလားရမှာလဲ"

"အဲ၊ ဒါကတော့ ဘဝဆိုတာ ပုံသေကားကျ မရှိဘူးလေ။ မရေရာမှုတွေ ဘဝဟာ ရှင်သန်ခဲ့တာပဲကွာ။ ဒီတော့ မင်းတို့ ငါတို့ လက်ထဲမှာ သေချာတယ် ရေရာတယ်ဆိုတာကို ဘယ်လို ဆုပ်ဆုပ်ကိုင်ကိုင် ပြောနိုင်မှာလဲ"

"ဟင်၊ ဒါဆို ကျုပ် ပန်းညှိနဲ့ မသေချာဘူးပေါ့"

"ဟာ၊ မင်းကလည်း ခက်ပါ့ကွာ။ မျဉ်းနှစ်ကြောင်းဟာ လားရာပြောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကွ။ အဲဒါကို ဖွတ်ဆွဲပြီး ပေါင်းစပ်ရင် မျှဉ်းကွေး မျဉ်းဖောက်တွေ ဖြစ်လာမှာပေါ့ကွာ"

"အင်၊ မျဉ်းကွေးမျဉ်းဖောက်"

"ဟုတ်ပ၊ ဒါဟာ သဘာဝကို ဖောက်ခွဲလိုက်ခြင်းပဲ။ အဲဒီအတွက်တော့ ခင်းပြန်ပြီး ပေးဆပ်ရမှာပဲကွ။ အချစ်နဲ့အတူ ပူလောင်ခြင်း၊ ကြေကွဲခြင်း၊ လွမ်းဆွတ်ခြင်း၊ တမ်းတခြင်း. . ."

"တော်ပါတော့ဗျာ။ ခင်ဗျားဥစ္စာ ဘာတွေမှန်းလဲ မသိဘူး။ ကျုပ်အခု ဘာလုပ်ရမလဲ ပြော"

"အင်း၊ ဒီကိစ္စကျတော့. . ."

ဆြာကြီး ဖျောက်ဆိပ်ခမှာ ကျာအေး၏အမေးကို အဖြေပေးရမှာ လေးလံနေ၏။ ထို့ကြောင့်လည်း ဆေးပေါ့လိပ်တိုကို မီးညှိဖွာရှိုက်လိုက်၏။

"ပြောစမ်းပါဗျာ၊ ကျုပ်တော့ မျက်ခုံးတွေ လှုပ်လှုပြီဗျ။ အချစ်ကြောင့် ကျုပ် မျက်နှာမျက်ရတော့မယ်"

"ဟား ဟား ဟား။ ကျာအေး ကျာအေး. . ."

"ဘာတုံးဗျာ၊ ဘာရယ်တာလဲ။ ကျာအေးဟာ ရယ်စရာသတ္တဝါလား ပြောပါဦး။ ကျုပ်က ခင်ဗျားကြီးပေးတဲ့ အကြံအတိုင်း ကြံစည်ခဲ့တာပဲဗျာ။ ပြဿနာ ဖြစ်လာရင် ခင်ဗျားမှာလည်း တာဝန်ရှိတာပဲဗျ"

"ဟေ့ ဗုဒ္ဓေါ၊ မင်းကတော့ ငါ့တိုဆွဲထည့်လိုက်ပြန်ပြီ။ အတ္တာဟိ အတ္တနော နာထောတဲ့ကွ။ ဒီကိစ္စမှာ လူတင်ပါလို့ နွားကျွားကိုက်တာပါကွ။ ထားပါတော့ကွာ ပြဿနာဖြစ်လာမှတော့ ရှင်းသင့်တာ ရှင်းပစ်ရမှာပေါ့"

"ဗျာ၊ ဘာရှင်းရမှာလဲ။ ဟိုပြဿနာက ခုမှ စခါစ ရှိသေးတယ်နော်"

"ထားစမ်းပါကွာ။ လောကမှာ မသိတာကို သိအောင်ကြိုးစားရမှာတွ။ ပိတ်နေတာတွေကို ဖွင့်ပစ်ရမယ်။ ပျောက်နေတာကို ရှာရမယ်။ ဖောက်နေတာကို ဖြောင့်ပစ်ရမယ်။ ဒါ လူတစ်ယောက်ရဲ့ ရှိသင့်ရှိအပ်တဲ့ အရည်အသွေးတွေ"

"ရှုပ်လိုက်တာဗျာ။ ဟို ခင်ဗျား တတ်ထားတဲ့ ဗေဒင်ပညာနဲ့ တွက်ကြည့်ပါလားဗျ"

"အင်၊ လုပ်ပြန်ပြီကွာ။ တော်ကြာ အမှုလေး. . ."

"ဟာ၊ ခင်ဗျားမိန်းမမှ မရှိတာဗျ။ တွက်စမ်းပါ ကျုပ်ဘာတွေ ဖြစ်လာနိုင်သလဲ၊ အမှုတွေအခင်းတွေ ဖြစ်လာနိုင်သေးလား"

"ဟင်၊ နေဦးကွ။ မင်းက တနင်္လာသား ခင်းအဝေဖော ကြာသပတေး"

www.burmeseclassic.com



"ဘာတုံးဗျ၊ ကျုပ်ကိုတွက်တာ ကျုပ်အဘနဲ့ ဘာဆိုင်လို့လဲ"

"ခြော် ဟုတ်သားပဲ။ တနင်္လာသား ဂြိုဟ်သက်က ဆယ်ငါး၊ မင်းအ နှစ်ဆယ့်သုံးဆိုတော့ အင်္ဂါဂြိုဟ်အိပ်တယ်။ ပြောရရင် အင်္ဂါဂြိုဟ်ထဲက ထွက် တော့မယ်ကွာ။ မထွက်ခင် ထွက်ခတ် ခတ်တတ်တယ်"

"ဗျာ၊ ကျုပ်က ကျွဲမှမဟုတ်တာဗျာ"

"ဟာ၊ နေစမ်းကွာ"

ဖျောက်ဆိပ်တစ်ယောက် သစ်ကိုင်းခြောက်နှင့် မြေပြင်ပေါ် ခြစ်နေ ကောင်းကင်ပေါ် မော့ကြည့်လိုက်၊ တုတ်တစ်ချောင်းနဲ့ တွက်လိုက်ခြစ်လိုက် လုပ်နေပေ၏။ ကျားအေးမှာ ဖျောက်ဆိပ်ပါးစပ်မှ ရွတ်ဖတ်နေသော ဗေဒင် ပေါက်များကို အူကြောင်ကြောင်နှင့် ထိုင်နားထောင်နေရှာ၏။

"စသာ ရွေကူ အင်းဝသူ ဆန်ဖြူတစ်တင်းပေး။ အင်္ဂါရွေ့တိုး၊ တစ်ပေါင်း ကျိုး၊ မြေမိုးဗောင်းလှန် ဝုက္ခရဲ့ အကြံဇောက်ထိုးလွဲတဲ့ကွ"

"ဗျာ"

"နေပါဦး၊ ရက်တနင်္လာ၊ ညအခါ မွေးလာ၊ ကျားမျိုး ကိတ်ဂြိုဟ်စိုး၊ ရှု နိုးနိုးနဲ့ ဟန်လုပ်လာ မြီးပုတ်ခါသာ ချိန်တွေဆုံးတဲ့ကွ"

"အင်၊ ခင်ဗျားကြီးကလည်း အရေးထဲ သံချပ်ထိုးနေပြန်ပြီဗျာ၊ ကျုပ်ရင်ထဲ မြစ်ရေတွေ ဝင်နေပြီဗျ"

"ဟေ၊ ဘယ်တုံးကလဲ။ ဒါဆို ဒိုက်တွေရော ငွေ့တွေရော ပါလာမှာပေါ့"

"ဟုတ်တယ်၊ ခင်ဗျားရိုက်ချင်တဲ့ ဖားတွေလည်း ပါတယ်"

"ဟေ၊ တကယ်လား"

"ဟာဗျာ၊ အရေးထဲ ခင်ဗျားတ ကြောင်နေပြန်ပြီ"

"ကျားအေး"

"ဘာတုံးဗျ"

"မင်း ပြေးပေတော့ကွာ"

"ဗျာ၊ ပြေးရမယ် ဘယ်တိုပြေးရမှာတုံး။ ခင်ဗျား ဗေဒင်မှာ ပါလို့လား"

"ဟုတ်တယ်၊ မင်းဟာ အမြီးပုတ်ပေမယ့် ကျားမဟုတ်ဘူး၊ ကြောင်ဗျ"

"ဗျာ၊ ကြောင်ဆိုတော့"

"အေး၊ ကြောင်ဆိုတော့ ရှောင်မှလွတ်မှာကွ။ ဒီတော့ မင်း အခုချိန် ပြေးထား၊ သက်လုံစေ့အောင် ပြေးထားကွာ"

"ဟာ၊ ဘာလုပ်ဖို့လဲ။ ကျုပ်တ အိုလံပစ်မှာ ဝင်ပြေးမှာမှ မဟုတ်ဘဲ





အရေးထဲ ခင်ဗျားက ကျုပ်ကို ပြေးခုန်ပစ် လုပ်ခိုင်းနေပြန်ပြီ"

"ဟော့ကောင်၊ ငါပြောတာ အမှန်ကွ။ ဒီအချိန်မှာ မင်းဟာ အမြီးပုတ်နေလို့ မရဘူး။ မင်းဖမ်းမယ့် သတ္တဝါက သားကောင်မဟုတ်ဘူး မုဆိုးကွ။ ဒီတော့ ဗေဒင်အရ ယာယီခရီးထွက်သင့်လို့ ဆိုထားတယ်ကွ"

"ဟင်၊ တကယ်လား"

"တကယ်ပေါ့ကွ။ ဒီအချိန်မှာ ပြေးထား"

"ဟင်၊ ဘယ်တော့ ရပ်ရမှာလဲ"

"အဲ၊ ငါရပ်ဆိုတော့ ရပ်ပေါ့ကွာ။ သံသရာကြီးထဲမှာ လူတွေ ပြေးနေကြ တယ်လေ ကျားအေးရဲ့။ ဒီတော့ မင်းလည်းလူပဲ ပြေးပေါ့ကွာ ဟဲဟဲ"

"ဒါဆို လမ်းမှာ အမောဖြေလို့ မရဘူးလား၊ အမြဲတမ်း ပြေးနေရမှာဆို တော့ ကြွက်တွေဘာတွေ တက်ရင် ဘယ်နှယ့်လုပ်မလဲဗျ။ လူးဆေးလေး ဘာ လေး ယူသွားရမှာလား"

"ဟ၊ ဒီကောင် ငါပြောတာ သဘောမပေါက်ဘူးထင်တယ်။ မင်းကို အပြေး သမားလို ပြေးခိုင်းတာ မဟုတ်ဘူးကွ။ ဟောဒီရွာကနေ ခဏရှောင်ဖို့ ပြောတာ တွ"

"ဗျာ၊ ရွာက ထွက်သွားရမယ်"

"ဟုတ်ပ"

"ဒါ ဒါဆို ပန်းညိုခမျာ လွမ်းနေရှာမှာပေါ့ဗျာ"

"တော်စမ်းပါကွာ။ မင်းကောင်မလေးအကြောင်း ထည့်မပြောစမ်းပါနဲ့ကွာ"

"ဟာဗျာ၊ ကျုပ်ကောင်မလေးကို မပြောပါနဲ့ဗျာ။ သူ့ခမျာ ဟိုတောကြီး ကြောင့် သောကရောက်နေတုန်း ကျုပ် မရှိရင် အားငယ်နေရှာမှာပေါ့ဗျ"

"အောင်မယ် ကြီးကြီးကျယ်ကျယ်နဲ့ ခတ်သီချင်းတွေ ကြွားနေပြန်ပါပြီ၊ တဲ ငါပြောတာ နားထောင်၊ မင်း ရွာကနေ သုံးလေးရက်လောက် ရှောင်နေ အခြေအနေကောင်းရင် ငါသတင်းပို့မယ်"

"ဒုက္ခပါပဲ။ ဘဝက မဲဇာတောင်ခြေရောက်ရမယ့် ဘဝဝါလား။ ကြော်၊ အချစ်ဆိုတာ တစ်ခါတစ်ခါ ပြေးခုန်ပစ်ပွဲကြီးလိုပါလား။ တဲ ဒါဆိုလည်း ခုချိန် တစပြီး လစ်ပြီဗျို့"

"လစ်ပေတော့ကွာ"

ကျားအေးတစ်ယောက် စိတ်ပျက်လက်ပျက်နှင့် ထလိုက်တာ ဖျောက်ဆိပ်ကို နှုတ်ဆက်လိုက်၏။ ရွာနှင့် ခွဲရမည်ဆိုတော့လည်း သူ့ရင်ထဲ မချိတင်ကဲ ခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်၏။ ပို၍ ဆိုးသည်မှာ သူ့အချစ်ဆုံး ပန်းညိုနှင့် ခွဲရမည့်အရေးပင် ဖြစ်လေ၏။ ထို့ကြောင့်လည်း သူ့ရင်ထဲ နောက်ဆံတငင်ငင် ဖြစ်နေရှာ၏။

"တိုကြီးဖျောက်"

"ဘာတုံးကွ"

"ဟို ကျုပ် မရှိတုန်း ပန်းညိုလေးကို တေကြီးသုတ်သွားမှာတော့ ကြောက်သဗျာ"

"အိုကွာ၊ ဖူးစာဆိုတာ နဖူးမှာ ပါပြီးသားပါကွ။ ကံတရားတွေရဲ့ စီရင်မှုအောက်မှာ မင်းတို့ငါတို့ သွားလာနေကြတာပဲကွာ။ ဒီတော့ ကံစီမံရာကို နာခံရင်း ဆုတောင်းကောင်းကောင်း တောင်းပေါ့၊ ပြီးတော့ ဆရာသမားကိုလည်း ဂုဏ်မပေးနဲ့ပေါ့ကွာ"

"ဆရာသမားက ခင်ဗျားကြီးလား"

"ဟဲဟဲ၊ ဒီလောက်သိရင် တော်ပါပြီကွာ"

"တော်ပါတော့ဗျာ။ ကျုပ် လစ်ပြီဗျို့"

ပြောပြောဆိုဆိုနှင့် ဂိုင်းဆပ်မှ ဒိုက်ဒိုက်ဒိုက်ဒိုက်နှင့် ထွက်သွားလေတော့၏။

၈ ၈ ၈

## အခန်း (၈)

ကျားအေးတစ်ယောက် ရွာမှ ပျောက်သွားသည်ဆိုသော သတင်းက ဟိုးအတကျော်ကျော် ဖြစ်လာ၏။ ထိုသတင်းကို ကြာရိုးထဲမှ ကြားလိုက်ရသော ဒါ စုံထောက်ကြီး ဇော်ခကြာတစ်ယောက် လက်ပမ်းပေါက်ခတ်လေတော့၏။

"ဖြစ်ရမယ်လေ၊ ကျုပ်က ဒီအတိုင်းတွက်ပြီးသားဗျ"

"ဟင် ဘယ်လိုတွက်ချက်လိုက်တာလဲ။ ဆရာဘွန်းက ဗေဒင်ဗြာကြီးလား"

"ဟာဗျာ၊ ကျုပ်ရဲ့တွေးဆချက်ကို ပြောတာဗျ။ ကျားအေး ကျားအေး မင်းသီပြေးလို့ လွတ်ပါ့မလဲကွာ။ ငါဟာ စီအိုင်ဒီမင်းကြီးရဲ့ယောက်ဖရဲ့ ဟို အဲဒင်းကွ"

"ဗျာ၊ ဘာတွေလဲဗျ။ ဆရာဘွန်း ကေနွ ဆရာဘွန်းဟာ ဒါဆုံးလိုက်ပြီတယ်"

"ငယ်ထိပ်လား"

"မဟုတ်ကဟုတ်က ဆရာဘွန်းရယ်၊ ခေါင်းပြောတာ ခေါင်းသုံးလိုက်ပြီလား"

"ဟားဟားဟား ဒီလိုတော့လည်း ခင်ဗျားက ဉာဏ်ချွန်သော ဒါနဲ့ပါ့ဗျား ဒါလုပ်လုပ် ခေါင်းသုံးရမှာဗျ"

"ဒါပေါ့ ဆရာ၊ ဝမ်းတစ်လုံးတောင်းရင် ခေါင်းခဲဆိုတဲ့ တဆိုလည်း ရှိသေးပဲ ဆရာဘွန်းရဲ့"

"ဟုတ်တယ်၊ အဲ ဘာတွေတုံး။ ခင်ဗျားပြောတာ ဝမ်းနုတ်ဆေးပြောကြောင်းဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အင် ဟုတ်လား၊ မှားသွားလို့ဗျ"

"ကဲပါဗျာ၊ ဒီကိစ္စ ကျုပ်ထင်ထားသလို ဖြစ်လာပြီ။ နံပါတ်တစ် ရိုးတလုတ်
ပျောက်နေတယ်၊ နံပါတ်နှစ် ရိုးတလုတ်မရဲ့သမီး မပန်းညိုကို ဂျာအေး
အစာမကြေဘူး"

"ဘယ်လို အစာမကြေတာတုံး ဆရာ၊ သူတို့နှစ်ယောက် ဘာတွေ
တုံးဗျ။ ကေန္တ ထမင်းကြမ်းခဲကို ရေခဲရိုက်စားတာထင်ပါ့"

"ဟာဗျာ၊ ကျုပ်ပြောတာ ဂျာအေးဟာ ရိုးတလုတ်မ ဖြောင့်ဖြောင့်
ဆန့်ကျင်နေတယ်၊ ဒီတော့ နံပါတ်လေးအချက်က ရိုးတလုတ်မ ရွာက
သွားတယ်။ ဒီအချက်တွေကိုစုပြီး သက်သေအထောက်အထားနဲ့ ကိုးကား
တော့. . ."

"ဘာတွေ့လဲ ဆရာဘွန်း"

"နံပါတ်တစ် ဂျာအေးဆိုတဲ့ကောင်ဟာ ဆာလာအိတ်ကြီးထမ်းပြီး သူ
မှာ သွားမြုပ်တယ်၊ နံပါတ်နှစ်က ဒီကောင်ဟာ သူသတင်း တစ်ယောက်ယော
သိသွားပြီဆိုတာနဲ့ ရွာကထွက်သွားတယ်။ ဒီတော့ကာ ဒေါ်တလုတ်မကို ဂျာ
ရှင်းပစ်လိုက်တာ ဖြစ်မယ်"

"ဗုဒ္ဓေါ၊ ဆရာ့အဖြေက ကြောက်ခမန်းလိလိပါလား။ ဝါဆို ဂျာအေး
ဒေါ်တလုတ်မကို ကိစ္စတုံးရှင်းပစ်လိုက်တာပေါ့"

"ဟုတ်၊ ဒီသဘောပဲ၊ ဒါ မြေကြီးလက်ခတ်မလွဲနိုင်တဲ့ အဖြေပဲဗျ"

"အင်း၊ ဟုတ် ဟုတ်ရဲ့လား ဆရာဘွန်းရယ်။ ဂျာအေးကြောင်းကို
အသိဆုံးပါဗျာ၊ ဒီကောင် လူမပြောနဲ့ ဖားတစ်ကောင်တောင် ရိုက်ရမှာ
တွန့်နေတဲ့ကောင်ပါဗျာ"

"ဟာ၊ ခင်ဗျား မှားနေပြီ ကိုကြာရိုး။ လောကကြီးဟာ ဆန်းပြားလှ
တယ်ဗျာ၊ ဒီတော့ ကိုယ်ထင်တာတွေက ဖြစ်ချင်မှဖြစ်တာဗျ"

ဇော်စကြာစတိုင်က အောင်ပွဲရ စုံထောက်ကြီးစတိုင် ပေါက်နေ၏။
မှာတော့ ဇော်စကြာ၏အပြောကို မယုံနိုင်အောင် ဖြစ်နေ၏၊ သူတို့နှစ်ယော
ပြောဆိုနေသည်ကို မယုံခရဲနှင့် နားထောင်နေသူမှာ ပန်းညိုဖြစ်၏၊

ပန်းညို၏အသွင်မှာ ညှိုးညှိုးလျှလျှလေး ဖြစ်နေ၏၊ မိခင်ကြီးစိတ်
မအိပ်နိုင်မစားနိုင် ဖြစ်နေ၏၊ မိခင်ကြီး ပြန်မလာသည်မှာ ငါးရက်မြောက်
ပန်းညိုခမျာ သောကတွေနှင့် ကျပ်တည်းမွန်းဆို့နေ၏၊ ပို၍ဆိုးသည်က ဇော်
၏ အပြောများကြောင့် ပို၍ပို၍ ခံစားနေရပေ၏။ ယခုလည်း ဂျာအေး





ထွက်ပြေးသွားပြီဆိုသော စကားကြောင့် အသည်းတွေအူတွေ ကြောင်းဆန်
အောင် ခံစားနေရပေ၏။ ထိုစဉ် ဇော်စကြာက ပန်းညိုကို ခပ်ငေးငေးကြည့်ရင်း
လေသံပွပွကြီးနှင့် ပြောလိုက်၏။

"ဘယ်လိုလဲ ပန်း။ ဂျာအေးကို ကိုယ်ထင်ကြေးပေးခဲ့တာ မှန်နေပြီ မဟုတ်
လား"

"ရှင်၊ သူ ဒီလောက်. . ."

"အဲဒါပြောတာပေါ့ ပန်းရယ်။ လူ့စိတ်ဆိုတာ ဆန်းကြယ်သားကွယ့်၊
လောဘ ဒေါသ မောဟတွေ ကြီးထွားလာတော့လည်း သဏ္ဍာရအတွေးတွေ
ပိန်းပိတ်လာတာပေါ့ ပန်းရယ်။ ဒါကြောင့် လူ့စိတ်ဟာ ခန့်မှန်းရခက်တယ်ပြော
တာပေါ့"

"ဒါဆို အစ်မကို. . ."

"ဟုတ်တယ်လေ၊ ကိုယ်သိသလောက် ပြောပြမယ် ပန်းညို။ ဂျာအေးရဲ့
မျက်လုံးတွေဟာ မရိုးသားဘူး။ သွေးဆာနေတဲ့ သဘောတွေရှိတယ်။ ဒါကြောင့်
ရိုးတလုတ်မ ပျောက်သွားတဲ့ကိစ္စမှာ ဂျာအေးဟာ အဓိကလက်သည် ဖြစ်နိုင်
တယ်"

"အို၊ ကျွန်မကတော့ ကိုဂျာအေးကို အခုထိ သံသယ မဖြစ်မိပါဘူးရှင်"

"ကောင်းပြီလေ၊ ဒီကိစ္စ ကိုယ်ကိုယ်တိုင် အထောက်အထား ခိုင်ခိုင်လုံလုံ
တည်ဆောက်ပြီး ဖော်ထုတ်ပါမယ်၊ ကိုယ့်ကို တစ်ပတ်ပဲ အခွင့်အရေးပေးပါ
ပန်းညို"

* * *

ဇော်စကြာ၏အသွင်မှာ သူကိုယ်သူ အလွန်အမင်း ယုံကြည်နေပုံရ၏၊
ကြာရိုးမှာ ဇော်စကြာကိုကြည့်ပြီး ဇဝေဇဝါ ဖြစ်နေ၏၊ သူ့စိတ်ထဲ မချင့်မရဲ
ခံစားနေရသည်မှာ ဂျာအေးပင်။ ဂျာအေး ယခုလို လုပ်လိမ့်မည်ဟုလည်း စိတ်ထဲ
မထင်ပါချေ။

ဇော်စကြာကတော့ သူ့အယူအဆကို အနိုင်အမာ တည်ဆောက်နေ၏၊
ကြာရိုးကလည်း ဘာပြောလို့ပြောရမှန်းပင် မသိတော့၊ ပန်းညိုခမျာမှာလည်း
ဇော်စကြာ၏ အပြောကြောင့် ဂျာအေးအပေါ် သံသယစိတ်တွေ တည်ဆောက်
နေ၏။ ထိုအချိန်တွင် ဇော်စကြာသည် ကြာရိုးတို့ ဝခုံဆက်ကာ အိမ်ပြင်ထဲ
ခေါ်သွား၏၊

"ကိုကြာရိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံးဗျ"

"ဂျာအေး ပြေးလမ်းက ဘယ်ကိုပြေးနိုင်မှာလဲဗျ"

"ဟို အဲ"

"ပြောစမ်းပါ ရဲရဲပြောစမ်းပါဗျာ။ ဒီကိစ္စ သိပ်ပြီး အရေးကြီးနေပြီနော်။ ခင်ဗျားကိုယ်တိုင်လည်း ကိုယ်တွေ့မျက်မြင် ကြုံခဲ့ဆုံခဲ့ပြီးပြီးပဲ။ ဘာဖြစ်လို့ ဇဝေဇဝါ ဖြစ်နေရတာလဲ"

"ဟို၊ ဆရာဘွန်း ပြောတာ. . ."

"သံသယ မဖြစ်စမ်းပါနဲ့ဗျာ။ ကျုပ်တည်ဆောက်တဲ့ သက်သေဟာ ခိုင်မာပါတယ်ဗျ"

ဇော်စကြာ၏ အကြောက်အကန် ပြောလာသော စကားကြောင့် ကြာနီ ငိုင်သွား၏။ ထိုစဉ် ဇော်စကြာ၏ တိုးတိမ်သောလေသံ ထွက်ပေါ်လာ၏။

"ကိုကြာနီ"

"ဘာတုံးဗျ"

"ဒီရွာလူကြီး နာမည် ဘယ်သူတုံးဗျ"

"ဦးရေခဲတဲ့ဗျ"

"ဘယ်မှာနေလဲ၊ ကျုပ်ကို လိုက်ပို့စမ်းဗျာ"

"လက်လွန်ခြေလွန်တွေတော့ ဖြစ်ကုန်တော့မှာပဲ"

"မပူစမ်းပါနဲ့ဗျာ။ ဒီကိစ္စ ကျုပ်ဘက်က အနိုင်ရမှာ ရှိပါတယ်ဗျာ။ သွားကြစို့"

"ဟုတ် ဟုတ်ကဲ့"

နှစ်ဦးသား စကားတပြောပြောနှင့် အိမ်ဝိုင်းထဲမှ ထွက်ခဲ့ကြ၏။ ကြာနီမှာ ဂျာအေးအပေါ် အမှုပတ်တော့မည်မှို တွေးကာ အစိုးရိမ်ကြီး စိုးရိမ်နေပေ၏။ ဇော်စကြာကလေးကား သူ့ကိုယ်သူ အားတော်လေး ယုံကြည်မှုရှိနေ၏။ သို့မှ သူတို့ နှစ်ဦး ရွာလူကြီး ဦးရေခဲအိမ် ရောက်ရှိလာ၏၊ ထိုအချိန်တွင် ဦးရေခဲမှာ ခါးတောင်းမြှောင်အောင်ကျိုက်ကာ တွင်းထဲမှရေကို စက်သီးနှင့် ဆွဲနေပေ၏။

"ဘရေခဲ၊ ဘရေခဲ ရှိလားဗျို့"

"ဟေ၊ ဘယ်သူတုံးကွ။ ဒီမှာ အလုပ်များနေရတဲ့ ကြားထဲ"

"ဟို ကြာနီပါခင်ဗျ"

"ငါ့ဘာဖြစ်နေပြီလား၊ ဘာလဲ အရက်ဆိုင်မှာ ဘာတွေဖြစ်လာပြန်ပြီလဲ။ မင်းဥစ္စာ တစ်ရွာလုံးပတ်ပြီး ပြဿနာပဲလိုက်ရှာသကိုး"





"ဟာ၊ မှတ်ပါဘူး ဘရေခဲရာ။ ဒီမှာ ဆရာဘွန်းက တွေ့ချင်လို့တဲ့"

"အဲ၊ ဘယ်က ဆရာဘွန်းလဲ။ ဗိန္ဓောဆရာလား"

"ဟေ့လူ ကျုပ်နာမည်ရင်း ပြောလိုက်ပါဗျ"

"အဲ ဟုတ်သား။ ဟို ကိုဇော်စကြာပါ ဘရေခဲ။ ကိစ္စရှိလို့ပါ"

"ဒါဆိုလည်း ဝင်ခဲ့ကြလေကွာ။ ငါဒီမှာ မအားဘူးကွ"

"ဟုတ် ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး အိမ်ဝိုင်းအထဲ ဝင်လာခဲ့ကြပြီး အိမ်ဆောက်တန်းလျားတွင် ထိုင်လိုက်ကြ၏။ ရွာလူကြီး ဦးရေခဲသည် ရေတစ်ပုံးဆွဲသည်နှင့် ခါးတောင်းကျိုက်ဖြုတ်ကာ တန်းလျားအနားသို့ ရောက်ရှိလာ၏။

"ကိုင်း၊ ပြောစမ်းပါဦး ဘာကိစ္စလဲ"

"ကျွန်တော့်နာမည် ဇော်စကြာပါ"

"မင်း ဘယ်သူက မေးလို့တုံးကွ"

"ဗျာ၊ ဟို ကျွန်တော်. . ."

"ဟာ၊ ဘရေခဲကလည်း စိတ်ကြီးပဲကိုး။ သူက ဒေါ်တလုတ်မတို့အိမ်မှာ တက်နေတဲ့ မြို့ဧည့်သည်ဗျ"

"ဪ၊ ဟို မိပန်းညိုကို ချိတ်နေတဲ့ သူငယ်ကိုး"

"ဗျာ"

"ကဲ ဆိုပါဦး၊ မိပန်းကို တောင်းဖို့ရမ်းဖို့လား။ ဒါဆို တလုတ်မ မရှိသေးတော့ ခက်ပြီ"

"ဟာ၊ ဟုတ်ဘူးဗျ"

"ဒါဆို ဘာဟုံး"

"ဂျာအေးကိစ္စပါ ဘရေခဲရာ"

"ဟေ၊ ဒီမှုင်တာလေး ဘာပြဿနာရှာပြန်ပြီလဲကွ"

"ဒီလိုပါ အဘရေခဲ"

"ပြောပါဦးကွာ။ ငါတော့ နားသာထောင်ရတယ် မှတ်ခုံးဆယ်လှုပ်လှုပ်ပဲ ဟာ။ ကဲ ပြောပေတော့"

"ဒီလိုပါ အဘရေခဲ"

"ဟာ၊ မင်းဥစ္စာ ဒီလိုပါတာနဲ့ တော်တော့ဘူးထိုး"

"ဟုတ်ကဲ့"

"ဘာ ဟုတ်ကဲ့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ရှုပ်ကုန်ပြီဗျာ။ ဟို ဟိုဒင်း ဂျာအေး. . ."

"အေး၊ ဂျာအေး ဘာဖြစ်သတုံး။ လေဖြတ်သွားလို့လား ဒါမှမဟုတ် ခေါ
ပေါက်သွားလို့လား။ ဒါမှမဟုတ် ဘယ်သူ့ကို ခဲနဲ့ထုလို့လဲ"

"ဟာ၊ ဘရေခဲကလည်း ပြောတာနားထောင်ပါ"

"အေးလေကွာ၊ မင်းတို့ဥစ္စာ ဒီလိုပါတာကို မတက်လို့ကွ။ ကဲ ပြော ဂျာအေး
ဘာဖြစ်သလဲ"

"ဒေါ်တလုတ်မ ပျောက်ဆုံးသွားတဲ့ကိစ္စနဲ့ ဂျာအေးထွက်ပြေးသွားတဲ့
ဒီကိစ္စနှစ်ရပ်ဟာ တစ်ခုနဲ့တစ်ခု ဆက်နွှယ်နေတယ် အဘရေခဲရဲ့"

"ဟေ၊ ဒါဆို ဂျာအေး တလုတ်မကိုများ သုတ်သွားပြီလား"

"ဟိုက်၊ သေပါတော့ဗျာ"

ဇော်စကြာမှာ ဦးရေခဲအပြောကြောင့် သူ့နဖူးကို သူရိုက်လိုက်မိ၏။ ကြာ
မှာလည်း မျက်နှာကြီးရှုံ့တွတွ ဖြစ်သွားလေ၏။

"မှုတ်ဘူး အဘရေခဲရဲ့"

"ဒါဆို ခပ်ရှင်းရှင်းပြောကွာ"

"ဒီလိုဗျ"

"လာပြန်ပြီလား"

"ဟိုလိုဗျ။ အဲ ဒေါ်တလုတ်မဟာ ခုဆို ပျောက်နေတာ ငါးရက်ရှိသွား
ဒီအချိန်မှာ ကျွန်တော်နဲ့ ကိုကြာနီ လူပျောက်ကိုရှာရင်း မြောက်ပိုင်းက သ
မှာ ဂျာအေးကို တွေ့လိုက်တယ်ဗျ"

"ဟင်၊ ဒီကောင် ဘာသွားလုပ်တာလဲ။ ဧကန္တ အလောင်းသွားဖောက်တာ
ဖြစ်ရမယ်"

"ဟာဗျာ"

"နို့၊ ဒါဆိုဘာလဲကွ"

"အဲဒီအချက်ကို ပြောချင်လို့"

"ပြောပါဦး"

"ဂျာအေးရဲ့ ပန်းပေါ်မှာ ဆာလာအိတ်ကြီး တွေ့တယ်ဗျ"

"ထင်၊ ဘာလုပ်ဖို့တုံး။ ဒါဆို အရိုးတွေတောက်ပြီး မြို့တက်ရောင်းဖို့ ထင်
ဒီကောင် တော်တော် ပေါက်တီးပေါက်ရှာလုပ်တဲ့ကောင်ပဲကိုး"

"တာ၊ မှားတုန်ပြီဗျ"

"ဘာမှားတာလဲ"





ဇော်စကြာမှာ သူ့စိတ်ထင်ရာ ပြောဆိုနေသော ရွာလူကြီးကို ဦးရေခဲကို
ကြည့်ရင်း အတော်လေး ခေါင်းစားနေရှာ၏။ ကြာရိုးခမျာမှာလည်း ကြားထဲမှ
နေ့လန့်ကန့်လန့် ဖြစ်နေ၏။ ထိုစဉ် ဇော်စကြာက-

"ဒီလို အဘရေခဲရဲ့၊ သူဟာ ဆာလာအိတ်ကြီး ထမ်းသွားပြီး သချိုင်းထဲ
ဝင်သွားတယ်။ သချိုင်းထဲလည်းရောက်ရော ပန်းပေါ်ပါလာတဲ့ ဆာလာအိတ်ကြီး
ကို ကျင်းတူးပြီး မြှုပ်နေတာ ကျွန်တော်ရော ဟောဒီက ကြာနီပါ မြင်တယ်လေ"

"အင်၊ ဘာတွေ မြှုပ်နေတာလဲကွ"

"အဲဒါတော့ ကျွန်တော်တို့ မသိဘူး။ ဒါပေမယ့် အဲဒီအချိန်မှာ ကြီးတလုတ်
ဟာ ပျောက်ဆုံးနေပါတယ်။ ပြီးတော့ ကြီးတလုတ်မနဲ့ ကိုဂျာအေးတို့နှစ်
ယောက်ကလည်း မတည့်ကြပါဘူး"

"မောင်ရင် ဆိုလိုတာက ဂျာအေးဟာ တလုတ်မကိုသတ်ပြီး ဆာလာအိတ်
ထဲထည့်ပြီးနေတာ သချိုင်းမှာ မြှုပ်ထားတယ်ပေါ့"

"ဟုတ်ပါတယ် အဘရေခဲ ပြောတာ အမှန်ပါပဲ။ ကိုဂျာအေးဟာ မပန်းညို
ကို အသေရရ အရှင်ရရ လိုချင်နေပါတယ်"

"ဒါဆို မောင်ရင်ကရော"

"ကျွန်တော်ကတော့ အရှင်လတ်လတ်ပဲ လိုချင်ပါတယ်"

"ကောင်းကွာ၊ ကဲ ဆက်ပြောပါဦး"

"ဟုတ်ကဲ့၊ သူဟာ အဲဒီလို လုပ်တယ်ဆိုတာ လူမသိအောင် လုပ်ခဲ့တာ
ပါ။ ဒါကို ကျွန်တော်တို့ သိသွားတယ်လည်းဆိုရော ရွာကနေ ထွက်ပြေးသွား
တာပြီ"

"ဩော်၊ ဒီလိုကိုး။ ဒါဆို ဂျာအေးဟာ လူသတ်မှု အလောင်းဖျောက်မှု
တွေနဲ့ ထောင်တန်းကျမယ့်ကိန်းပေါ့"

"ဟုတ်ကဲ့၊ သူ ကျူးလွန်တဲ့အမှုကတော့ သူခံရမှာပေါ့။ အဲဒါကို အဘရေခဲ
သိအောင် လာပြောတာပါ။ ပြီးတော့ တိုင်ပင်ချင်တာလည်း ပါပါတယ်"

"ဒီကိစ္စ တကယ်သာမှန်ရင်တော့ အတော်ကို တုန်လှုပ်စရာပဲဟေ့။ ဒါဆို
မင်းတို့ ဂျာအေးမြှုပ်ထားတဲ့နေရာကို အရင်သွားဖော်ကြတာပေါ့"

"ဟာ၊ ဒီလိုလဲ မကောင်းဘူးဗျ"

"ဟင်၊ ဒါဆို ဘာလုပ်ကြမလဲ"

"ဒီလိုလုပ်သင့်ပါတယ်"

"ဘယ်လိုလုပ်ရမှာလဲကွ။ မင်းဥစ္စာ ငါ့လည်းလာတိုင်ပင်တယ် ပြောသေး



www.burmeseclassic.com

www.burmeseclassic.com



မင်းကချည်းပဲ ပြောနေတာကိုး"

"ဒီလိုပါ အဘရေခဲ၊ ကျွန်တော်တို့က စီအိုင်ဒီမျိုးရိုးတွေပါ"

"စီအိုင်ဒီမျိုးရိုး ဟုတ်လား၊ ဘာလဲကွ၊ ဟို ကုန်းဘောင်ခေတ်က ... လုပ်တော်လိုမျိုးလား"

"ဗျာ၊ စီအိုင်ဒီဆိုတာ ထောက်လှမ်းရေးမျိုးရိုးပါ အဘ"

"ဩော်၊ သိပါဘူးကွာ၊ ငါက ဘိုလိုမှမသိတာကွာ၊ ကဲ ပြောပါဦး"

"ဟုတ်ကဲ့၊ အမှုတစ်ခု ဖော်ထုတ်ရင် ဦးဆုံး သက်သေရှိရပါတယ်၊ ... မျက်မြင်သက်သေ ကျွန်တော်နဲ့ ကိုကြာရိုး ရှိပါတယ်၊ ပြီးတော့ အရပ်သ... သက်သေကို ခေါ်ရပါတယ်၊ ပြီးတော့မှ တရားခံကို ဖမ်းပြီး အားလုံးရှေ့... ဖော်ထုတ်သင့်ပါတယ်"

"ဩော်၊ ဒီလိုကိုး၊ မောင်ရင်ပြောသလိုဆိုရင် ဦးဆုံး ဂျာအေးကို အမိ... ဖမ်းရမယ်ပေါ့"

"ဟုတ်ကဲ့၊ ဒီးတလုတ်မကို ဂျာအေးလုပ်ကြံတာ ကျိန်းသေနေပါပြီ၊ ... တော် အခိုင်အမာပြောရဲပါတယ် အဘ"

"ကောင်းပြီလေ၊ ဂျာအေးကိုဖမ်းဖို့ကိစ္စ ကျုပ်တာဝန်ထားပါ၊ ကျုပ်အ... က ပုလိပ်ထွက်ပါ၊ ဒီတော့ တရားခံကို ဘယ်လိုဖမ်းရမယ်ဆိုတာ ကျုပ်သိ... တယ်"

"ဟာ၊ ဒါဆို ကောင်းတာပေါ့၊ ဒါဆို ကိုဂျာအေး ဘယ်မှာရှိသလဲ၊ ... အချက်ကို အဖိက ဖော်ထုတ်နိုင်ဖို့ပါပဲ"

"ဟာ၊ လွယ်ပါတယ်ကွာ၊ ဂျာအေးဟာ ကိုင်းထဲမှာ ဆယ့်နှစ်ရာသီ ကြ... စောင့် ငှက်စောင့်နေတာပဲ ဒီတော့ ကိုင်းထဲ သွားဖမ်းလိုက်ရုံပေါ့ကွ"

"ဒါဆို ကိုင်းက ဘယ်မှာလဲ"

"မြစ်လယ်က သောင်တွေပေါ့ကွ"

"ဩော်၊ ဒီလိုလား၊ ဒါဆို အဘရေခဲတို့ သွားဖမ်းရင် ကျွန်တော့်ကို ခေါ်..."

"ဟာ၊ ခေါ်ရမှာပေါ့၊ မောင်ရင်တို့က ဦးဆုံးတွေ့ရှိတဲ့ လူသက်သေတွေ... ခေါ်ရမှာပေါ့၊ နေပါဦး မောင်ရင်ရဲ့ မောင်ရင့်အပြောတွေက သေချာပါတယ်... နော်"

"သေချာပါတယ် အဘရေခဲ"

"တောင်းပြီလေ၊ ကျုပ် ဒီညပဲ ရွာလူကြီးတွေခေါ်ပြီး အသိပေးလိုက်မယ်... ပြီးပြီဆိုရင် တျုပ်တို့ ဒီအမှုကို ပီပီပြင်ပြင်ဖြစ်အောင် ဖော်ထုတ်ကြတာပေါ့"





"ကောင်းပါတယ် အဘရေခဲ"

"အိမ်း၊ ဂျာအေး ဂျာအေး၊ တလုတ်မကို ဘယ်လိုများ ခုတ်ထစ်သတ်လိုက်ပါလိမ့်၊ ဒီလောက်ကြီးတဲ့ ခန္ဓာကိုယ်ကြီးကို ဘယ်နှစ်ပိုင်း ပိုင်းလိုက်ပါလိမ့်"

ရွာလူကြီး ဦးရေခဲမှာ ရွာထဲတွင် ကိုယ့်ကိုယ်ကိုယ် မနည်းသည်း၍ လှုပ်တုတ်လှုပ်တုတ် သွားနေသော တလုတ်မခန္ဓာကိုယ်ကြီးကို မြင်ယောင်လာ၏၊ ဇော်စကြာအပြောကလည်း သေချာနေပြီမို့ မယုံနိုင်စရာမရှိ၊ ဂျာအေးအကြောင်းကို သူအသိဆုံး၊ လုပ်ပိုင်ခွင့်ပေးလျှင် တစ်ရွာလုံးကို မှောက်လိုမှောက် လှန်လိုလှန်လုပ်မည့်သူပင်၊ ဂျာအေးပြဿနာမွေခဲ့တိုင်း သူ လိုက်လိုက် ရှင်းနေရသည်မှာလည်း အကြိမ်တစ်ရာပင် ပြည့်တော့မည်ဖြစ်၏။

ယခုဖြစ်လာသည့် ပြဿနာက သူဘယ်လိုမှ လိုက်ရှင်း၍ မရနိုင်သည့်ပြဿနာ၊ တောင်တန်းကဲ့စွဖြစ်နေ၍ သည်တစ်ခါတော့ ဂျာအေးသွားပြီလို့သာ တွက်မိလိုက်၏။

သို့နှင့် ဇော်စကြာတို့ပြန်သွားပြီးနောက် ရပ်ရွာလူကြီးအဖွဲ့ဝင်များဖြစ်ကြသော ဦးပိန်တာ၊ ဦးကျော်လုံးနှင့် ဦးရွှေဒေါင်းတို့ကို ချက်ချင်း ခေါ်ယူလိုက်၏၊ ဇနီးသည် မယ်ညိုကိုလည်း စားသောက်ဖွယ်ရာများ ပြင်ဆင်ထားခိုင်းလိုက်၏၊ ညနေစောင်းလုလုတွင် ဦးပိန်တာတို့လူစု အိမ်ပိုင်းထဲသို့ ကုပ်ချောင်းကုပ်ချောင်းနှင့် ဝင်လာကြ၏။

"ဟာ၊ လာကြဗျို့၊ ထိုင်ကြဗျာ"

"ဟုတ်ကဲ့ ကိစ္စရှိလို့ဆို"

"ဒါပေါ့ဗျာ၊ ဒါကြောင့်လည်း ခင်ဗျားတို့ကို ခေါ်ခိုင်းလိုက်တာပေါ့၊ မယ်ညိုရေ စားစရာတွေ ချပေ့"

ဦးရေခဲသည် ပြောင်းဖူးဖတ် ဆေးပေါ့လိပ်ကြီးကို မီးညှိဖွာရှိုက်လိုက်လေ၏၊ မီးခိုးတွေကလည်း သူတို့လူစုကြား တထောင်းထောင်း၊ ဇနီးသည် မယ်ညိုက စားသောက်ဖွယ်ရာများယူလာ၏ ကြက်ဥကြော်၊ မြေပဲကြော်၊ ထန်းလျက်၊ ပဲထွေးသုပ် စသည်ဖြင့် စုံလှပေ၏၊ ဦးရေခဲသည် သူ့ရှေ့ရောက်ရှိလာသော ရပ်ရွာလူကြီးများကိုကြည့်ရင်း ပြောဆိုလိုက်၏။

"ကိစ္စကတော့ တခြားမဟုတ်ဘူးဗျ၊ ဂျာအေးကိစ္စပဲ"

"ဟင်၊ ဂျာအေး ဘာဖြစ်ပြန်ပြီလဲ"

"ဟုတ်ပ၊ ဂျာအေး ပြဿနာက ပြီးတို့မပြီးနိုင်ဘူး"

"ဟာ၊ ခင်ဗျားတို့ကလည်း နားထောင်ပါဦး၊ ခုကိစ္စက အသက်တို အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနေတာဗျ"

"ဟင်၊ ဘယ်လိုပါလိမ့်"

"တစ်ခုတော့ရှိတယ်။ ခုကိစ္စနဲ့ ပတ်သက်ပြီး အပြင်ကို သတင်းမပေါက်ကြားစေချင်ဘူးဗျ"

"ဒါဆို ပြဿနာက မသေးဘူးထင်ပ့ါ"

"ဟုတ်ပ ကိုရွှေဒေါင်းရေ ဒီတစ်ခါ ဂျာအေးမွေးလိုက်တဲ့မီးက တစ်ရွာလုံးလောင်မယ့်ကိန်းဗျ"

"ဟင် ဆိုစမ်းပါဦး၊ ပြေးသင့်ပြေးရတာပေ့ါ"

"ဟာ၊ ဒီလိုဗျ။ ဒီစကားကို ခင်ဗျားတို့သုံးယောက်ကလွဲလို့ ဘယ်သူမှ မသိစေချင်ဘူး"

"သြော်၊ ပြောမှာသာ ပြောစမ်းပါဗျာ။ ကျုပ်တို့ကလေးတွေ မဟုတ်ပါဘူး"

"သြော်၊ ကိုကျော်လုံးကလည်း စိတ်ကြီးပဲကိုး။ ပြောသင့် မပြောသင့် ချိန်ရသေးသကိုး"

"မပြောသင့်လည်း မပြောနဲ့ဗျာ"

"ဗျာ၊ ဟော့လူ ကိုကျော်လုံး ခင်ဗျားဥစ္စာ"

"ဘာလဲဗျ။ ကျုပ်ဥစ္စာ. . ခင်ဗျားစကားကို ရှင်းရှင်းပြောဗျာ။ ဇဝေဇဝါကြောင်ပတ်မလုပ်နဲ့"

"ဟာ၊ ဒုက္ခပါပဲ။ ဂျာအေးပြဿနာမစခင် ခင်ဗျားနဲ့ကျုပ် ပြဿနာစရမယ့်ကိန်းပါလား"

"ခင်ဗျား စဉ်းစားကြည့်လေဗျာ။ ရပ်ရွာက ကျုပ်တို့ကို လူကြီးခန့်ထားတာဘူး၊ ဒီတော့ ကျုပ်တို့ကို ဘာမယုံစရာရှိသလဲ"

"တော်ပါတော့ ကိုကျော်လုံးရာ။ ပြောမယ့်စကား ဘယ်ရောက်ကုန်မှန်းတောင် မသိဘူး"

"တုတ်ပဗျာ။ ခင်ဗျားတို့နှစ်ယောက်ကလည်း ဒေါသချည်းပဲကိုး။ ကဲ ဂျာအေးပြဿနာမရှင်းခင် ခင်ဗျားတို့နှစ်ယောက် ထရိုက်နေမှာစိုးတယ်ဗျ။ ကဲ ပြောစရာရှိတာ ပြောဗျာ"

"ဒီလိုဗျ။ မတလုတ်မ ပျောက်နေတာ ခင်ဗျားတို့အသိပဲ။ ခု ဂျာအေးလည်း ပျောက်သွားပြန်ပြီ ဆိုတော့. . ."

"ဟာ ဒါဆို ဂျာအေးနဲ့တလုတ်မ လိုက်ပြေးသွားကြပြီထင်တယ်"

"ဖြစ်နိုင်ပါ့မလား၊ အရွယ်က အတော်ကွာတာနော်"





"ဟာ၊ နေကြပါဦး"

"ဟုတ်ပါရဲ့။ ဂျာအေးက တလုတ်မသမီး ပန်းညိုကို ချိတ်နေတာ မဟုတ်သား။ ဘယ်လိုဖြစ်ပြီး ဒီကောင်က ယောက္ခမကို သုတ်သွားပါလိမ့်"

"သြော်၊ နေပါဦး ကိုကျော်လုံးရဲ့။ ကျုပ်ပြောတာ နားထောင်ပါဦး"

"ဟုတ်သားပဲ။ ကဲ ပြောပါဦး ကိုရေခဲ"

"ဒီလိုဗျ။ အဲဒီနှစ်ယောက် ပျောက်ဆုံးမှုဟာ အချိတ်အဆက် ရှိနေတယ်ဗျာ။ ဂျာအေးဟာ လွန်ခဲ့တဲ့ရက်ပိုင်းမှာ ဆာလာအိတ်ကြီးထမ်းပြီး သုသာန်မှာ တစ်ခုခု သွားမြှုပ်တယ်တဲ့"

"ဘာသွားမြှုပ်တာလဲ"

"မိုင်းမြှုပ်တာဖြစ်မှာပေ့ါ"

"ဟာဗျာ၊ ခင်ဗျားတို့က စွတ်စွတ်ပြောနေကြတာကိုး။ ကျုပ်ပြောချင်တာ အဲဒီလို သွားမြှုပ်တဲ့အရာဟာ ဘာလို့ ခင်ဗျားတို့ထင်သလဲ"

"ဧကန္တ မြှုပ်တာ မဖြစ်နိုင်ဘူး"

"ဟင်၊ ဘာဖြစ်လို့လဲ"

"ဟာ၊ ဒီကောင်က သူများပြောတာ လိုက်လုပ်တဲ့ကောင်ဗျ။ ဒီတော့ သင်္ချိုင်းက အလောင်းဖော်ပြီး ပီယဆေးဖော်တာပဲ ဖြစ်ရမယ်"

"ဒုက္ခပါပဲ"

"ကျုပ်ကတော့ ဒီလိုမထင်ဘူးဗျ။ ဒီကောင် ဘုရားဌာပနာတွေဖောက်ပြီး မြုပ်များ မြှုပ်သလားမသိဘူး"

"ဟာ၊ တော်ကြပါတော့ဗျာ။ ခင်ဗျားတို့ပြောတာ တလွဲချည်းပဲ"

"နို့ ခင်ဗျားပြောတော့ မြှုပ်တာဘာလဲဆို"

"အဲဒါပြောမလို့ပေ့ါဗျာ။ တလုတ်မပျောက်တယ်။ ဂျာအေးက ပန်းညိုကို ကြိုက်နေတယ်။ ပြီးတော့ ဂျာအေး ထပ်ပျောက်သွားတယ်ဆို"

"ဟာ၊ ရှုပ်နေတာပဲ"

"နားထောင်ပါဦး ကိုပိန်တာရာ၊ ကျုပ်ပြောချင်တာ ဂျာအေးဟာ တလုတ်မကိုသတ်ပြီး ဆာလာအိတ်နဲ့ထည့်ပြီးတော့ သင်္ချိုင်းမှာ လူမသိအောင် သွားမြှုပ်ထားတယ်ဆိုတဲ့ ကိစ္စပဲ"

"ဗုဒ္ဓေါ"

"ဘုရား ဘုရား"

"ဟာ၊ တလုတ်မကိုယ်က ဘုတ်အိုးကြီးဗျ။ ဂျာအေးတာ ပြီးချုပ်ချုပ် ပိန်



www.burmeseclassic.com

www.burmeseclassic.com



ညှောင်ညှောင်နဲ့ ဒီလိုအခြေအနေမှာ ဂျာအေးက တလုတ်မကို သတ်လို့ မလား"

"ဟာ၊ ဒီကိစ္စ ကျုပ်အထင်နဲ့ ပြောတာမဟုတ်ဘူးဗျို့။ လူနံပိန် အဲ ဟိုလူသက်သေရဲ့ တိုင်ကြားချက်အရ ပြောတာ"

"ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်လိုလာပြောတာလဲဗျ"

"ဒီလို ကိုရွှေဒေါင်းရဲ့၊ ခင်ဗျားတို့ တလုတ်မတို့အိမ်ကို ရောက်နေတဲ့ သားကြီးကို သိကြလား"

"ဘယ်သူတုံး"

"သူ့နာမည်က ဆရာဘွန်းလား ဟို ဇော်စကြာလား ဘာလားတော့ ဘူးဗျ"

"နာမည်က တစ်မျိုးကြီးပါလား"

"ဟုတ်တယ်။ အဲဒီလူနဲ့ ကြာရိုးတို့နှစ်ယောက် လိုက်ချောင်းတာ။ ဂျာအေးက သူလုပ်ရပ်ကို လူတွေလည်းသိရော ရှာကနေ ပြေးတော့တာ

"သြော် ဒီလိုကိုး"

"အဲဒါပြောတာဗျ။ ခုဥစ္စာ ရာဇဝတ်မှုကြီးဗျ။ ဒီကိစ္စကို ကျုပ်တို့ ထိမ် ရင် ကျုပ်တို့ပါ ကြံရာပါဖြစ်သွားနိုင်တယ်"

"ဟာဗျာ၊ ကျုပ်ကတော့ တလုတ်မကို မသေစေချင်ပါဘူးဗျာ။ ငယ် ကဆို တလုတ်မကို ကျုပ်. . . ဟဲဟဲ"

"ဘာတုံး၊ ကိုပိန်တာက ခင်ဗျားစကားတွေက မရိုးသားလိုက်တာ"

"သြော်၊ လူငယ်ဘာဝ ပိုးတာပန်းတာတော့ ရှိခဲ့ဖူးတာပေါ့ဗျာ။ ဒီ ငယ်အချစ် အနှစ်တစ်ရာ မမေ့သာတဲ့"

"ဟာ၊ ဘာတွေတုံး ကိုပိန်တာရဲ့"

"ဘာလဲ၊ ခင်ဗျားလည်း တလုတ်မကို ပိုးခဲ့ပန်းခဲ့တာပဲ မဟုတ်လား ကို ဒေါင်း"

"ဟာ ရှက်စရာကြီးတွေ။ ကျုပ်က ပိုးခဲ့ပန်းခဲ့ပေမယ့် ခင်ဗျားလော ရှူးရှူးမူးမူး မဟုတ်ပါဘူးဗျာ"

"အတူတူပါပဲဗျာ"

"ဟာ၊ အရေးထဲ ခင်ဗျားတို့အကြောင်းကိစ္စတွေ ပြောနေရသေးတယ် ကျုပ်ပြောချင်တာတောင် ဘယ်ရောက်ကုန်ပြီလဲမသိဘူး။ ကဲ ရပ်တန်းက ဖျော့ ထော့။ ငယ်ကျိုးငယ်နာတွေဖော်ဖို့ အစည်းဝေးခေါ်တာကျနေတာပဲ"





"ဟုတ်ပကွာ။ ကဲ ပြောစမ်းပါဦး"

"အဟမ်း၊ ဒီတော့ ကျုပ်တို့ ဂျာအေးကို အရင်အမိဖမ်းမယ်။ ပြီးတော့ လူကြီးစုံရာရှေ့မှာ သက်သေ သာဓကနဲ့အမှုကို ဖော်ထုတ်မယ်ဗျာ"

"ကောင်းတယ်။ ဒီကိစ္စ မြန်မြန်ရှင်းလိုက်ဗျာ။ သြော်၊ တလုတ်မ တလုတ်မ ကျုပ်တို့နဲ့တုန်းက ဘာမဖြစ်ဘဲ ဂျာအေးနဲ့တွေ့တော့မှ အနိစ္စရောက်တော့တယ်။ ကြောက်စရာကြီးပါလား။ နေပါဦး ဂျာအေးက တလုတ်မကို ဘာကြောင့် သတ်ရတာတုံးဗျ"

"ဘာကြောင့် သတ်ရတာလဲဆိုတော့ ဂျာအေးဟာ ပန်းညှိကို အသေရရ အရှင်ရရရ"

"ဟင်၊ ပန်းညှိကို အသေရတော့ ဒီကောင်ဘာလုပ်မှာလဲ။ ပုပ်ပွလာရင် ငံပြာရည်ချက်မလို့လား"

"ဟာ၊ ကိုပိန်တာကလည်း ပေါက်တီးပေါက်ရှာဗျာ"

"နို၊ အသေရရ အရှင်ရရဆို"

"သြော်၊ သဘောကိုပြောတာပေါ့ဗျာ။ ဒီကောင်က အရူးဗျ။ စိတ်မထင်ရင် လုပ်ချင်လုပ်တဲ့ကောင်။ ခုလည်း ပန်းညှိနဲ့သူ့ကြားမှာ တလုတ်မ ကြားကရှုပ် တယ်ဆိုပြီး ရှင်းပစ်တာဖြစ်နိုင်တယ်ဗျာ"

"သြော်၊ ဒီလိုကိုး။ တော်တော်ကြောက်စရာကောင်းလိုက်တဲ့ ဂျာအေးပဲ။ သူ့အဖေ ကိုကျောက်ဖားက သူ့လိုပဲ ငယ်ငယ်ကတည်းက ခပ်ကြောင်ကြောင်ဗျ"

"ဟုတ်ပ၊ ဖအေတူသားပေါ့ကွာ"

"ကဲ၊ ပြောပါဦး။ ဒီတော့ ဘာဆက်လုပ်မှာလဲ ကိုရေခဲ"

"ကျုပ်ကတော့ ကျုပ်တပည့်တွေခေါ်ပြီး ကိုင်းထဲမှာ ပုန်းနေတဲ့ ဂျာအေး ကို အမိဖမ်းမယ်ဗျာ။ ပြီးတော့ ခင်ဗျားတို့ရှေ့မှာ သက်သေနဲ့ အခိုင်အမာ ဖော်မယ်ဗျာ။ ဘယ်လိုလဲ"

"ကောင်းသားပဲ ကိုရေခဲရ။ တစ်ခုတော့ရှိတယ်၊ ဒီသတင်း မပေါက်ကြား ဖို့တော့ လိုမယ်နော်"

"ဟုတ်တယ်။ ဒီကိစ္စ လူသိသွားရင် ဂျာအေးကို ပြေးအောင် မြောက်လိုက် သလို ဖြစ်သွားနိုင်တယ်"

"ဟုတ်ပဗျာ"

"ကဲ၊ ဒါဆိုလည်း အချိန်မှီတုန်း ကျုပ်တပည့်တွေ ခေါ်လိုက်ဦးမယ်"

"ခေါ်လေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးရေခဲသည် သူ့အိမ်တွင် တောက်တိုမည်ရ လုပ်ကိုင်နေသော သံချောင်းကို သူ့တပည့်များ ခေါ်ခိုင်းလိုက်လေ၏။ တစ်အောင့်အကြာတွင် ပေသီး၊ မုန့်တိုင်း၊ ပေါက်စီတို့သုံးဦး ရောက်ရှိလာကြ၏။

ပေသီးအသွင်က မိုက်တိမိုက်ကန်းအသွင်၊ ပြားချပ်ချပ်ခန္ဓာကိုယ်နှင့် မြူကျယ်သော မျက်လုံးအစုံကို ပိုင်ဆိုင်ထား၏။ မုန့်တိုင်းမှာ နာမည်နှင့်လိုက်ဖက်လှ၏။ မည်းမည်း၀၀၊ ဦးစွန်းဖုတ်က နီကျွားကျွားအရောင် ရှိ၏။ အသွင်က ပေစုတ်စုတ်အသွင်။ ပေါက်စီမှာ ပါးနှစ်ဖက် စူဖောင်းနေပြီး၊ မျက်လုံးမှေးမှေးသွားခေါ်ခေါ်။ ဦးရေခဲသည် သူ၏ တပည့်သုံးယောက် ပုံပန်းသဏ္ဍာန်ကိုကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်နေ၏။

ရွာလူကြီးများဖြစ်ကြသော ဦးပိန်တာနှင့် ဦးကျော်လုံးတို့မှာ ဦးရေခဲ၏ အမူအရာကို စိတ်မရှည်ချင်တော့။

"ကဲ၊ ပြောစရာရှိတာ ပြောလေဗျာ"

"ဟုတ်သားပဲ၊ ကျုပ်လည်း ပြောဖို့မေ့နေတယ်"

"ဘာကိစ္စများလဲ ဆရာကြီး"

"ဒီလိုကွ၊ မင်းတို့ ငါနဲ့ လိုက်ခဲ့ရမယ်"

"ဗျာ၊ ဘာလိုက်လုပ်ရမှာလဲ ဆရာကြီး"

"လူတစ်ယောက်ကို ကိုင်းထဲမှာ သွားဖမ်းရမယ်ကွာ"

"ဘယ်သူပါလဲ ဆရာကြီး"

"ဂျာအေး"

"ဗျာ ဂျာအေး၊ ဂျာအေး ရူးသွပ်သွားလို့လား"

"ဟုတ်တယ်။ ဒီကောင် မယားတရူးသွားပြီ။ ဒါကြောင့် ဒီကောင့်ကို ငါတို့သွားဖမ်းရမယ်"

"ဒါဆို ဓားတွေ လှံတွေ ယူလာရမလား"

"ဟာ၊ ဒီလောက်ကြီးတော့ မှတ်ပါဘူးကွာ"

"ဂျာအေးက ပိန်ညှောင်ညှောင်လေးပေမယ့် ကပ္ပိယကြီး ဦးပေဒါဆီမှာ မြီးဆေးတွေဘာတွေ ထိုးထားတယ်လို့ ကြားဖူးတယ်ဗျ၊ မြီးတော့ ပဲစင်းငုံတစ်ပြည်ချက်ကို တစ်မနက်တည်းနဲ့ ကုန်အောင်စားတဲ့ကောင်ဆိုတော့"

"ဟေ့ကောင် ပေါက်စီ၊ မဟုတ်တာတွေ ပြောမနေနဲ့။ မင်း မလိုက်ရဲဘူးလား"

"ဟာ၊ ဆရာကြီးနဲ့ဆို အဝီစိတောင် လိုက်ရဲပါတယ်ဗျာ"





"ဟား လူကို အဝီစိသွားမယ်များ အောက်မေ့နေသလားကွ"

"ဟဲဟဲ သဘောပြောတာပါ ဆရာကြီးရယ်"

"ကောင်းပြီလေ၊ ဒါဆိုလည်း မင်းတို့သုံးယောက်စလုံး နေ့လယ်ပိုင်းသောက်ကို ငါ့အိမ်ဝိုင်းထဲ လာခဲ့ကြ။ ငါပြောတာ ကြားကြရဲ့လား"

"ကြားပါတယ် ဆရာကြီး"

"အေး၊ တစ်ခုတော့ ရှိတယ်ကွ"

"ဘာများလဲ ဆရာကြီး"

"ဒီသတင်းကို အပြင်မပေါက်ကြားစေနဲ့ဟေ့"

"စိတ်ချပါဆရာကြီး"

"ကဲ၊ သွားကြတော့"

ဦးရေခဲသည် ဦးပိန်တာတို့ ဦးရွှေခေါင်းတို့ရှေ့တွင် ဟိတ်ဟန်ထုတ်၍ ပြောလိုက်၏။ ပေါက်စီတို့လူစု ပြန်သွားသည်နှင့် ဆေးပေါ့လိပ်ကြီးကို မီးညှိဖွာရှိုက်လိုက်လေ၏။

"ဘယ်လိုလဲ၊ ကျုပ် စီစဉ်တာ သဘောကျကြရဲ့လား"

"ကောင်းပါတယ်ဗျာ။ ဂျာအေးဟာ တစ်ရွာလုံး လှည့်ပတ်ပြီး ပြဿနာရှာနေတဲ့ ကောင်ပဲကိုး"

"ဟာ၊ ဒီကောင်က အရှုးဗျ။ ဒီကောင့်နောက်မှာ အခါပေးရှိတယ်ဗျ"

"ဟင်၊ ဘယ်သူတုံးဗျ"

"ဘယ်သူရမှာလဲဗျ၊ ဟိုမယားကြောက် ဖျောက်ဆိပ်ပေါ့ဗျာ။ ဒီကောင်က ပေါက်တီးပေါက်ရှာတွေ ဖွက်ပြီး ဂျာအေးကို မြှောက်ပေးတာဗျ။ ခုလည်း ဘုလုတ်မကို ရှင်းခိုင်းတာ ဒီကောင် မြှောက်ပေးတာ ဖြစ်ရမယ်"

"ဟင်၊ ဒါဆို ဖျောက်ဆိပ်ပါ ဖမ်းပေါ့။ ဒီကောင်လည်း ကြံရာပါပဲ"

"ဟုတ်ပ၊ ဒီကိစ္စမှာ အခရာက ဖျောက်ဆိပ်ပဲ။ ဟိုတစ်လောက ရွှေအိုးကြီးကိစ္စလည်း ဒီကောင် မီးမွှေးလိုက်တာလေ"

"ဒါဆို ပြဿနာဖျောက်ဆိပ်နဲ့ အန္တရာယ်ဂျာအေးတို့ပါလား"

"ဟာ ပြီးတော့ ဆိတ်ကုလားတို့ တျောက်ကြီးတို့လည်း လွယ်တဲ့ကောင်တွေ မဟုတ်ဘူး။ တော်တော် ပေါက်တီးပေါက်ရှာလုပ်တဲ့ကောင်တွေဗျ။ အခု ဒီကောင်တွေ စုရပ်ဟာ မပြားကြီးရဲ့ အရက်ပုန်းဆိုင်ပဲ"

"ဟုတ်ပ ဟုတ်ပ၊ မပြားကြီးဆိုင်ဟာ ဒုစရိုက်ဘုံဆိုင်ကြီး ဖြစ်နေပြီလေ"

"ဗိုး၊ ဂျာအေးကိစ္စပြီးရင် မပြားကြီးဆိုင်ကို ပြုတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ၊ ကျုပ်တို့ကို အခွန်အကောက်လည်း ပေးတာမဟုတ်ဘူး။ ဖြိုမယ့်ဖြို့ မပြားကြီးဆိုင်ပါ ဖြိုဗျာ"

"ဗုဒ္ဓေါ၊ မပြားကြီးဆိုင်ကို ဖြိုလိုက်တော့ အရက်ပုလင်းပျံတွေ တစ်လုံးပြီးတစ်လုံး ထွက်လာမှာနော"

"ဟုတ်ပ၊ လောလောဆယ် ဂျာအေးပြဿနာကိုပဲ ရှင်းပါ။ ကျုပ်တို့ ဖျောက်ဆိပ်ကို အရင်ဆွဲလိုက်ကြမလား"

"ဟင်၊ ကောင်းပ့ါမလား"

"ကောင်းသားပဲ။ ဒါဆို ခု ချက်ချင်းလုပ်ဗျ"

"ဒါဆို ကျုပ်တို့လူစု သွားရအောင်ဗျာ"

"သွားလေ"

ပြောပြောဆိုဆိုနှင့် ရွာလူကြီးတစ်သိုက် ဒေါင်းတည်မောင်းတည်နှင့် ဖျောက်ဆိပ်တို့ အိမ်ဝိုင်းဆီ ချီတက်ခဲ့ကြလေ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်တစ်ယောက် ညဦးပိုင်းက ဖားထွက်ရိုက်ထားသဖြင့် အိပ်ရေးပျက်ကာ တခေါခေါနှင့် အိပ်မောကျနေပေ၏။ ရွာလူကြီး ဦးရေခဲတို့လူစု အိမ်ဝိုင်းထဲ ဝင်လာသည်ကို အပုလေး မြင်သွား၏။

"ဟင် ဦးရေခဲတို့ပါလား။ ကိုဖျောက်တော့ ဘာတွေများ ပြဿနာမီးထွန်းရှာခဲ့ပြီလဲ မသိဘူး။ ကိုဖျောက်၊ တော့် ကိုဖျောက် ထစမ်းပါဦးတော်"

"အင်၊ ဘာလဲကွာ။ အိပ်ရေးပျက်ရတဲ့ကြားထဲ"

"ဟိုမှာ၊ ရွာလူကြီးတွေ ဝင်လာကြပြီ"

"ဘာလုပ်ရမှာတုံးကွ။ ဖားရိုက်ဖို့ သင်တန်းလာတက်တာ ဖြစ်မှာပေါ့။ ဆရာ မအားဘူးလို့ ပြောလိုက်ကွာ"

"အလိုတော်၊ ဒုက္ခပါပဲ"

"ဟော့၊ ဖျောက်ဆိပ်ရှိသလားကွ"

"ဘယ်သူတုံးဗျ"

"ငါပါကွ၊ ရေခဲပါ"

"ဘာလုပ်မလို့တုံးဗျ၊ သင်တန်းတက်မလို့လား ဒါဆို နောက်မှ လာခဲ့ကြ"

"ဘာသင်တန်းလဲ၊ ဟေ့ကောင် ဖျောက်ဆိပ် ထစမ်းကွာ"

"ဗျာ၊ ဘာ ဘာဖြစ်လာကြတာလဲ ရွာထဲ ဘာတွေဖြစ်ကုန်ပြီလဲ"

"ဘာမှ မဖြစ်ဘူးကွ၊ မင်းဆီလာတာ"

"ဗျာ၊ ဘာ ဘာလုပ်ဖို့လဲဗျ"





"မေးမနေနဲ့ကွာ။ ကိုယ့်အကြောင်း ကိုယ်သိတယ် မဟုတ်လား"

"ဘာတွေလဲဗျ၊ ကျုပ်က ဗေဒင်ဆြာကြီးလေ၊ လောလောဆယ် အခြေနေမကောင်းလို့ ဖားရိုက်နေတာဗျ"

"အဲဒါတွေပြောတာ မဟုတ်ဘူးကွ၊ မင်း အိမ်ပေါ်က ဆင်းခဲ့စမ်း"

"ဗျာ၊ ဘာလုပ်ကြမလို့တုံးဗျ"

"ဆင်းခဲ့စမ်းပါကွာ"

"ဒုက္ခပါပဲ"

ဖျောက်ဆိပ်တစ်ယောက် အိပ်ချင်မူးတူးနှင့် အိမ်ပေါ်မှ ဆင်းလာ၏။ ယားလုပ်သူ အပုလေးမှာ ရွာလူကြီးများကို ပြူးတူးကြောင်တောင်ကြည့်ရင်း တဖိဖိ ဖြစ်နေ၏။ ထိုစဉ် ဦးရေခဲက ဖျောက်ဆိပ်ကို မှုန်ကုပ်ကုပ်နှင့် ခဲသောက်ကြည့်လိုက်၏။

"ဘယ်လိုတွေလဲဗျ။ ကျုပ်ကို ဘာဖြစ်လို့ ကြည့်နေတာလဲ"

"ဒီမှာ ဖျောက်ဆိပ်"

"ဗျာ"

"မင်းကို ငါတို့ မသင်္ကာမှုနဲ့ ဖမ်းလိုက်ပြီကွ"

"ဗျာ"

"ဟုတ်တယ်၊ ပြဿနာအစက ဂျာအေးထွက်ပြေးတဲ့ ပြဿနာပဲ၊ ဒီကိစ္စ မင်းဟာ အခါတော်ပေးပဲ"

"ဗျာ၊ ကျုပ် ကျုပ်"

"ကဲ၊ ပြောနေကြာတယ်ကွာ၊ ငါနဲ့လိုက်ခဲ့ပေတော့"

"ဟင်"

"အလိုတော်၊ ကျွန်မယောက်ျားဟာ လူရိုးလူကောင်းပါ ဘရေခဲရယ်"

"တိတ်စမ်း အပုလေး၊ နင့်ယောက်ျားဟာ ကုပ်ကမြင်း၊ ခုလည်း ဂျာအေးပေါင်းပြီး ရာဇဝတ်မှုတစ်ခု ကျူးလွန်ထားလို့ လာဖမ်းတာ၊ လိုက်ခဲ့ပေတော့ ဖျောက်ဆိပ်ရေ"

"ဗျာ၊ ဟို ကျုပ် ကျုပ် မလုပ်. . ."

"နောက်မှပြောကွာ"

"အောင်မယ်လေး ကိုဖျောက်ဆိပ်ရဲ့ ဒီခွင်တလေးနဲ့ မပေါင်းပါနဲ့လို့ ပြောအားရက်သားနဲ့ ခုတော့ ကိုယ်တိုင်နည်းပါပြီတော်၊ ဘယ်သူ ဖားထွက်ရိုက်မှာလဲ ပြောပါဦး၊ ဓအောင်မလေး ကိုရင်ဖျောက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ မင်းတလည်း ငါ သေသွားတာကျနေတာပဲ"

"ကဲ၊ လိုက်ခဲ့စမ်း ဖျောက်ဆိပ်"

"ဗျာ"

"လိုက်ခဲ့စမ်းဆိုကွာ"

နောက်ဆုံးတော့ ဖျောက်ဆိပ်တစ်ယောက် မျက်နှာငယ်လေးနှင့် ရပ်ရွာလူကြီးများနောက် လိုက်ခဲ့ရလေ၏။ ဦးရေခဲသည် သူ့အိမ်ဝိုင်းထဲ ရောက်သည်နှင့် ဖျောက်ဆိပ်ကို ထိပ်တုံးခတ်လိုက်လေတော့၏။

"အောင်မလေးဗျာ။ ကျုပ်ဘဝ အဖြစ်ဆိုးပါပြီဗျာ။ ဘုရားတွေ နတ်တွေ ကယ်ကြပါဦး။ ကျုပ်လို သူတော်ကောင်းကို ထိပ်တုံးခတ်တယ်တဲ့ဗျ"

"ဟေ့ကောင် ဖျောက်ဆိပ် ပါးစပ်ပိတ်ထားစမ်း။ နားညည်းတယ်ကွ"

"အဟီး ဟီး၊ ကျုပ် ဘာလုပ်လို့လဲဗျာ"

"နောက်တော့ သိရမှာပေါ့ အခါတော်ပေးကြီးရာ"

"ဗိုက္ခပါပဲ၊ ဂျာအေးရေ မင်းလုပ်သမျှ ငါမပါရင် မပြီးပါလားကွာ။ ကယ်ကြပါဦး အီး အီး"

"ဟေ့ကောင် ပါးစပ်ပိတ်ထားစမ်းကွာ"

"ကယ်ကြပါဦးဗျာ။ ကျုပ်ဖျောက်ဆိပ် ဗုဒ္ဓဟူးသား ဝေဒင်ဟောစားပါတယ်ဗျာ။ မားရိုက်စားပါတယ်ဗျာ။ ကျုပ် ရိုးရိုးသားသား ဘုရား၊ တရားနဲ့လူပါဗျာ"

"ဟေ့ကောင်၊ ပါးစပ်မပိတ်ရင် ပါးစပ်ပါ ထိပ်တုံးခတ်လိုက်မှာနော်"

"ဗျာ"

"ငါပြောတာ ကြားလား"

"ကြား ကြားပါတယ်ဗျာ"

"ဒါဆို ပါးစပ်ပိတ်ထားပေတော့၊ ရေခဲအကြောင်း သိတယ်နော်"

"သိ သိပါတယ် ဆရာကြီးရယ်"

"အေး၊ ကောင်းကောင်းနေရင် သက်သာမယ်နော်။ မနေလို့ကတော့ မင်း တစ်ကိုယ်လုံး ရှိသမျှဒွာရကိုးပေါက်ကို ထိပ်တုံးခတ်ပစ်လိုက်မှာနော်"

"ဟာ၊ မလုပ်ပါနဲ့ ဆရာကြီးရယ်။ ဖျောက်ဆိပ် ကြောက်လှပါတယ်ဗျာ"

နောက်ဆုံးတော့ ဖျောက်ဆိပ်တစ်ယောက် ဘုမသိဘမသိနှင့် ရွာလူကြီး ဦးရေခဲ၏ အိမ်ဝိုင်းထဲတွင် ထိပ်တုံးခတ်ခံလိုက်ရလေတော့၏။



## အခန်း (၉)

ဂျာအေးတစ်ယောက် ကိုင်းတဲအနောက်ဘက်ခန်းတွင် စိမ်းစားဥတွေ ဖော်နေ၏။ သူနှင့်အတူ ကျောက်ကြီး၊ ဆိတ်ကုလားတို့လည်း ပါ၏။ စိမ်းစားခင်းကြီးက မျက်စိတစ်ဆုံး ရှိပေ၏။

ဂျာအေးမှာ အလုပ်သာလုပ်နေရသော်လည်း စိတ်က ရွာကိုရောက်နေ၏။ အထူးသဖြင့် ပန်းညိုကို သတိရလွမ်းဆွတ်နေခြင်းပင်။ ညည မယ်ဒလင်တစ်လုံးနှင့် အလွမ်းသီချင်းတွေ ဟဲလိုက်ရသည်မှာလည်း၊ လည်ချောင်းကွဲလုမတတ်။ ဆိတ်ကုလားနှင့် ကျောက်ကြီးတို့နှစ်ဦးလည်း သူ့နောက်လိုက်လာရာက ရွာသို့ မပြန်တော့ချေ။

သို့သော် ဂျာအေး၏ အဖြစ်သနစ်ကို ဆိတ်ကုလားရော ကျောက်ကြီးပါ ဝယနကာ မသိကြ။ သူတို့စိတ်ထဲတွင် ဂျာအေးတစ်ယောက် အသည်းကွဲပြီး ထွက်ပြေးလာသည်ဟုသာ ယူဆနေကြ၏။ ယခုလည်း စိမ်းစားဥဖော်ချိန်ဖြစ်၍ သုံးယောက်စလုံး အခင်းထဲဝင်ကာ စိမ်းစားဥဖော်နေကြခြင်း ဖြစ်သည်။ ဖော်ပြီးသား စိမ်းစားဥများကို အခင်းများတွင် စုပုံထား၏။ အချိန်အတော်ကြာသော အခါ စိမ်းစားဥများကို ရေဆေးလိုက်ပြီး အခင်းစပ်ရှိ လှော်ပေါ်သို့ တင်လိုက်၏။

"ကဲ၊ ဆိတ်ကုလား။ မင်း အဲဒီဟာတွေယူပြီး ဒိုင်မှာ သွားသွင်းတွား။ ငါကလို့ပြောလိုက်၊ ဈေးလည်း ပြောပြီးသားကွ။ ပြန်ရင် ဟိုဟာသေးလုံးနဲ့ အမဲခြောက်တွေ ဝယ်ခဲ့စမ်းကွာ"

"ကောင်းပါပြီ ဒါဆို ငါသွားမယ်"

ဆိတ်ကုလား မြို့ဘက်သို့ လှေတစ်စင်းနှင့် ထွက်သွားသောအခါ ဂျာအေးနှင့် ကျောက်ကြီးတို့နှစ်ဦး ကိုင်းတဲရှိရာသို့ လာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်ကုလား ဝယ်မလာခင် လက်ကျန်လေး မော့လိုက်ရအောင်ကွာ"

"ရှိပ့ါကွာ"

"ဒါဆို လုပ်ကွာ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး တိုင်းတဲရွှေကွက်လပ်တွင် ထိုင်ကာ တစ်ဝက်နီးပါခန့် ကျန်သေးသော ချက်အရက်ကို အမဲခြောက်နှင့်မြည်းရင်း သောက်လိုက်၏။ ဂျာအေးမှာ အရက်ကလေး တစ်ခွက် နှစ်ခွက်ဝင်သည်နှင့် ခံစားချက်တွေ ထကြွသောင်းကျန်းလာလေတော့၏။

"ငါ သတိရတယ်ကွာ။ ဘာကြောင့်မှား ကံတရားကြီးက ငါနဲ့ မပန်းညိုကို ပိုင်းခြားထားပါလိမ့်။ လွမ်းလို့သေတော့မယ်ကွာ"

"ဟား ဟား ဟား ချစ်ရင်တော့ လွမ်းရမှပေါ့ ကိုယ့်လူရာ။ လောကကြီးဟာ အချစ် အမုန်း အလွမ်းတွေနဲ့ ဖွဲ့စည်းထားတဲ့ လောကကြီးကွ။ ဒီတော့ လွမ်းလိုက်စမ်းကွာ"

"လွမ်းမယ်ကွာ။ ပန်းညိုကြောင့် ယောဒိကိုင်းခင်းကြီးတောင် အလွမ်းတွေ လျှံနေပြီကွ"

"လုပ်ပြီကွာ။ မင်းအဖြစ်ကြည့်ပြီး ငါ ဟို စာချိုးတောင် သတိရသကွယ်"

"လုပ်စမ်းပါဦး စာတိုညီရာ"

"ဒီလိုကွာ။ ဘလ္လာတီယဖို့ထဲမှာပါတဲ့ အပိုဒ်ကလေးကွ။ ပြာညိုညက်စင် ဆွေမမြင်ရှု နွံ့ပင်ခေါက်ချိုး၊ မရှင်နိုးသည်၊ လွမ်းမျိုးတစ်ထောင် ပြည့်ခဲ့ပြီတဲ့ကွ"

"ဟာ၊ ကောင်းလိုက်တဲ့ စာချိုးကွာ။ နေပါဦး လွမ်းမျိုးက တစ်ထောင်တောင် ရှိပါလား။ ဘယ်လို လွမ်းနည်းတွေပါလိမ့်"

"ငါလည်း သိဘူးလေ။ ဟဲဟဲ အာဂုံဆောင်မှ အာဂလူပြောလို့ ငါလည်း တွေ့သမျှ တျက်မှတ်လိုက်တာတွ။ အဲ လွမ်းမျိုးတစ်ထောင်ဆိုတော့ အိပ်ပြီး လွမ်းမယ်၊ မှောက်ရက်လွမ်းမယ်၊ ထိုင်လွမ်းမယ်၊ ခေါင်းငိုက်စိုက်လွမ်းမယ်၊ ပက်လက်လွမ်းမယ်၊ ဒူးထောင်ပေါင်ကားပြီး လွမ်းမယ်၊ တင်ပြီးကောက်ထောင်လွမ်းမယ်။ ဟာ ငါပြောတဲ့ လွမ်းနည်းတွေက ဟုတ်ပ့ါမလား မသိဘူး"

"ပြောတတ်ဘူးလေကွာ။ မင်းဉစ္စာ အဲဒီလွမ်းနည်းတစ်ထောင်ပြည့်တာနဲ့ လူလည်း ဒတ်လဘိုင်လိုက်မှာ သေချာတယ်။ မြော်၊ အချစ်ဆိုတဲ့ စွမ်းပကားကြီးပါပေ့ကွာ။ ဘာဆိုဘာမှ မမြင်တော့ဘူးဟေ့"

"ဒါပေ့ါကွာ။ စလေဦးပုည ရေးခဲ့သလိုပေ့ါကွာ"

"လုပ်ပါဦး။ မင်းကတော့ တကယ့်စာတိုညီကျောက်ကြီးပဲ။ မင်းရွတ်တာ





ားထောင်ရင်း ငါ့ကိုယ်ငါတောင် သနားလာသကွာ။ ကဲ လုပ်ပါဦး"

"ဒီလိုကွာ၊ ဆရာကြီး စလေ ဦးပုညက ဘယ်လိုရေးဖွဲ့သွားသလဲဆိုတော့ သရာဝဍ်ထဲက မလွတ်ဘဲနေနေ ဖွတ်ဆွဲလို့ တလေလေငယ်၊ သေပစေ ခင်ရဲ့ ကွ ဟဲဟဲ"

"ကောင်းလိုက်တာကွာ။ ဟုတ်ပ ချစ်သူနဲ့နေရမယ်ဆိုရင် ဘယ်ဘဝ ဘယ်ရောက်ရောက်ပေ့ါကွာ။ ခုတော့ ငါ့ဘဝက ပန်းညိုနဲ့ တစ်ရေတစ်မြေခြားရတာ ခံစားရတယ်ကွာ။ မြော် အချစ် အချစ်ကြောင့် ငါဘာမှမမြင်တော့ ကွ"

"အင်၊ ငါ့ကိုရော မြင်ရဲ့လားကွ"

"မြင်တယ်ဆိုရုံပါပဲကွာ"

"အင်၊ ဘယ်လိုကြီးပါလိမ့်"

"အင်း၊ လောကကြီးဟာ တစ်ခါတစ်ခါတော့လည်း မတရားဘူးကွ။ ဇော်ကြာလို ရှုးပေါပေါကောင်တွေကျတော့ လူရာဝင်ပ့ါ"

"အဲဒါပေ့ါကွ။ ဘူးတောင်းနစ်တယ်ဆိုတဲ့ သဘောပဲကွ"

"ကြာလေ ခံစားရလေပဲကွ။ ရှိတလုတ်မက ဇော်စကြာလိုလူမျိုးကို ဘာ ကြိုက်နေပ့ါလိမ့်"

"ဟေ့ကောင် ဂျာအေး၊ မပြေးနဲ့"

"ဘာအသံတွေလဲ"

"ဂျာအေး မပြေးနဲ့နော်၊ မင်းကို ငါတို့ဝိုင်းထားပြီဟေ့"

"ဘာတွေတုံး၊ ဘယ်သူတွေတုံး"

"ငါတို့ ကျေးရွာလူကြီးတွေက မင်းကိုဝိုင်းထားပြီ"

"ဟာ။ အရေးထဲ ထုပ်ဆီးထိုးတမ်း လာကစားနေကြပြန်ပြီ"

"ဟေ့ကောင်၊ ရှုတူးတူး ပေါတောတောမလုပ်နဲ့၊ မင်းကို ငါတို့လာဖမ်း တာကွ။ ကဲ မုန်တိုင်းတို့ ပေါက်စီတို့ ဒီကောင်ကို ဝိုင်းဖမ်းကြစမ်းတွ"

"ဟယ်၊ ဘယ့်နှာတွေတုံး"

"မပြေးနဲ့နော်"

"အင်"

ပေသီးနှင့်မုန်တိုင်းက သူ့အနားသို့ အပြေးရောက်လာကြ၏။ ပေါက်စီတ ည်း နောက်မှ ထက်ကြပ်မကွာ လိုက်လာ၏။ မြင်တွင်းခြောင့် ဂျာအေး ောင်စိစိ ဖြစ်သွား၏။ ပေါက်စီတို့အဖွဲ့တာ ရွာလူကြီး ဦးရေခဲ၏ လက်ပါးစေများ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကို သိလိုက်သည်နှင့် ဂျာအေးတစ်ယောက် ကောက်ကာင်...
ထပြေးလေတော့၏။

"ပြေးဆိုတော့လည်း ပြေး ပြေးပြီဗျို့"

"လိုက်ဟေ့ လိုက်ဟ"

"ဟိုဘက်က လိုက်ဟ"

ပေါက်စီတို့လူစုက ဂျာအေးနောက်မှ ကွေ့ကာပတ်ကာ လိုက်နေကြ... ဂျာအေးကလည်း ကိုင်းခင်းများကို ကျော်ကာလွှားကာနှင့် ပြေးခဲ့၏။ မြ... မတ်စောက်သော ကုန်းကြီးများပေါ် မနားတမ်းအပြေးတက်ခဲ့၏။ ပေါက်စီတို့... ကလည်း ထက်ကြပ်မကွာ လိုက်ခဲ့ကြ၏။ ရှေ့တပြေး၊ နောက်ကလိုက်၊ အား... ဟောဟဲစိုက်နေကြ၏။ ဂျာအေးကလည်း သူ့ကိုယ်သူ ကြောင်ဝိဇ္ဇာအလား ... မှတ်နေပေ၏။ သောင်ခုံကြီး တစ်ခုနှင့်တစ်ခုကို လွှားခနဲလွှားခနဲ ခုန်ကာ... ကာ ပြေးလွှားခဲ့ပေရာ မြစ်စပ်သို့ ရောက်ရှိလာ၏။

"ဟိုဘက် ပြေးပြီကွ"

"ဒီဘက်က လိုက်လေကွာ"

"ဟာ၊ ရှုပ်ကုန်ပြီဟေ့၊ လိုက်"

ပေါက်စီတို့လူစု လှည့်ပတ်ပြေးနေသော ဂျာအေးကို ဘမိလိုက်နေကြ... ခြားနေသော ကုန်းကြီးနှစ်ခုကို လွှားခနဲ ခုန်ကျော်လိုက်ပေ၏။

"ငါဟဲ့ ယောက်ျား"

"ဝှစ်"

"ဗွမ်း"

"အောင်မလေးဗျ"

"မပြေးနဲ့ မိပြီကွ"

"ဖမ်းထားဟေ့၊ ခြေထောက်တွေ ချုပ်ကွ"

"ခေါင်းက ချုပ်ပေး"

"ဖယ်၊ ဖယ် တချုပ်တို ဖယ်"

"မပြေးနဲ့မိပြီကွ၊ ဟား ဟား ဟား ရေခဲကွ၊ အရုပ်လူကြီးလုပ်စားလာ... နှစ်ချို့နေပြီကွ၊ မင်း ဘယ်လိုပြေးပြေး ချည်တိုင်က မလွတ်ပါဘူးကွာ"

"ဟာဗျာ"

"လာစမ်း၊ အသေအချာ ချုပ်ထားကြဟေ့"

"ဒုက္ခပါပဲ"





ဂျာအေးတစ်ယောက် စတန့်ထွင်ပြီး ဝါးတစ်ရိုက်ခန့်ဝေးသော သောင်ခုံကြီး ...ကို လွှားခနဲ ခုန်ကျော်လိုက်ရာ တစ်ဖက်သောင်ခုံပေါ်သို့ မရောက်ဘဲ ...င်းထဲ ဝုန်းခနဲ ပြုတ်ကျသွားလေတော့၏။

ထိုအခါ ပေါက်စီတို့လူသိုက်ပါ ချောင်းထဲ မျက်စိမှိတ် ခုန်ချကာ အမိအရ ...ိုးလိုက်ကြလေ၏။ ထိုအချိန်တွင် ရွာလူကြီး ဦးရေခဲ ကားယားကားယားနှင့် ...တ်ရှိလာလေ၏။ ဂျာအေးရှေ့ ခါးကြီးထောက်ကာ စူပွစူပွနှင့် လုပ်နေ၏။ ဂျာအေးခမျာ ငိုမဲ့ငိုမဲ့ ဖြစ်နေရှာ၏။ ထိုစဉ် မုန်တိုင်းက ဂျာအေးကို ...နှင့် မုန့်ဖတ်ထုပ် ထုပ်သလို တုပ်လိုက်၏။ ဂျာအေးခမျာ မလှုံသာမလွန့်သာ။

"မင်းဘယ်ပြေးမလဲကွ၊ ရေခဲကို တချွေသရဲတောင် ကြောက်ရတာကွ ...ဟား ဟီးဟီး"

"ဟာ၊ ဘယ်လိုဖြစ်သွားတာတုံး"

"ရယ်ရင်းနဲ့ ကက်သွားတာ ဖြစ်ရမယ်"

"ဘရေခဲ၊ ဘရေခဲ သတိ . . . သတိထား"

"ဟ၊ ငါသိပါတယ် ပေါက်စီရ၊ ဗိကောင့်ရှေ့မှာ ငါဟိတ်ဟန်တော့ လုပ်...

"အင်၊ တစ်မျိုးကြီးပါလား"

"ဟေ့ကောင် ဂျာအေး"

"ခင်ဗျာ"

"မင်းအဖေ ကျောက်ဖားတောင် ငါ့ကို ချောက်ချားတာကွ၊ မင်းလို ...အေးကတော့ အသာလေးပဲပေါ့ကွ"

"ဟာ၊ ဆရာကြီးကလည်း ကဗျာတွေဘာတွေ လက်တန်းစပ်လို့"

"ဟေ့ကောင် ဂျာအေး၊ ပါးစပ်ပိတ်ထားစမ်း၊ ငါလိုလူကို လာမထုနဲ့ကွ၊ ...းအေတို့ ငါ့ထွေးလေးတို့က ပုလိပ်တွေကွ၊ သူနိုးသဘက် ဖမ်းတဲ့နေရာမှာ ...ဲ့စပတ်တွေ၊ ကဲ လာ ရွာသွားမယ်"

"ဟာ၊ မလိုက်ပါရစေနဲ့ဗျာ"

"ဘာလို့မလိုက်တာလဲ"

"ပန်း ပန်းညိုမျက်နှာကို မကြည့်ဝံ့ . . ."

"တိတ်စမ်း၊ မဟုတ်တာလုပ်ပြီး ကြောက်တာ မင်းတစ်ယောက်ပဲ ရှိတယ် ...ငါနဲ့ အေးအေးဆေးဆေး လိုက်ခဲ့နော်၊ ငါ့နာမည် ရေခဲ၊ သေရဲတလား ...နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက သေခိုင်းလို့လဲဗျ"

"အဲ နဘောထပ်ကြည့်တာပေ့ါ ပေါက်စီရာ။ ကဲ သွားကြမယ်ဟေ့။ မင်း ဒီကောင်ကို မျက်ခြည်မပြတ် ကြည့်ထားကြနော်။ ဒီကောင် ပြေးပုံလွှ ကြောင်မျက်လုံး ပေါင်မှာမြှုပ်ထားသလိုပဲကွ"

"ဟုတ်လား၊ ဒါဆို ကျွဲအေးဟာ ကြွက်ခုတ်ကောင်းမှာပေ့ါ"

"အေး၊ ဟာ ပေါက်စီကတော့ ဘာတွေ လျှောက်ပြောနေမှန်း မသိ လူကြီးစကားဆိုတာ မှတ်ထားရတယ်ကွ။ ပြန်မမေးရဘူး"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"မှတ်ထားကွ၊ လူကြီးဆိုတာ အဲ ဟို ဒါသုံးတယ်ကွ"

"ဩော်၊ ငယ်ထိပ်သုံးတယ်ပေ့ါ"

"ဘယ်ကလာကွာ။ ဉာဏ်သုံးတယ် ပြောတာကွ။ မှန်တာလုပ်တဲ့ မှားတာလုပ်တဲ့ ကျွဲအေးတွေ့ပြီပေ့ါကွာ။ ဘယ်သူက ဝံပုလွေ၊ ဘယ်သူက ဆိုတာ သိရမယ်ကွ"

"ဟာ၊ နှစ်ယောက်စလုံး အဟိတ်တိရစ္ဆာန်တွေဖြစ်ကုန်ပြီ ဆရာကြီး"

"ဩော် ဟုတ်သားပဲ။ ကဲ သွားမယ်ဟေ့"

ပြောပြောဆိုဆိုနှင့် ဦးရေခဲတို့လူသိုက် ကျွဲအေးကို အမိအရ ခေါ် လှေပေါ် တင်လိုက်ကြ၏။ ထိုစဉ် ဆိတ်ကုလား မြို့မှပြန်လည်ရောက်ရှိလာ ကျောက်ကြီးမှာ မျက်စိပျက်မျက်နှာပျက် ဖြစ်နေ၏။ ကျွဲအေးသတင်းကို ရသောအခါ ချောင်းဆိပ်သို့ အလျှင်အမြန် လိုက်ချလာကြ၏။

"ဒုက္ခပါပဲကွာ။ ကျွဲအေးကို ဘာကြောင့် ဖမ်းသွားကြပါလိမ့်"

"ပြောတတ်ဘူးလေကွာ။ ဒီကောင် ဘာအမှုတွေများ ကျူးလွန်ခဲ့သ မသိတာ"

"ကဲ၊ ငါတို့လည်း လိုက်ရအောင်ကွာ"

"သွားလေ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦးလည်း သောင်ဆိပ်သို့ ရောက်ရှိလာကြ လှေတစ်စီးနှင့် ကျွဲအေးနောက်သို့ လိုက်ခဲ့ကြလေ၏။ ထိုအချိန်တွင် ကျွဲ သတင်းက တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသဖြင့် ဖခင်လုပ်သူ ဦးကျောက်ဖ ဆွေ့ဆွေ့ခုန်နေ၏။ မကျေမချမ်းနှင့် ဦးရေခဲ၏အိမ်ဝိုင်းထိပ်ရပ်ကာ အော် ဟစ်တျယ်နှင့် ပြောဆိုနေပေ၏။

"ဟေ့ ရေခဲ ငါ့သားကို ဖမ်းရအောင် ငါ့သားက ဘာမဟုတ်တာလုပ်





ကွ၊ ပြောစမ်း။ ဟေ့ကောင် ရေခဲ မင်းလိုကောင်ကများ ငါ့သားကို ဖမ်းရတယ်လို့ ကွာ။ မင်း ကြီးဒေါ် အိမ်က ကြက်ခိုးပြီး ရိုက်စားခဲ့တာ မှတ်မိသေးလားတွေ့။ ပြောစမ်း၊ ပြီးတော့ ရွာဆော်ချက်ကြီးကို ခဲနဲ့ထုတာ မင်းပဲမဟုတ်လား၊ ပြောစမ်း။ ပြီးတော့ ရှိသေးတယ်ကွ။ မုဆိုးမ ဒေါ်ဖီးရဲ့တင်ပါးကို လောက်လေးနဲ့ ပစ်ခဲ့တာ လည်း မင်းပဲကွ။ မင်း မဟုတ်တာတွေ ငါပြောရရင် ဟော့ဒီမှာ ညအိပ်ပြီး ပြောမှာကွ။ ဟေ့ကောင် ရေခဲ ထွက်ခဲ့စမ်း"

"အို၊ အစ်ကိုကျောက်ဖား ဘာတွေပြောနေသတုံး"

"ဟဲ့၊ မယ်ညို နင်ယောကျ်ား ဘုရားဒကာ ရေခဲရော ဘယ်မှာလဲ။ ငါ့သား ကျွဲအေးကို ဖမ်းထားတယ်ဆို"

"ပြောတတ်ဘူးလေ။ ခုထိ အိမ်ပြန်မရောက်သေးဘူးရှင့်။ ဟို ကိုဖျောက် ဆိပ်ကိုတော့ ထိပ်တုံးခတ်ထားတယ်ရှင့်"

"ဟင်၊ ဒီတေ ဘယ်လိုဖြစ်ပါလိမ့်"

"ဟို၊ ကျွဲအေးကို အခါပေးမှားလို့လေ"

"ဩော်၊ လက်သည်က ဒင်းကိုး။ ဘယ်မှာလဲ ဒီကောင်"

"ဟိုမှာလေ၊ ဘူးစင်အောက်မှာ"

ဦးကျောက်ဖားသည် ဘူးစင်အောက်တွင် ပျော့ခွေနေသော ဖျောက်ဆိပ် ကို မြင်သွား၏။ အနားသို့လျှောက်လာကာ ခါးကြီးထောက်ပြီး ပြောလိုက်၏၊

"ဟေ့ကောင် ဖျောက်ဆိပ် အခါပေးကြီး"

"ဗျာ၊ ဘကျောက်ဖား"

"အောင်မယ်၊ ခုမှ ရိုးသေနေပြန်ပြီ။ ဘယ်လိုတုံးကွ၊ ငါ့သားကို ဘယ်လို အခါပေးလိုက်သတုံး။ တစ်ရွာလုံးတော့ ကျွက်ကျွက်ကိုဆူနေပြီကွ"

"ကျွန်တော် အခါပေးတာ ကျွဲအေးကောင်းဖို့ပါဗျာ"

"ငအောင်မလေး၊ တော်ပါတော့ ဖျောက်ဆိပ်ရာ။ သူများကောင်းဖို့ထက် ကိုယ်ကောင်းဖို့က အရေးကြီးတယ်ကွ။ ပြောစမ်း မင်း ဘယ်သူ့ ထဘီရုပ်လို့ ထိပ်တုံးခတ်ခံနေရတာလဲ"

"ဟာ၊ ထဘီရုပ်တဲ့ဘဝတော့ မရောက်သေးပါဘူးဗျ။ ခုမှ ဖားမိုက်တဲ့ အဆင့်ပဲ ရှိပါသေးတယ်"

"ဩော်၊ ဒါဆို မကြာခင် ထဘီရုပ်တော့မယ်ပေ့ါ"

"ဒီလောက်တော့ ရုပ်ပျက်ဆင်းပျက် မဖြစ်သေးပါဘူးဗျာ"

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် ဦးရေခဲတို့လူစု ကျွဲအေးကို ဖမ်းဆီး၍



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာ၏။ သူတို့နောက်မှ လူတွေတရုန်းရုန်း၊ ဦးရေခဲအသွင်က တမ္မာကျော် လူဆိုးကြီးကို ဖမ်းမိလာသည့် ပုလိပ်သားကြီးအသွင်ပင်။ သို့သော် ခြံဝတွင် ဦးကျောက်ဖားကို မြင်လိုက်သည်နှင့် ငယ်ကြောက်မို့ အိုးတိုးအမ်းတမ်း ဖြစ်နေပေ၏။

"ဟော့ကောင် ရေခဲ"

"ဗျာ"

"မင်းက ငါ့သားကို မဟုတ်တာလုပ်လို့ ဖမ်းတာဆို"

"ဟုတ် ဟုတ်ကဲ့။ သက်သေရှိပါတယ်"

"အောင်မယ်၊ သက်သေတွေ သက်ရှင်တွေနဲ့။ နေပါဦး၊ မင်း မဟုတ်တာ လုပ်ခဲ့တာတွေရော မှတ်မိရဲ့လားကွ"

"ဗျာ"

"မင်း မဟုတ်တာတွေ လုပ်ခဲ့တာပြောရရင် ဧရာဝတီမြစ်ဆုံးတောင် ပြီးမှာ မှတ်ဘူးကွ"

"ဟော့လူ၊ ဒီအချိန်မှာ ဒါတွေမပြောနဲ့လေ။ ခုချိန်မှာ ကျုပ်ဟာ ရပ်ရွာရဲ့ လေးစားလောက်တဲ့ လူကြီးဗျ"

"အင်"

သူတို့ အချီအချ ပြောဆိုနေစဉ် ဦးပိန်တာတို့လူကြီးတစ်သိုက် ရောက်လာ၏။

"ဘယ်လိုလဲဟေ့၊ ဂျာအေး မိပြီလား"

"မိပြီဗျ"

"ဒါဆို သက်သေတွေခေါ်လေ"

"ဟော၊ ဇော်စကြာနဲ့ ကြာရိုးကိုသွားခေါ်စမ်း"

"ဟင်၊ ဘယ်လိုတွေပါလိမ့်"

ဦးကျောက်ဖားမှာ သူ့သားဂျာအေး၏ ဖြစ်ပုံကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ထိုအချိန့်တွင် ဇော်စကြာနဲ့ ကြာရိုးတို့နှစ်ဦး ရောက်ရှိလာ၏။ ပို၍ ထူးဆန်းသည်မှာ သူတို့နောက်မှ ဂျာအေး အချစ်ကြီးချစ်ခဲ့ရသော ပန်းညို လေး ပါလာ၏။ ပန်းညိုကိုမြင်လိုက်သည်နှင့် ဂျာအေး ခေါင်းငိုက်စိုက်ကျသွား၏။ ဖခင်လုပ်သူ ဦးကျောက်ဖားမှာ သားဖြစ်သူ၏ အရိပ်အခြည်မြင်သည်နှင့် တောက်တခေါက်ခေါက် ဖြစ်နေလေ၏။

"ရာဇဝင်ရိုင်းလိုက်ပုံ၊ လူလေးရာ။ မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်အဖ





ကိုယ် ဖျက်ရတယ်လို့ကွာ တောက်"

ဂျာအေးခမျာ ဘယ်သူ့မျက်နှာကိုမှ မကြည့်ရဲပါချေ။ ခေါင်းကြီးငိုက်စိုက်နှင့် ငိုမဲ့ငိုမဲ့ ဖြစ်နေ၏။ ထိုအချိန်တွင် လူစုံရောက်ရှိလာပြီမို့ ရွာလူကြီး ဦးရေခဲ ဦးဆောင်ကာ ရွာမြောက်ဘက်သုသာန်သို့ ထွက်ခဲ့ကြလေ၏။ ဇော်စကြာမှာ ဂျာအေးကို ဖမ်းမိလိုက်ပြီမို့ ဝမ်းသာအားရ ဖြစ်နေသော်လည်း ကြာရိုးမှာ ငေါင်စင်းစင်း ဖြစ်နေ၏။ ပန်းညိုမှာလည်း ညှိုးညှိုးလျှလျှလေး ဖြစ်နေ၏။

သို့နှင့် သူတို့လူစု သုသာန်သို့ ရောက်ရှိလာကြလေ၏။ နောက်မှလည်း ရွာသူရွာသားတွေက တရုန်းရုန်း၊ ထိုစဉ် ဦးရေခဲက ဇော်စကြာကို ပြုံးထေ့ထေ့နှင့် ပြောလိုက်၏။

"ကဲ၊ ပြောစမ်းပါဦး ဆရာဘွန်း"

"ဗျာ"

"ဟို ခင်ဗျားနာမည် ဆရာဘွန်း မဟုတ်လား"

"အဲ ဇော်စကြာပါ"

"ကဲ၊ လုပ်ကွာ။ မင်းတွေ့ထားတဲ့အထောက်အထားကို ဟောဒီရွာသားတွေ၊ လူကြီးတွေရှေ့မှာ ရဲရဲကြီးပြောချလိုက်"

"ဟုတ်ကဲ့၊ ဟောဟို ညောင်မှတ်ဆိတ်ပင်အောက်ကို တူးကြည့်ပါ။ အဲဒီမှာ ဒေါ်တလုတ်မကိုသတ်ပြီး အလောင်းကို ဆာလာအိတ်နဲ့ထည့်ထားတာ ရှိပါတယ်။ အဲဒီ ဂျာအေးလုပ်ရပ်ကို ကျွန်တော် ကိုကြာရိုးပါ မြင်တာပါ"

"ဟင်"

"ဘယ်လိုလဲ"

"ကြောက်စရာကြီးပါလား"

"ဂျာအေးဟာ လူသတ်သမားကြီးပါလား"

"ကျွတ်ကျွတ်ကျွတ် ဂျာအေး မဘက်လိုက်လို့ မိုက်ဘက်ပါပြီဟေ့"

"အဲဒါ အခါပေး ဖျောက်ဆိပ်ကြောင့်"

"အံ့ပါ့ကွာ"

ရွာသားတွေလည်း မျက်လုံးပြူး မျက်ဆန်ပြူးနှင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြလေ၏။ ဦးကျောက်ဖားမှာလည်း သူ့သား၏ လုပ်ရပ်ဆိုးကြီးကို မယုံနိုင်အောင် ဖြစ်နေလေ၏။

ထိုအချိန်တွင် အောင်နိုင်သူကြီးအကြံပြုနှင့် ဦးရေခဲက သူတော်ညီများကို အချက်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ ပေါက်စီတို့ မုန့်တိုင်းတို့"

"ဟုတ်ကဲ့ ဆရာကြီး"

"ကဲ၊ တူးကြစမ်းကွာ"

"ဟုတ်ကဲ့"

ဦးရေခဲက အချက်ပေးလိုက်သည်နှင့် ပေါက်စီတို့လူသိုက် ယူဆောင်လာသော ပေါက်တူးပေါက်ပြားများနှင့် ညောင်မုတ်ဆိတ်ပင်ကြီးအောက်ရှိ မြေပုံမို့မို့ကို အားရှိပါးရှိ တူးဖော်ကြလေ၏။

"ဒုတ် ဒုတ်"

"ကဲကွာ"

"ဒုတ် ခွပ်"

"ဒုတ်"

"မြေကြီးတွေ ယက်ထုတ်လေကွာ"

"ဟုတ်ကဲ့"

"ဒုတ်ဒုတ်"

အချိန်အနည်းငယ်အကြာတွင် ကျင်းဟောင်းကြီးထဲမှာ ဆာလာအိတ်ကြီး တစ်လုံးကို တွေ့လိုက်ရသဖြင့် ပေါက်စီက ထအော်လေ၏။

"ဟာ၊ တွေ့ပြီဗျို့"

"ဟူး ပုပ်စော်နံလိုက်တာကွာ"

"ကြာပြီကိုးကွ"

"ကဲ မ. မ."

ပေါက်စီတို့လူစု ဆာလာအိတ်ကြီးကို မ,၍ ဦးရေခဲရှေ့ ပစ်ချလိုက်၏။ ပန်းညိုခမျာ သူ့အမေအလောင်းကို ရဲရဲမကြည့်ဝံ့သဖြင့် မျက်နှာလွှဲနေရှာ၏။ ရွာသားအချို့မှာလည်း ရင်တထိတ်ထိတ် ဖြစ်နေရှာ၏။ ထိုအချိန်တွင် ဦးရေခဲအသံ ပေါ်လာ၏။

"ကဲ၊ ဆာလာအိတ်ကြီးကို ဖြေလိုက်ကွာ"

"ဟုတ်ကဲ့"

ပေါက်စီနှင့် မုန့်တိုင်းသည် ချည်နှောင်ထားသော ကြိုးများကို ဖြေလိုက်ကြ၏။ အားလုံး ရင်တထိတ်ထိတ်၊ လက်ပြတ်၊ ခေါင်းပြတ်ကြီးတွေ ထွက်လာတော့မှာမို့ မကြည့်ရဲရဲ ဖြစ်နေကြပေ၏။

"ကဲ၊ ဆာလာအိတ်ကြီးကို မှောက်ချလိုက်စမ်း"



www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာကြီး"

"ဘုတ် ဖုတ် "

"ဘာတွေလဲ"

"ဟာ၊ ဟိုမှာ ကြွက်တောင်ပံတွေပါလား"

"ဒီမှာလည်း ကြွက်ခြေ၊ ကြွက်ခေါင်းတွေ"

"ဟင်၊ ဖဲ ဖဲဒါ ပန်းညို့ရဲ့ကြွက်ကြီး မွှေဖလားပါလား"

"ဟော"

"ဟိုက်"

အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။ ဘာပြောလို့ပြောရမှန်းလည်း မသိတော့။ အဆိုးဆုံးကတော့ ရွာလူကြီး ဦးရေခဲပင်၊

"ဟေ့ကောင်တွေ၊ အိတ်ကိုထပ်ခါပါဦးကွ"

"ခါပြီးပါပြီ ဆရာကြီး၊ ကြွက်ရိုးတွေပဲထွက်တယ်"

"ဟော၊ ဘယ်လိုဖြစ်သတုံးကွ"

"ဗုက္ခပါပဲ"

"ဘယ်လိုလဲ ကိုယ့်လူ ဆရာကြီးဘွန်း၊ မောင်ရင်ပြောတော့ တလုတ်မဆို၊ အခုတော့ ဘယ်လိုဖြစ်ပြီး ကြွက်ကြီးဖြစ်နေတာတုံးကွ၊ ပြောပါဦး သက်သေအနိုင်အမာနဲ့ စုံထောက်ကြီးရဲ့"

"ဗျာ၊ ဟို ဖဲ ကျွန်တော်လည်း. . . "

"ကဲ ဘယ်လိုလဲ ရေခဲ၊ မင်းက ငါ့သားကို လူသတ်သမားဆိုပြီး တစ်ရွာလုံးကို ကြေညာခဲ့တယ်၊ ခုတော့ ဘာပြောချင်သေးလဲကွ၊ ဟော ပြောပါဦး ရေခဲပြောပါဦး၊ မင်းလို မဟုတ်တာလုပ်တဲ့လူမျိုး ငါတို့မျိုးရိုးမှာ မရှိဘူးကွ"

"ဗျာ၊ ကိုကျောက်ဖား ကျုပ်လည်း. . . "

"ဘာကျုပ်လဲ၊ မင်းအရပ်လူကြီးပဲကွ၊ လာပြောကတည်းက သေသေချာချာ စဉ်းစားပေါ့ကွ၊ ခုတော့ မင်းလုပ်ပုံက ငါတို့ဒုက္ခရောက်အောင် အရှက်ခွဲပေမယ့် မင်းကွဲပြီကွ"

"ဗျာ၊ ဟို ကျုပ်လည်း ဘာမှမသိလို့ပါ"

"ဟား မသိဘဲ ရှမ်းလုပ်ရသလားကွ၊ ဘယ်မှာလဲ မင်းကြီးတော် တလုတ်မပြောစမ်း"

"ဗျာ၊ တလုတ်မဟာ ကျုပ်ကြီးတော် မဟုတ်ပါဘူးဗျာ"

"ဟင်း ရေခဲနော်၊ မင်းကြွပ်ကြွပ် သတိထားကွ၊ ကျောက်ဖားအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သိတယ် မဟုတ်လား"

"သိ သိပါတယ် အစ်ကိုကျော်ဖားရယ်၊ အချင်းချင်းတွေပဲဟာကို"

"တိတ်စမ်း၊ ခုချက်ချင်း ငါ့သားနဲ့ဖျောက်ဆိပ်ကို ကြိုးဖြေပေးလိုက်၊ ထိပ်တုံးဖြုတ်ပေးလိုက်"

"ဟုတ် ဟုတ်ကဲ့ပါခင်ဗျာ"

ဇော်စကြာခမျာ ဆာလာအိတ်ကြီးထဲမှ ဒေါ်တလုတ်မ၏ အလောင်းကြီး ထွက်လာလိမ့်မည်ထင်သော်လည်း ရွှေဖလားကြီး၏ ရုပ်ကြွင်းဖြစ်နေ၍ ရှုံ့မဲ့မဲ့နှင့် လူအလစ်တွင် ရှက်ကိုးရှက်ကန်းနှင့် ထွက်ပြေးသွားလေ၏။

ဂျာအေးမှာလည်း ယခုထိ ငေးငေးငေါင်ငေါင် ဖြစ်နေဆဲ။ ထိုစဉ် ကြာနီ က အဖြစ်မှန်ကို လှမ်းမေးလိုက်၏။

"ဟေ့ကောင် ဂျာအေး၊ မင်းက ရွှေဖလားကြီးကို ဘာဖြစ်လို့သင်္ချိုင်းမှာ မြှုပ်တာလဲကွ"

"ဒီ ဒီလိုပါဗျာ၊ တကယ်တော့ ကျုပ်လေ ပန်းညိုကို တအားချစ်လွန်းလှတယ်ဗျာ၊ အသည်းတွေ အူတွေ ပေါက်မတတ်ပါဗျာ"

"ဟာ၊ လွန်လှချည်လား၊ ငါ့သားက ငါ့ထက် ပိုကဲနေပါလား"

"ပြောပါတော့ ဗဘာရာ၊ အဲဒါ ကျုပ်စိတ်ထဲမှာ ပန်းညိုနဲ့ကျုပ်ကြား အဓိက နှောင့်ယှက်ပေးနေတာ ရွှေဖလားကြီးပဲလို့ ထင်မိပါတယ်"

"ဪ"

"ဟုတ်ကဲ့၊ ဒါနဲ့ ကိုဖျောက်ဆိပ်ကို တိုင်ပင်တော့ ကိုဖျောက်ဆိပ်က ရှင်းပစ်လိုက်လို့ ပြောတာနဲ့ ရှင်းပစ်လိုက်ပါတယ်ဗျာ"

"ဪ၊ ဒါဆို အခါပေးကြီးရဲ့စနက်လည်း ပါသပေါ့"

"ခွင့်လွှတ်ပါခင်ဗျာ"

"အောင်မယ်၊ ခုမှ ဖျောက်ဆိပ်က မင်းသားလေးလို လွမ်းပြနေတယ်၊ ဟီးဟီး ဟားဟား"

ရွာသားတွေက ဖျောက်ဆိပ်အပြုအမူကို ကြည့်ပြီး တဟားဟား ဖြစ်နေကြ၏၊ ထိုစဉ် ကြာနီက ကြားဖြတ်၍ မေးလိုက်၏။

"ဒါဆို မင်းက ဘာလို့ပြေးတာတုံး"

"အဲဒါလည်း ဗေဒင်ထဲမှာ အခြေအနေမကောင်းလို့ပါ၊ ပြီးတော့ ကျုပ် ပန်းညိုချစ်တဲ့ ရွှေဖလားကြီးကို သတ်မိပြီဆိုတော့ မပန်းညိုကို မျက်နှာပူလှတယ် ဗျာ၊ ကျုပ်ချစ်လို့လုပ်မိတာပါ၊ ကျုပ်အလုပ်ဟာ အောက်တန်းကျမှန်း သိပါရဲ့





မပန်းညိုရဲ့၊ ဒီအပြစ်ကို ပေးသမျှခံယူပါ့မယ်ဗျာ"

ဂျာအေးတစ်ယောက် မပန်းညိုကို မျက်နှာငယ်လေးနှင့် တောင်းပန်တိုးလျှိုးနေ၏။ မပန်းညိုကမူ မိခင်ကြီးမဟုတ်မှန်း သိလိုက်ကတည်းက အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

ထိုအချိန်တွင် ရွာသူတစ်ဦး သူတို့လူစုရှိရာသို့ အပြေးအလွှားရောက်ရှိလာ၏။

"ပန်းညို၊ ဟဲ့ ပန်းညို"

"ဟင် ဘာတုံး မိမှုန်"

"နီးတလုတ်မ ပြန်လာပြီဟ"

"ဟင်၊ တကယ်လား"

"တကယ်ပေါ့ဟယ်၊ မြို့ကလူတွေနဲ့ ပုဂံဘက် ဘုရားဖူးလိုက်သွားတာတဲ့လေ"

"အို၊ အစ်မကလည်း မပြောမဆိုကွယ်၊ ကဲ အားလုံးပဲ ခွင့်ပြုပါဦးရှင်၊ ကိုဂျာအေး"

"ဗျာ"

"ကျွန်မကို ခွင့်လွှတ်ပါတယ်ရှင်"

"ဟင်၊ တကယ်လား"

"ဟာ၊ ဝမ်းသာလိုက်တာဗျာ"

"ကဲ သွားဦးမယ်"

ပန်းညိုတစ်ယောက် သူတို့လူစုထဲမှ အပြေးအလွှား အိမ်ပြန်သွားလေ၏။ ဂျာအေးတို့လူစုမှာ ပျော်၍မဆုံး။ ထိပ်တုံးခတ်ထားခံရသော ဖျောက်ဆိပ်မှာလည်း ထိပ်တုံးဘေးက လွတ်မြောက်သွားပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။ ထိုစဉ် အိမ်ဝိုင်းထဲသို့ အပုလေး အပြေးအလွှား ရောက်လာ၏။

"ကိုရင်ဖျောက်၊ ကိုရင်ဖျောက်"

"ငါ ဒီမှာဟဲ့"

"ကိုရင်ဖျောက် လွတ်ပြီပြောလို့"

"ဟုတ်ပ"

အပုလေးခမျာ မျက်ရည်စများ ဘွဲ့ခိုနေသော ချစ်ဝန်းနှင့် ပြုံးလျက် အမူအရာလုပ်ရင်း ဖျောက်ဆိပ်ရင်ခွင်ကြီးထဲ ပြေးဝင်လိုက်၏။

"ဝမ်းသာလိုက်တာ ကိုရင်ဖျောက်ရယ်၊ ကျုပ်ကြင့် ရှင် ထိပ်တုံးထားခံလိုက်

www.burmeseclassic.com



ရပြီဆိုကတည်းက လူကို ဘယ်လိုဖြစ်သွားမှန်း မသိပါဘူးရှင်”

“ဩော်၊ အဲဒါ ချစ်တာပေါ့ အပုလေးရယ်”

“တော်ပါ ရှင် ပေါက်တီးပေါက်ရှာတွေ လျှောက်လုပ်လို့ ခုလိုဖြစ်တာ မဟုတ်လား လာခဲ့”

“အောင်မလေးဗျာ၊ သဘောထားပြောင်းသွားပြန်ပြီလား”

“လာခဲ့ပါ၊ အိမ်ကျမှ ရှင့်ကို ပညာပေးရမယ်”

“အလားလား၊ ဗိုက်ကြောမဆွဲပါနဲ့ကွာ နာလွန်းလို့ပါ”

“ဟားဟား ကိုကြီးဖျောက်တော့ အပုလေးလက်ရာ မြည်းရတော့မယ်ဟေ့”

“ဘာကွ၊ ဆိတ်ကုလား”

“မင်းနော်”

“ဟဲဟဲ”

ဖျောက်ဆိပ်သည် ဆိတ်ကုလားကို မျက်စောင်းတထိုးထိုးလုပ်ကာ အပု လေးနောက်သို့ စောင်းငန်းငန်းနှင့် ပါသွားရှာလေ၏။ ဂျာအေးတို့လူစုမှာလည်း အခတ်အခဲများကြားမှ လွတ်မြောက်ပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။

ဗိုလ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသူမှာ ဂျာအေးပင် ဖြစ်လေ၏။ အကြောင်းမှာ သူ၏ ကြီးမားလှသော ပြစ်မှုကြီးကို ပန်းညိုက ခွင့်လွှတ်ပါတယ်ဟု ပြောလိုက်သဖြင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

“ငါတော့ကွာ ပန်းညိုရဲ့အပြော၊ ပန်းညိုရဲ့အပြုံးလေးတွေကို မမေ့နိုင် တော့ပါဘူးကွာ”

“တော်ပါတော့၊ ဒီတစ်ခါဆိုရင်တော့ မင်းလည်ပင်း ကြိုးကွင်းစွပ်လိမ့်မယ်”

“ဟာ၊ ဆိတ်ကုလားကလည်း နိမိတ်မရှိ နမာမရှိကွာ။ တကယ်တော့ ချစ်တာကိုးကွ။ ချစ်တော့လည်း လုပ်မိလုပ်ရာ လုပ်မိတာပေါ့ကွာ”

“အင်၊ ရွှေဖလားကြီးခမျာ အချစ်ကြောင့် ကြားက အသေဆိုးနဲ့သေခဲ့ တယ်ကွာ”

“ဩော်၊ ငါလည်း မတတ်သာလို့ပါကွာ။ ကဲ ပြီးတာတွေ ပြီးပြီပေါ့ကွာ။ ဒီနေ့တော့ ငါလွတ်မြောက်တဲ့အနေနဲ့ ထမင်းချက်စားကြမယ်ကွာ”

“ဟာ၊ ကာလသားချက် ချက်တာ ကိုကြီးဖျောက်က ကောင်းတာကွ”

“ဟာကွာ၊ သွားမခေါ်ရဲဘူးကွ။ ဒီတစ်ခါ အပုလေးက ငါ့ကိုဓားနဲ့လိုက်ခုတ် သေချာတယ်”

“ဟားဟားဟား။ မင်းတလည်း အပုလေးကိုတော့ ကြောက်သား”



“မပူပါနဲ့ကွာ။ ဒီကိစ္စ ငါ့တာဝန်ထား”

“ဟင် မင်းက ပိုင်လို့လား ကျော်ကြီးရ”

“ဟား၊ ပိုင်တယ်တော့ ဘယ်ဟုတ်မလဲကွာ။ ဒါပေမယ့် ဉာဏ်သုံးရမှာပေါ့ ကွာ။ ဟော့ကောင် ဂျာအေး”

“ဘာတုံးကွ”

“မင်းက ဘာပေးမှာတုံး”

“ငါက ကြက်နီချိတ်ကြီးတစ်ကောင် ပေးမယ်ကွ”

“ဒါဆို ငါက ဘူးသီးရယ်၊ ဆန်ရယ် တာဝန်ယူမယ်”

“ကောင်းတယ်။ ဒီည ငါတို့ချက်စားမယ့် ကာလသားဟင်းက ပန်းညိုနဲ့ ဂျာအေးတို့ရဲ့ မင်္ဂလာမှုကြိုအထိမ်းအမှတ်ပေါ့ကွာ”

“ဟာ၊ ဆိတ်ကုလားကလည်းကွာ။ ငါ့အဆင့်က မှုကြိုအဆင့်မဟုတ်တော့ ပါဘူးကွာ။ ပြောရရင် အချစ်မှာ မဟာဝိဇ္ဇာဘွဲ့ ပေးမယ်ဆိုရင် ငါထိပ်ဆုံးကွ”

“အဲ၊ ဟုတ်ပေသားပဲ။ ဒါပေမယ့်ကွာ မဟာဝိဇ္ဇာ ထက်ပိုင်းကျိုးပေးရမယ့် ကိန်းကွ”

“ဟာ၊ မင်းစကားက ဂျာအေးခြေလှမ်းကို ဝါးလုံးထိုးခံလိုက်တာပဲကွ ကျော်ကြီးရ”

“ဩော်၊ ငါပြောတာ ဝါးလုံးကထိုးခံတဲ့စကား မဟုတ်ပါဘူးကွ။ ကိုယ့်လုပ်ပုံ က ဖိုးသာဝ နွားသိုးကြီးနဲ့ တူနေလို့ပါ။ ပြောရရင် အားမလိုအားမရ ဖြစ်မိလို့ ပါကွာ”

“ဘာလဲကွ၊ ဖိုးသာဝ နွားသိုးဆိုတာ”

“ဒီလိုကွ၊ ဖိုးသာဝ နွားသိုးကြီးက သခင်ရှေ့ကျတော့ တစ်ဖက်နွားကို အားပါးတရ ခွေ့တော့မလိုပေါ့ကွာ။ ခွာတရှုပ်ရှုပ်၊ ချိုတသွေးသွေးနဲ့ အိုက်တင် အပြည့်ပေါ့။ အဲ၊ တကယ်လည်း ခွေ့ရမယ်ဆိုရော ဖိုးသာဝနွားသိုးကြီးက တစ်ဖက်နွားကြီးကြည့်ပြီး နောက်တလန်လန်နဲ့ကွာ၊ ကြောက်နေတာပေါ့”

“ဩော်၊ ဒါဆို ဂျာအေးလည်း ပန်းညိုရှေ့ကျ နောက်တလန်လန်ပေါ့”

“ဟုတ်ပ၊ ငါက အဲဒါကို အားမလိုအားမရ ဖြစ်တာကွ။ ပြောတော့ အချစ် နဲ့စစ်မှာ နောက်တစ်လှမ်းဆုတ်ရိုး မရှိပါဘူးနဲ့၊ အဲ ပန်းညိုနဲ့လည်းတွေ့ ရော ဂျာအေးပုံစံက ရေစိမ်ထားတဲ့ အိကြာကွေးလိုပဲ၊ တွေ့တီးတွေ့တော်နဲ့ကွ”

“မင်းပြောတာကို ငါ မငြင်းပါဘူး ကျော်ကြီးရ။ ချစ်တာတို့ကွာ၊ ဘယ် သူမဆို အချစ်နဲ့တွေ့လိုက်ရင်ပဲ တွေ့စိမ်ဖြစ်သွားကြတာချည်း [illegible] အသိမိကြီး



www.burmeseclassic.com

www.burmeseclassic.com

ကို ကြည့်ပါလား၊ ရာမ လက္ခဏာရော ဘယ်သူမှ မမှူဘူး။ စစ်သည်အင်အား ထောင်ချီလည်း သူ့ရင်တွေဟာ ကျောက်သားကျောက်ခက်လို မာကျောနေတာ ကွ။ ဒါပေမယ့် မယ်သီတာ မမြင်ရသေးဘူး။ သူ့ရဲ့လက်ကိုင်ပဝါလေး မြင်တာ နဲ့ ဒသဂီရိကြီး ဘယ်လိုဖြစ်သွားသလဲ"

"ဒါဆို၊ မင်းက ဒသဂီရိလှာအေးပေါ့ကွာ"

"ဟဲဟဲ ချစ်တာကိုးကွ။ ဒါပေမယ့်ကွာ လောလောဆယ် အဆီးအတား တွေက ငါ့ခြေလှမ်းတွေကို မင်းပြောသလို ဝဲလုံးထိုးခံနေရသလိုပဲပေါ့ကွာ"

"ကျောက်ကြီးပြောတာ မှန်တယ်ကွ။ ငါ့အဖြစ်က ကဲဆိုးပါတယ်ကွာ။ ရှပ်က ဆိုး၊ ပိုက်ဆံက မရှိ ပြီးတော့ ဘဝက ကျေးလက်တောသား၊ ဒီတော့ ပန်းညို ငါ့ကို ဘယ်လိုခံစားနိုင်မှာလဲကွာ"

"ဟာ၊ မင်းကွာ၊ မင်းကုသနဲ့ပပဝတီအကြောင်းကို မင်းသိသားပဲကွ။ မင်း ကုသရုပ်ဆိုးပုံက မင်းထက် ဆယ်ဆသာတယ်ကွ။ ဒါပေမယ့် သူဟာ အချစ်နဲ့ ပတ်သက်ရင် ဇွဲနပဲကြီးတယ်ကွ။ မင်းလည်း ကြားဖူးမှာပေါ့။ ပပထူမှ ကမယ်ဆို တဲ့ ဇွဲနဲ့ ပပဝတီကို မရရအောင် ယူခဲ့တာကွ။ ဒီတော့ မင်းဆိုတဲ့ သကောင့် သား ဂျာဖေးဟာ မင်းကုသကို ဆရာတင်သင့်တယ်ကွ"

"နေ နေပါဦး။ မင်းကုသဆိုတာ ဘယ်မှာရှိလဲ ပြောစမ်းကွာ။ ဘာပဲလုပ် ပေးရ လုပ်ပေးရပေါ့ကွာ"

"ဟာ မင်းကလည်း၊ ငါပြောတာ ဘုရားလောင်း မင်းကုသဇာတ်ကို ပြော တာကွ"

"ဩော်၊ ဟုတ်လား။ သိပါဘူးကွာ။ ဒါဆို ငါဘဝ ပန်းညိုကိုရဖို့ အားကိုး မဲ့လေပြီပေါ့ကွာ"

"ဟာကွာ၊ မင်းကလည်း ကိုကြီးဖျောက် ရှိနေပါတယ်ကွာ"

"အင်၊ မလုပ်ပါနဲ့ကွာ။ ကိုကြီးဖျောက်ခမျာ ငါ့ကြောင့် ပြဿနာအမျိုးမျိုး ကြုံခဲ့ရပြီကွ။ ပြီးတော့ ဒီတစ်ခါဆိုရင်တော့ အပုလေးက ငါတို့ကို ဓားနဲ့လိုက် ခုတ်မှာ သေချာသကွ"

"ဟာ၊ ဒီအတွက် မပူပါနဲ့ကွာ။ ကဲ ချက်စရာရှိတာ ချက်ထား၊ ငါ ကိုကြီး ဖျောက်ကို ရအောင် ခေါ်ထုတ်လာမယ်"

"ဟာ၊ ဖြစ်ပါ့မလား ကျောက်ကြီးရာ"

"ဒါတ အိုင်ဒီယာလေတွာ ဟဲဟဲ"

ရယ်ပြ[illegible]ရင်း စာတိုညိုဘွဲ့ခံ ကျောက်ကြီးတစ်ယောက် ဖျောက်ဆိပ်





ကြီးကို ခေါ် ရန်ထွက်လာ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်ခမျာ ဇနီးသည်အပုလေး ၏အပြောအဆိုကို ခံနေရရှာပေ၏။

"ကိုရင်ဖျောက်"

"ဟေ့လကွယ်"

"ရှင် ရဟန်းဝတ်လိုက်ပါလားတော်"

"ဟေ၊ ဘယ်လိုဖြစ်လို့များတုံး မိန်းမရယ်"

"အို၊ ထိပ်တုံးခတ်ခံရတယ်ဆိုတာ ရှင်ကံခေလို့ပဲ ဖြစ်ရမယ်။ တစ်လောက လည်း မြွေကိုက်ခံပြီးပြီ မဟုတ်လား။ ဒီတော့ ရှင်စဉ်းစားကြည့်လေ၊ ခုတစ်လော ရှင်ကံခေနေတယ်လို့ ကျွန်မထင်တယ်"

"ဟာကွာ၊ ရှင်မကလည်း ရဟန်းဝတ်တယ်ဆိုတာ လွယ်တယ်များ အောက်မေ့နေသလားကွာ။ ဧကမျိုးမျိုးသော သိက္ခာပုဒ်စောင့်ထိန်းရတယ်ကွ။ မြက်တစ်ပင် နုတ်တာတောင် မနုတ်တတ်ရင် အာပတ်သင့်တယ်တဲ့။ ငါ့ပုံစံနဲ့ တိုက်သေးဘူးထင်ပါရဲ့ကွာ"

"အို တော်ပြောတာ ကျုပ်သိပါတယ်။ ဒါပေမယ့် တော်သိထားဖို့က ကျုပ် တ တော့်မယား"

"အင်၊ ဘယ်လိုဖြစ်လာပြန်ပြီလဲ"

"ဘယ်လိုဖြစ်ရမှာလဲ၊ မှန်တာပြောစမ်းပါ ကိုရင်ဖျောက်ရယ်။ ရှင် ကျွန်မ ကွယ်ရာမှာ အရက်ပုန်းမော့နေတာ မမော့ရမှာစိုးလို့ မဟုတ်လား"

"ဟာ၊ ရှင်မကတော့ လုပ်ပြီကွာ၊ ကိုယ့်ပေါင်ကိုယ် တယ်ပြီးထောင်းချင် သကိုး။ မှတ်ထားရှင်မရဲ့ အတွင်းကမီး အပြင်မထုတ်နဲ့တဲ့ကွ"

"ဘာဆိုင်လို့လဲ။ အပြင်မထုတ်လို့ အတွင်းလိုက်လောင်နေတာ ထိုင်ကြည့် နေရမှာလား။ ပြောပါဦး ပညာတတ်ကြီးရဲ့"

"ဩော်၊ ရှင်မက တယ်ပြီးဒုံးဝေးသကိုး။ အလံမရှိတဲ့ရထား၊ တံခွန်မရှိတဲ့ တုက္ကား အများမလေးစားဘူးတဲ့ကွ"

"ဘာတွေတုံးရှင့်"

"ခက်ပါ့ကွာ။ ကဲ ကျုပ်က ရဟန်းဝတ်သွားပါပြီတဲ့၊ မင်းက အရှင်လတ် လတ်ကြီး တစ်ခုလပ် ဖြစ်မသွားဘူးလား ပြောပါဦး"

"အလိုတော်၊ ရှင်ပေါက်တီးပေါက်ရှာတွေ လျှောက်မပြောနဲ့နော်၊ ကျုပ်တို့ ရှင့်ကို မုဒ်စာအုပ်စုနဲ့ပေါင်းပြီး ခကာခဏ ဒုက္ခတွေတွေ့မှာစိုးလို့ရှင့်"

"ဩော်၊ သူတို့က ငါတို့ဆရာကြီးဘာစ်ဆူလို သဘောထားကြီးသလားပါကွာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါတော့လည်း မှားပေးရမှာပေါ့ ရှင်မရယ်။ အမှန်တွေချည်းလိုက်လုပ်ပြန်တော့လည်း နိုးအီလာသလိုပဲကွ။ ဒီတော့ မှားတယ်ဆိုတဲ့ အရသာလေးတခါးသက်သက်ပေမယ့် ဖွဲလမ်းစရာ ကောင်းသား ရှင်မရဲ့"

"တော်ကြီးနော် ပြောလေ ကဲလေပါလား။ ရှင်က မြှောက်ပေးတဲ့သူရှိရင် ဆူးပုံတောင် ငှမ်းပုံထင်ပြီး ခုန်ချမယ့်လူရှင့်။ အဲ ကန်တော့ပါရဲ့ အဲဒီဆူး လည်မျိုရောက်မှ အောင်မလေး အဘလေး တ,တတ်တဲ့လူစား"

"ဩော်၊ ရှင်မလည်းကွာ ဒုက္ခသစ္စာတဲ့တွ။ သုခသစ္စာလို့ ကြားဖူးလားပြောစမ်း"

"ဘာဆိုင်လို့လဲ၊ ပြောတော့ ရဟန်းမဝတ်ပါရစေနဲ့တဲ့။ ပြီးတော့ သူလောက်ပြောတဲ့ ဘုရားစကား သူပဲရှိတယ်။ ကျုပ်ပြောတာ ဟိုမှင်စာလေးကျာအေးကို ပြောတာ။ ဒင်းလေးက ကစ်ဆေးနဲ့သီးလိုပဲ ကိုင်မိရင် ခွာမရဘူးနော်"

"ဩော်၊ ရှင်မလည်း ကျာအေးကို တယ်ပြီးအပြစ်မြင်သကိုး။ ဒီကောင်က လူမှိုးလူအပါကွာ။ ကကြီး ပုတ်လောက်ရေးပြတာတောင် ဘာလဲဗျမေးမယ့်ကောင်ပါကွာ"

"တော့်လူက ဘာကောင်းတာရှိလို့လဲ။ ကကြီး မမြင်ရအောင် မျက်စိမှိန်နေလို့လား။ ကိုရင်ဖျောက်နော်၊ ကျွန်မပြောတာ ရှင့်အတွက်ချည်းပဲဆိုတာ စဉ်းစားပါရဲ့လား"

"ဟာကွာ။ ရှင်မကလည်း တဲ ကျုပ် ရဟန်းဝတ်ပါပြီတဲ့။ ရှင်မ ကျုပ်နဲ့ခွဲနိုင်လို့လား"

"အောင်လေးတော် ပေါင်းလာတာပဲ အနှစ်နှစ်ဆယ် ပြည့်တော့မယ် ရှင်မှီမေးရက်တယ်"

"အဲဒါကြောင့် ပြောတာပေါ့ ရှင်မရယ်။ မသကာ ကပ္ပိယတို့ ဖိုးသူတော်တို့ လုပ်ခိုင်းရင် တော်သေးရဲ့ကွာ။ ရဟန်းဝတ်တယ်ဆိုတာ မဝတ်တတ်ရင် ဓားသွားပေါ် လျှောက်ရသလိုပဲရှင်မရဲ့၊ ထိုင်နေ အကောင်းသား၊ ထသွားမှ အဝီစိရောက်မယ့်လမ်းတော့ မညွှန်ပါနဲ့ ရှင်မရာ။ အဝီစိမှာ ပီတိဖြစ်စရာ တစ်ကွက်မှ မရှိပါဘူးကွယ်"

"အဲ၊ ဒါဆိုရင် ဘုန်းတော်ကြီးကျောင်းသွားပြီး တစ်ပတ်နှစ်ပတ်လောက် ကပ္ပိယသွားလုပ်လိုက်ပါလား။ မကောင်းမှုကံတွေ ဆေးကြောလိုက်တဲ့သဘောပဲပေါ့ရှင့်"

"ဟာ၊ နှစ်ပတ်ကြီးတောင်လား ရှင်မရယ်၊ ကျုပ်က ရှင်မအနားက စတ္တွန်းဝက်တောင် မခွာလိုဘူးကွ"



"တော်စမ်းပါရှင်။ ဟိုမှင်စာလေးတွေရှေ့ဆို လက်သီးလက်မောင်းတန်းပြီး ဘီလူးသဘက်ကျနေတာပဲ"

"ဩော်၊ ရှင်မတလည်းကွာ။ အဲချစ်နဲ့တွေ့တော့ ရေလိုပန်းလိုကျင့်ရတာပေါ့ကွ"

"ကဲ၊ တော်ပါ။ ဒါဆို ရှင် ကပ္ပိယနှစ်ပတ်လောက် သွားဝတ်ချေ။ ဒါမှ ကျွန်မလည်း စိတ်အေးရမှာ"

"ဟာ၊ ဒါဆို ဖားရိုက်တဲ့ကိစ္စ"

"ဒါတွေ ရှင် မစဉ်းစားပါနဲ့။ အရေးကြီးတာ ရှင်ပြဿနာတွေ လိုက်မရှင်းဖို့ အရေးကြီးတယ်။ ကဲ ဘယ်လိုလဲ"

"အေးပါကွာ။ ဒါဆိုလည်း မင်းပြောသလိုပဲ လုပ်ပါ့မယ် ရှင်မရယ်။ ဟိုအိမ်ပြန်လာလို့ . ."

"ဒို ရှင်ကျောင်းမှာပဲနေစမ်းပါတော်။ မှင်စာလေးတွေနဲ့ ဝေးလေလေ ရှင်လူနဲ့တူလေလေပဲ"

"အင်း၊ ပြောရက်လိုက်တာကွာ"

ဖျောက်ဆိပ်တစ်ယောက် မယားစကားကို မလွန်ဆန်သာတော့။ အခြေအနေကလည်း မယားပြောသလိုပင် တော်ကြာ မြွေကိုက်ခံရ၊ တော်ကြာ ပြဿနာလိုက်ဖြေရှင်းရ၊ တော်ကြာ ထိပ်တုံးခတ်ခံရနှင့် ဘဝအခြေအနေက တားကျွမ်းကစားနေသည့်ဟန်ပင်။

နောက်ဆုံးမတော့ ဖျောက်ဆိပ်တစ်ယောက် ဖျာလိပ်ပိုက်၊ ခေါင်းအုံးပိုက်နှင့် အိမ်ဝိုင်းထဲမှ ထွက်လာ၏။ ထိုအချိန်တွင် ရွာလမ်းတစ်နေရာတွင် တာတိုညို့ကျောက်ကြီးနှင့် ဆုံလေတော့၏။

"ဟာ၊ ကိုကြီးဖျောက်"

"အင်၊ ကျောက်ကြီးပါလား"

"ဘယ်သွားမလို့တုံးဗျ။ အိပ်ရာတွေ ခေါင်းအုံးတွေ သယ်လို့။ တော့ ညအိပ်ပြီး ဖားရိုက်တော့မယ် ထင်တယ်"

"ပေါ့တောင် တော်ကြီး။ တုသိုလ်မှာချိန်မှာ ဒုတ္တသိလာခလေးနဲ့တွ။ ငါ အကျွတ်တရားတွေ ရနေပြီ"

"ဟိုက်ရှားလဘာ။ အကျွတ်တရားတဲ့ အကျွတ်တရားဆိုတာ အကျားရွှတ်တဲ့ဗျ။ အမျှားချွတ်မှ ခင်ဗျားကြီးလွတ်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွ၊ မင်းနော် ငါလူရင်းတွေမို့ သည်းခံတာကွ။ မှတ်ထား ဒီက
စပြီး ငါ နှစ်ပတ်တိတိ ဖားမရိုက်တော့ဘူးကွ။ ငါကုသိုလ်ရှာတော့မယ် သိ
တျောက်ကြီး။ ဒီတော့ မင်းတို့ကောင်တွေနဲ့ ငါနဲ့ ဝေးဝေးနေစမ်းကွာ"

"ဩော်၊ ဒီလိုလား။ ဒါဆိုလည်း ကျုပ်လာရင်းကိစ္စကို မပြောသာ
ဘူးပေါ့ဗျာ၊ အမှန်တော့ ဒီည ကာလသားချက်ရယ်၊ ပြီးတော့ ချက်အ
ငါးလုံးရယ်"

"အင်"

"ဟဲဟဲ နောက်ပြီး အမဲခြောက်ဖုတ်ဖို့ဗျာ၊ ဂျာအေးက ကောင်းတော
စီစဉ်ညှိခဲ့မှာဗျ။ အခြေအနေကောင်းရင် ဂျာအေးက မယ်ဒိုလင်လေးနဲ့
ညှိခဲ့မှာနော်။ ခင်ဗျားကြီး ခုဘယ်သွားမှာတုံးဗျ"

"ငါလား၊ ဟို အဲ ဘယ်မှမသွားပါဘူးကွာ။ မင်းပြောသလို ကိုင်းထဲလို
ဆင်းအိပ်မလားလို့၊ ဟဲဟဲ ဟေ့ကောင် ချက်အရက်က ငါးလုံးတောင်လာ

"ဟုတ်ပဗျာ၊ ကျွမ်းပစ်ပြီး သောက်လို့ရတယ်ဗျ"

"ဟာ၊ ပျော်စရာကြီးပဲကွ။ ဟို အဲ ငါအပုလေး. . ."

"ဟာဗျာ၊ ခင်ဗျားကြီးကလည်း မယားဆို ခါးသလားဆိုသလား မတွေ
ကိုးဗျ။ မှတ်ထားဗျ၊ တံတားဗိုလ်ကျောက်ရင် အားကိုမသုံးနဲ့တဲ့၊ မယား
မကြောက်ရင် နွားလိုမရုန်းနဲ့တဲ့ဗျ"

"ဟေ့၊ စာတိုညြို့ စကားကြည့်ပြောနော်"

"ကျုပ်က သတိပေးတာပါဗျာ။ ကဲဒါဆို ခင်ဗျား ကျုပ်နဲ့လိုက်မလာ
မလိုက်ဘူးလားပြော၊ မလိုက်လည်း နေခဲ့ပေတော့။ ခင်ဗျားက အကျွတ်တ
တွေ ရနေပြီဆိုတော့ လွတ်သွားတဲ့ အရက်ခွက် ကျုပ်အတွက်. . ."

"ဟေ့ ဟေ့ကောင် ငါလိုက်မှာပါကွာ။ ဟို ငါ ငါမိန်းမက ငါကို အတ
ကပ္ပိယလုပ်ခိုင်းသလိုကွ။ ခုလည်း တောကျောင်းကို အတင်းသွားဖို့ နှင်ထ
ထွက်ခဲ့ရတာကွ။ ဒါပေမယ့်. . ."

"ကဲ၊ ဒါဆိုလည်း ကျုပ်တို့လူမမြင်တဲ့ ဖြတ်လမ်းက သွားကြတာပေါ့

"အေးကွာ၊ ကပ္ပိယမလုပ်ခင် တစ်ခွက်နှစ်ခွက်တော့ တွယ်ချင်သေးသ
အေ့၊ ပြောရင်းဆိုရင်း လေက ထလာပြီ"

"ဟား ဟား ဟား၊ ကိုကြီးဖျောက်က ညီပါ့ဗျာ။ ကဲ သွားစို့"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ရွာပြင်တာရိုးကိုပတ်၍ ဂျာအေး
နီးချောင်းဗိုးဝှက်နှင့် အရောက်သွားခဲ့ကြလေ၏။ ဂျာအေးမှာ ဖျောက်ဆိ



တွေ့လိုက်သည်နှင့် နသားပါးရားဖြစ်နေပေ၏။

"ဟာ၊ ကိုကြီးဖျောက် လာပြီဗျို့။ ကြွပါ အရှင်ကြီးခင်ဗျာ။ အရှင်ကြီးမပါ
နှင့်ဖြင့် ကျုပ်တို့သကောင့်သားကလေးများခမျာ ဆားမပါတဲ့ဟင်းကို စားရသလို
ပါပဲခင်ဗျာ"

"ဟေ့ကောင် ဂျာအေး တိုးတိုးကွ။ နေ နေပါဦး မင်းတို့က ဘာလို့ချက်
အားကြတာတုံးကွ"

"ဩော်၊ ကိုကြီးဖျောက်ကလည်း ဘွဲ့တစ်လုံးတိုးလာလို့လေ"

"ဘာဘွဲ့တုံးဗျ"

"ဟို၊ ထိပ်တုံးကိုယ်တော်ကြီးလေ ဟဲဟဲ"

"ဟာ၊ ကောင်းလိုက်တဲ့ဘွဲ့က ဘယ်သူပေးတာတုံး ဂျာအေးရ"

"ဟို၊ ရွာလူကြီးဦးရေခဲအဖွဲ့က ပေးလိုက်တာလေကွာ"

"ဩော်၊ ဒီလိုကိုး"

"ဟေ့ကောင်တွေ မပြောစမ်းပါနဲ့ကွာ၊ အဲဒီအသံကြားရင် ငါ့ခြေတွေ
က်တွေ ယားလွန်းလို့ပါ၊ ကဲ၊ ဘယ်မှာလဲ ငါ့ဖို့"

"နေပါဦးဗျာ၊ ခင်ဗျားကြီးက အိပ်ရာတွေ၊ ဖျာလိပ်တွေနဲ့ပါလား။ ကေ
စ်ရွာပြောင်းပြီး သူကောင်းလုပ်တော့မယ်ထင်တယ်"

"အေးကွ၊ ကနဦးတော့ ငါ တောကျောင်းသွားပြီး ကပ္ပိယလုပ်မလို့ကွ။
တော့ မသွားခင်လေး တွယ်သွားချင်လို့ပေါ့ကွ"

"ဘယ်လိုဖြစ်သတုံး ထိပ်တုံးကိုယ်တော်ကြီးရဲ့။ ကေ မယားစကားက
းကြားထိုးတဲ့လို မ်တွေ့နေပြီထင်ပါ"

"ဟေ့ကောင်၊ အပုလေးကိုတော့ မတရားမပြောနဲ့ကွာ၊ သူဟာ ငါ
တော်ကောင်းဖြစ်တာကို ကြည့်ချင်တာကွ။ မင်းတို့ကို မှင်စာလေးတွေတဲ့
ယ်း"

"ကျုပ်တို့က မှင်စာလေးတွေမို့ အမြင်မှာသေးပေမယ့် အဖြင်နာဝေး
တွရဲ့ ဘဝင်သာဆေးဗျ ဟဲဟဲ"

"ဟေ့ကောင် ကျောက်ကြီး တန်ရာတန်ရာ ပြောစမ်းကွာ။ စာတွေဝေတော
မှာက်ဖတ်ပြီး ထင်ရာမပြောစမ်းနဲ့ နားနေရာနား တော်နေရာတော်တဲ့ကွ အ
စမ်းကွာ တစ်ခွက်လောက် အာခြောက်လိုက်တာ"

"ကဲ၊ ရော့ဗျာ"

ဖျောက်ဆိပ်တစ်ယောက် တောကျောင်းသွားဖို့ အရေးသတ် ဂျာအေး

www.burmeseclassic.com

www.burmeseclassic.com



တို့လူစုနှင့် ခွက်ကြမ်းမော့ရသည်ကို ဘဝင်ခွေ့နေ၏။ ဆိတ်ကုလားကအော ကာလသားချက် ဝီပီပြင်ပြင်ချက်ပြုတ်ကာ အရက်ဝိုင်းထဲ ချပေးလိုက်၏။

"ကဲ၊ မြည်းကြည့်စမ်းဗျာ။ ဒါ ဆိတ်ကုလားရဲ့ အာဝါဒါချက်ဗျ။ စားကြ လျှာလည်သွားစေရမယ်"

"ညွှန်းပ့ါကွာ အေ့"

သူတို့လူစု သောက်လိုက်စားလိုက် ပျော်လိုက်ပါးလိုက်နှင့် သန်းခေါင် ကျော်လာသည်ကိုပင် သတိမထားမိကြ။ ဂျာအေးကလည်း မယ်ဒိုလင်တစ်လုံး နှင့် ပန်းညိုကိုလွမ်းကာ တမ်းတခြင်းတေးများ သီဆိုအော်ဟစ်နေပေ၏။

"လွမ်းရပါပေ့ါ ထားမေကြော့ရယ်. . . မတုမတန်အတွေးစိတ်များနဲ့. . . ဘဝင်ကကြွယ်. . အယူခံ ချွေးသိပ်စကားဖွဲ့. . . မရှင်ပျတယ်၊ ချစ်တဲ့သူ. . . အမူတုံးကလေးရဲ့၊ ခုတုံးစကားကို မယုံနဲ့ကွယ်. . ."

"ဟာကွ ၊ တော် တော်ပါတော့ အေ့"

"ဘာဖြစ်တာတုံး ကိုကြီးဖျောက်ရယ်။ မင်းဆိုတာနဲ့ ငါ အိမ်ပြန်ချင် အေ့"

"ဝီပုံနဲ့မပြန်နဲ့ဗျို့၊ အပုလေးလတ်ချက်နဲ့ ခေါင်းဟက်တက်ကွဲမှာ သေရ တယ်ဗျို့"

"အေ့၊ ဟုတ်ပ၊ တော်ပြီကွာ မိန်းမဆို အေ့ ခြေမ လက်မတောင် မကြည့် ချင်တော့ဘူးကွာ"

"ဒါဆို ဖြတ်ပစ်လိုက်။ ဒါမှမဟုတ်လည်း ခြေထီးလက်ထီးလို့ ပြောင်း လိုက်ပါလား"

"ဟော့ကောင် ဂျာအေး၊ မင်း မသိပါဘူးကွာ။ ခုချိန်တော့ ပန်းညိုကိုမမေ့ သေလုမြောပါးပေ့ါကွာ၊ အဲ ပန်းညိုကလေး မင်းဆီရောက်လာပြီ အေ့ ဆို တော့ အေ့ ဟဲဟဲ နဖားကြိုးချည်တာ လျှော့လွန်းတယ်ပြောမယ့် နွားကလေး

"ဟော့လူကြီး"

"သဘောပြောတာပါကွာ။ အေ့ လူဖို့နဲ့လူမ ဘာကြောင့်များ ချစ်ချင်ကြ လိမ့်၊ အချစ်ကြောင့် တရားတွေ မြေခရတယ် အေ့၊ အချစ်ကြောင့် အမှား တွေရတယ် အေ့"

"ကိုကြီးဖျောက်ကလည်း ဆက်ပြီး နံဘေးစပ်လေဗျာ"

"ဘာစပ်ရမှာတုံး ကျောက်ကြီးရ"

"ဩော်၊ အချစ်ကြောင့် ဟဲဟဲ ဖားတွေသေရတယ်ပေ့ါဗျာ"

"ဟော့ကောင်၊ မင်းကွာ ပြောရက်ပါပေ့ အေ့"





သတို့လူစု မူးလိုက်သမျှ ဒေါင်ချာဝိုင်းနေကြ၏။ ဖျောက်ဆိပ်မှာလည်း တောကျောင်းကို လေးဖက်ထောက်ပင် မသွားနိုင်တော့သဖြင့် ဂျာအေးတို့နှင့် အတူ ပုဆိုးခြုံပြီး ကွေးနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဖျောက်ဆိပ်တစ်ယောက် မိုးလင်းသည်နှင့် အပုလေး မမြင်သည့်လမ်း တောကျောင်းသို့ ပြေးလေ၏။ ကျောင်းမှာ ရွာနှင့် နှစ်မိုင်ခန့်ဝေးပြီး ဆရာတော် အဲ့စရ ကျောင်းထိုင်လေ၏။ ဆရာတော် အာစရအသွင်မှာ ခပ်ဖိုင့်ဖိုင့်အသွင် ရှိပြီး ဒေါသလည်း ကြီးလှသလို စိတ်လည်း လွတ်တိုလှပေ၏။ ဆရာတော် နားတွင် ကပ္ပိယမဲညိုနှင့် ဖိုးသူတော် တိမ်တစ်လုံးတို့ နေထိုင်ပေ၏။ ဆရာတော် အာစရနှင့် ဖျောက်ဆိပ်တို့မှာ တူဝရီးတော်ပေ၏။ သို့သော် ဆရာတော် အာ သည် တူတော်မောင် ဖျောက်ဆိပ်ကို တစ်စက်ကလေးမှ ကြည့်မရပါချေ။

တစ်ချိန်ကလည်း ဖျောက်ဆိပ်တစ်ယောက် ကျောင်းလာပြီး ရှုပ်ရှုပ် ထွေး လုပ်သွားသဖြင့် ဆရာတော်ကိုယ်တိုင် ကြိမ်နှင့် လိုက်ဆော်ဖူးခဲ့ပေ ယခုလည်း ဖျောက်ဆိပ်တစ်ယောက် ဘကြီးဘုန်းကြီးထံ လာသာလာရော သော်လည်း မျက်ခုံးတလှုပ်လှုပ် ဖြစ်နေပေ၏။

ကျောင်းဝင်းထဲသို့ အဝင်တွင် တရှဲရှဲနှင့် တံမြက်စည်းလှည်းနေသော ဖိုးသူတော် တိမ်တစ်လုံးကို တွေ့လိုက်ရလေ၏။

"ဟာ၊ ဖျောက်ဆိပ်ပါလားကွ။ ဘယ်ကလှည့်လာတုံး။ လက်ထဲလည်း မှာတွေ ခေါင်းအုံးတွေနဲ့ပါလား"

"ဟို၊ အဲ၊ ကျွန်တော် ဒီမှာ တစ်ပတ်နှစ်ပတ်လောက် ကပ္ပိယလုပ်မလို့ ပြောရရင် ကံခေလို့ဗျာ၊ အဲဒါ ကံချေချင်တာနဲ့. . ."

"ဒီလိုလား၊ ဒါဆို မင်း ဘကြီးဘုန်းကြီးဆီ တက်လျှောက်လေ"

"ဆရာတော်ကြီးရှိလား"

"ရှိ"





"ဟို၊ ဖြစ် ဖြစ်ပါ့မလားဗျာ"

"ဘာဖြစ်လို့တုံးကွ။ မင်းဦးကြီးပဲကွာ သွားသွား"

ဖိုးသူတော် တိမ်တစ်လုံးက အတင်းတွန်းနေသဖြင့် ဖျောက်ဆိပ်တစ်ယောက် မရဲတရဲနှင့် ကျောင်းပေါ်သို့ တက်လာလေ၏။ ထိုအချိန်တွင် ဆရာတော် အာစရသည် ကျိန်းနေရာမှ ထလာချိန်ဖြစ်၏။ လှေကားပေါ် ကုပ်ချောင်း ကုပ်ချောင်းနှင့် တက်လာသည့် ဖျောက်ဆိပ်ကို မြင်လိုက်ရသောအခါ မှုန်ကုပ် ကုပ်ဖြစ်သွား၏။

"ဒကာဖျောက်လားဟေ့"

"မှန် မှန်ပါ့ဘုရား"

"ဘာကိစ္စတုံး"

"ဟို အဲ တပည့်တော် ကြွလာတဲ့ အဲလေ လာရတဲ့အကြောင်းရင်းကတော့ ဟို အဲ. . ."

"ဘာတုံးကွ။ တဟိုဟို တအဲအဲနဲ့"

ဖျောက်ဆိပ်ခမျာ ဆရာတော်ကြီးကို ရဲရဲမကြည့်ဝံ့။ ရှိန်းကန်တော့ပြီး ခေါင်းကြီးငုံ့ကာ ထစ်ထစ်ငေါ့ငေါ့ ပြောဆိုနေပေ၏။

"တ. . . တပည့်တော် ဒီ . . . ဒီမှာ ကပ္ပိယနှစ်ပတ်လောက် လုပ်ခွင့်ပြုပါ ဘုရား"

"အလို ဘယ်လိုဖြစ်လာတာတုံး။ မင့်မိန်းမ ကန်ချလိုက်လို့လား"

"ဗျာ၊ အဲ ဘုရား ဟို မဟုတ်. . . မဟုတ်ရပါဘူး ဘုရား။ တပည့်တော် မိန်းမက ရှင် အကုသိုလ်တွေ သိပ်များနေပြီတဲ့။ ရဟန်းဝတ်လို့ ပြောပါတယ်။ အဲဒါ တပည့်တော် ရဟန်းမဝတ်ရဲသေးသမို့ ကပ္ပိယဘဝနဲ့ ကံဆိုးတွေကို ချေ ချေ ဖျက်ချင်လို့ပါ ဘုရား"

"အောင်မယ်၊ ငါ့ကျောင်းလာပြီး နင့်အကုသိုလ်တွေ ပုံတာပေါ့လေ"

"ဟာ၊ ဒီ ဒီလို မထင်ပါနဲ့ဘုရား။ အရှင်ဘုရားနဲ့ တပည့်တော်ဟာ ဆွေမျိုး သားချင်းတွေပါ ဘုရား။ ဒါလေးတော့ ထောက်ထားပါ ဘုရား"

"နေပါဦး။ အကုသိုလ်တွေများရအောင် ဘယ်သူလုပ်သတုံးတွေ"

"ဖျောက်ဆိပ်ပေါ့ ဘုရား"

"အကုသိုလ်မှန်းရော သိရဲ့လား"

"ဖျောက်ဆိပ် သိပါဘုရား"

"အောင်မယ်၊ ဘာမေးလိုက်မေးလိုက် ဖျောက်ဆိပ်ဖျောက်ဆိပ်။ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုလာဖို့ကျတော့ မယားက လွှတ်လိုက်တာပေါ့ ဟုတ်လား"

"ဘုရား၊ တပည့်တော် တပည့်တော်လည်း ကြွ၊ အဲလေ လာ လာချင်ပါတယ်။ ဟို အလုပ်များနေလို့"

"ဘာလဲ၊ ဖားတွေရိုက်၊ အရက်တွေသောက်၊ ပြဿနာတွေမွှေ၊ လုပ်ချင်တာလုပ်လို့အားရမှ အကုသိုလ်တွေ ငါ့ကျောင်းမှာ ခဝါလာချတာပေါ့ ဟုတ်လား"

"ဟာ ဒီလိုတော့ မဟုတ်ပါဘုရား။ အကုသိုလ်တွေ များလွန်းတော့ ကုသိုလ်လေး ရချင်လို့ပါဘုရား"

"ဟေ၊ တယ်ဆိုတဲ့စာပါလား။ ကျုပ်ကျောင်းမှာနေမယ် ဆိုရင်တော့ ကျုပ်စည်းကမ်းအတိုင်းနေမှ ဖြစ်မယ်။ မနေလို့ကတော့ ဟောဟိုလှေကားပေါ်ကနေ ကျွမ်းပစ်ဆင်းရမှာနော်"

"ဖျောက်ဆိပ် သိပါတယ်ဘုရား"

"မင်းမသိတာ မရှိတော့ဘူးမှတ်လား"

"တင်ပါ့၊ အဲလေ ရှိတော့ ရှိပါတယ်ဘုရား၊ ဒါပေသည့် တပည့်တော် သိအောင် ထပ်ကြိုးစားပါ့မယ်ဘုရား"

"အိမ်း၊ ဟုတ်တော့ဟုတ်နေသလိုပဲ"

"ဘုရား၊ ဘာတွေများ ဟုတ်နေတာလဲ ဘုရား"

"တိတ်စမ်း၊ ဖျောက်ဆိပ် စကားအတွန့်မတက်စမ်းနဲ့"

"တင်ပါ့ဘုရား၊ နာခံလျက်ပါဘုရား"

"ဒါဆို ကျုပ်ပြောမယ်၊ ကျုပ်ကျောင်းနေရင် ကျုပ်ထုတ်ထားတဲ့ စည်းကမ်းကို လိုက်နာမှ ဖြစ်မယ်နော်၊ အရေးကြီးကိစ္စကို ပြောချင်တာ အရက်ပဲ။ အဲဒီ သေရည်သောက်လို့ကတော့"

"မသောက်ပါဘူးဘုရား။ ဒါလည်း ဟိုမှင်စာလေးတွေကြောင့်ပါ"

"ဘယ်က မှင်စာလေးတွေလဲ"

"ဟို ဟို ဂျာအေးတို့အုပ်စု"

"ဟ ဒကာရဲ့၊ သူတို့ကြောင့် သောက်ရတယ်ဆိုတော့ ကေန္တ အဲဒီမှင်စာလေးတွေက ဒကာကို အတင်း လည်မျိုညှစ်ပြီး တိုက်ကြတယ်ထင်ပါ့"

"ဟဲဟဲ၊ ဒီလောက်တော့ လက်လွန်ခြေလွန် မပြုမူကြပါဘူးဘုရား၊ တပည့်တော် ကိုယ်တိုင်လည်း ဟို. . ."

"တော်စမ်းပါ ဖျောက်ဆိပ်ရာ။ လူတင်ပါလို့ နွားကျားကိုက်တဲ့ကိန်းပါကွာ။ အေး ဒီကိစ္စကိုတော့ ဒီမှာနေတုန်း မလုပ်နဲ့နော်"





"စိတ်ချပါဘုရား။ တပည့်တော် စောင့်ထိန်းပါ့မယ်"

"အင်း မင်းရောက်လာတော့ ငါ မျက်ခုံးခပ်လှုပ်လှုပ်ပဲကွ။ ခက်တာ ငါ့တူ ဖြစ်နေတာ ဆိုးသကွ"

"ဘုရား၊ ဘာကြောင့်ပါလဲဘုရား"

"ဟာ၊ မင်းက စံပြနေပြရမယ့်ဟာ ပြဿနာချည်းပဲ လိုက်ရှာနေတာကိုးကွ"

"ဒီတစ်ခါတော့ တပည့်တော် နောင်တရပါပြီဘုရား"

"ဟိုတစ်လောတုန်းကလည်း ထိပ်တုံးအခတ်ခံလိုက်ရတယ်ဆို"

"ဒါလည်း မှင်စာလေးကြောင့်ပါဘုရား"

"လုပ်ပြန်ပြီ။ မင်းအရွယ်လည်း မင်းပြန်ကြည့်ဦး ဖျောက်ဆိပ်ရေ။ တရားရှိဖို့ အသိက သင်၊ သတိမရလျှင် အသင်လူမိုက်တဲ့ကွ"

"မှန်ပါ့ဘုရား။ တပည့်တော် ဒီတစ်ခါ တကယ်နောင်တရတာပါ ဘုရား"

"ကောင်းပြီလေ။ ဒါဆို အနောက်ဘက်ကျောင်းမှာ နေပေတော့။ တစ်ခုခု အသံကြားလို့ကတော့ မင်း ခေါင်းနဲ့ဆင်းရပြီသာမှတ်"

"တင်ပါ့ဘုရား၊ တပည့်တော် ကျွတ်ထိုက်ချိန်တန်လို့ ဒီကိုရောက်လာတာပါဘုရား"

"အပြောမကြီးနဲ့ ဖျောက်ဆိပ်ရေ၊ လူပြောမသန် လူသန်မပြောတဲ့ကွ။ ကဲ သွားသွား၊ စားစရာရှိတာ သွားစား၊ လုပ်စရာရှိတာ သွားလုပ်၊ မဲညိုနဲ့ တိမ်တစ်လုံး ငါပြောလိုက်မယ်"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

ဖျောက်ဆိပ်တစ်ယောက် ကျောင်းထိုင် ဦးအာစရကို ခွင့်ပန်၍ ဆင်းလာ၏။ ထိုအချိန်တွင် တိမ်တစ်လုံးတစ်ယောက် ကျောင်းရှေ့ မန်ကျည်းပင်ကြီးအောက် ကွပ်ပျစ်ပေါ်တွင် ထိုင်နေလေ၏။ တိမ်တစ်လုံးမှာ နာမည်နှင့်လိုက်လှ၏။ ညာမျက်စိတစ်လုံး တိမ်ဖြစ်နေပြီး သွားခေါခေါ မျက်လုံးပြူးပြူးနှင့် အလွန်တရာမှ အကျည်းတန်လှ၏။ ဖျောက်ဆိပ် ကျောင်းပေါ်မှ ဆင်းလာသည်ကို မြင်သော် ပြုံးစိစိနှင့်လှမ်းခေါ်လိုက်၏။

"လာဟေ့၊ ဖျောက်ဆိပ် ဘယ်လိုလဲကွ"

"အဆင်ပြေပါတယ်၊ အနောက်ဘက်ကျောင်းဆောင်မှာ နေခွင့်ရပြီတဲ့ မြို့ဗျ"

"ဟင်၊ ဖြစ် ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်သတုံးဗျ"

"ဟာ၊ အဲ အဲဒီ အဆောင်က ဟို အဲ သရဲခြောက်တယ်ကွ"

"ဗျာ သရဲ"

"ဟုတ်ပ၊ သရဲမှ မိန်းမသရဲကွ။ ဆံပင် ဖားလျားချပြီး အတွင်းခံအကျႌဝတ်ပါတယ်ကွ။ ပြီးတော့ ထဘီကို ဇောက်ထိုးဝတ်ထားတာတဲ့"

"ဝှုဒွေါ၊ ဒါ ဒါဆိုဖြစ်ပါ့ ဖြစ်ပါ့. . ."

"အဲဒါပြောတာပေါ့ကွ။ ပြီးတော့ အဲဒီသရဲမက လင်တရှူးသရဲလို့ ပြောတယ်ကွ"

"ဗျာ၊ ဒုက္ခပါပဲ။ သရဲတောင် လင်တရှူးသရဲတဲ့။ ကျုပ် အိပ်လို့ ဖြစ်ပါ့မလားဗျ"

"တစ်ခုတော့ ရှိတယ်ပေါ့ ဖျောက်ဆိပ်ရာ။ မင်း ဘုန်းကံမြင့်နေရင်တော့ မြင်ရမှာတော့ မှုတ်ဘူးကွ"

"ခင်ဗျား အခြောက်ခံရသလား"

"ခုထိတော့ ငါ့ကိုတစ်ခါမှ မခြောက်ဖူးဘူးကွ။ အဲ မဲညိုပြန်လာလိမ့်မယ်။ ဒီကောင် အခြောက်ခံရတာ သုံးခါရှိပြီကွ"

"ဒါဆို အဲဒီ မဲညိုက ဘုန်းနိမ့်လို့ပေါ့"

"ဒါပေါ့ကွ၊ ဒီကောင်က နည်းနည်းပေချင်တာကွ။ ခုလည်း ဆရာတော်ဘုရားက ဒီကောင့်ကို မျက်စိစပါးမွေးစူးနေတယ်နော်"

"ဒါထက် မဲညိုက အဲဒီမှာ အိပ်လို့လား"

"တစ်ခါတစ်ခါတော့ အိပ်တတ်တယ်"

သူတို့နှစ်ဦး ပြောဆိုနေစဉ် မဲညိုတစ်ယောက် ယွန်းချိုင့်ကြီးဆွဲ၍ ကျောင်းဝင်းထဲ ဝင်လာ၏၊ ဖျောက်ဆိပ်ကို မဲညို မြင်သည်နှင့် ဝမ်းသာအားရ ဖြစ်သွား၏၊ မဲညိုအသွင်က ပုပျပ်ပျပ်၊ ခြေထောက်နှစ်ဖက်တ ခွင်နေ၏၊ မျက်လုံးနှစ်လုံးစလုံး စွေနေပြီး ဆံပင်ကို ဦးစွန်းဖုတ်ဆံပင်ထားထား၏၊ အရွယ်မှာ သူနှင့်ရွယ်တူ၊ အသားအရေကလည်း မည်းစုတ်စုတ်။

"ဟာ၊ ဖျောက်ကြီးပါလား"

"ဟုတ်တယ် မဲညိုရေ"

"ဘာလဲ၊ ကျောင်းမှာ နေဦးမလို့လား"

"အေးကွ၊ တစ်ပတ်နှစ်ပတ်ပေါ့ကွာ၊ ဒီမှာ ကပ္ပိယလုပ်ဖို့ လာတာကွ"

"ကောင်းတာပေါ့ကွာ။ ကဲ မင်းပစ္စည်းတွေသယ်၊ အနောက်ဘက်တ





အဆောင်ကို သွားရအောင်။ ဆရာတော်ဘုရားကြီးကော လျှောက်ပြီးပြီလား"

"ပြီးပြီကွ။ ငါ့ကို အနောက်ဘက်အဆောင်မှာနေတဲ့"

"ဒါဆို သွားမယ်လေကွာ"

"နေပါဦး။ ဟို သရဲရှိ"

"ဟာ၊ လာစမ်းပါကွ။ သရဲရှိတော့လည်း ငါတို့နှစ်ယောက် ရဲသွင်းပြစားလို့ရအောင် ဖမ်းမှာပေါ့ကွ"

"အင်"

မဲညိုက လူသွက်၊ ပြောပြောဆိုဆိုနှင့် ဖျောက်ဆိပ်၏ ဖျာလိပ်၊ အိပ်ရာများကိုယူ၍ အနောက်ဘက် ကျောင်းဆီသို့ ခေါ်ဆောင်သွား၏။ ဖျောက်ဆိပ်ခမျာ သရဲရှိသည်ဆိုသော အဲပြောကြောင့် ဂနာမငြိမ် ဖြစ်နေ၏။

အနောက်ဘက်ကျောင်းကြီးမှာ ရှေးဟောင်း ကျောင်းကြီးတစ်ကျောင်းဖြစ်ပြီး ကျွန်းတိုင်ကြီးများ၊ ကျွန်းလှေကားကြီးများနှင့် တည်ဆောက်ထားပေ၏။ ကျောင်းမှာ နှစ်ထပ်ကျောင်းကြီးဖြစ်ပြီး နှစ်ပေါင်းတစ်ရာကျော် ရှိခဲ့ပြီမို့ အမိုးထရံများ ဆွေးမြည့်ပျက်စီးနေပေ၏။ ဖျောက်ဆိပ်ခမျာ ကျောင်းကြီးကို အပြင်မှကြည့်ရင်း အတုန်လှုပ်ကြီး တုန်လှုပ်နေ၏။ ကျောင်းမျက်နှာစာကို သစ်ဆေးအနက်ရောင် လိမ်းထားပြီး အမိုးများမှာ ရှေးဟောင်းလက်ရာ ပန်းကနုတ်များနှင့် ပုံဖော်ထားပေ၏။

ကျောင်းအဝတွင် ပျက်စီးနေသော ဘီလူးအရုပ်များ ထွင်းထုထားပေ၏။ ဖျောက်ဆိပ်သည် ကျောင်းပေါ်တက်ရသည်ကိုပင် ရင်တထိတ်ထိတ် ခံစားနေနေရပေ၏။

"ဟော့၊ ဟော့ကောင် မဲညို"

"ဘာဖြစ်သတုံး။ ဖျောက်ကြီးရဲ့"

"အိုကွာ၊ ကျောင်းကြီးကြည့်ရတာ ငါ့စိတ်ထဲ တစ်မျိုးကြီးပဲကွ"

"အရေးထဲကွာ ငါလည်း အိပ်မှာပါကွာ၊ သရဲတစ္ဆေဆိုတာ ပေါင်းတတ်ရင် မိတ်ဆွေပေါ့ကွာ"

"အင်၊ မင်း မင်း သရဲတစ္ဆေနဲ့ပေါင်းသလား"

"ဘာဖြစ်သလဲကွ၊ ငါတို့နဲ့ ရုပ်ခန္ဓာကွာတာပဲ ရှိပါတယ်ကွာ။ သူတို့က တစ်ခါတစ်ခါ သနားစရာပါကွာ၊ ပြောရရင် တိရစ္ဆာန်ထက် ဆိုးပါတယ်ကွာ။ တိရစ္ဆာန်က ပေါ်ပေါ်ထင်ထင် စားနိုင်သေးရဲ့ သူတို့ခမျာ ပုန်းလျှိုးကွယ်လျှိုး စားကြတာပါကွာ။ လာဟော့ အပေါ်ထပ်မှာ အိပ်မှာလား။ ဒါဖြင့် ငါနဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com

ခန်းတည်း အိပ်မလား"

"မင်းနဲ့ပဲ အိပ်မှာပေါ့ကွာ"

"ကောင်းတယ်။ ငါ အပေါ်ထပ် ဘယ်တော့မှ မတက်ဘူးကွ။ အဲဒီမှာ ဟိုကောင်တွေ အနေများတယ်"

"အင်၊ ဘာတွေလဲ"

"ဟဲဟဲ၊ သရဲတစ္ဆေတွေပေါ့ကွ"

"ဗုဒ္ဓေါ၊ ဟေ့ကောင် ငါ"

"လာစမ်းကွာ ကပ္ပိယလုပ်ပြီး သရဲကြောက်နေရင် ရာဇဝင်ရိုင်းပါ့ကွား ကဲလာ"

မဲညိုက သူ့ကို အတင်းဆွဲခေါ်နေသဖြင့် နောက်ဆုံး ကန့်လန့်ကန့်လန့်နှင့် အောက်ထပ်အခန်းကြီးထဲသို့ ဝင်ခဲ့ကြလေ၏။ ဖျောက်ဆိပ်ခများ အိမ်ကြီးအပေါ်ထပ်သို့တက်လာသော ကျွန်းလှေကားကြီးကို ရဲရဲပင်မကြည့်ရဲ။ အခန်းထဲရောက်သည်နှင့် မဲညိုက သူ့အတွက် မွေ့ရာထိုင်ခင်း ပြင်ဆင်ပေးလိုက်၏။

"ဟေ့ကောင်၊ ဖျောက်ကြီး"

"အင်၊ ဘာတုံးကွ"

"ဟာ မင်းကလည်း အရေးထဲ ရမ်းကြောက်နေပြန်ပြီကွ။ ဟဲဟဲ ဗီမှာ ကြည့်စမ်း"

"အင်၊ မဲညို မင်း ပုလင်းက"

"ဟဲဟဲဟဲ၊ အဲဒါ သရဲ မကြောက်တဲ့ဆေးကွ"

"ဟင်၊ မင်း ဘယ်ကရ. . ."

"ဩော်၊ သိမ်းထားတာပေါ့ကွာ။ ညဆို ငါက တစ်ခွက်တစ်ဖလား နိုးပြီး တွယ်တာကွ"

"ဟားဟားဟား၊ ဒါဆို ဗိုကေပြီပေါ့ကွာ"

"ဟာ၊ ငါ့ကို ဦးလေးဘုန်းကြီး ပြဿနာရှာ. . ."

"မပူစမ်းပါနဲ့ကွာ။ လူခြေတိတ်တော့မှ တွယ်ကြတာပေါ့။ ကဲ မင်း ဘာစား ပြီးပြီလဲ"

"မစားရသေးဘူးကွ၊ ဘာရှိလဲ"

"မပူစမ်းပါနဲ့ကွာ။ ဟင်းလေးဟင်းက အချိန်မရွေးဘဲ၊ ပြီးတော့ ငါးနှပ်ခြောက်ကြော်ရှိတယ်။ ငါးပိရည်ဖျော် ရှိတယ်။ လာကွာ သွားစားရအောင်"

"အေးအေး"



www.burmeseclassic.com



နှစ်ဦးသား ပြောပြောဆိုဆိုနှင့် ကျောင်းကြီးပေါ်မှ ဆင်းခဲ့ကြပြီး မီးဖိုချောင်ဆီသို့ ထွက်ခဲ့ကြလေ၏။ သူ့စိတ်ထဲတွင် မဲညိုလက်ထဲမှ ပုလင်းကို မြင်လိုက်ခြင်းဖြင့် ကျိတ်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။ ထို့ပြင် လောကတွင် သူ အကြောက်ဆုံးကို ပြောပါဆိုလျှင် သရဲတစ္ဆေ ဖြစ်လေ၏။ အမှန်မတော့ သရဲတစ္ဆေ မြင်လည်း မမြင်ဘူး။ ခြောက်လည်း အခြောက် မခံဘူးခဲ့။ သို့သော် လူပြောသူပြောနှင့် ကြောက်ရွံ့နေခြင်း ဖြစ်လေ၏။ ယခုလည်း ကျောင်းပေါ်တွင် သရဲတစ္ဆေ ရှိသည်ဆိုသော စကားကြောင့် နှလုံးတုန်ရင်ခုန် ဖြစ်နေလေရာ မဲညိုလက်ထဲက အရာကြောင့် စိတ်သက်သာရာ ရသွားသည်ဟု ဆိုရမည်ပင်။

သို့နှင့် သူတို့နှစ်ဦး ဟင်းလေးဟင်း၊ ငါးနုပ်ခြောက်ကြော်၊ ငါးပိရည်ဖျော်၊ သမာချဉ်တို့ကာ မြိန်ရေရှက်ရေ စားသောက်လိုက်၏။ မဲညိုက ထမင်းစားသည့်နေရာတွင် ပရမ်းပတာစားသူ ဖြစ်သည်။

လက်တွင်လည်း ထမင်းတွေ ပေကျံနေ၏။ ပါးစောင်တွင်လည်း ထမင်းလုံးတွေက ကပ်ငြိနေ၏။ စားတော့လည်း ပလုတ်ပလောင်း။ ဖျောက်ဆိပ်ခမျာ အားသာစားရသော်လည်း မဲညိုကိုကြည့်ပြီး အော်ဂလီဆန်နေ၏။

“ဟေ့ကောင် မဲညို၊ မင်းစားပုံကလည်းကွာ ရွံစရာကောင်းလိုက်တာ”

“ဘာဖြစ်လို့လဲကွ။ ငါက ခြေထောက်နဲ့ စားနေလို့လား”

“အင်း၊ မင်း ထမင်းကို ခြေထောက်နဲ့စားတယ်”

“ဘာကွ၊ ဟေ့ကောင် ဖျောက်ကြီး မင်း ဘာပြောတာလဲကွ။ ဘာလဲ ငါစားတာ ရွံလို့လား”

“အေးလေ၊ မင်းစားတာ ဘီလူးစီးနေတာ ကျနေတာပဲ”

“ဟဲဟဲ၊ ငါက ဒီလိုပဲ စားတာကွ။ ငါစားရင် ငါ့ကို ဘီလူးတွေ သရဲတွေ စီးနေတာကွ”

“ဗူးခွံ၊ မင်းဟာ ဘီလူးသရဲထဲကကို မထွက်နိုင်ဘူး”

“မင်းမယုံလို့လား။ ငါ ခေါ်လိုက်ရမလား”

“ဟာ၊ မလုပ်စမ်းပါနဲ့ကွာ”

“ဒါဆို၊ ငါစားတာ မဝေဖန်နဲ့”

ပြောပြောဆိုဆိုနှင့် မဲညိုတစ်ယောက် ငါးခြောက်နုပ်ခြောက် မြိုးထားသော ထမင်းလုတ်ကြီး တစ်လုတ်ကို ပါးစပ်ထဲ အတင်း ထိုးထည့်နေ၏။ ဖျောက်ဆိပ် ဘာဆိုဘာမှ မဆိုသာတော့ဘဲ ထမင်းကို ယက်ယက်လိုက်၏။ စားသောက်ပြီးသွားသည်နှင့် ခွက်ယောက်များ သိမ်းပြီး သယ်တာဝိုတာနှင့်ပိုင်သန်း

www.burmeseclassic.com

ဆေးကြောပေးလိုက်၏။

ထို့နောက် ခြံဝင်းထဲဆင်းကာ တံမြက်စည်းတစ်ချောင်းကို ကိုင်၍ တရှဲရှဲနှင့် လှည်းကျင်းနေကြလေ၏။ သူ့အပြုအမူကို ဆရာတော်ကြီး အာစရိယသဘောတကျကျနှင့် ပြုံးစိစိ လုပ်နေပေ၏။ ဖျောက်ဆိပ်သည် ဝင်းမြေပေါ်တွင် အမှိုက်တစ်မျှင် မကျန်အောင် လှည်းကျင်းနေ၏။ ကျောင်းရှေ့တွင် သရက်ပိန္နဲပင်၊ မာလကာ၊ မန်ကျည်း စသည့် အပင်ကြီးများက ဝေဝေဆာဆာ ပေါက်ရောက်နေပြီး ရွက်ကြွေများကလည်း တသောသော ကြွေနေတတ်လေ၏။

ဖျောက်ဆိပ်သည် တံမြက်စည်းလှည်းပြီးသည်နှင့် ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်၏။ ထိုအချိန်တွင် သူ့အနားသို့ တိမ်တစ်လုံးနှင့် မဲညိုတို့ ရောက်ရှိလာ၏။

"ဘယ်လိုလဲ ဖျောက်ကြီး မောသွားပြီလား"

"မောပါဘူး မဲညိုရာ"

"သောက်ကွာ"

"ဘာတွေတုံး"

"ထန်းလျက်ကို မြေပဲနဲ့ ကြော်ထားတာကွ"

ဖျောက်ဆိပ်သည် မောမောနှင့် အကြမ်းတစ်ခွက်သောက်ကာ ညိုကြွက်ကြွပ် ပဲထန်းလျက်ကြော်ကို စားလိုက်၏။ ထိုစဉ် မဲညိုက တိမ်တစ်လုံးကို မျှော်လိုက်၏။

"ဆရာတိမ်"

"ဘာတုံးကွ"

"ဖျောက်ဆိပ်က သရဲ အတော့်ကို ကြောက်တာပဲဗျ"

"ဟာကွာ၊ မဲညိုကလည်း"

"မဟုတ်ဘူးလားကွ။ မင်း တစ္ဆေသရဲကို ယုံလား"

"ဟင်၊ အဲအဲ အဲဒါတော့ မပြောတတ်ဘူး။ ဒါပေမယ့် အဲဒီစကား ကြားတာနဲ့ ငါ ကြက်သီးဖြန်းဖြန်း ထလွန်းလို့ကွ"

"ကောင်းကွာ၊ မဲညိုကျတော့ တစ္ဆေသရဲကို သူငယ်ချင်းလိုပေါင်းတယ်။ ဖျောက်ဆိပ်ကျတော့ အသံတောင် မကြားရဲဘူး။ မင်းတို့နှစ်ယောက် တစ်ကျောင်းတည်း နေလို့ကတော့ ပွဲက ကြည့်ကောင်းပြီဟေ့"

"ဟာ ဆရာတိမ်ကလည်း၊ နာနာဘာဝ ဝိနာဘာဝတဲ့ဗျာ။ သံသရာထဲ ယုံကြည်ရင် တစ္ဆေသရဲလည်း ရှိမှာပေါ့ဗျာ"





"ထားပါတော့ကွာ။ ဒါထက် ဟိုတစ်လောက မင်းသတင်း ကြားလိုက်ပါရဲ့။ ထိပ်တုံးခတ်ခံရလို့ဆို"

"ဩော်၊ လူပေါင်းမှားတာပေါ့ဗျာ။ တော်ပါပြီဗျာ။ ဒီမှင်စာလေးတွေကို ဝေးဝေးရှောင်တာပဲ အေးပါတယ်"

"ဘယ်သူတွေတုံးကွ။ ကေနွ ဂျာအေးတို့လူသိုက်ပဲ ဖြစ်ရမယ်။ ရွာကို မွှေတာ ဒီကောင်တွေအုပ်စုပဲ ရှိတာ။ မင်းကလည်း မင်းပဲ၊ အပုလေးရှေ့က တစ်မျိုး၊ ကွယ်ရာတစ်မျိုး. . ."

"ဟာ အပုလေး ချစ်တာ တစ်မျိုးကြီးဗျ"

"ဟေ ဘယ်လိုဖြစ်သတုံး"

"ဘယ်လိုဖြစ်ရမှာလဲ ဆရာတိမ်ရာ။ သူက ကျုပ်ထိုင်နေတာ ကြည့်ချင်တာ မဟုတ်ဘူးဗျ"

"ဟာ ဒါများ လွယ်လွယ်လေး အမြဲတမ်း လမ်းလျှောက်ပြနေပေါ့ကွ"

"ဟုတ်ဘူးဗျ။ ဟို တစ်ခုခု လုပ်နေမှကြိုက်တာ။ ပြီးတော့ ကျုပ် ဗေဒင်တွက်ရင် မျက်လုံးကြီး ပြူးပြူးကြည့်တာ ကြောက်စရာဗျာ"

"ဟာ ဒါဖြင့် သရဲပူးတာ ဖြစ်မှာပေါ့ကွ"

"ဇာင် လုပ်ပြန်ပြီကွာ။ ဟေ့ကောင် မဲညို"

"ဘာတုံးကွ"

"မင်းပါးစပ်ထဲ သရဲတစ္ဆေမပါရင် မပြီးဘူးလား။ မိန်းမကြောက်ရတဲ့အထဲ သရဲပါ ငါ ထပ်ကြောက်နေရရင် ဘာကောင်းတော့မှာလဲကွ"

"အောင်မယ်၊ ကိုယ့်လူက မိန်းမကြောက်တာကို တယ်ပြီး ဂုဏ်ယူသကိုး။ မိန်းမဆိုတာ ယူကတည်းက ကြမ်းပေးရတယ်ကွ"

"ဟာ၊ ကျုပ်ကြမ်းကြည့်တယ်ဗျ"

"ဘယ်လိုကြမ်းတာလဲ"

"မယားနေစ ကြောင်သေမှ ဆိုသလို ကျုပ် ကြောင်တစ်ကောင်ရှာပြီး သူ့ရှေ့ ဝိတ်ကန်ပြတာ သူက အဲဒီကြောင်ကို အမြီးဆွဲပြီး ရမ်းသာတာ တံတောင်းသို့ ကြောင်မသေ"

"ဟိုက် ကြမ်းလှချည်လား"

"ဟာ၊ ဒါတင် ဘယ်တမလဲဗျ။ ကျုပ်က သူ့ကို မျက်ထောင့်နဲ့ ခါးထောက်ပြီးကြည့်တာ ကျုပ်ကို ငရုတ်ကျည်ပွေ့နဲ့ ထုတာဗျ"

"ဗုဒ္ဓေါ၊ အပုလေးက မခေဝါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါထက် ဆိုးတာက ကျုပ်ကကြမ်းလို့ မတော်ချေဘူးဆိုပြီး သူ့အ ရောက်ရင် တရားရသလို၊ ဘာလိုလိုနဲ့ ဘုရားစာတွေ နင်းရွတ်တာ သူက လုပ်တယ်ထင်လဲ"

"ပြောပါဦး"

"ချက်ချင်း ခေါင်းတုံးတုံးပြီး မယ်သီလရှင်ဝတ်မယ် အတင်းလုပ်တာဗျ"

"ဟာ မလွယ်ပါလားကွာ"

"အဲဒါပြောတာပေါ့။ အပုလေးက တော်တော် မဟာဗျူဟာများတဲ့ မိန်း ဗျာ။ ကျုပ်ကို ဖားလှည့်ရိုက်နိုင်းတယ်။ ခု ကပွဲယလုပ်နိုင်းပြန်ပြီ။ ကျုပ်စိတ် နှစ်တော့ မနှစ်မြို့ဘူးဗျ"

"ဟာ ဒါဆိုလည်း ဘာလို့လာလဲကွ"

"ဩော် စိတ်ပြေလက်ပျောက်ပေါ့ဗျာ။ ပြီးတော့ အပုလေးအသံက တစ် တခြား ဖားအော်သံနဲ့ တူတူလာလို့ဗျ"

"ဟေ ဒါဆို ရိုက်ပစ်လိုက်ပေါ့ကွ"

"ဟာဗျာ၊ ဆရာတိမ်ကလည်း ကျုပ်တွေးမိတာ မိန်းမတွေဟာ ဖားတွေ တူတယ်ဗျ"

"အင်၊ လုပ်ပါဦးကွ"

"စဉ်းစားကြည့်လေဗျ။ သူတို့ပါးစပ်က အမြဲတမ်း ပွစိပွစိဗျ။ ဘယ်တော့ စကားကောင်းလည်း မထွက်ဘူး။ ပြောတာ တစ်ခွန်းနှစ်ခွန်း။ ကောင်းကျိုး ကွက်မှ မရှိဘူးဗျာ။ ကျုပ်တော့ ကြာလေ စိတ်နာလေပဲဗျာ"

"ဟင် ဒါဆို မင်းဟာ မိန်းမမုန်းသမားကြီးပေါ့"

"ဟုတ်ဘူးဗျ။ အပုလေးကိုပြောတာ"

"ဟေ ဒါဆို တခြားမိန်းမတွေက ချစ်စရာပေါ့"

"အဲ အဲဒီလို ပြောရမလားပဲ"

"ဟော့ကောင် ဖျောက်ကြီး"

"ဘာတုံးကွ"

"မင်းစကားသာ အပုလေး ကြားလို့ကတော့"

"ဟာ၊ မလုပ်ပါနဲ့ဗျာ။ ကြားလိုက်တာနဲ့ ကျောင်းကို ရှေတ်ကျည်ပွေ့ ပြီး လိုက်လာမှာကွ။ အင်း ပထမတော့ အပုလေးမှာ အသည်းနှလုံး ရှိ ထင်ခဲ့တာကွ"

"ဟင် ဒါဆို အပုလေးက သူ့အသည်းနှလုံး ဘယ်အမဲဈေးမှာ ရောင်း သတုံး"



"မနောက်စမ်းနဲ့ မညိုရာ။ ခုချိန်မှာ ငါဟာ မဲဇာအာပွဲခံရသလို ဖြစ်နေပြီကွ။ သူ့အမိန့်ကို ငါ ဘာကြောင့် မလွန်ဆန်နိုင်ရဲသလဲ၊ ဒါကို တွေးလို့မရဘူးကွ"

"ဒီမှာ ဖျောက်ဆိပ်"

"ဘာတုံးဗျ ဆရာတိမ်ရဲ့"

"မှတ်ထားကွ၊ မယားချစ်ရင် ဓားထစ်တဲ့ကွ"

"အင် ဘယ်လိုကြီးလဲ"

"ဒီလိုလေကွ၊ သစ်ပင်တွေဟာ ဓားနဲ့ထစ်မှ ပိုသန်သလို၊ မိန်းမတွေကို လည်း. . ."

"ဒါဆို မိန်းမကိုလည်း ဓားနဲ့ထစ်ရမှာလား"

"နေဦးလေ၊ အကန့်အသတ်နဲ့ ချစ်ရမယ် ပြောတာကွ။ ရင်ထဲက အချစ်ကို ပုံမအောနဲ့။ ပြောရရင် သူတို့အကြိုက် ဆယ်ခါမှာ တစ်ခါပဲ လိုက်သင့်တယ်ကွ။ ဒါ ထစ်ထားတဲ့သဘောပဲ"

"ဟင် ဒါဆို မိန်းမတွေက ကြီးလာမှာပေါ့"

"ဟော့ကောင် ဘာတွေတုံးကွ"

"ဩော်၊ ဟို အဲအဲ ဟိုဟာ"

"တော်စမ်းပါကွာ။ ဒုံးလည်းဒုံးပါ့။ မင်း အပုလေးကိုချစ်တာ ဘယ်ထဲက လဲ ပြောစမ်း"

"ဗျာ၊ ဟို အဲဒီက"

"ရင်ဘတ်ထဲပေါ့ဗျာ"

"ရင်အချစ်ဟာ ချဉ်ဖတ်တဲ့ကွ၊ ကျောကုန်းနဲ့ချစ်ရင် မျောတုံးနဲ့ အပစ်ခံ ရမှာကွ"

"ဟာဗျာ၊ ဘာတွေတုံးဗျာ။ ဒါဆို ဘာနဲ့ ချစ်ရမှာလဲဗျ"

"ဒါနဲ့လေ"

"အင် မျက်စိ၊ ဘယ်လိုသဘောလဲဗျ"

"မင်းကလည်း နပ့်ကွာ။ လူအပြုံး မျက်လုံးတိုကြည့် အသိတောတ်တချစ် အတွေးညစ်က တစ်ဆစ်မငြိမ် မျက်လုံးအိမ်မှာ တွေးလိမ်ရှုပ်ထွေးနေထတ်နေတဲ့ ကွ။ ဒီတော့ မျက်လုံးဆိုတာ လူ့မနောရဲ့ ထဲခါးပေါက်ပဲကွ။ ဒီလိုပဲ အချစ်ဆိုတဲ့ သဘောကိုလည်း မျက်လုံးအိမ်ကြည့်ပြီး ဆန်းစစ်ရတယ်ကွ"

"ဒါဆို မညိုလို တောင်တောင်ပြောတ်ပြောတ် အကြည့်တွေတော့ ဘယ်လို နားလည်ရမလဲ"

www.burmeseclassic.com



"ဟာ ဒါကတော့ ခြွင်းချက်ပေါ့ကွာ။ အဲ မဲညိုကိုကြည့် တောင်ပြေးတဲ့ မျက်လုံးကပြေး၊ မြောက်ပြေးတဲ့မျက်လုံးကပြေးနဲ့ ဦးတည်ရာ ပြောင်းပြန်ဖြစ်နေတယ်။ ဒီတော့ မဲညို ခြေလှမ်းကိုကြည့် မှုမှန်သလားလို့"

"ဟာဗျာ ဆရာတိမ်ကလည်း"

"ငါ တကယ်ပြောတာကွာ။ တစ်ခုတော့ ရှိတယ်။ မင်းမျက်လုံး နှစ်လုံးစလုံး စောင်းနေတော့ အချစ်ကို နှစ်ဖက်မြင်နိုင်တာပေါ့ကွ"

"ဗျာ၊ နှစ်ဖက်မြင် ဘယ်လိုလဲဗျ"

"ဟာကွာ၊ ဖျောက်ဆိပ်ကလည်း ကောင်မလေးတစ်ယောက်ရဲ့ ရင်ဘတ်နဲ့ ကျောကို ကြည့်လို့ရတာပေါ့ကွာ"

"အင်၊ ဒါဆို မြန်မြန် ပါးရိုက်ခံရမှာဗျ"

"အလို တယ်လည်း နားဝေးလှပါလား ဖျောက်ဆိပ်ရဲ့ ငါ့စကားကို မင်းက နိုင်းတယ်လို့ မှတ်တာကွ။ ရင်ဘတ်ဆိုတာ အသည်းနှလုံးရဲ့ မျက်နှာစာရှိတဲ့ နေရာ၊ ကျောဆိုတာ အသည်းနှလုံးရဲ့ ကျောဘက်မျက်နှာစာကွာ၊ ဒီတော့ နှစ်ဖက်မြင်အချစ်ပေါ့ကွာ"

"ဟာ၊ ဒါဆို ဆရာတိမ် ပြောသလိုဆိုရင် လူတွေအားလုံး စွေစွေစောင်းစောင်း ဖြစ်နေရင် အကောင်းဆုံးပေါ့ဗျာ"

"အင်"

"ခက်ပြီ၊ ငါလည်း မရှင်းတတ်တော့ဘူး ဖျောက်ဆိပ်ရာ၊ မင်းကြိုက်သလို တွေးပေတော့"

"တွေးရခက်ပါ့၊ ဒါဆို အပုလေး နှလုံးသားကို နှစ်ဖက်မြင်နဲ့ ကြည့်ချင်လိုက်တာဗျာ"

"ဟာ၊ ဒါဆို မင်း ငါ့လို စွေစောင်းဘဝ ရောက်အောင် ကြိုးစားပေါ့ကွာ"

"အင်၊ တော်ပါတော့ကွာ"

မဲညိုနှင့် ဖိုးသူတော် တိမ်တစ်လုံးတို့ကြားတွင် ဖျောက်ဆိပ်တစ်ယောက် လည်နေ၏။ သို့သော် အပုလေးနှင့် ဝေးနေရသဖြင့် သူ့စိတ်ထဲ လွတ်လပ်ပေါ့ပါး နေသလိုပင်။ တစ်ခါတစ်ခါ သူ့အာရုံထဲတွင် ဖားသံနှင့် အပုလေးအသံတို့ ရောနှောနေတတ်ပေ၏။ ယခုတော့ ဖျောက်ဆိပ်တစ်ယောက် မယားသော ဝေးနေရသည်ကိုပင် အကျေနပ်ကြီး ကျေနပ်နေပေ၏။

သို့နှင့် ကျောင်း၏ ဝေယျာဝစ္စလုပ်ငန်းများ လုပ်ကိုင်ပေးပြီး ညဦးပိုင်း အရောက်တွင် မဲညိုက တစ်စခန်း ထလေတော့၏။



"ဘယ်လိုလဲ ဖျောက်ဆိပ်၊ ခွက်ပုန်းရိုက်မှာလား"

"အင် ဟို၊ အဲသဟာ ငါ. . ."

"ဘာလဲ၊ မင်း မလုပ်ဘူးလား။ ကြည့်လုပ်နော်၊ အပေါ်ထပ်မှာ ငါ့မိတ်ဆွေတွေ တစ်ပုံကြီးကွ"

"အင်၊ မင်း ဘာပြောတာလဲကွ"

"ကြော်၊ ညအိပ်တော့ မင်းအိပ်လို့ မရမှာစိုးလို့ပေါ့ကွာ။ ငါ့မိတ်ဆွေက လူသစ်ဆို ကျီစယ်တတ်တယ်ကွ။ တစ်ခါတစ်ခါ ဟို လင်တရူးသရဲမက ပိုတောင်ဆိုးသေး"

"ဗုဒ္ဓေါ၊ ဟာကောင်ရာ မင်းလူတွေကိစ္စ ငါတော့ ကြက်သီးတဖြန်းဖြန်းထတယ်ကွာ"

"အဲဒါကြောင့် ပြောတာပေါ့။ တော်ကြာအို သူတို့ အပေါ်ထပ်က ဆင်းလာတော့မှာကွ"

"ဟိုက်၊ မလုပ်ပါနဲ့ကွာ။ ငါ . . . ငါ ကြောက်လွန်းလို့ပါ"

"ဒါဆို ဒါလေး တွယ်လိုက်လေ။ တစ်ခုတော့ရှိတယ်၊ အလကားတော့ တွယ်လို့မရဘူးမောင်။ တစ်လုံးကို ခြောက်သယ်ပေးရတာဆိုတော့ မင်းနဲ့ငါ တစ်ဝက်စီပေါ့ကွာ။ ဘယ်လိုလဲ"

"လုပ် လုပ်ပေါ့ကွာ။ ဟို အမြည်း"

"ဟာ မပူပါနဲ့ကွာ။ ငါ့မှာ ရှိပါတယ်"

"ကဲ၊ ရောရော ဟို ဒီ ဒီကိစ္စ ဦးပဥ္စင်းကြီးတော့ မသိပါစေနဲ့ကွာ"

"စိတ်ချစမ်းပါကွာ"

ဖျောက်ဆိပ်ခမျာ မဲညို မိတ်ဆွေများ ဖြစ်ကြကုန်သော တစ္ဆေသရဲများကို မမြင်တွေ့ရဘဲ အလွန်တရာမှ ကြောက်ရွံ့ချောက်ချားလျက် ရှိပေ၏။ ထို့ပြင် ညပိုင်းရောက်လာသည်နှင့် လေကလေးက ဖျို့ချင်သလိုလို အန်ချင်သလိုလို ဖြစ်လာကာ ယမကာလေး တစ်စိတ်တစ်ပိုင်းတော့ ခေတ္တတမိသည်မှာ အမှန်ပင်။

ထို့ကြောင့်လည်း မယားမသိအောင် ကုပ်တပ်ဆောင်ထားသော ပိုက်ဆံလေးထုတ်ကာ မဲညိုကို ပေးလိုက်ရ၏။ မဲညိုကလည်း ယခုဝတ်စွာ စီစဉ်ထားသော အမြည်းများကိုထုတ်၍ နှစ်ယောက်သား တံခါးပိတ် ခွက်ကြမ်းပြင်လိုက်ကြ၏။

မဲညိုမှာ နဂိုက အရှိန်ရှိသူမို့ တစ်ခွက်တစ်လေ ဝင်လာသည်နှင့် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးလေတော့၏။

"ဟာ မိတ်ဆွေတို့ပါလား။ ထိုင်ကြလေကွာ"

"အင် ဘာတွေတုံး"

"ဩော်၊ ဟဲဟဲ ကျုပ်မိတ်ဆွေတွေလေဗျာ။ အောင်မယ် ဒီတစ်ခါတော့ မှင်စာတောက်တဲ့လည်း ပါသကိုး။ ဖျောက်ကြီးရေ တောက်တဲ့ဆိုတာ ဟိုတစ်လောက သစ်ပင်ပေါ်က ခွေးကျကျပြီး သေသွားတဲ့ ဦးရေခဲမြေးလေကွာ"

"ဗုဒ္ဓေါ့၊ ဟိတ်ကောင် မဲညို မင်း မင်း မဟုတ်တာတွေ မပြော. . ."

"ဘာလဲကွာ။ မင်း မယုံဘူးလား။ ကဲ လင်တရှူးသရဲမ ခင်မှုံရေ ဟောဒီငါ့သူငယ်ချင်းကြီး ဖျောက်ဆိပ် ယုံအောင်လို့ မင်းပုံသဏ္ဌာန် လှလှလေး ကိုယ်ထင်ပြလိုက်ပါကွာ ဖော့"

"အာ မပြပါနဲ့ဗျာ၊ ကြောက်လွန်းလို့ပါ။ ယုံ . . . ယုံပါတယ်ကွ။ ငါ ဟိုဟို"

"ဘယ်လိုဖြစ်နေသတုံးကွ။ မင်းက သရဲတစ္ဆေတွေရဲ့ သဘောသကန်ကိုအသေအချာ မသိလို့ပါကွာ။ သူတို့က သဘောမနော ရိုးသားတယ်။ မကောက်ကျစ်ကြဘူးကွ။ ပျော်လည်း ပျော်တတ်တယ်။ ပြီးတော့ လူကိုလည်း ကူညီတတ်ကြတယ် မဟုတ်လား ခင်မှုံ"

"တွေ့လား၊ ခေါင်းကြီးတညိတ်ညိတ် လျှာကြီးအဖြဲသားနဲ့"

"အောင်မလေးဗျ"

"ဟိတ်ကောင် ဖျောက်ကြီး တိုးတိုးတွ"

"ဟို၊ ကြောက် ကြောက်လို့ပါကွာ"

"ကဲ ဂီလောက် ကြောက်နေလည်း ငါ့မိတ်ဆွေတွေ ပြန်လွှတ်လိုက်တော့မယ်ကွာ။ ကဲ သွားကြပေတော့ မိတ်ဆွေတို့ရေ။ ကျုပ်သူငယ်ချင်းက သရဲတစ္ဆေကို တအား ကြောက်လှတဲ့လူဆိုတော့ ခွင့်လွှတ်လိုက်ပါကွာ။ ကဲ သွားကြသွားကြ"

မဲညို အမှုအရာကိုကြည့်ပြီး ဖျောက်ဆိပ် အလန့်ကြီး လန့်နေသဖြင့် ရှေ့တွင် ချထားသော အရက်ကို ခပ်ကြမ်းကြမ်း မော့ပစ်လိုက်လေ၏။

"ဟော့ကောင်၊ ရေလေးဘာလေး ရောပါဦးလေကွာ"

"တော်ပြီကွာ။ စိတ်ထဲ ထူထူပူပူဖြစ်အောင် သောက်လိုက်တာကွာ"

"ဒါဆိုလည်း အမြည်းစားကွာ။ မကြောက်ပါနဲ့ကွာ။ သူတို့ ပြန်သွားကြပြီ"

"ဟင် ဟို သရဲ ဘယ်နှစ်ကောင်လဲကွ"





"ဟာ ခင်မှုံရယ်၊ တာတီးရယ်၊ ဖိုးလပြည့်ရယ်။ ပြီးတော့ ကလေးသရဲ တောက်တဲ့ရယ်ပါတာကွ"

"ဗုဒ္ဓေါ့၊ ကြောက်စရာကြီးပါလားကွ"

ဖျောက်ဆိပ်ခမျာ မဲညို၏ အပြောကြောင့် မူးချင်သည့်အရသာပင် ပြယ်တယ်တယ် ဖြစ်နေ၏။ သရဲနာမည်တွေကလည်း သေဆုံးသွားကြပြီဖြစ်သော သူတို့ရွာသားများ ဖြစ်နေ၍ အကြီးအကျယ် တုန်လှုပ်နေပေ၏။

သို့နှင့် တစ်လုံးကုန်ခါနီးတွင် မဲညိုတစ်ယောက် မူးမူးနှင့် ပုဆိုးခြုံကာ အိပ်ပျော်သွားလေ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်ခမျာ မမူးသည့်အပြင် ချွေးသီးချွေးပေါက်မတွ သေနေ၏။ တံခါးပိတ်ထားသော်လည်း စိတ်ထဲ မလုံလှ။ ထိုစဉ် အိမ်ကြီးအပေါ်ထပ်မှ တရှပ်ရှပ် ခြေသံများ၊ ဂလုံဂလွမ် မြည်သံများ ပေါ်လာသဖြင့် ဝို၍ဝို၍ တုန်လှုပ်လာလေ၏။

"မဲညို ဟကောင် မဲညို၊ အောင်မယ်လေး ဝုကွ ဒုက္ခပါပဲ။ သမ္ဗုဒ္ဓေ ဘုရား ဘုရား၊ ငါ ဘုရားစာတွေ မေ့ မေ့ကုန်ပြီ"

"ရှုပ်ရှုပ်ရှုပ်"

"ဘုရား ဘုရား"

လှေကားပေါ်မှ တစ်ဦးတစ်ယောက် ဆင်းလာသည့်ခြေသံကို ကြားလိုက်ရ၏။ ထို့ပြင် တီးတိုးပြောသံ ဆိုသံတွေကိုပါ ကြားနေရသလိုပင်။ စိတ်ထဲ ဇဝေဇဝါ ဖြစ်နေဆဲ၊ ထပြေးရအခက်၊ ထိုင်ရအခက် ဖြစ်နေ၏။ နောက်ဆုံး မဲညို ဝှတ်ထားသော ပုလင်းကိုဖွင့်၍ ငါးခွက်လောက် သောက်လိုက်ရာ နောက်ဆုံး အမူးလွန်၍ ကျွမ်းစိုက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဖျောက်ဆိပ်တစ်ယောက် အကြီးအကျယ် ချောက်ချားနေသည့် အခါသမယ ဟု ဆိုရမည့်အချိန်ပင်။ အနောက်ဘက်ကျောင်းတွင် နေရသည်မှာ တစ်ရက် ထက်တစ်ရက် ပို၍ပို၍ ဆိုးဝါးလာသလိုပင်။ ထို့ကြောင့်လည်း မဲညိုကို ဆရာ တင်နေရပေ၏။ အရက်ဖိုလည်း တစ်ဝက်စီ မဟုတ်တော့ဘဲ သူချည်း အိတ်ပိုက် လုပ်ဆောင်နေရလေ၏။

တစ်ရက်တွင် မဲညိုတစ်ယောက် ကုံးချောင်းရွာသို့ ခရီးထွက်သွားသဖြင့် ဖျောက်ဆိပ်ခမျာ ကျောင်းကြီးပေါ် မတက်ရဲဘဲ ဖိုးသူတော် တိမ်တစ်လုံး၏ အဆောင်တွင် တဝဲလည်လည်နေပေ၏။

"ဘာလိုဖြစ်နေတာတုံး ဖျောက်ဆိပ်ရဲ့။ မင်းပုံစံက ဂနာမငြိမ်ပါလား"

"ဟို ကျွန်တော် ကျောင်း. . ."

"မအိပ်သေးဘူးလားကွ။ ညဥ့်နက်လှပြီလေ။ ငါလည်း တရားလေး ဘာ လေး မှတ်ရဦးမှာကွ"

"ဟုတ်ကဲ့၊ မှတ်ပါ ကျွန်တော်လည်း တရားမှတ်. . ."

"အောင်မယ်၊ မင်းကများ တရားမှတ်ဦးမယ် ဟုတ်လား။ ဟားဟား တရားမှတ်မယ်ဆို မယားဖြတ်မှကွ"

"ဗျာ၊ မယားဖြတ်ရမယ်"

"ဒါပေါ့"

"ဘာနဲ့ ဖြတ်ရမှာလဲဗျာ၊ အပုလေးက ဟို တစ်ခါတစ်ခါတော့ ချော တောင်းပါတယ် ဆရာတိမ်ရယ်"

"ဖြစ်သွားချေပြန်ပြီ အဲဒါပေါ့ကွာ မောင်ရေဆို ဘွတ်အဲထူးတဲ့ လူမိုက်..."



"ဗျာ ကျွန်တော် ဘွတ်အဲ မထူးပါဘူးဗျာ၊ ဟို ဘာလဲရှင်မလို့ ထူးပါတယ်"

"ကြောင်ပါ့ကွာ၊ မင်းလိုလူမျိုးပေါ့ ယောကျ်ားကပ်စေးနဲ့ဆိုတာ။ ဖျောက် ဆိပ် ဖျောက်ဆိပ် မင်း လောကအကြောင်းကို ဘယ်လောက်သိသလဲကွ"

"လောက"

"ဟုတ်တယ်လေ"

"လောကဆိုတာ ကျွန်တော် ထင်သမျှ ပြောရရင် တဂွမ်ဂွမ် အော်မြည်နေ တဲ့ ဖားတွေလိုပါပဲ"

"ဟေ တယ်ဆိုတဲ့စာပါလားကွ။ အေးလေ မင်းက မယားခိုင်းသမျှ လုပ်နေ ရတော့ ဖားရိုက်တဲ့ကိစ္စကနေ လောကအကြောင်းကို ပြောပြနိုင်တာပေါ့ကွာ။ မှန်လိုက်လေ ဖျောက်ဆိပ်ရာ မင်းလည်း တဂွမ်ဂွမ် အော်နေတဲ့ဖားပဲ။ မင်းမယား အပုလေးကလည်း ဖားပဲ။ ဒိုကွာ တစ်ရွာလုံး တဂွမ်ဂွမ် အော်မြည်နေတဲ့ ဖား တွေပါပဲ"

"ဟာ ဒါဆို ရိုက်ချင်စရာပဲဗျာ"

"အကုသိုလ်ကြီးလှချည်လား ဖျောက်ဆိပ်ရာ"

"ဗျာ. . . အဲဟို ကျွန်တော်"

"တော်စမ်းပါကွာ၊ ကြာလေ မင်းကိုယ်က အကုသိုလ် အညီအဟောက်နံ့ တွေ နံ့လေပဲ။ ကဲ လေကြောရှည်မနေနဲ့တော့ကွာ၊ ငါ တရားမှတ်တော့မယ်"

"ဗျာ၊ ဒါဆို ကျွန်တော်တစ်ယောက်တည်း ပြန်ရမှာလား"

"ဟေ ဘယ်လိုဖြစ်နေသတုံး၊ ဩော် ဟုတ်ပြီ ငါ ခုမှ တွေးမိတယ်၊ မင်းက အနောက်ဘက်ကျောင်းကို ပြန်ရမှာ ကြောက်နေပြီ မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့၊ ဟို မဲညို မရှိ"

"ယောကျ်ားပဲကွ၊ သရဲတစ္ဆေကို ဖားတွေလိုပဲ သဘောထားလိုက်ပေါ့ကွာ"

"ဗျာ"

"ကဲ သွားသွား. . . သွားပေတော့"

"ဟုတ် ဟုတ်ကဲ့"

ဖျောက်ဆိပ်ခမျာ ဘိုးသူတော်တစ်လုံး နှင်ထုတ်နေသဖြင့် နောက်ဆုံး တော့ ကျောင်းပေါ်မှ ဆင်းခဲ့ရလေ၏၊ အပြင်ဘက်တွင် မှောင်မိုက်နေပြီး လ ရောင်က သစ်ပင်အကြို့အကြားမှ ဝိုးဖြာလက်နေလေ၏။

ဖျောက်ဆိပ်ခမျာ အနောက်ဘက်ကျောင်းဆီသို့ ခြေလှမ်းတို့ မဲ့မဲ့ လှမ်းခဲ့သည့် ကြောင်း တွန့်ဆုတ်တွန့်ဆုတ်နှင့် ရှေ့သို့ လှမ်းခဲ့ရ၏။

ညာဥ့်ရွှေတောင်တစ်ခုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အူ. . အူ. . အူ. . ဝူ. ."

"ဟာ. . ခွေးတွေကလည်း အူလိုက်တာကွာ"

အသရေထဲ ခွေးအူသံကြီးများကြောင့် ဖျောက်ဆိပ် ဆတ်ခနဲ တုန်လှုပ်သွားမိ၏၊ အလိုလိုနေရင်း ကြက်သီးတွေ တဖြန်းဖြန်း ထနေလေ၏။

သို့နှင့် ယိုယွင်းပျက်စီးနေသော ဘီလူးကြီးနှစ်ကောင်ကြား အုတ်လှေကားပေါ် တစ်လှမ်းချင်း တက်ခဲ့၏။ စိတ်တွေ အတုန်လှုပ်ကြီး တုန်လှုပ်နေသော်လည်း အံကြိတ် ရဲဆေးတင်ပြီး တက်ခဲ့ရ၏။

"ဖလပ်. . ဖလပ်"

"အောင်မလေးဗျ"

ကျောင်းထဲမှ ရုတ်တရက် ထပျံသွားသော လင်းဆွဲအုပ်ကြောင့် ယောင်ယမ်းအော်ဟစ်မိ၏၊ ပါးစပ်ကလည်း တွေ့ကရာရှုပ်သောင်းတွေ ရေရွတ်နေ၏။

"ညမှောင်မှောင်၊ လမှောင်မှောင် ကြယ်ရောင်သော် မလင်း. . ."

"ဝေါ. . . ဖြန်း"

"အောင်မလေးဗျ"

စိတ်ရဲတင်းပြီး သီချင်းအော်ဟစ်ဆိုလိုက်ရာ သူ့အသံကြောင့် ကျောင်းမှတ်ထဲမှ အသံဗလံကြီး ထွက်ပေါ်လာသဖြင့် လှမ်းတော့မည့်ခြေလှမ်း မှတ်ခနဲ နောက်ပြန်ဆုတ်မိ၏။ ထိုစဉ် အသံကြီးပျောက်ဆုံးသွားသဖြင့် သီချင်းဆက်ဆိုရန် ကြံသော်လည်း စာသားတွေ မေ့နေ၏။

နောက်ဆုံးတော့ ဖြစ်ချင်ရာ ဖြစ်ပစေတော့ဟု ဆုံးဖြတ်ကာ မျက်စိမှိတ်ပြီး ကျောင်းကြီးထဲသို့ ဝင်လိုက်၏။

"ဒုန်း"

"အောင်မလေး အပုလေးရဲ့ အယားလား"

မျက်စိမှိတ်ဝင်ကာမှ ကျောင်းအဝရှိ လူတစ်ဖက်စာရှိသော ကျွန်းတိုင်ကြီးကို နဖူးနှင့် ဝင်ဆောင့်မိလေ၏။ နဖူးကလည်းနာ၊ စိတ်ထဲလည်း ရှုံ့တုံ့ခံစားနေရ၏။

"တောက် အရေးထဲကွာ"

ကျွန်းတိုင်ကြီးကို ရန်တွေ့လိုက်ရင်း သူနေထိုင်ရာ အခန်းဆီသို့ အလျှင်အမြန် ဖြတ်လျှောက်ခဲ့လေ၏၊ လှေကားပေါ်ကို တစ်ချက် မော့မကြည့်မိ၍ သူ့အခန်းကလည်း အပေါ်ထပ်မှ ဆင်းသည့် ကျွန်းလှေကား၏ အဆုံးတွင် တည်ရှိပေရာ ရင်တွေ တလှပ်လှပ် ခုန်နေလေ၏။





အခန်းရှေ့ရောက်သည်နှင့် တံခါးကို အတင်းတွန်းဖွင့်ကာ ဝင်လိုက်၏။

"ဟူး. . . တော်ပါသေးရဲ့"

အခန်းထဲရောက်သည်နှင့် မဲညို သိမ်းဆည်းထားသော အရက်ပုလင်းကို အလျှင်အမြန်ထုတ်ကာ ပုလင်းအဖုံးဖွင့်၍ တကွပ်ကွပ် မော့သောက်ပစ်လိုက်၏။ ထို့နောက် ဘိုးသူတော် တိမ်တစ်လုံးဆီမှ ယူလာသော ပဲကြီးလှော်ကို တကြွပ်ကြွပ်ဝါးရင်း နားကြားတာ ဆေးလိပ်ကို ဖြုတ်ကာ မီးညှိဖွာရှိုက်လိုက်၏။

"အေ. . . ဟူး"

နှစ်ခွက်လောက် ဝမ်းထဲရောက်သွားမှ နေသာထိုင်သာ ရှိသွား၏၊ ဆေးလိပ်ခိုးများကို တံထောင်းထောင်းထအောင် ဖွာရှိုက်ရင်း ပဲကြီးလှော် တကြွပ်ကြွပ်ဝါးလိုက်၏၊ စိတ်ကို ယမကာတန်ခိုးနှင့် ရဲဆေးတင်သော်လည်း မိနစ်ပိုင်းသာ ခံ၏။

မူးမူးနှင့် အမြန်ဆုံး အိပ်နိုင်အောင် ကြိုးစားသော်လည်း အိပ်၍မရ ထိုအရေးကျမှ ဂှာအေးတို့လူသိုက်ကို သတိရလာ၏၊ ဂှာအေးတို့သာရှိလျှင် သရဲတစ္ဆေတွေ နေစရာပင် ရှိပေလိမ့်မည် မဟုတ်ဟု တွေးကာ ပြုံးမိ၏။

"ရှုပ်. . . ရှုပ်. . . ရှုပ်"

"ဟင် ဘာသံပါလိမ့်"

"ရှုပ်. . . ရှဲ. . . ရှုပ်ရှုပ်ရှဲ"

"ဗုဒ္ဓေါ၊ ငါ နားကြားလွဲတာလား စိတ်ထဲထင်နေတာလား"

"ရှဲ. . . ရှဲ. . . ရှုပ်ရှုပ်"

"ဟင် ဒါ. . . ဒါ အပေါ်ထပ်က ဖြစ်မယ်ထင်တယ်"

"ဂလုံ"

"အောင်မလေးဗျ"

"ဒုန်း. . . ရှုပ်. . . ရှုပ်"

"ဘုရား. . . ဘုရား"

"ဒုတ်. . . ဒုတ်. . . ဒုတ်. . . ရှုပ်"

"ဒါ လှေကားပေါ်က ဆင်းလာတဲ့ အသံပါလား"

တိုးမျှင်းသောခြေသံက ညဦးယံကို ဖောက်ထွက်လာ၏။ [illegible] နဖူးတွင် ချွေးသီးကြီးတွေ ဆီးကင်းလောက် သီးနိုလာ၏။ [illegible] ဆတ်ဆတ်တုန်လာ၏။ ပါးစပ်ကလည်း ပွစိပွစိ ရွတ်နေ၏။ [illegible] သူ ဘာတွေ ရွတ်မိမှန်းပင် သတိမရ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လေ့ကားပေါ် တဖြုတ်ဖြုတ် ဆင်းလာသည့်အသံကို ကြားလိုက်ရ၏၊ အသံကြောင့် သူ့ဆံပင်မွေးတွေ ထောင်လာ၏။ မျက်လုံးမျက်ဆန်ပြူးလာ၏၊ ကြက်သီး တဖြန်းဖြန်း ထလာ၏။ စိတ်တွေလည်း ဖရိုဖရဲ။

"ငါ ဘာတွေဖြစ်နေသလဲ၊ ငါ ငါယောကျ်ား . . . ငါယောကျ်ားပဲ"

"ရှပ် . . . ဖျပ် . . . ဖျပ်"

"ဟင်"

ကြာတော့ သူ့စိတ်ကို သူ မနိုင်၊ ကြောက်စိတ်က ဖိစီးနှိပ်ကွပ်လာ၏။ တစ်ကိုယ်လုံး ချွေးစေးတွေ ထွက်လာ၏။ ဘိုင်နောင်းနတ်ပူးသလို ဖြစ်လာ၏။ လေ့ကားပေါ် ကွေ့ပတ်ဆင်းလာသည့် ခြေသံ တဖျပ်ဖျပ်ကို ကြားနေရဆဲ။

ကြာကြာဆက်နေလျှင် ကြောက်စိတ်ကြောင့် သူ့တစ်ကိုယ်လုံး ပေါက်တွဲသွားနိုင်၏။ မူးအောင်သောက်သော်လည်း မမူးနိုင်။ ထို့ကြောင့်လည်း ထိုင်နေရာမှ မရဲတရဲ ထလိုက်၏။

ပြီးသော် အခန်းတံခါးပေါက်နားသို့ ကော့လန်ကော့လန်နှင့် တစ်လှမ်းချင်း လျှောက်ခဲ့ပြီး တံခါးကျလက်ကို အသာဖြေ၍ ခေါင်းပြူပြီး လေ့ကားပေါ်သို့ ယောင်၍ ကြည့်လိုက်မိ၏။

"အောင်မလေးဗျ"

"ဒုန်း . . . ဂလုံး"

"ကယ်ကြပါဦး"

"ဝုန်း . . . ဗိုင်း . . . ဘုတ် . . . အား"

"အောင်မလေးတော့"

"ဟင်"

ဆံပင်ဖားလျား ထဘီရင်လျားနှင့် ဆင်းလာသော အရိပ်ကြီးကို မြင်လိုက်သည့်အခါ ချက်ချင်း တံခါးအတင်းဖွင့်ကာ အိမ်အပြင်သို့ အလျှင်အမြန် ထွက်ပြေးလာ၏။ ထိုစဉ် ပုဆိုးကလည်း ဖျတ်ခနဲ ကျွတ်ကျလေရာ ကိုယ့်ပုဆိုးစကိုယ်နင်း၍ ဗုန်းခနဲ ကျွမ်းထိုးမှောက်ခုံ လဲကျလေ၏။

ထိုအချိန်တွင် လေ့ကားပေါ်မှ တဖျပ်ဖျပ် ဆင်းလာသော အရိပ်ဖြူကြီးသည် လေ့ကားထစ်ကို ကျော်နင်းကာ ဒလိမ့်ခေါက်ကွေးနှင့် တဒုန်းဒုန်း ပြုတ်ကျလာပြီး မှောက်ခုံကြီး လဲနေသော ဖျောက်ဆိပ်ပေါ် ပုံလျက်သား လဲကျသွားလေ၏။

ထူးဆန်းသည်မှာ လဲကျလာသော သရဲမက "အောင်မလေးတော့" ဟုဆိုလိုက်သဖြင့် ကြောက်အားကြီးနေသော ဖျောက်ဆိပ်မှာ သတိဝင်လာ၏။ သရဲဆိုလျှင် အောင်မလေး တ,စရာမလိုဟု သတိထားမိလာသဖြင့် သူ့ပေါ် ပုံလဲကျလာသည့် သရဲမကို အတင်း ဆွဲလှန်လိုက်၏။





"ဟာ သရဲမှ မဟုတ်တာပဲ၊ ဘယ်ကပါလိမ့်"

သတိမေ့လျော့နေသော လူတစ်ယောက်။ မျက်နှာစွပ်ထားသော မိန်းမပုံမျက်နှာဖုံး ကွာကျသွားလေရာ မိန်းမချော ချောလှသော ယောကျ်ားတစ်ဦးမှန်း သတိထားမိလာ၏။

"ဟာ ဒါ ဟို . . . ကွင်းဂေါက်ရွာက ဂန့်ဒူးတင်ဝင်းပါလား"

သရဲ မဟုတ်မှန်း သိသောအခါ သတ္တိတွေ တဖွားဖွား တိုးလာ၏၊ ထို့ပြင် ကွင်းဂေါက်ရွာမှ မိန်းမလျာတင်ဝင်းမှန်း သိလိုက်သဖြင့် တအံ့တသြ ဖြစ်နေပေ၏။ တင်ဝင်းအသွင်က မိန်းမချောချောပြီး ဖြူနွဲ့နွဲ့ ပါးလျှလျှအသွင် ရှိ၏။ မလှကားပေါ်က တဒုန်းဒုန်းနှင့် ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျလာသဖြင့် သတိမေ့နေပေ၏။

"ဟေ့ကောင် တင်ဝင်း"

"အင်"

"တင်ဝင်း၊ သတိရပလားကွ"

"အင်း အား . . . ကျွတ်ကျွတ်"

"မင်းက ငါ့ကို သရဲခြောက်တာ သား၊ ပြောစမ်း"

"ဟင်၊ အစ်ကို"

"ဘာအစ်ကိုလဲ ပြောစမ်း။ မင်း ဘာလို့ သရဲယောင်ဆောင်နေတာလဲ"

"ရှင်၊ အဲ ဗျာ"

"မင်းနော်၊ ငါ ဖားတွေရိုက်လာတာ အကောင်နှစ်ရာကျော်နေပြီကွ၊ ငါ့ကို ဘာမျိုးမှတ်နေသတုံး"

"ရှင်၊ အဲ ဟို ကျွန်မ . . ."

"ဘာကျွန်မလဲ၊ ငါ့ကို စကားကောင်းကောင်း ပြောစမ်း၊ မင်း ဒီကို ဘာလာလုပ်တာလဲ"

"ဟင် ကျွန်မ၊ အဲလေ ဝင်း . . ."

"ပြောစမ်း မှန်မှန် မပြောလို့ကတော့ ဖားရိုက်တဲ့တုတ်နဲ့ ထွေပြီနော်"

"ဟို၊ ဝင်း ဒီဥစ္စာ"

"ဘာလဲ ပြစမ်း၊ ဟင်း ကြောစုရိုက်ကြီးပါလား ဒါ ဘာလုပ်တာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း၊ ငါ ဆရာတော်ကြီးနဲ့တိုင်"

"ဟာ၊ မ မလုပ်ပါနဲ့ အစ်ကိုရယ်"

"ဟို ဒီပိယပုရပိုက်ကို"

"ဘာ၊ ပိယပုရပိုက် ဟုတ်လား။ ဟေ့ကောင်၊ မင်းကို ငါ အရပ်လူကြီးလက် အပ်လိုက်ရမလား"

"ဟာ၊ မလုပ်ပါနဲ့ရှင်။ အဲ . . . ဗျာ၊ ဟို ဦးတုတ်ကြီးက ယူခိုင်းလိုက်လို့ပါ အစ်ကိုရယ်"

"ဩော်၊ ကွင်းဂေါက်က ထောင်ထွက် ဦးတုတ်ကြီးလား"

"ဟုတ် ဟုတ်ကဲ့"

"ကဲ၊ မင်းသွားတော့ တင်ဝင်း။ ကြာရင် ဆရာတော် သိသွားရင် မင်း နာလိမ့်မယ်"

"ဟုတ် ဟုတ်ကဲ့၊ သွား သွားတော့မယ်။ ပြီ ပုရပိုက်"

"ထားခဲ့စမ်း"

"ဒီ ဒီလို မလုပ်ပါနဲ့ အစ်ကိုရယ်၊ ဒီ ပုရပိုက်ဟာ. . ."

"ဘာဖြစ်သလဲကွ"

"ဟို တအား တန်ဖိုးရှိတာ"

"ဖင့် ဦးတုတ်ကြီးက ဘယ်လိုသိတာလဲ"

"ဟို ဒီကျောင်းကြီးပေါ်မှ ပုရပိုက်ရှိတယ်ဆိုတာ သတင်းရထားတယ်၊ အဲဒါ ကျွန်မ အဲလေ ဝင်းလည်း ဖဲရှုံးလို့ ပိုက်ဆံလိုနေတာနဲ့ အဲဒီပုရပိုက်ကို ရအောင် ယူပေးရင် ငွေငါးထောင်ပေးမယ် ဆိုတာနဲ့ ခုလို"

"ငွေငါးထောင် များလှချည်လား"

"ဝင်း စိတ်ထင်ပြောရရင် ပုရပိုက်ထဲက ပိယဆေးကို ဖော်ရင် အရမ်း တန်ဖိုးရှိပါတယ်။ ပြောရရင် မိန်းမမှန်သမျှကို အဲဒီဆေး သုံးလိုက်တာနဲ့ အတင်း လိုက်မှာတဲ့"

"ဟေ၊ တကယ်လား"

"ဟို ဦးတုတ်ကြီး ပြောတာပဲ"

"သူက ဘာလုပ်ဖို့လဲ၊ မိန်းမဆေးဖော်ပြီး မိန်းမတွေ မှောင်ခိုကူးမလို့လား"

"ဟုတ်ဘူး အစ်ကိုရဲ့"

"ဒါဆိုဘာလဲ"

"ဟို၊ အဲဒီ ပိယပုရပိုက်ကို သူ့ဖြေတစ်ယောက်ယောက်ဆီမှာ ရောင်းလိုက် ရင် ငွေသိန်းချီရမှာတဲ့ကွ"





"ဟေ့၊ ဒါဆို"

"ဒီလိုလုပ်ပါလား အစ်ကို"

"ဘာလဲကွ"

မိန်းမလျှာ တင်ဝင်းက သူ့အနားတိုးလာသဖြင့် ဖျောက်ဆိပ် တွန့်သွား၏၊ နောက်တဆုတ်ဆုတ်နှင့် ထလိုက်၏။ ထိုစဉ် တင်ဝင်းက သူ့ကို အခန်းထဲ အတင်း ဆွဲခေါ်သဖြင့် ယက်ကန်ယက်ကန်နှင့် ဝင်သွား၏။

"ဘာ၊ ဘာလုပ်မလို့လဲကွ"

"ဝင်း ဘာမှ မလုပ်ပါဘူး၊ လာစမ်းပါ အစ်ကိုရယ်"

"ဖင်၊ ဘာများလုပ်မလို့ပါလိမ့်"

"ကဲ ထိုင်ဦးဆို"

"ဟင်၊ ဘာ ဘာလဲ"

"ဒီလို အစ်ကိုယ်ရယ်။ ဟို ဒီစကားက ဝင်းကိုယ်တိုင် စဉ်းစားပြီး ပြောတာ နော်"

"ဟာ၊ အရေးထဲ ဝင်းနေရပြန်ပြီ။ ကဲ ပြောစမ်းကွာ"

"ဟို၊ ဝင်းပြောမယ်။ ဒီပုရပိုက်ကို ဝင်းရယ်၊ အစ်တိုယ်ရယ် ပေါင်းပြီး မြို့မှာ သွားရောင်းရအောင်လားဟင်"

"ဟေ"

"တကယ်ပြောတာ အစ်ကိုရဲ့၊ ဝင်းကတော့ အစ်ကိုနဲ့ပဲ ပေါင်းချင်တယ်"

"ဘာ၊ မင်း မင်းနော် ငါ့မှာ မိန်းမနဲ့"

"အို အစ်ကိုကလည်း လုပ်ငန်းကိစ္စပြောတာပါ"

တင်ဝင်း၏စကားကြောင့် ဖျောက်ဆိပ် ဝေါင်စင်းစင်း ဖြစ်သွား၏၊ စိတ်ထဲ သိန်းချီရမည်ဆိုသော တင်ဝင်း၏ အပြောကြောင့် မျက်လုံးထဲ ရာဘန်ထောင် တန်တွေ မြင်လာ၏၊ လောဘစိတ် ဘွားဘွား ဝင်လာသဖြင့် ဖျောက်ဆိပ် တက်ကြွလာ၏။

"ဒါဆို၊ ဒီကိစ္စ ဘယ်သူ့မှ အသိပေးလို့ မဖြစ်သေးဘူး"

"ဒါပေါ့ အစ်ကိုရဲ့၊ ဝင်းနဲ့အစ်ကို ဟို ဟိုဒင်း ဖြစ်ကြတာပေါ့"

"ဘာကွ၊ ဘာဒင်းဖြစ်မှာလဲ"

"ဟို အစ်ကိုတလည်း ဝင်းပြောတာ နှမ်းသာဖြီးသို့ ပြောတာလဲ"

"အင် နေပါဦးကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့တုံး အစ်ကိုရဲ့"

"ဟော့ကောင်၊ ဟိုကိုင်ဒီကိုင် မလုပ်စမ်းနဲ့။ ငါ စဉ်းစားဦးမယ်။ နေပါဦးကွ ဟာ၊ ဟုတ်ပြီ"

"ဘာတုံးဟင်၊ ဝင်းကိုပြောလေ"

"ဟာ ဒီကောင်ကလည်း"

"ပြောပါဆို"

"ဟာ၊ ဒီဂန္ဒူးကလည်း"

"အို၊ အစ်ကိုကလည်း အဟင့်အဟင့်"

"နေပါဦးကွ။ ငါက မြို့ကိုရောက်ဖူးတာ မဟုတ်ဘူးကွ၊ ဒီတော့ မင်း ဂျာအေးကိုသွားခေါ်ကွာ"

"အင်၊ ဟို အစ်ကိုတို့ရွာက ပေစုတ်စုတ်ငတေလား"

"ဦးကျောက်ဖားသားကွ"

"ဩော်၊ သိပြီသိပြီ မြသနာဂျာအေး မဟုတ်လား"

"အေး ဟုတ်တယ်၊ ဒီကောင်က မြို့ကို သုံးလေးခေါက် ရောက်ဖူးတာကွ၊ နောက်ပြီး လည်လည်ပတ်ပတ်လည်း ရှိတယ်"

"နေဦး အစ်ကိုရဲ့၊ တောင်တွင်းမှာ ဝင်းရဲ့မိတ်ဆွေ လူဖျံကြီးကိုမွေး ရှိတယ်။ သူက ပိုက်ဆံ တအား ချမ်းသာတာ၊ ဒါပေမယ့် ဝင်းက တောင်တွင်း မပြောနဲ့ မြို့ပေါ်တောင် ရောက်ဖူးတာ မဟုတ်ဘူး"

"ဒါကြောင့် ပြောတာပေါ့။ ဂျာအေးက ဒီကိစ္စမှာ အိတ်စပတ်စ်ကွ"

"အို၊ တံတွေးစဉ်လိုက်တာ"

"ဘိုလိုပြောတာကွာ"

"တော်စမ်းပါ၊ အဟင့်. . . ကဲ ဘယ်လိုလဲ "

"ငါပြောတာ မင်းလုပ်စမ်း"

"ဟာ၊ ဝင်းက ဘာလုပ်ရမလဲ။ ကိုကို့ကို ဖက်ထားရမလား"

"အေး၊ ဟာ ဒီဂန္ဒူးကလည်း တစ်မျှောင့်။ ငါ့ပြောမှာ ဂျာအေးကို လက်တို့ပြီး ခေါ်ခဲ့။ ငါ့မိန်းမ မသိစေနဲ့ ကြားလား"

"ကြားပါတယ်"

"အေး၊ ဒါဆို မနက်စောစော ရွာကိုအရောက်သွား ငါခေါ်တယ်လို့ပြော၊ ဘယ်သူမှ မသိစေနဲ့"

"ဟင်၊ ဒါဆို ဒီည ကိုကိုနဲ့အိပ်. . ."

"တိတ်စမ်း"




www.burmeseclassic.com

www.burmeseclassic.com



"အင်၊ ကိုကိုကလည်း ဝင်းတ. . ."

"ဟာ၊ သွားစမ်းကွာ။ မသွားရင် ငါ ဆရာတော်နဲ့"

"အို၊ ရက်စက်လိုက်တာ။ သွားပါ့မယ်"

"ဟို၊ ပုရပိုက်ကြီးက. . ."

"ထားခဲ့"

"သစ္စာရှိရမယ်နော်"

"အောင်မယ် သူ့ခိုးကများ"

"ဟို၊ သူခိုးလို့ မခေါ်စမ်းပါနဲ့ ကိုကိုရယ်။ ဝင်းက လိုချင်လို့ ဝင်ယူတာ။ အဲဒါ ကိုကိုကြောက်အောင် ဝင်းက ခြောက်တာလေ။ ကိုကိုကလည်း သတ္တိခဲကြီး နော်။ ဝင်းကို တွေ့တာနဲ့ ကိုယ့်ပုဆိုးကိုယ်နင်းပြီး ပြေးတော့တာပဲ။ ဟင်းဟင်း သိပ်ရယ်ရတယ်"

"သွားစမ်းပါကွာ။ အရေးပြန်နူးနေရပြန်ပြီ"

"ဖါပဲနော်"

"ဟာ၊ ငါ ဖနောင့်နဲ့ ထပေါက်လိုက်ရ"

"တာ့တာ"

တင်ပင်းတစ်ယောက် သူ့ကို ကန့်ကယကလေးလုပ်ကာ သူ့ရှေ့မှ မြတ် ပြေးသွားလေ၏။ ဖျောက်ဆိပ်မှာ ကြေးပုရပိုက်ကြီးကို မျက်လုံးမှုန်ကုပ်ကုပ်နှင့် ဖတ်ရှုရင်း တအံ့တသြ ဖြစ်နေ၏။

"ဟာ၊ ဆေးနည်းကလည်း ကောင်းလှချည်လား။ ဆေးတစ်စက်လိမ်းတာ နဲ့ မျက်မှန်သမျှ လူမရော တိရစ္ဆာန်မပါမကျန် နောက်က တကောက်ကောက်လိုက် နိုင်တယ်ဆိုပါလား။ အင်၊ ဆေးကလည်း တန်ဖိုးကြီးလှချည်လား။ ရွှေလည်း ပါတယ်။ ကန့်လည်းပါတယ်၊ အို အမယ်စုံလှချည်လား"

ပုရပိုက်ကြီးကို ဖတ်ရှုရင်း ဝမ်းသာအားရ ဖြစ်နေ၏။ မိန်းမလျှာတင်ဝင်း ပြောသလို သူဌေးတစ်ယောက်ယောက်ကို ရောင်းချလိုက်ရင် ပိုက်ဆံသိန်းအို ရနိုင်ကြောင်း တွက်မိ၏။ ဝမ်းသာလွန်းသဖြင့် ထခုန်ချင်စိတ်ပင် ပေါ်နေ၏။ ချမ်းသာလို့ကတော့ အပုလေးကို ပိုက်ဆံနှင့်ပေါက်ပြီး မှိုင်းခိုင်း နင်းခိုင်းလိုက်မည် ဟုတွေးကာ အကြီးအကျယ် ကြံစည်တွေးတောနေပေ၏။

ထို့ပြင် ကျာအေးခမျာ ချစ်တဲ့ခေသူမို့ ပုရပိုက်ဆေး ခေါ်ပြီးသျှင် တွေ့အား အတွက်လည်း အနည်းငယ်ရအောင် ယူပေးမည်ဟု တွေးကာ ဝမ်းသာကြီး သာနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အစ်ကိုလေးက ဂျာ ဂျာအေးလား"

"ဟင်၊ အခြောက်ကြီးပါလား"

"ကြည့် တစ်ကိုဂျာအေးကတော့ လုပ်ပြီ"

"ဟေ့ကောင်၊ ငါနဲ့ ဝေးဝေးနေစမ်း။ တော်ကြာ၊ ငါကို ကြိုက်ချင်ချင်ဖြစ်နေတဲ့ ပန်းညို အထင်လွဲသွားမယ်ကွ"

"အို၊ ကိုလေးကလည်း"

"ဘာ၊ ကိုလေး သွား-သွားစမ်း"

"လာပါဦးဆို အဟင့်"

"ဟာ၊ ဒီအခြောက် ဘယ်လိုဖြစ်သတုံး"

"လာစမ်းပါဦး ကိုလေးရယ်၊ ဝင်း ပြောစရာရှိလို့ပါ"

"ဟာ၊ ဒုက္ခပါပဲကွာ။ ဒီမှာ ဂေါ်မစွဲလို့ စိတ်ညစ်နေရတဲ့ကြားထဲ"

"အို၊ ဝင်းနဲ့ပေါင်းရင် ဂေါ်မကဘူး ပေါက်တူးတို့၊ ပေါက်ပြားတို့ပါ စွဲစေမယ်"

"ဗုဒ္ဓေါ၊ ဒီအခြောက် ဘယ်လိုဖြစ်လာပါလိမ့်"

ဂျာအေးတစ်ယောက် ကိုင်းထဲမှအပြန် လေ့ဆိပ်၌ မိန်းမလျှာ တင်ဝင်းနှင့် ပက်ပင်းဆုံလိုက်ရသဖြင့် မရှောင်သာအောင် ဖြစ်နေ၏။ ကိုင်းထဲမှ အိပ်ချင်မူးတူး ထလာသဖြင့် စိတ်တိုနေ၏။ ထို့ပြင် မိန်းမလျှာနဲ့ တွဲနေသည်ဆိုသောသတင်း ပန်းညိုထံ ရောက်သွားမည်ကို ဂျာအေး လွတ်စိုးရိမ်နေမိ၏။ သို့သော် တင်ဝင်းတ မလွှယ်။ အတင်း နသားပါးရား လုပ်နေသဖြင့် ဂျာအေးတစ်ယောက် ချောတ်တူနေလေ၏။





"ကဲ၊ ပြောစမ်းပါဦး။ မင်းက ဒီရွာ ဘာလာလုပ်တာတုံး"

"ကိုလေးကို လာရှာတာပါ"

"ဘာ၊ ငါ့ကို ဘာလုပ်ဖို့လဲ ဟေ့ကောင်။ မင်း ယောက်ျား ဣန္ဒြေပျက်အောင် မလုပ်နဲ့နော်။ ငါက ရွာမှာ နာမည်တစ်လုံးနဲ့နေတာကွ"

"ယုံပါဘူး၊ ဂျာအေးဆိုတော့ နာမည်နှစ်လုံးပေါ့"

"တိတ်စမ်းကွာ။ ကဲ ဖယ်စမ်း"

"နေပါဦး ကိုလေးရယ်။ ပြောစရာရှိလို့ပါ"

"ဘာလဲပြော၊ မြန်မြန်ပြော"

"ဟင့် ဒေါ်ကြီးပဲ။ ဝင်းက စေတနာနဲ့ခေါ်တာနော်။ နောက်မှ ဝင်းကောင်းတာ သိလိမ့်မယ်"

"ဟာကွာ။ ပြောမယ့်ဟာ ပြောစမ်း"

"သူ့ကို ကိုကိုဖျောက်က ခေါ်ခိုင်းလိုက်. . ."

"ဟင်၊ ကိုကြီးဖျောက် ဟုတ်လား။ ဟို တောကျောင်းက ကိုကြီးဖျောက်ကလား"

"ဒါပေါ့။ အရေးကြီးလို့တဲ့"

"ဟင်၊ ဘာများ အရေးကြီးလို့ပါလိမ့်"

"ဝင်းနဲ့ လိုက်ခဲ့လေ။ ဝင်းခေါ်သွားမယ် လာ"

"နေစမ်းကွာ။ ဟေ့ကောင် မင်း ငါ့ကိုနောက်နေတာလား"

"အို၊ တကယ်ပြောတာပါဆို။ ဟိုက အရေးကြီးလို့တဲ့ လိုက်ခဲ့စမ်းပါ"

မိန်းမလျှာတင်ဝင်းက အတင်းဆွဲခေါ်နေသဖြင့် ဂျာအေးတစ်ယောက် စေးအူချာချာနှင့် ပါသွားလေတော့၏။ သူ့စိတ်ထဲ ချစ်ရသူ ပန်းညိုတွေ့မှာလည်း စိုးရိမ်နေသဖြင့် ရွာအနောက်ဘက်မှ ကွေ့ပတ်၍ လျှောက်ခဲ့ကြ၏။

ထိုစဉ် ကံဆိုးချင်တော့ အနောက်ရွာမှ ကြွေးတောင်းပြန်လာသော ဒေါ်တလုတ်မနှင့် မျက်နှာချင်းဆိုင် တိုးလေတော့၏။ မိန်းမလျှာ တင်ဝင်းတ နွဲ့ကလျနှင့် သူ့လက်ကိုဆွဲထားပေရာ ဒေါ်တလုတ်မတို့ မြင်သည်နှင့် ထတ်တိုအတင်းခါချလိုက်ရ၏။

"ဟဲ့၊ ဂျာအေးပါလား"

"ဗျာ၊ ဘယ်ကပြန်လာလဲ မိုးတလုတ်မ"

"နေပါဦး။ နင်က ရှည်းစားတွေ ဘာတွေနဲ့ပါလားတဲ့။ တွေ့ ငါ့သမီးတို့မရလို့ ရရာ. . ,"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ မဟုတ်ရပါဘူးဗျာ"

"ဟုတ်တယ် ကြီးတော်ရဲ့။ ဝင်းက ကိုလေးကို တအားချစ်တာ၊ နော် ကိုလေး"

"တိတ်စမ်း၊ ငါ နားရင်းပိတ်တီးလိုက်ရကွာ။ အလကားပြောတာ ကြီးတလုတ်မ ဟို ကိစ္စရှိလို့ပါ။ သူနဲ့ကျွန်တော် ရှင်းလင်းပါတယ်"

"အိုတော်၊ ဗီလောက် လက်ချင်းချိတ်သွားတာ ငါ့မျက်စိနဲ့ တပ်အပ်မြင်တာကို နင်က ပြောင်လိမ်တယ်ပေါ့။ ငါ့သမီးနဲ့ ပြန်ပြောလိုက်ဦးမှ"

"ဟာ ရီးတလုတ်မ၊ ရီး. . . ဟာ ဒုက္ခပါပဲကွာ"

"အို၊ ကြေညာပြီးသား ဖြစ်သွားတာပေါ့ ကိုလေး"

"တိတ်စမ်း၊ သွားပါပြီကွာ။ ဒီကောင်ရှုပ်တာနဲ့ ပန်းညိုနဲ့ငါ ဝေးရတော့မယ်"

"အို၊ ပူပါနဲ့ ဝင်း. . . "

"ဟာကွာ"

ဒေါ်တလုတ်မကြီးက သူ့ရှေ့မှ အိလှုပ်ဖိလှုပ်နှင့် ထွက်သွားသဖြင့် ကျာအေး ခေါင်းစားပြီး ကျန်ရစ်ခဲ့၏။ ပြဿနာက နိုးထုပ်နိုးထည်မိနေသည့် အခြေမို့ ရှင်းရခက်နေပေ၏။

"မင်းလုပ်တာကွ။ ငါ့ကို မကိုင်ပါနဲ့ပြောရက်နဲ့ကွာ၊ ခုတော့ သွားပါပြီ"

"အို၊ ဝမ်းမနည်းပါနဲ့ လာစမ်းပါ ကိုလေးရာ"

တင်ဝင်း အတင်းဆွဲခေါ်သဖြင့် နောက်ဆုံး တောကျောင်းအနောက်ဘက်သို့ ရောက်ရှိလာလေ၏။ ဖျောက်ဆိပ်မှာ ကျာအေးကို မြင်လိုက်သည်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။

"ဟာ၊ ကျာအေး"

"ကိုကြီးဖျောက်"

"အေးကွ။ ငါက မင်းတို့ တွေ့ချင်နေတာကွ"

"ဒီအခြောက်နဲ့ ကိုကြီးဖျောက်က ခေါ်ခိုင်းတာလား"

"တုတ်ပ။ ဘာဖြစ်လို့လဲ"

"ဟို ဒီကောင်နဲ့ကိုကြီးဖျောက်က ချစ်သူတွေ"

"ဟာကွာ အရေထဲ၊ ကဲ လာလာ ကျောင်းထဲဝင်ရအောင်။ ဒီမှာပြောလို့ မဖြစ်ဘူးကွ"

"ဘာများတုံးဗျ"



"လာစမ်းပါကွာ"

ပြောပြောဆိုဆိုနှင့် အနောက်ဘက်ကျောင်းကြီးထဲ ဝင်ကာ ပီယပုရပိုက်ကြီးကိုထုတ်၍ ဖျောက်ဆိပ်နှင့် တင်ဝင်းတို့က အကျေအလည် ရှင်းပြလိုက်၏။ ကျာအေးမှာ ဖျောက်ဆိပ်နှင့် တင်ဝင်းတို့၏စကားကြောင့် မျက်မှောင်ကြီး ကုပ်ကာ ပုရပိုက်ကြီးကို အခမ္ပ ဖတ်ရှုနေ၏။

"ဟာ၊ ဒါ ပီယဆေးဖော်ရမယ့် ဆေးမယ်တွေပါလား"

"ဟုတ်ပ။ ဒါ ရှေးဟောင်း ပုဂ္ဂိုလ်ကြီးတစ်ဦးက လျှို့ဝှက်မှတ်တမ်းတင်ခဲ့တာကွ။ နာမည်က ပေလုံးတဲ့"

"ဟင်၊ ဟုတ်လား။ ပုရပိုက်ထဲမှာရေးထားတာတော့ လူမပြောနဲ့ တိရစ္ဆာန်မတောင် ဆေးအနံ့ရတာနဲ့ တမ်းတမ်းစွဲဆိုပါလားဗျ"

"အဲဒါကြောင့် ငါ မင်းအတွက်လည်း စိတ်ကူးမိတယ်"

"ဟာဗျာ၊ ကျုပ်အချစ်က တိရစ္ဆာန်မှ မဟုတ်တာ၊ ပန်းညိုလေဗျာ"

"ငါသိပါတယ်ကွာ၊ ငါပြောချင်တာ ဒီလို"

"ဘယ်လိုပါလိမ့်"

"ဒီလိုကွ"

ဖျောက်ဆိပ်သည် သူနှင့် တင်ဝင်းတို့နှစ်ဦး ပူးပေါင်းတိုင်ပင်ထားသည့် ကိစ္စကို ပြောပြလိုက်၏။ ကျာအေးမှာ သူတို့စကား ကြားရသောအခါ ပါးစပ်အဟောင်းသား ဖြစ်နေပေ၏။ ဖျောက်ဆိပ်ကလည်း သူ၏ 'မဟာဗျူဟာ' စီမံကိန်းကြီးကို ပြောပြလိုက်၏။

"ဟာ၊ သိပ်ကောင်းတဲ့ အကြံအစည်ပဲဗျာ။ ကျွန်တော်လည်း ပန်းညိုကို ဒီဆေးနဲ့ အပိုင်ဖန်တီးလိုက်ချင်ဗျာ။ ဒါပေမယ့် အဲဒီလူပျိုကြီးကိုမွှေးက ကျုပ်ကို ပေးပါ့မလား"

"ဟာ၊ ဒါကတော့ ကတိတောင်းရမှာပေါ့တွာ။ ပိုက်ဆံကလည်း သိန်းချီ ရမှာနော်။ မင်းကိုလည်း ဝေစုပေးမှာပေါ့ကွ၊ အနည်းဆုံး တစ်သောင်းတစ်သိန်း ကျော်ကျော် ရမှာကွ"

"ဒါဆို၊ ကျုပ်လိုက်မယ်ဗျာ၊ ကျုပ်တ သွားရေးလာရေးမှာတော့ ခင်ဗျားတို့ နှစ်ယောက်ကို ကူညီမယ်"

"ပျော်တယ်ဟေ့၊ ဝင်းတော့ အရမ်းပျော်တာပဲ"

"အင်၊ ဘာဖြစ်သွားတာတုံး"

"ပြောတတ်ဖူးလေ၊ ဒီအခြောက်က ဝတ်ရှုတြိမ်တာထင်ပါ့"

www.burmeseclassic.com

www.burmeseclassic.com



"အို၊ ဒီလို မပြောနဲ့လေ၊ ဟောဒီက ကိုကိုရယ်၊ ပြီးတော့ ဟောဟိုက ကိုလေးရယ် ဟီးဟီး နှစ်ယောက်ကြီးများတောင်၊ ဝင်းတော့ သေပျော်ပြီ"

"ဟာ၊ သေပျော်ပြီဆိုလည်း ခုသေတော့ကွာ"

"အို၊ ရက်စက်လိုက်တာ ကိုလေးရယ်"

"တိတ်စမ်း၊ ကဲ ဒါဆို ကျုပ်တို့ ဘယ်တော့ သွားမှာလဲ"

"ဟာ၊ ဒီကိစ္စ ဘယ်သူမှ အသိခံလို့ မဖြစ်ဘူးနော်၊ အထူးသဖြင့် ငါ့မိန်းမ အပုလေးပဲ၊ သိလို့ကတော့ ငါ ခေါင်းနဲ့ဆင်းရမှာကွ"

"ကျုပ်သိပါတယ်ဗျာ၊ ကဲ ဘယ်လိုလုပ်မလဲ"

"ငါ ဆရာတော်ကို မင်းကိစ္စ အကြောင်းပြပြီး မြို့သွားခွင့် တောင်းလိုက်မယ်၊ မင်းအဘကိုလည်း ပြောခဲ့ မနက်ဖြန်စောစော သွားရအောင်"

"ကောင်းတယ်၊ ဒီကိစ္စ မြန်လေကောင်းလေပဲဗျ"

"ဒါပေါ့ကွ"

"သူတို့က ဝင်း ရှိနေသာနဲ့ သိပ်ဘူးကျတာပဲ"

"ဟာ၊ ဒီအခြောက်ကတစ်မျိုး"

"အို၊ ချစ်လို့ပဲဟာ"

"တော်စမ်းကွာ"

တင်ဝင်းခမျာ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦးနှင့် ခရီးထွက်ရမည် ဆိုသဖြင့် အပျော်ကြီး ပျော်နေပေ၏။

"ဘယ်လိုဖြစ်နေတာတုံးဟ"

"သေပါတော့ဟာ၊ နေစမ်းပါဦး နင်က ဗီယဆေးကော သုံးဦးမှာလား"

"အို၊ ကိုကိုဖျောက်ကလည်း တကယ်ဆို ဝင်းက ဗီယဆေး မဆောင်ဘဲနဲ့ တောင် ယောကျ်ားတွေ ဝင်းကိုမြင်ရင် ထွန့်ထွန့်လူးနေကြတာ၊ ဗီယဆေးသာ ဆောင်လိုက်လို့ကတော့"

"ဘာတွေဖြစ်လာမလဲ၊ ခွေးတိရစ္ဆာန်တွေ လိုက်မှာလား"

"ဟင်း၊ ကိုကိုဖျောက်ကတော့ လုပ်ပြီ၊ ဝင်းဆို ဘယ်တော့မှ အကောင်း မပြောဘူး၊ တကယ်ဆို ဝင်းဟာ မိန်းမသား မစစ်တစစ်ပေမယ့် အချစ်တသူများထက် ပိုပါတယ်"

"တော်စမ်းပါဟာ၊ စိတ်ညစ်ရတဲ့အထဲ"

"အို၊ ဘာပဲပြောပြော ကိုကိုဖျောက်နဲ့ ကိုလေးတို့ နှစ်ယောက်ကြား အချစ်တွေ အများကြီးနဲ့ နေရတာ ပျော်လိုက်တာ၊ ဝင်းလေ ဝင်းတော့ ဟို ဝင်း. . ."



"ဟာ၊ သေပါလားတွာ"

ဂျာအေးရော ဖျောက်ဆိပ်ပါ မိန်းမလျာတင်ဝင်းကို ကြည့်ပြီး ရှုံ့တွရှုံ့တွ ဖြစ်နေကြလေ၏၊ သို့သော် တင်ဝင်း အားကိုးနှင့် လုပ်ဆောင်ရမည့်ကိစ္စများ ရှိနေသဖြင့် အလိုက်သင့်မျှောကာ ပေါင်းသင်းခဲ့ရလေ၏။

သို့နှင့် နောက်တစ်နေ့ နံနက်အရောက်တွင် ဖျောက်ဆိပ်သည် ဆရာတော်ဘုရားကို ဂျာအေးကိစ္စအကြောင်းပြီး လျှောက်ထားခဲ့သယို ဂျာအေးကလည်း ဖခင် ဦးကျောက်ဖားကို လှည့်ပတ်ပြောဆိုကာ သူတို့နှစ်ဦး မော်တော်ဖြင့် ရေနံချောင်းမြို့သို့ ရောက်ရှိလာ၏။

မိန်းမလျာတင်ဝင်းမှာ သနပ်ခါးအဖွေးသား နှုတ်ခမ်းရဲရဲလေးဆိုးကာ လုံချည်ကို ထဘီသဏ္ဌာန်ပတ်ထားသဖြင့် ရုတ်တရက်ကြည့်လျှင် မိန်းမချောလေး တစ်ယောက်သဏ္ဌာန် တူလှပေ၏။

တင်ဝင်းသည် ဂျာအေးလက် ဆွဲလိုက်၊ ဖျောက်ဆိပ်ပခုံး ကိုင်လိုက်နှင့် အကြည်နူးကြီး ကြည်နူးနေသော်လည်း ဂျာအေးနှင့်ဖျောက်ဆိပ်ခမျာ အတော်ကလေး သည်းညည်းခံနေရပေ၏။ ဖျောက်ဆိပ်မှာ မြို့ပေါ်တွင် သူ့အသိများနှင့် တိုးမှာကို အစိုးကြီး စိုးရိမ်နေရှာ၏။ သို့နှင့် ရေနံချောင်းကားဂိတ်အရောက် တောင်တွင်းသို့ သွားမည့်ကားကို လက်မှတ်ဖြတ်လိုက်ပြီး ကားပေါ်တက်ခဲ့ကြလေ၏။ ဖျောက်ဆိပ်က ဂျာအေးကိုကြည့်ပြီး ပြောလိုက်၏။

"ဂျာအေး၊ မင်း တင်ဝင်းနဲ့ထိုင်ကွာ၊ ငါက အိမ်ထောင်သည်ဆိုတော့ မကောင်းဘူးကွာ"

"ဟာ၊ ဘာဆိုင်လို့လဲဗျ၊ ကျုပ်က လူပျိုလေ၊ ဒီတော့ ပန်းညို့ အသိုင်းအဝိုင်းတွေ မြင်သွားရင် ဘယ်လိုလုပ်မလဲ"

"အို၊ ဝင်းနဲ့ လိုက်ပြေးသွားတယ်ပေါ့"

"ဟာ တိတ်စမ်းကွာ၊ အရေးထဲ နိမိတ်မရှိ"

"ဟုတ်သေးဘူး ဂျာအေးရ၊ ငါ့မိန်းမ အပုလေးဘက်က ဆွေမျိုးတွေ ဒီမှာ အများကြီးကွ၊ တော်ကြာ ငါ မိန်းမလျာ နဲ့ပြေးသွားတယ်လို့ သတင်းထေ လိုက်ရင် ဘယ်လိုလုပ်မတုံး"

"အို၊ ကြေညာပြီးသား ဖြစ်သွားတာပေါ့"

"တိတ်စမ်း"

"အင်း၊ ကိုကိုဖျောက်ကလည်း စိတ်ချည်းပဲ"

"ဒါဆို ဒီလိုလုပ်ဗျာ၊ ခင်ဗျားနဲ့ကျွန်တော် ဈေးထဲ[illegible]

www.burmeseclassic.com



"အေး ကောင်းတယ်ကွ"

"ကဲ၊ ဒါဆို ခင်ဗျား ဘာယူမလဲ"

"ခေါင်း"

"လှန်ပြီဗျာ"

နှစ်ဦးသား ထိုင်ခုံနောက်ကို မှောက်ပန်းလှန် ဆုံးဖြတ်လိုက်ကြရာ နောက်ဆုံးတွင် ဖျောက်ဆိပ် မဲပေါက်သွားလေတော့၏။

"ယေး၊ ဒါမှ တို့ကိုကိုဖျောက်တော့။ တင်းဟင်း။ ဝင်းကတော့ ဘယ်သူနဲ့ ကျကျ ရင်ခုန်တာပဲ"

"ဟာကွာ၊ သေတော့မှာပဲ"

ဖျောက်ဆိပ်တစ်ယောက် ရှုံ့မဲ့မဲ့လုပ်ကာ တင်ဝင်းဘေးတွင် ဝင်၍ ထိုင်လိုက်၏။ တင်ဝင်းကတော့ သဘောခွေ့နေပေ၏။ ဖျောက်ဆိပ် ပန်းကလေးပေါ် ခေါင်းကလေးတင်ကာ ကန့်ကလျ လုပ်နေပေ၏။

"ဒုက္ခပါပဲ။ ဒီကောင်မနဲ့ တစ်လမ်းလုံး ခရီးသွားရမှာ ကြက်သီးတွေ ထလိုက်တာ"

"အို၊ ကိုကိုဖျောက်ကလည်း ဖွားရည်ဆမ်းခရီးလို့ သဘောထားပေါ့။ ဟုတ်ဘူးလား နော်"

"တိတ်စမ်းကွာ။ ဖွားရည်ဆမ်းခရီး မဟုတ်ဘူးကွ။ ငံပြာရည်ပုပ်ကို မဆလာ နှိုင်းချင်းဖြူတဲ့ ခရီးကွ"

"အွန်၊ ကိုကိုဖျောက်ကလည်း စိတ်ချည်းပဲ။ လောကမှာ အချစ်ဆိုတာ အဖိုရယ်၊ အမရယ် ခွဲမထားပါဘူး။ ဘယ်သူမဆို ချစ်ချင်းမေတ္တာကို ပိုင်ဆိုင်ပါတယ်"

"တိတ်စမ်းကွာ၊ ကြာရင် ငါ ဖနောင့်နဲ့ ထပေါက်မိလိမ့်မယ်"

"အင်၊ စိတ်ချည်းပဲ"

ဖျောက်ဆိပ်တစ်ယောက် စိတ်အကြီးကျယ် ညစ်နေရ၏။ တင်ဝင်းက သူ့ကို ဖက်လား ဘာလား လုပ်လာသောကြောင့် ကြက်သီးဖြန်းဖြန်း ထနေ၏။ မျက်လုံးထဲတွင်လည်း ရှေတ်တျည်ပွေ့ကိုင်ကာ ထဘီစွန်တောင် တစ်ဖက်ဆွဲ၍ သူ့ကို ဒေါသတကြီး ကြိုဆိုနေမည့် အပုလေးကို မြင်ယောင်လာ၏။ သို့သော် အခြေအနေရ အောင့်အည်းသည်းခံနေရပေ၏။ ကျာ်အေးကတော့ သူတို့နှစ်ယောက်တို လှည့်ကြည့်လှည့်ကြည့် လုပ်ရင်း ပြုံးစိစိ ဖြစ်နေ၏။

"ဟော့ကောင် ဘာသဘောတုံးကွ"





"ဪ၊ ဆရာဖျောက်က ကြီးပွားနေပုံကိုကြည့် . . ."

"တော်စမ်းကွာ။ မင်းကြီးတော် ကြီးပွားတာလား"

"ဟဲဟဲ၊ ဘဝဆိုတာ တစ်ခါတစ်ခါတော့လည်း အဲဒီလို ဘာလို အရသာကို ခံစားသင့်တာပေါ့ဗျာ"

"ဘာကွ"

"ဪ၊ စောစောက တင်ဝင်းပြောသလိုပေါ့ဗျာ။ အချစ်ဆိုတာ အဖိုအမ မခွဲထားပါဘူးလေ။ ဒီတော့ ချစ်စရာရှိရင် ချစ်ပစ်လိုက်ပေါ့ဗျာ"

"ဟော့ကောင်၊ မင်း မင်း"

"ဟားဟားဟား မပုလေးရေ ခင်ဗျားယောကျ်ား ကိုကြီးဖျောက်တော့ နောက်ကွယ်မှာ ဖောက်သည်တွေ့နေပြီဗျို့"

"ငါကွာ၊ သေတော့မှာပဲ"

ဖျောက်ဆိပ်တစ်ယောက် မှောက်မီးခဲတိုင်မိသလို ဇွေ့ဇွေ့ခုန်နေ၏။ ကျာအေးကတော့ ရယ်ဖြုံဖြုံ၊ တင်ဝင်းကမူ ဖျောက်ဆိပ်ကို ကိုကြီး ကိုကြီးနှင့် မိုးမွှန်အောင်ခေါ်ရင်း အတင်း ဖက်ရမ်းနမ်းရှုတ်နေပေရာ သူတို့အဖြစ်ကိုကြည့်ပြီး တစ်ကားလုံး ပွဲကျနေပေ၏။

သို့နှင့် သူတို့ စီးနင်းလိုက်ပါသော အဝေးပြေးကားကြီးသည် မကွေးမြို့တို ဖြတ်ကျော်ကာ တောင်တွင်းကြီးနယ်ထဲသို့ ဝင်လာ၏။ ထနောင်းပင်၊ မန်ကျည်းပင်၊ ထန်းပင်၊ တမာပင်တို့ ဝေဆာရှင်သန်နေသော တောင်တွင်းမြေ တုန်အေနိမ့်မြင့် အတက်အဆင်းများကလည်း ပေါများလှပေ၏။

ချောင်းအသွယ်သွယ်ကို ဖြတ်ရင်း နောက်ဆုံး တောင်တွင်းကြီးမြို့ထဲသို့ ရောက်ရှိလာရာ ကားရပ်သည်နှင့် ကားပေါ်မှဆင်းကာ မြင်းလှည်းလုံးချင်းငှား လိုက်၏။ ထို့နောက် သူတို့သုံးဦး မြင်းလှည်းပေါ်တက်ကာ တောင်တွင်းမြို့၏ မြောက်ဘက် လှုပျိုကြီးကိုဖွေးနေသော အိမ်ကြီးဆီသို့ ဦးတည်ခဲ့ကြလေ၏။

.တောင်တွင်းကြီးမြို့ကလေးမှာ မြန်လည် ထုတောင်ခါ၍ မြို့ကလေးဖြစ်သော်လည်း တိုက်တာအဆောက်အအုံများ၏၊ ကျေးလက်၏အလှ ထပ်ထွက်လ၏။ လူနေထူထပ်လှသဖြင့် မြို့သစ်များလည်း တိုးချဲ့ထားပေ၏။ သူတို့ စီးနင်းလာသော မြင်းလှည်းသည် လမ်းချိုးတစ်ခုထဲ ချိုးဝင်ကာ နှစ်ထပ်အိမ်ကြီးတစ်လုံး အရှေ့ ရပ်လိုက်၏။

"တိုမွှေး၊ အို တိုမွှေး ရှိသလားတော့"

"ဟော့ ဘယ်သူတုံးတွ"



www.burmeseclassic.com

www.burmeseclassic.com

"ဝင်းလေ ဝင်းပါ"

"အင်"

တင်ဝင်းအသံက ညှောင်နာနာ ခွဲကာစွဲကာနှင့် တီတီတာတာ ပြောဆိုရင်း ခြံတံခါးတွန်းဖွင့်ကာ အိမ်ဝိုင်းထဲ ဝင်လိုက်၏။ ထိုစဉ် အိမ်ကြီးထဲမှ လှုပ်တုတ်လှုပ်တုတ်နှင့် ထွက်လာသော လူပျိုကြီးကိုမွှေး။ နဖူးပြောင်ပြောင်၊ ဗိုက်ဆူဆူ၊ နှာလုံးပွပွ၊ မျက်လုံးပြူးပြူးနှင့်မို့ ရုတ်တရက်ကြည့်လျှင် ဝက်ကြီးတစ်ကောင်နှင့် တူလှပေ၏။ ငယ်ထိပ်တွင် ဆံပင်မွေး ကျိုးတိုးကျဲတဲရှိကာ ရယ်လိုက်လျှင် ကွမ်းစားထားသော နီကြင်ကြင် သွားကျဲကြီးများ ပေါ်လာတတ်ပေ၏။ သူသည် တင်ဝင်းကို တွေ့သည်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။

"ဟာ၊ အဝင်းပါလား"

"ဟုတ်ပ ကိုကြီးရေ။ ဧည့်သည်တွေလည်း ပါတယ်နော်"

"ဟင်၊ မင်း ယောက်ျားနှစ်ယောက်တောင် ခိုးလာတာလားကွ"

"ဗျာ"

"လုပ်ပြီကွ"

ကိုမွှေးစကားကြောင့် ဖျောက်ဆိပ်ရော ဂျာအေးပါ အူချာချာ ဖြစ်သွား၏။ တင်ဝင်းကတော့ ပြုံးဖြီးဖြီးကြီးနှင့် သဘောကျနေ၏။

"ဟုတ်သေးဘူး ကိုမွှေးရဲ့၊ နောက်တော့လည်း ဟီး ဟီး နှစ်ယောက်စလုံး ဝင်းရဲ့ချစ်သူတွေ ဖြစ်. . ."

"ဟေ့ကောင် တင်ဝင်း"

"အင်"

"ဘာတွေလျှောက်ပြောနေတာလဲ"

"အဲ၊ သူကလည်း စိတ်ချည်းပဲကိုး။ ကဲ ဝင်ဝင်"

"ဝင်ကြပါ ခင်ဗျာ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး လူပျိုကြီးကိုမွှေး အိမ်ထဲသို့ ဝင်ခဲ့ကြ၏။ အိမ်ထဲတွင် ပြင်ဆင်ထားသည့် အိမ်ထောင်ပရိဘောဂများကလည်း တောက်ပသန့်စင်နေ၏။ သူတို့သုံးဦး ဧည့်ခန်းထဲရောက်သည်နှင့် ဆိုဖာခုံများပေါ် ထိုင်လိုက်ကြ၏။ ထိုစဉ် တင်ဝင်းက ကိုမွှေးနှင့် အတော်လေး တရင်းတနှီး ရှိပုံရ၏။ ထို့ကြောင့်လည်း အိမ်အနောက်ဘက်ဝင်သွားသော ကိုမွှေးနောက်သို့ ထိုင်နေရာမှ အတင်း ပြေးလိုက်သွားလေ၏။

အထဲရောက်သည်နှင့် လေသံတိုးတိုးနှင့် ပြောဆိုနေပေရာ လူပျိုကြီး





www.burmeseclassic.com

www.burmeseclassic.com


ကိုမွေးမှာ ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။

"တ တကယ်လား ဝင်းရယ်"

"အို တကယ်ပါဆိုမှ၊ ဟိုဖျောက်ဆိပ်ဆိုတဲ့ လူကြီးဆီမှာ အဲဒီပုရပိုက် ရှိတယ်။ ပုရပိုက်ကြီးက အနှစ်ရာချီနေပြီ။ ဒါပေမယ့် ရေးထားတဲ့ စာတွေ မပျက်သေးဘူး ကိုမွေးရ"

"ဟင်၊ ဒါဆို ကြည့်မယ်လေ။ ဟုတ်လို့ကတော့ ငွေဘယ်လောက် ပေးရ ပေးရပေါ့ကွာ"

"ဒါဆိုလာလေ"

"ဟို၊ စားသောက်စရာလေး ဘာလေး ပြင်ပြီးထွက်ခဲ့မယ်"

"ဒါဆိုလည်း ပြီးရော"

တင်ဝင်းတစ်ယောက် ဧည့်ခန်းထဲ စပ်ဖြီးဖြီးနှင့် ပြန်ထွက်လာလေ၏။ ဖျောက်ဆိပ်ခမျာ တင်ဝင်း၏ ကျောက်ကျောရေပေါက်ထားသည့် မျက်နှာကို ကြည့်မရသော်လည်း မကြည့်ချင်ဘဲ ကြည့်၍ မေးလိုက်၏။

"ဘယ်လိုတုံးကွာ"

"အိုကေတယ် ကိုကြီးဖျောက်ရေ"

"ဟင် တကယ်လား"

"တကယ်ပေါ့။ သူ့ ပုရပိုက်ကြီး ထုတ်ထားလေ"

"အေးအေး"

ပြောပြောဆိုဆိုနှင့် ဟမ်းဘက်အိတ်ထဲမှ စက္ကူနှင့်ပတ်ထားသော ပုရပိုက်ကြီးကို ဆွဲထုတ်လိုက်၏။ ထိုစဉ် အခန်းထဲသို့ ကိုမွေးတစ်ယောက် စားသောက်ဖွယ်ရာများယူ၍ ရောက်ရှိလာ၏။

"ဟော့ဒီမှာ ကိုမွေး"

"ဟင်၊ ပြစမ်း ပြစမ်း"

ကိုမွေး၏ပုံသဏ္ဌာန်က ဝိယဆေးပုရပိုက် ဆိုသည်နှင့် ကျွေမရ ဖြစ်နေ၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ်လက်ထဲမှ ပုရပိုက်ကြီးကိုယူကာ မှန်ဘီလူးကြီးကိုင်ပြီး ပြုံးပြုံးပြုံးပြုံး ဖတ်လိုက်၏။

"ဟာ၊ ရွှေက ငါးကျပ်သားတောင်ပါလား။ အရင်းအနှီးတောာ့ သိန်းချီ တယ်နော်"

"ဒါပေါ့၊ ဒါမှလည်း ဝိယဆေး ဖြစ်မှာပေါ့"

"ဟင်၊ လူမ မပြောနဲ့ တိရစ္ဆာန်တောင် စွဲလမ်းသွားစေနိုင်တယ် ဆိုပါလား"

www.burmeseclassic.com



"အဲဒါကြောင့် ပြောတာပေါ့"

"ဒါ ဒါဆို ဝမ်းသာစရာပဲ။ ကျုပ်က ဗိုထိုးတာတို့ ဆေးဖော်တာတို့လည်း ဓါသနာပါတယ်။ ဒီကိစ္စက နာမည်စုံရောပြီး ဗိုခုနစ်ရက်ထိုးရမှာ"

"ဒါပေါ့"

"ဒါဆို ခင်ဗျားတို့လည်း ကျုပ်အိမ်မှာ စားအိမ်သောက်အိမ်လို သဘောထားပြီး နေကြဗျာ"

"ဟင်၊ ဒီမှာ ခုနစ်ရက်နေရမယ်"

"ဒါပေါ့။ ကျွန်တော် ခင်ဗျားပုရပိုက်ပစ္စည်းကို လိုချင်တာအမှန်ပဲဗျ"

"ဒါဆို ပိုက်ဆံချေလိုက်ရုံပေါ့ဗျာ။ ပြီးတော့ တစ်ခုရှိဘယ်၊ အဲဒီပီယဆေးဖော်ပြီးရင် ဟောဒီက ကျုပ်ညီကို တစ်မတ်သားလောက်တော့ ခွဲပေးရမယ်"

"ဟာ၊ ပေးပါတယ်ဗျာ။ ဈေးက ဘယ်လောက်တုံးဗျ"

"သုံးသိန်း"

"ဒါဆို ခင်ဗျားတို့ပြောတဲ့ဈေးကို ကျွန်တော် မဆစ်ဘူး။ ကြိုတင်စရန်ငွေ တစ်သိန်းခွဲပေးထားမယ်။ ခုနစ်ရက်ပြည့်လို့ ဆေးရလာပြီဆိုရင် ကျန်တဲ့ငွေ ထပ်ပေးမယ် ဘယ်လိုလဲ"

"အင်"

"ကောင်းသားပဲဗျ၊ ဒါပေမယ့် ဒီမှာ ခုနစ်ရက်"

"ဟာ၊ ဒီအိမ်ကြီးမှာ ကျွန်တော်တစ်ယောက်တည်း နေတာဗျ။ စားဖို့ သောက်ဖို့၊ အိပ်ဖို့ကတော့ မပူပါနဲ့"

"အို၊ ကိုကြီးဖျောက်တို့သုံးယောက်ရယ်၊ ပြီးတော့ ဝင်းရယ်အိပ်"

"ဟာ၊ ဒီအခြောက်ကလည်း"

"အို ကိုကြီးကလည်း"

"ဘယ်လိုသဘောရလဲဗျ"

"အင်း၊ ဒါဆိုလည်း ကျုပ်တို့သဘောတူပါတယ်"

"ကောင်းပြီ။ ဒါဆို စရန်ငွေအတွက် ပိုက်ဆံသွားယူလိုက်ဦးမယ်"

တစ်သိန်းခွဲရမည်ဆိုသဖြင့် ဂျာအေးနှင့်ဖျောက်ဆိပ်တို့မှာ ဝမ်းသာအားရ ဖြစ်နေ၏။ ပိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေသူမှာ ဂျာအေးပင် ဖြစ်လေ၏။ ငွေတစ်သိန်းလည်း ရမည်။ ထို့ပြင် ပီယဆေးပါရမည်ဆိုသဖြင့် ပန်းညိုနှင့် နှစ်ကိုယ်တူနီးဖို့အရေးတွက် အကြည်နူးကြီး ကြည်နူးနေပေ၏။

ထိုအချိန်တွင် လူပျိုကြီးကိုမွှေးမှာ ပုရပိုက်ကြီးကို တကိုင်ကိုင်လုပ်ကာ





ပုရပိုက်ထဲတွင် ရေးထားသော ဆေးအမျိုးအမည်များကို ဝယ်ယူစုဆောင်းနေပေ၏။ ဂျာအေးတို့နှစ်ဦးမှာ စားလိုက်၊ အိပ်လိုက်၊ ကက်ဆက်နားထောင်လိုက်နှင့် အပြင်ထွက် ဈေးဝယ်လိုက်နှင့် နှစ်ဦးစလုံး ရင်ထဲဘုရားပွဲလှည့်နေပေ၏။

သို့နှင့် လူပျိုကြီးကိုမွှေးသည် ဆေးအမျိုးအမည် အမယ်စုံပါသောအခါ အိမ်အနောက်ဘက် ဖိုရုံကြီးထဲတွင် တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေလေ၏။

မီးခံလုံများ၊ မီးသွေးများ၊ ဆေးအမျိုးအမည်များနှင့် နပန်းလုံးနေပေ၏။ ပီယဆေး မကြာခင် ရတော့မည်မို့လည်း ဝမ်းအသာကြီးသာနေပေ၏။ သို့နှင့် သုံးရက်မြောက်နေ့တွင် စ၍ ဆေးအမျိုးအမည်တို့ကို လုံထဲရောစပ်ကာ မီးတဝင်းဝင်းတောက်နေသော ဖိုကြီးထဲထည့်ကာ စ၍ ပီယဆေးဖော်လေတော့၏။

"ရှူးရှဲ ရှူးရှဲ ရှူးရှဲ"

မြည်သံကြီးတွေက တဟဲဟဲ။ ကိုမွှေးမှာ ချွေးတပြိုက်ပြိုက်ကျအောင် မီးထိုး လေထိုးလုပ်နေပေ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးမှာ ဧည့်ခန်းထဲထိုင်ကာ ကက်ဆက်နားထောင်ရင်း ဇိမ်ကျနေပေ၏။ သို့နှင့် ဖိုထိုးလိုက်၊ လုံကို ရေစိမ်လိုက်၊ မီးကျွေးလိုက်နှင့် နေ့ညမအိပ် အပြင်းအထန် ကြိုးစားနေပေရာ ငါးရက်မြောက်ညသို့ ရောက်ရှိလာ၏။

"ရှူးရှဲ ရှူးရှဲ ရှူးရှဲ"

"ဖုံး၊ ဒိုင်း"

"ဝုန်း ဗိုင်း"

"အောင်မလေးဗျာ၊ လုပ်ကြပါဦး"

"ဘာဖြစ်တာတုံး"

"မီး မီးကွ"

"မီးလောင်နေပြီ"

"ရေနဲ့ပတ်ပက်"

"ဟာ၊ ဟိုမှာ ကိုမွှေး မီးစွဲနေပြီ"

"လုပ် လုပ်ကြပါဦး"

ရုတ်တရက် ပေါက်ကွဲသံကြီးများနှင့်အတူ အိမ်အနောက်ဘက်မှ မီးခိုးမြွှာ တွေ လုံးခနဲ တက်လာ၏။ ထိုအသံကြီးများနှင့် ရှေ့ရှေ့ဆောင်းတွင် မီးစွဲနေသော ကိုမွှေးတစ်ယောက် အုယားဖားယား ပြေးထွက်လာ၏။ မြင်တွေ့ကြောင့် ဖျောက်ဆိပ်တို့လူစု ခုံပေါ်မှ ပြုန်းခနဲထထ ခွတ်ချွဲ ဗုံးချွဲ တဖုံ တောက်လောင်နေသော မီးများကို ငြိမ်းသတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုမွေးကြီးခမျာ ကြမ်းပြင်ပေါ်တွင် လိမ့်နေ၏။ ဂျာအေးသည် ဂုန်နီအိတ်ကို အမြန်ရှာတွေ့ကာ ကိုမွေးကြီး၏မီးစွဲနေသော ခန္ဓာကိုယ်ကို တဖုန်းဖုန်းရိုက်နေ၏။ မိန်းမလျာတင်ဝင်းနှင့် ဖျောက်ဆိပ်တို့နှစ်ဦးသည် တဝုန်းဝုန်းနှင့် တောက်လောင်နေသော ဖိုကြီးကို မီးသတ်နေရ၏။

ထိုအချိန်တွင် အနီးအနားရှိလူများ ရောက်ရှိလာရာ ရဲပုံးများ၊ ရေခွက်များ၊ မီးချိတ်များ၊ သဲအိတ်များနှင့် အင်တိုက်အားတိုက် ဝိုင်းဝန်းငြိမ်းသတ်လိုက်ကြသဖြင့် မီးငြိမ်းသွားလေတော့၏။ ထိုအချိန်တွင် ကိုမွေးကြီးခမျာ မီးဟပ်သည့်ဒဏ်နှင့် မေ့မြောနေလေ၏။ အိမ်ရှေ့တွင်လည်း မီးသတ်ဗိုလ်ကြီးတစ်ဦးနှင့် ရပ်မိရပ်ဖများ၊ လူထုပရိသတ်များ ရောက်ရှိလာရာ ကိုမွေးကို အမြန်ဆုံး ဆေးရုံတင်လိုက်ကြပြီး ဂျာအေး၊ ဖျောက်ဆိပ်နှင့် မိန်းမလျာတင်ဝင်းတို့ သုံးဦးကို လောလောဆယ် အချုပ်ခန်းထဲ ထည့်လိုက်လေတော့၏။

ဂျာအေးရော ဖျောက်ဆိပ်ပါ အချုပ်ခန်းထဲ သုံးလေးရက် အိပ်ခဲ့ရလေ၏။ နှစ်ယောက်စလုံး အကြီးအကျယ် သောကဝေနေကြစဉ် မိန်းမလျာတင်ဝင်းကတော့ ပျော်ပျော်ပင်။

ထိုအဖြစ်ကိုကြည့်ပြီး ဖျောက်ဆိပ်ပေါက်ကွဲသွားရာ ယခုလို ပီယဆေးမရဘဲ အချုပ်ခန်းထဲရောက်ခဲ့ရသည်မှာ တင်ဝင်းမကြောင့်ဟု သတ္တုချကာ လိုက်လံ ထိုးကြိတ်သဖြင့် ထပ်မံ အရေးယူခံရလေတော့၏။

ထိုအဖြစ်အပျက်သတင်းတ ရွာပြန်သည့်လူကြုံနှင့် သတင်းရောက်ရှိသွားလေရာ ရွာလူကြီး ဦးရေခဲ ဦးဆောင်၍ ဦးကျောက်ဖား၊ အပုလေးနှင့် ဖျောက်ဆိပ် ကပ္ပိယလုပ်ခဲ့သောကျောင်းမှ ဆရာတော် ဦးအာစရပါ အမြန်ဆုံး ရောက်ရှိလာခဲ့ကြလေ၏။

နောက်ဆုံး လူကြီးများ၏ မနားမနေ ကြိုးပမ်းမှုကြောင့် ဂျာအေးတို့လူသိုက် ထောင်ထဲမှ လွတ်ခဲ့ပြီး ရွာသားများရှေ့တွင် နှစ်ယောက်စလုံး မျက်နှာငယ်လေးနှင့် ဖြစ်နေကြပေ၏။ ထိုအချိန်တွင် ဆရာတော်ဦးအာစရက သူတို့ယူသွားသော ပုရပိုက်မှာ ဓာတ်လုံး၊ ပီယစသည့် အောက်လမ်းကြောင်ကြောင်နေသော ကပ္ပိယပေလုံး၏ ပစ္စည်းဖြစ်ကြောင်း သိလိုက်ရလေ၏။ ပေလုံးသည် ဆေးကြောင်ကြောင်ကာ ပုရပိုက်များတွင် ထင်ရာရေးမှတ်ပြီး သေတ္တာအစုတ်နှင့် သိမ်းဆည်းထားခဲ့ကြောင်း၊ တပ္ပိယပေလုံးလည်း ထိုဓာတ်လုံး၊ ဓာတ်မြားစသော အောက်လမ်းပညာကြောင်များကြောင့် ရူးသွပ်သွားကာ ကျောင်းမှ ထွက်ခွာသွားခဲ့ကြောင်း၊ ထိုအခြေအနေကို ဖျောက်ဆိပ်တို့က ပီယပုရပိုက်အ





စစ်မှတ်ပြီး ဖိုထိုးရာမှ ပေါက်ကွဲမှုဖြစ်ကြောင်း ပြောပြလေတော့၏။

ထိုစကားကို ကြားလိုက်ရသောအခါ ဖျောက်ဆိပ်ရော ဂျာအေးပါ ကပ္ပိယပေလုံးလို ကြောင်စိစိ ဖြစ်သွားကြသလို ပီယဆေးလိုချင်သူ လူပျိုကြီးကိုမွေးမှာလည်း မီးလောင်ဒဏ်ရာနှင့် ဆေးရုံပေါ် ပတ်တီးအဖွေးသားဖြင့် ငိုညည်းနေရှာလေတော့၏။ ထိုအချိန်တွင် မိန်းမလျာ တင်ဝင်းမှာတော့. . .။

ပေါ်ချာရှစ်



www.burmeseclassic.com